# သိဟအောင်

## ကြေးဒင်္ဂါး၏သွေးပဟေဠိ

ပ+ဒု ဇာတ်သိမ်း



တက္ကသိုလ်သီဟအောင်

---

# ကြေးဒင်္ဂါး၏ သွေးပယောဂ

(ပထမပိုင်း)

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို **နှောင့်ယှက် ဖျက်ဆီးသူများအား** ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် **နှောင့်ယှက်သော ပြည်ပနိုင်ငံများအား** ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ **ခေတ်မီဖွံ့ဖြိုးတိုးတက်သော** နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ **ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး** တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု **အမွေအနှစ်များ အမျိုးသားရေး** လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

စာမူခွင့်ပြုချက်အမှတ် - ၁၀၀ / ၂၀၀၃ (၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် = ၁၂၂၀ / ၂၀၀၃ (၁၀)
ပထမ အကြိမ်၊ ၂၀၀၄ - ခုနှစ်၊ ဇန်နဝါရီလ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၀၀ ကျပ်

*

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ ၃၊
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

*

ပုံနှိပ်သူ
ဦးသန်းဝင်း * ကျော် ပုံနှိပ်တိုက်၊
အမှတ် ၂၃၈၊ ခေမာသီလမ်း၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

*

ဦးထွန်းလင်း ဖိုးဝ အော့ဖ်ဆက်
အမှတ် ၁၄၇၊ ၄၅ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

တစ္ဆေဘုံကျောင်း

---

ဘုံကျောင်း

ဘုံကျောင်းပျက်တော့မဟုတ်ပါ။

သို့သော်

မည်သူတစ်ဦးတစ်ယောက်မှ မသွားရဲသော ဘုံကျောင်းဖြစ်သည်။

ထိုဘုံကျောင်းသည် လူသူမရောက်သော လွင်တီးခေါင်သော တောတောင်ဒေသတွင် တည်ရှိနေ၍ လူမရောက်ခြင်းလည်း မဟုတ်ပါ။

ဆိုဘုံကျောင်းသည် မြို့၏အလယ်ဗဟို၌ တည်ရှိနေသည်။

သို့သော်

လူများသည် ဘုံကျောင်းထဲသို့ဝင်ရန် မဆိုထားဘိ။

ထိုဘုံကျောင်းရှေ့မှပင် ဖြတ်၍မလျှောက်ရဲကြပါ။

ညအချိန်မဆိုထားနှင့် နေ့ဘက်ကြောင်တောင်ပင် မည်သူကမှ ဖြတ်ကျော်သွားရဲကြခြင်း မရှိကြပါ။

ဤသို့ဆိုလျှင် အဘယ်ကြောင့်နည်း။

အကြောင်းမှာ....

ဘုံကျောင်းရှေ့မှဖြတ်သွားပါက ဘုံကျောင်းထဲမှ တစ်စုံတစ်ယောက်က ထိုလူများအား ဖမ်းယူခေါ်သွားခြင်း ခံရမည်ဖြစ်သည်။

ထိုဘုံကျောင်းရှေ့မှ ဖြတ်သွားသောလူတိုင်းကို ဖမ်းခေါ်သွားခြင်းမဟုတ်သော်လည်း အကယ်၍ ကံမကောင်းသောအခါ ကဖမ်းခံရမည်စိုးသဖြင့် မြို့သူမြို့သားများသည် ဘုံကျောင်းရှေ့မှ မဖြတ်ရဲကြဘဲ ဘုံကျောင်း၏ နောက်ဘက်လမ်းမှ ကွေ့ ပတ်၍သွားလာကြရသည်။

ထိုဘုံကျောင်း၏ အမည်ရင်းကိုပင် အားလုံးကမေ့နေပြီး တစ္ဆေဘုံကျောင်းဟုသာ ခေါ်တွင်ကြလေတော့သည်။

* * *



တစ္ဆေဘုံကျောင်းနှင့် ပတ်သက်ပြီး သိုင်းသမားတစ်စုသည် သတင်းဖြစ်နေသော စကားကို မယုံကြည်သဖြင့် သူတို့က စုံစမ်းလေ့လာရန် ဘုံကျောင်းထဲသို့ ဝင်ရောက် သွားကြလေသည်။

သို့သော်....

ဘုံကျောင်းထဲသို့ ဝင်ရောက်သွားကြသော သိုင်းသမားတို့သည် တစ်ယောက် တလေမှ ပြန်ထွက်လာကြသည်ကို မတွေ့ရပါချေ။

လွန်ခဲ့သော သုံးနှစ်ခန့်က အာဏာသား တစ်ယောက်သည်လည်း အများနည်းတူ စကားကို မယုံကြည်ပါ။

သူသည် ဘုံကျောင်းထဲသို့ ဝင်ရောက်မည်ဟု ကြေညာခဲ့သည်။

မြို့သူ မြို့သားများက ကြောက်ကြောက်လန့်လန့်ဖြင့် လာရောက် ကြည့်ကြ၏။

ထိုအာဏာသားသည်လည်း တစ္ဆေဘုံကျောင်းအတွင်းသို့ ဝင်ပြီးသည်နှင့် ပြန်ထွက်လာနိုင်ခြင်း မရှိတော့ချေ။

ထိုနောက်ပိုင်း....

တစ္ဆေဘုံကျောင်းအတွင်းသို့ မည်သူတစ်ဦးတစ်ယောက်မှ ဝင်ရဲခြင်း မရှိတော့ပါချေ။

ထိုဘုံကျောင်း၏သတင်းသည် သိုင်းလောကထဲသို့သာမက နေပြည်တော်အထိ ပျံ့နှံ့ခဲ့သည်။

ထိုအခါ....

နေပြည်တော်မှ အမှတ်တစ်ထောက်လှမ်းရေးမှူးက တစ္ဆေဘုံကျောင်း၏ လျှို့ဝှက်ချက်ကို ဖော်ထုတ်ရန် အာဏာသား သုံးယောက်ကို ထိုဘုံကျောင်းတည်ရှိရာ လုယန်မြို့သို့ စေလွှတ်ခဲ့သည်။

အံ့ဩစရာကောင်းသည်မှာ....

အမှတ်တစ် ထောက်လှမ်းရေးမှူး စေလွှတ်လိုက်သော အာဏာသား သုံးယောက်မှာ မိန်းကလေးများ ဖြစ်နေသောကြောင့်ပင်။

* * *

ပြဿနာအစပျိုး

---

ကောင်းကင်တစ်ခုလုံးတွင် တိမ်တိုက်တိမ်လိပ်များက ရွှေ့လျား လှုပ်မြောနေသည်။

လေတဟူးဟူး တိုက်ခတ်နေ၏။

သစ်ပင်များတို့သည် လေယူရာ ယိမ်းနွဲ့နေကြ၏။

လုယန်မြို့၏ သဘာဝ အလှကို ရာသီဥတုကရိုက်ချိုးရန်ဟန် ပြင်နေသည်။

မိုးမရွာသေးပါချေ။

သို့သော်....

ခရီးသည်များမှာ ထွက်သွားကြပြီ ဖြစ်၏။

ရှုခင်းသာ တစ်ခုဖြစ်သော လုယန် တောင်ကုန်းမှာ လူသူ နည်းပါးသွားလေ၏။

သို့သော်....

အချို့ခရီးသည်များမှာမူ မိုးရွာတော့မည်ကို သိလျက်နှင့် ထွက်ခွာသွားခြင်း မရှိသေးဘဲ အေးဆေး လျှောက်နေသေးသည်။

ထိုခရီးသည်များတွင် အဖြူရောင်နှင့် အမည်းရောင် ဝတ်ထားသော မိန်းကလေး နှစ်ယောက်လည်း ပါဝင် နေလေသည်။

အဖြူရောင်ဝတ်စုံနှင့် မိန်းကလေး၏ အမည်မှာ ကျင်းကျင်း ဖြစ်ပြီး....

အမည်းရောင် ဝတ်ထားသည့် မိန်းကလေး၏ အမည်မှာ ရွှဲအင်းဖြစ်သည်။

ထိုမိန်းကလေး နှစ်ယောက်၏ အသက်မှာ ဆယ့်ရှစ်နှစ်၊ ဆယ့်ကိုးနှစ်ခန့်သာ ရှိကြဦးမည် ဖြစ်သည်။

ချောမော လှပသော မိန်းကလေးများလည်း ဖြစ်ကြလေသည်။

အံ့သြဖွယ်ကောင်းသည်မှာ....

ထိုမိန်းကလေးမှာ နေပြည်တော်မှ လွှတ်လိုက်သော မိန်းကလေး သုံးယောက်အနက်မှ နှစ်ယောက် ဖြစ်နေသောကြောင့်ပင်။

*　*　*



ကျင်းကျင်းမှာ ဝန်းကျင်ကို ငေးကြည့်ရင်း အေးဆေး လျှောက်နေ၏။

ထိုအခါ....

အမြဲတမ်း စိတ်မြန်ကိုယ်မြန် ရှိသော ရွှဲအင်းကမနေနိုင်တော့ပါ။

'မိုးရွာတော့မယ်၊ မြန်မြန်လျှောက်ရအောင်'

သူမ၏ အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

သို့သော်

ကျင်းကျင်းမှာမူ အေးအေးဆေးဆေးပင် လျှောက်နေလေသည်။

ရွှဲအင်း စိတ်တိုလာ၏။

'ကျင်းကျင်း ငါပြောတာ ကြားရဲ့လား'

'ကြားသားပဲ'

'ကြားရင် ဘာဖြစ်လို့ မြန်မြန်မလျှောက်တာလဲ'

'ငါက ရှုခင်းတွေကို ကြည့်လို့ အားမရသေးလို့ပါ'

'အို....တော်ကြာ မိုးရွာလာရင် တစ်ကိုယ်လုံး စိုသွားလိမ့်မယ်'

'ရှိပါစေ၊ တစ်ခါတလေ မိုးစိုတာပဲ သာဖြစ်လဲ'

ရွှဲအင်း စိတ်ပျက်သွားသည်။

'ခက်တာပဲ၊ မိုးမိရင် နေထိုင်မကောင်း ဖြစ်သွားတော့မှာပေါ့'

ရွှဲအင်းက ပြောနေစဉ် အချိန်မှာပင် ရုတ်တရက် အသံတသံ သဲ့သဲ့မျှ ထွက်ပေါ်လာသည်။

'ကယ်ကြပါရှင်'

'ဟင်..'

'အို'

ကျင်းကျင်းနှင့် ရဲအင်းတို့ ခန္ဓာကိုယ် တစ်ချက် တုန်ခါသွား ပြီး....

'ရဲအင်း....အသင့်ပြင်'

ကျင်းကျင်းက ပြောရင်း အသံထွက်ပေါ်လာရာဆီသို့ တစ်ဟုန်ထိုး ပြေးသွားသွား၏။

ရဲအင်းကလည်း ထက်ကြပ်မကွာ လိုက်ပါ သွားလေတော့သည်။

* * *



ကျင်းကျင်းတို့ ခြေလှမ်း နှစ်ရာခန့် ပြေးလွှားလာသောအခါ ချောင်းနံ့ဘေး၌ အလွန် ထွားကျိုင်း သန်မာသည့် လူထွားကြီး တစ်ယောက်က မိန်းကလေး တစ်ယောက်နောက်ကို လိုက်နေသည်ကို တွေ့မြင်ရ၏။

သို့သော်....

ချောင်းကလေးဆီသို့ ရောက်ရန်မှာ လမ်းတစ်လမ်းခန့်ပတ်ရဦးမည် ဖြစ်၏။

လူထွားကြီးမှာ အသက်သုံးဆယ်ခန့်ရှိပြီး ကြမ်းတမ်းသောရုပ်သွင်ရှိနေ၏။

မိန်းကလေး၏ အသက်မှာ တစ်ဆယ့်ရှစ်နှစ်ခန့်ရှိပြီး ချောမောလှပသူ တစ်ယောက်ဖြစ်သည်။

သူမ၏ လက်ထဲတွင် အဝတ်များ ထည့်ထားသော ခြင်းတစ်လုံး ဆွဲထားသည်။

ထိုမိန်းကလေးသည် ချောင်းကလေးကို ရောက်လာပြီး အင်္ကျီများ လျှော်ဖွတ်နေခြင်း ဖြစ်သည်မှာ ထင်ရှားနေလေသည်။

မိန်းကလေးမှာ လူသန်ကြီး လက်မှ လွတ်ရန် အတင်းထွက်ပြေးနေ၏။

လူသန်ကြီးကလည်း ထက်ကြပ်မကွာ လိုက်နေ၏။

'ကယ်ကြပါရှင်'

မိန်းကလေးက ပြေးရင်း အော်ဟစ် အကူအညီ တောင်းမိသည်။

သူမသည် ပြေးရင်း ခြေထောက် ခလုတ်တိုက်ပြီး လဲကျသွားလေ၏။

'ဟား ဟား ဟား'

လူသန်ကြီးက သဘောကျစွာ ရယ်မောလိုက်ပြီး ထိုမိန်းကလေး အနားသို့ တဖြည်းဖြည်း တိုးကပ် သွားလေတော့သည်။

ကျင်းကျင်းနှင့် ရှဲအင်းသည် ချောင်းနံဘေး ရောက်ရန် အတန် ဝေးနေသေးသဖြင့် အချိန်မီ ဟန့်တားနိုင်စွမ်း မရှိပါချေ။

ထိုစဉ်မှာပင်....

'ရပ်လိုက်'

လူရွယ်တစ်ယောက်က လူသန်ကြီးကိုအချိန်မီဟန့်တားလိုက်သည်ကို တွေ့လိုက်ရ၏။

* * *



လူသန်ကြီးသည် လူငယ်အားတွေ့မြင်လိုက်သည်နှင့်ဟန်မူရာ ပြောင်းလဲသွား၏။

သူသည် မိန်းကလေးကို ယုယစွာဆွဲ ယူလိုက်သည်။

'မင်း နာသွားသေးလားဟင်'

သူ၏လေသံက ပျော့ပျောင်းနေ၏။

လူငယ် ကြောင်အမ်းအမ်းဖြစ်သွား၏။

သို့သော်....

မိန်းကလေးက ဒေါသကြီးရှန်းကန်လိုက်ပြီး....

'ရှင်ထူစရာမလိုဘူး၊ ဖယ်ပေးပါ'

လူရွယ် မျက်မှောင်ကုတ်သွား၏။

'ဟော လူ....မိန်းကလေးတစ်ယောက်ကို ဘာဖြစ်လို့ စော်ကားချင်ရတာလဲ'

လူသန်ကြီး ပခုံးတွန့်လိုက်၏။

'ညီလေး....အထင်မလွဲပါနဲ့၊ သူက ကျုပ်ရဲ့ဇနီးလောင်းပါကွာ'

လူရွယ် ပါးစပ်အဟောင်းသား ဖြစ်သွင်း၏။

မိန်းကလေးက လူရွယ်အနီးချဉ်းကပ်လိုက်သည်။

'သူပြောတာ တစ်ခုမှ မဟုတ်ပါဘူးရှင်'

လူသန်ကြီး ဆက်ပြင်းတစ်ချက်ချလိုက်သည်။

'ပန်းကလေး၊ မင်း ဘာတွေလျှောက်ပြောနေတာလဲကွ'

သူက စကားဆက်လိုက်သည်၊

'မင်းမကျေနပ်တာတွေကို မင်းအမေရှေ့ရောက်မှ ပြောပါကွာ'

သူသည် မိန်းကလေးလက်ကိုကိုင်လိုက်၏။

'ကဲ...ပြန်ကြပါစို့'

မိန်းကလေးက ရုန်းထွက်လိုက်၏။

သူမသည် လူရွယ်ကို ကပျာကယာရှင်းပြလိုက်သည်။

'သူပြောတာ တစ်ခုမှမဟုတ်ပါဘူး'

လူရွယ်က သူမကိုကြည့်လိုက်သည်။

'ညီမရဲ့နာမည် ဘယ်လိုခေါ်ပါသလဲ'

'ပန်းကလေးပါ'

သူမသည် လွတ်ခနဲဖြေပြီးမှ လူရွယ်၏သဘောကို နားလည်လိုက်၏။

သူမ ကမန်းကတန်း ဖြေရှင်းပြလိုက်၏။

'ကျွန်မနာမည်ကို ပန်းကလေးလို့ခေါ်ပါတယ်၊ သူနဲ့ဘာမှ မပတ်သက်ပါဘူး၊ သူဟာ ရွာထဲမှာ လူမိုက်တစ်ယောက်ပါ'

လူရွယ်က လူသန်ကြီးလှည့်ကြည့်လိုက်သည်။

လူသန်ကြီး၏မျက်နှာ [illegible]က်ထန်သွား၏။

'ဟေ့....ငါတို့လင်မယားကိစ္စ မင်းနဲ့ ဘာမှမဆိုင်ပါဘူး၊ မင်းသွားစရာရှိတာသွားပါကွာ'

သူမက လူရွယ်၏လက်မောင်းကိုဆုပ်ကိုင်လိုက်သည်။

'သူ့စကားကိုမယုံပါနဲ့၊ ကျွန်မကို ကယ်ပါရှင်'

လူရွယ်က လူသန်ကြီးကိုတစ်လှည့်၊ မိန်းကလေးကိုတစ်လှည့်ကြည့်လိုက်သည်။

အတန်ကြာမှ....



သက်ပြင်းတစ်ချက်ချလိုက်ပြီး လူသန်ကြီးကို ပြောလိုက်၏။

'ကျုပ်က သူ့ကို သူ့အိမ်အထိ လိုက်ပို့ပေးမယ်၊ ဟိုကျမှ ခင်ဗျားတို့ဘာသာ ဆက်ရှင်းကြပေါ့'

လူသန်ကြီးက မျက်ထောင့်နီကြီးဖြင့် စိုက်ကြည့်လိုက်၏။

'ငါတို့လင်မယားကိစ္စ ကြားဝင် မစွက်ရင်ကောင်းမယ်'

သူ၏လေသံသည် ခြိမ်းခြောက်သည့်အငွေ့အသက်ပါလာသည်။

လူရွယ်က ဂရုမစိုက်ဘဲ မိန်းကလေးဘက်လှည့်လိုက်သည်။

'ကဲ....ညီမ၊ ကျုပ်က မင်းကို အိမ်အထိ လိုက်ပို့ပေးမယ်'

မိန်းကလေးက ခေါင်းညိတ်ပြီး လူရွယ်နောက်သို့ လိုက်သွား၏။

လူသန်ကြီး ဒေါသခြောင်းခြောင်းထွက်သွားသည်။

'မင်းက ငါ့ရဲ့ဇနီးလောင်းကို ဖျားယောင်းမလို့လား'

သူသည်ပြော၍ လက်သီးဖြင့် လူရွယ်၏နောက်ကျောသို့ ထိုးသွင်းလိုက်သည်။

လူရွယ်က အနည်းငယ်ရှောင်တိမ်းလိုက်ရာ လူသန်ကြီး၏ လက်သီးက လေထဲသို့ ထိုးမိသွား၏။

လူသန်ကြီး မဲ့ပြုံးပြုံးလိုက်သည်။

'မင်းက သိုင်းပညာတတ်နေတာကိုး'

သူက ပြောရင်း သိုင်းကွက်ဖြင့် လူရွယ်ကိုတိုက်ခိုက်လိုက်လေ၏။

လူရွယ်ကလည်း အလျှော့မပေးဘဲ ပြန်လည်တိုက်ခိုက်လေသည်။

တိုက်ပွဲမှာ ပြင်းထန်လာသည်။

ထိုအချိန်....

ကျင်းကျင်းနှင့်ရဲအင်းတို့အနီးသို့ ရောက်ရှိလာပြီးဖြစ်လေသည်။

သူတို့သည် တိုက်ပွဲကို ဘေးမှ အကဲခတ်ကြည့်နေကြသည်။

သိုင်းကွက်ငါးဆယ်ခန့် ယှဉ်ပြိုင်ပြီးသောအခါ လူရွယ်မှာ ရှုံးနိမ့်လာသည်။

လူသန်ကြီး၏ လက်ဝါးရိုက်ချက်များသည် သူ၏ကိုယ်ပေါ်သို့ အဆက်မပြတ် ထိမှန်သွား၏။

'ဝုန်း'

'အား'

နောက်ဆုံး လူရွယ်မှာ မဟန်နိုင်ဘဲ လဲကျသွားသည်။

လူသန်ကြီးက ဆက်လက်တိုက်ခိုက်ရန်ပြင်လိုက်သောအခါ ရဲအင်းက လှုပ်ရှားလိုက်သည်။

သူမက လက်တစ်ဖက် ဝှေ့ယမ်းလိုက်သည်နှင့်....

'ဝုန်း'

'အင့်'

လူသန်ကြီးသည် မသဲမကွဲညည်းညူရင်း ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားလေသည်။

လူသန်ကြီးက မိမိကို ဝင်ရောက်တိုက်ခိုက်လာသူမှာ မိန်းကလေးတစ်ယောက်ဖြစ်နေသောကြောင့်ဒေါသခြောင်းခြောင်းထွက်သွားလေသည်။



'ဟေ....မင်းက မဆီမဆိုင် ငါ့ကိုဘာကြောင့် တိုက်ခိုက်ရတာလဲ'

'ရှင်က ရှင့်ထက်ငယ်ရွယ်တဲ့လူကို ဘာ့ဖြစ်လို့ တိုက်ခိုက်နေရတာလဲ'

'ဩော်....မင်းက ငယ်ငယ်ရွယ်ရွယ်နဲ့သေချင်နေတာကိုး'

စကားဆုံးသည်နှင့် ရဲအင်းကို တရကြမ်း တိုက်ခိုက်လိုက်လေသည်။

သို့သော်....

ရဲအင်းက ပြန်လည်တိုက်ခိုက်လိုက်သည်နှင့်....

'ဝုန်း'

'အား'

လူသန်ကြီးမှာ ဒယီးဒယိုင်ဖြင့်နောက်ဆုတ်သွား၏။

ရဲအင်းက ထပ်မံတိုက်ခိုက်ရန်ဟန်ပြင်လိုက်သည်။

'ရပ်လိုက်'

ကျင်းကျင်းက ဟန့်တားလိုက်သည်။

'အကြောင်းစုံမသိသေးဘဲ အရမ်းမလုပ်ပါနဲ့'

ရဲအင်းက နောက်ဆုတ်လိုက်ပြီး လူသန်ကြီးအား အော်ငေါက်လိုက်သည်။

'ပြေးဖို့စိတ်မကူးနဲ့ ရပ်နေ'

လူသန်ကြီးက အခြေအနေမဟန်မှန်း သိလိုက်ရသဖြင့် ရပ်နေလိုက်လေသည်။

* * *

ကျင်းကျင်းသည် ပန်းကလေးအမည်ရှိမိန်းကလေး လူငယ်နှင့် လူသန်ကြီးတို့ကိုတစ်လှည့်စီကြည့်လိုက်၏။

'ကဲ....ပြောစမ်းပါဦး၊ ရှင်တို့ ဘာတွေဖြစ်နေကြတာလဲ'

လူသန်ကြီးက လုပြောလိုက်၏။

'ဒီလူငယ်က ကျုပ်ရဲ့ဇနီးလောင်းကို ဖြားယောင်းဖို့ ကြံစည်နေတာပါ'

လူငယ် ခေါင်းခါလိုက်၏။

'မဟုတ်ပါဘူး မိန်းကလေး၊ အော်သံကြားလို့ ကျုပ်ရောက်လာတာ'

ပန်းကလေးက လူသန်ကြီးကို လက်ညှိုးငေါက်ငေါက်ထိုး၍ ပြောလိုက်၏။

'သူက လူယုတ်မာ၊ ကျွန်မကို စော်ကားမလို့ လုပ်နေတာ'

ကျင်းကျင်း လက်ကာပြလိုက်သည်။

'ကဲ....မိန်းကလေးက အလျင်ပြောပါ'

ပန်းကလေးက ပြောလာ၏။

'ကျွန်မက အထည်ဆိုင်မှာအလုပ်လုပ်ပါတယ်၊ အလုပ်က အပြန် ဒီလူက လိုက်ပြီးနှောင့်ယှက်နေတာ'

လူရွယ်ကလည်း ပြောလာသည်။

'ကျုပ်က အော်သံကြားလို့ ပြေးလာခဲ့တာ၊ ဒီလူကြီးက မိန်းကလေးကို စော်ကားနေတာတွေ့လို့ ဝင်ပြီးကူညီတာပါ'

ကျင်းကျင်းက လူသန်ကြီးကိုကြည့်လိုက်၏။

'ကဲ....ရှင် ဘာပြောချင်သေးလဲ'

လူသန်ကြီးက ခေါင်းယမ်းလိုက်၏။



'သူတို့ပြောတာ တစ်ခုမှမဟုတ်ဘူး၊ သူ့အမေက ကျုပ်ကို ပေးစားဖို့ပြောပြီးသားပါ၊ အခုတော့ ဒီလူရွယ်က ကျုပ်ဇနီးလောင်းကိုချိုပြေးဖို့ ကြံစည်နေတယ်'

ပန်းကလေး အလွန်ဒေါသထွက်သွား၏။

'မဟုတ်ဘူး၊ သူ လိမ်ပြောနေတာ'

လူသန်ကြီး ရင်ကော့လိုက်သည်။

ကျုပ် တကယ်ပြောနေတာ'

'ရှင့် နာမည် ဘယ်လိုခေါ်လဲ'

ကျင်းကျင်း မျက်မှောင်ကြုတ်သွား၏။

'ကျုပ်နာမည် ယကျကြီးပါ'

ကျင်းကျင်း နှာခေါင်းရှုံ့လိုက်သည်။

'ရှင်က ဟောဒီမိန်းကလေးရဲ့ ခင်ပွန်းလောင်း ဟုတ်လား'

'ဟုတ်တယ်'

'ဒါဖြင့် မိန်းကလေးရဲ့နာမည် ဘယ်လိုခေါ်သလဲ'

'ပန်းကလေးလို့ ခေါ်ပါတယ်'

ကျင်းကျင်းက မိန်းကလေးဘက်လှည့်လိုက်သည်။

'သူပြောတာ ဟုတ်ရဲ့လား'

မိန်းကလေး သက်ပြင်းချလိုက်၏။

'ကျွန်မနာမည် ပန်းကလေးဆိုတာမှန်ပါတယ်၊ ဒါပေမယ့် သူ့ဇနီးလောင်း မဟုတ်ပါဘူး'

လူသန်ကြီး ဝါယကျကြီး မဲ့ပြုံးပြုံးလိုက်၏။

'ခင်ဗျားတို့မယုံရင် သူ့အဖေအိမ်ကိုလိုက်မေးပါ၊ ဟုတ်မဟုတ် သိပါလိမ့်မယ်'

ကျင်းကျင်း ခေါင်းခါလိုက်သည်။

'ရှင် လိမ်ပြောနေတယ်ဆိုတာ ကျွန်မနားလည်ပါတယ်'

လူသန်ကြီး မျက်မှောင်ကြုတ်သွား၏။

'ခင်ဗျားတို့မယုံရင် ကျုပ် ဘယ်တတ်နိုင်မှာလဲ'

သူသည် ပခုံးတစ်ချက်တွန့်လိုက်ပြီး ထိုနေရာမှထွက်ခွာသွားရန် ခြေလှမ်းပြင်လိုက်လေ၏။

'ရပ်လိုက်'

ကျင်းကျင်းက ဟန့်တားလိုက်သည်။

လူသန်ကြီးက လှည့်ကြည့်လိုက်၏။

'ခင်ဗျားတို့ ဘာလုပ်ဦးမလို့လဲ'

ကျင်းကျင်းက သူ့ကိုစိုက်ကြည့်လိုက်သည်။

'ရှင်က သူ့ရဲ့ခင်ပွန်းလောင်းဆိုရင် ဘာဖြစ်လို့ တစ်ယောက်တည်း ထွက်သွားရတာလဲ'

လူသန်ကြီး ပခုံးတွန့်လိုက်သည်။

'ခင်ဗျားတို့ ယုံမှုမယုံဘဲ၊ ကျုပ်က ဘာဖြစ်လို့ ခေါ်သွားရမှာလဲ'

ရဲအင်း ရှေ့တိုးလာ၏။

'ရှင်နဲ့ ပန်းကလေး ဘယ်လိုပတ်သက်နေလဲ'

လူသန်ကြီးက ခပ်တည်တည်ဖြင့်....

'ကျုပ်က သူ့ရဲ့ခင်ပွန်းလောင်းပါ'

ရဲအင်းက လူသန်ကြီးကို ပါးရိုက်ချလိုက်သည်။

'ဖြန်း'

'အား'



လူသန်ကြီး နာကျင်သွား၏။

ရဲအင်းက ထပ်မေးလိုက်သည်။

'ပြောစမ်း၊ ရှင်အပန်းကလေးနဲ့ ဘယ်လိုပတ်သက်နေသလဲ'

လူသန်ကြီး၏လေသံ ပြောင်းသွား၏။

'မိတ်ဆွေပါ'

'ဒါဖြင့် ရှင့်ရဲ့ဇနီးလောင်း မဟုတ်ဘူးပေါ့'

လူသန်ကြီး ခေါင်းယမ်းလိုက်သည်။

'မဟုတ်ရပါဘူးဗျာ'

ရဲအင်းက ကျင်းကျင်းကိုပြုံးပြလိုက်၏။

'ကဲ....ကိစ္စတော့ ရှင်းသွားပြီမဟုတ်လား'

ကျင်းကျင်းက ခေါင်းညိတ်ပြလိုက်သည်။

ရဲအင်းက ရယ်မောလိုက်ပြီး လူသန်ကြီး၏ရင်ဝသို့ လက်သီးတစ်လုံး ပစ်သွင်းလိုက်သည်။

'ဝုန်း....'

'အား'

'အမယ်လေး'

လူသန်ကြီးမှာ စူးရှစွာအော်ပြီး မြေခပေါ်လဲကျ သတိမေ့သွား၏။

ကျင်းကျင်းကလူရွယ်နှင့်ပန်းကလေးတို့ဘက် လှည့်လိုက်၏။

'ကဲ....ရှင်တို့လဲ ဒီနေရာကထွက်သွားကြတော့'

မိန်းကလေးနှင့် လူငယ်တို့က ကျင်းကျင်းအားဦးညွှတ်ပြီး ပြေးထွက်သွားကြသည်။

*　　*　　*

## ပဟေဠိဆန်ဆန်

---

အရှေ့ပိုင်းရွာ....

အရှေ့ပိုင်းရွာသည် လုယန်မြို့၏အရှေ့ဘက်၌ တည်ရှိလေသည်။

တစ်နည်းဆိုရလျှင်

အရှေ့ပိုင်းရွာသည် လုယန်မြို့၏ အစည်ကားဆုံး ရပ်ကွက်တစ်ခုဖြစ်လေ၏။

ထိုနေရာ၌ စားသောက်ဆိုင်များ၊ တည်းခိုခန်း များ၊ အထည်ဆိုင်များနှင့် ကုန်စုံဆိုင်များ အစီအရီ ရှိကြလေ၏။

သို့သော်....

ထိုစည်ကား၍ ဆိုင်ပေါင်းစုံရှိနေသော လမ်းမ၏ နောက်ဘက်တွင် လမ်းတစ်လမ်းရှိလေသည်။



ထိုလမ်းမှာမူ တစ်ဖက်သောလမ်းက စည်ကားသလောက် အနောက်ဘက်လမ်းသည် ခြောက်သွေ့နေ၏။

ထိုလမ်း၏ အလယ်ဗဟိုတွင် ကြီးမားသော ဘုံကျောင်း တစ်ကျောင်း ရှိလေ၏။

ဘုံကျောင်းရှိလျှင် လူရှိရမည်။

သို့သော်...,

ဤဘုံကျောင်းမှာမူ ပူဇော် ပသမည့်သူ မရှိသည့်အပြင် တံခါးမကြီးပင် နှစ်ချီ၍ပိတ်ထားလေသည်။

ထို့အပြင်....

ဤလမ်းကို ဖြတ်သန်းသွားလာသည့်လူပင် မရှိပါ။

အချို့သောနေရာများသည် မလွဲမရှောင်၍ ဖြတ်လျှောက်သွားပါလျှင်လည်း ခပ်ဝေးဝေးကွင်း၍ လျှောက်သွားကြလေသည်။

ဤဘုံကျောင်းကို လူများအဘယ်ကြောင့် ဤမျှကြောက်ရွံ့နေကြပါသနည်း။

အကြောင်းမှာ....

ဤဘုံကျောင်းသည် နာမည်ကြီးနေသောတစ္ဆေဘုံကျောင်း ဖြစ်နေသောကြောင့်ပင်တည်း။

* * *

မှောင်စပြုလာပြီ ဖြစ်သည်။

သို့သော်....

ကြင်းကျန်သောနေရောင်ခြည်က ရှိသေး၏။

ကျင်းကျင်းနှင့် ရဲအင်းတို့သည် အရှေ့ပိုင်းရွာသို့ သွားရာ လမ်းမကြီးအတိုင်း လျှောက်လာကြသည်။

သူမတို့သည် စိတ်ဓာတ်များ တက်ကြွနေသေးသည် ဖြစ်သော်လည်း လမ်းခရီးက ဝေးလံစွာ လျှောက်ခဲ့ရလေသောကြောင့် ခြေလက်နှစ်ဖက်တို့မှာ ခဲများဆွဲထားသည့်အလား လေးလံနေသည်။

သူမတို့၏ ခြေလှမ်းများမှာလည်း နှေးကွေးနေ၏။

ကျင်းကျင်းလက်ထဲ၌ အဝတ်အိတ်လေးတစ်လုံး ဆွဲထားသည်။

အိတ်ကလေးထဲ၌ အဝတ်အစားနှစ်စုံနှင့် ငွေလွှဲလက်မှတ်အနည်းငယ်မျှသာ ပါရှိနေသည်ဖြစ်သော်လည်း သဲအိတ်တစ်အိတ် ဆွဲလာသည့်ပမာ လေးလံ၍နေ၏။

'ကျင်းကျင်း....ငါမောနေပြီဟ'

ရဲအင်းက ညည်းညူလိုက်သည်။

ကျင်းကျင်း ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ ငါလဲမောတာပဲ'

'တို့နေတဲ့တည်းခိုခန်းကိုရောက်ဖို့ ဘယ်လောက်လိုသေးလဲ'

'သိပ်မဝေးတော့ဘူး'

ထိုအချိန်၌....

သူတို့သည် အရှေ့လမ်းဝသို့ ရောက်ရှိလာပြီ ဖြစ်သည်။



ရုတ်တရက်....

လူရိပ်တစ်ခုသည် သူမတို့၏နောက်မှ ပြေးလာလေသည်။

ထိုလူရိပ်သည် ကျင်းကျင်းနှင့် ရဲအင်းတို့အနီးမှဖြတ်ကျော်မိသောအခါ ကျင်းကျင်းလက်ထဲမှ ဆွဲထားသောအိတ်လေးအား လု၍ပြေးသွားလေသည်။

'ဟင်....'

'အို'

ရဲအင်းနှင့် ကျင်းကျင်းတို့ အံ့ဩမိကြသည်။

ထိုလူရိပ်သည် လေပွေ တစ်ခုပမာ လမ်းလေးထဲသို့ ပြေးသွားလေ၏။

ရဲအင်းနှင့် ကျင်းကျင်းတို့ ပြန်လည် သတိဝင်လာကြပြီး ထိုလူရိပ်၏နောက်သို့ ပြေးလိုက်မိကြ၏။

သို့သော်....

လူရိပ်သည် သူမတို့နှင့် ဝေးကွာသွားပြီး ဘုံကျောင်း တစ်ခုထဲသို့ ပြေးဝင်မိလေ၏။

သူမတို့ နှစ်ယောက်ကလည်း ထက်ကြပ်မကွာလိုက်လာကြရာ မကြာမီ ဘုံကျောင်း ရှေ့သို့ ရောက်ရှိ လာကြလေတော့သည်။

ဘုံကျောင်းတံခါး တင်းကျပ်စွာ ပိတ်ထားသဖြင့် လူသူတစ်စုံတစ်ယောက်ကိုမှ မတွေ့ရပါချေ။

ရဲအင်း ခေါင်းကုတ်လိုက်၏။

'တို့အိတ်ကလေးကို လုသွားတဲ့ လူက ဒီဘုံကျောင်းထဲကို ပြေးဝင်သွားတာပဲ'

ကျင်းကျင်းက တံခါးကို သေချာစွာ ကြည့်လိုက်၏။

တံခါးပေါ်၌ ကြီးမားသည့် သော့ခလောက်တစ်ခုခတ်ထားသည်ကို တွေ့လိုက်ရ၏။

သူမ စဉ်းစားရ ကျပ်မိသည်။

'ဟုတ်တယ်၊ ဒီဘုံကျောင်းထဲကို ဝင်သွားတာပဲ'

သူမသည် သော့ခလောက်ကို ညွှန်ပြလိုက်၏။

'ကြည့်စမ်း၊ သော့ခလောက် ခတ်ထားတယ် မဟုတ်လား'

ရဲအင်းသည် ယခုမှ သော့ခလောက်ကို သတိပြုမိလိုက်လေသည်။

'ဟောတော့....တံခါးသော့ခတ်ထားပါလား'

ကျင်းကျင်း ခေါင်းခါယမ်းလိုက်၏။

'ဒါကြောင့် သူခိုးဟာ ဒီဘုံကျောင်းထဲ ဝင်တာမဟုတ်ဘူးဆိုတာ သေချာတယ်'

ရဲအင်းက မျက်မှောင်ကုတ်လိုက်သည်။

'ဒါပေမယ် ....သူခိုး ဒီဘုံကျောင်းပျက်ထဲကို ဝင်သွားတာ တို့မြင်လိုက်တာပဲ'

'တို့မျက်စိ မှားတာဖြစ်မှာပေါ့'

ရဲအင်း ခေါင်းခါယမ်းလိုက်၏။

'ဒီလောက်တော့ မျက်စိ ရှင်ပါတယ်၊ မျက်စိ မမှားနိုင်ပါဘူး'

ကျင်းကျင်း သက်ပြင်းချလိုက်သည်။

'အချိန်ကလဲ မှောင်နေတယ် မဟုတ်လား၊ တို့ကလဲ့ အဝေးက မြင်တာဆိုတော့ ဘယ်သေချာပါ့မလဲ့'



ရဲအင်း ခေါင်းရှုပ်သွား၏။

'ဒါဖြင့် ဒီသူခိုး ဘယ်ပြေးသွားတာလဲ'

ကျင်းကျင်းက ဝန်းကျင်အား တစ်ချက် ဝေ့ကြည့်လိုက်မိသည်။

'ဒီနားမှာရှိတဲ့ လူတစ်ယောက်ကို စုံစမ်းရင် ကောင်းမယ်'

သူမက ပြောရင်း ပါးစပ်ပိတ်ထားလိုက်သည်။

အကြောင်းမှာ....

ဝန်းကျင်တစ်ခုလုံး ရှင်းလင်းနေသည်။

ဘုံကျောင်း၏ အနီး တစ်ဝိုက်၌လည်း မည်သူမျှ မရှိပါချေ။

ရဲအင်းသည် လက်မှိုင်ချ၍ ဘုံကျောင်းတံခါးကို သေချာစွာ အကဲခတ်နေ၏။

* * *

ဘုံကျောင်း အဆောက်အအုံသည် အလွန်ကြီးမားလေသည်။

ဘုံကျောင်း၏ တံခါးသို့ တက်ရန်မှာ ကျောက်လှေကားထစ်လေး တစ်ခုရှိသည်။

တံခါးဘောင်တို့မှာလည်း ကျောက်များ ထွင်း၍ ပြုလုပ်ထားခြင်း ဖြစ်လေ၏။

ထိုတံခါးဘောင်မှာ အလွန်ခိုင်ခန့်ပြီး အတွင်းနှစ်ပေခန့် ရှိသည်။

တံခါးနှစ်ခုသည် အမည်းရောင် ဆေးဖြင့် ခြယ်သထားလေသည်။

တံခါးပေါ်၌ ကြီးမားသည့် သော့ခလောက်တစ်ခု ခတ်ထားလေ၏။

ငှင်းသော့ခလောက်မှာ အနည်းငယ် သံချေးတက်နေသဖြင့် ဤတံခါးကို နှစ်ရှည်လများ မဖွင့်ခဲ့သည်မှာ သက်သေ ထူနေသည်။

ထို့ကြောင့်....

အပြင်လူသည် ဘုံကျောင်းပျက်ထဲသို့ မဝင်နိုင်သည့်အလားပင် ဖြစ်နေ၏။

အကယ်၍....

ဘုံကျောင်းထဲ၌ လူရှိနေလျှင်လည်း အပြင်မထွက်နိုင်ပါချေ။

တစ်နည်းဆိုရလျှင်....



ဤဘုံကျောင်းသည် နှစ်ပေါင်းများစွာ အဝင်အထွက် မရှိဖြစ်နေ၏။

တံခါးမကြီး၏ ဘောင်ပေါ်၌ အနက်ခံ ရွှေစာလုံးဖြင့် ရေးထွင်းထားသည်။

သို့သော်

နှစ်ကာလ ကြာညောင်းနေပြီ ဖြစ်၍ ထိုရွှေစာလုံးများမှာ ပျက်စီးနေပြီး ဖတ်မရတော့ပါချေ။

ကျင်းကျင်းသည် တစ်ဖက်သို့ လှည့်လိုက်၏။

ဘုံကျောင်း မျက်နှာချင်းဆိုင် လမ်း၏ တစ်ဖက်တွင်အလွန်မြင့်မားပြီး အလှန်ထူသော အုတ်နံရံ တစ်ခုကို တွေ့လိုက်ရလေသည်။

အုတ်နံရံ၏ နောက်တွင် ပန်းဥယျာဉ်များ ရှိရမည်ဟု ကျင်းကျင်း ခန့်မှန်းမိသည်။

* * *

ကျင်းကျင်းသည် ရှဲအင်းကို တစ်ချက်ကြည့်လိုက်သည်။

'အတော့်ကိုထူးဆန်းတာပဲ'

ရှဲအင်းမျက်မှောင်ကြုတ်လိုက်၏။

'ဘာများ ထူးဆန်းတာတွေလို့လဲ'

သူမက စကားဆက်လိုက်၏။

'ငါအမောဖြေပြီးရင် ဘုံကျောင်းထဲဝင်ကြည့်မယ် ငါတို့ဆီက လူသွားတဲ့ပစ္စည်းပြန်တောင်းရလိမ့်မယ်'

ကျင်းကျင်းက ပခုံးတွန့်လိုက်သည်။

'ဘုံကျောင်းထဲမှာ ဘယ်သူရှိလို့ ညည်းက ပစ္စည်း ပြန်တောင်းရမှာလဲ'

ရှဲအင်း မဲ့ပြုံးပြုံးလိုက်သည်။

'ဘုံကျောင်းထဲမှာ လူမရှိဘူးလို့ ညည်းက ဘာကြောင့် ပြောနိုင်တာလဲ'

ကျင်းကျင်းက သော့ခလောက်အား ညွှန်ပြ လိုက်လေသည်။

'အထဲမှာ လူမနေလို့ သော့ခတ်ထားတာပေါ့'

'ဒါပေမယ့် သူခိုးက ဘုံကျောင်းထဲပြေးဝင် သွားတာကို တို့ကိုယ်တိုင်တွေ့ခဲ့တယ် မဟုတ်လား'

ကျင်းကျင်းခေါင်းညိတ်လိုက်သည်။

'အဲဒါကြောင့် ထူးဆန်းကယ်လို့ ပြောနေတာပေါ့'

'သေချာကြည့်ပါဦး၊ တံခါးများ ရှိသေးလား'

ကျင်းကျင်းထိုင်ရာမှ ထလိုက်၏။



ဘုံကျောင်း တံခါးကို သေသေချာချာအကဲခတ် ကြည့်လိုက်၏။

ဤဘုံကျောင်းသည် ထိုတံခါးမှ လွဲ၍ ဝင်ပေါက် မရှိပါချေ။

အဆောက်အအုံ တစ်ခုလုံးကို ကျောက်တုံးများဖြင့် သူခိုးက ဝင်သွားနိုင်သည့် အပေါက် လုံးဝမတွေ့ရပါ။

သူမသည် ယင်းကဲ့သို့ အကဲခတ်ကြည့်နေစဉ်လမ်း၏အစွန်မှ လူတစ်စုက လှုပ်လှုပ်ရွရွ ဖြစ်နေသည်ကို သတိပြုမိလေသည်။

သူမက အံ့ဩစွာဖြင့် လှမ်းကြည့်လိုက်သည်။

ထို၏စုများထဲမှ လူတစ်ယောက်က သူတို့အား လက်ယပ် ခေါ်နေသည်ကို တွေ့ရသည်။

အချို့ကလည်း သူမတို့အား လက်ယမ်း ပြနေ၏။

ထိုလူစုထံမှလူတစ်ယောက်က အသံ ကျယ်လောင်စွာအော် ပြောနေသေးသည်။

'ဟေ့....အဲဒီဘုံကျောင်းအနားကို မကပ်နဲ့'

ရှဲအင်းက ကျင်းကျင်းအား ကြည့်လိုက်သည်။

'ဒီဘုံကျောင်းကဘာ့များကြောက်စရာ ကောင်းနေလို့လဲ'

ကျင်းကျင်းက ပြုံးလိုက်၏။

'ကဲ....သူတို့ကို သွားစုံစမ်းကြည့်ရအောင်'

ရှဲအင်း ခေါင်းညိတ်သက်သည်။

သူမတို့သည် ထိုလူစုရှိရာသို့ ခြေလှမ်းကျဲကျဲဖြင့် လျှောက် သွားလိုက်လေသည်။

* * *

တစ္ဆေဘုံကျောင်း၏ သတင်းစကား

အတန်ကြာ အနားယူလိုက်သောကြောင့် ရဲအင်းနှင့် ကျင်းကျင်းတို့သည် လူငယ်ပီပီ ခွန်အားအနည်းငယ်ပြန်လည် ပြည့်ဖြိုးလာသည်။

သူတို့သည် လူစုလူဝေးရှိရာသို့ ရောက်ရှိသွားသည်။

အသက်လေးဆယ်ကျော်ရှိသော လူတစ်ယောက်က သူမတို့အားအပြစ်တင် ပြောဆိုလိုက်သည်။

'မင်းတို့ဘုံကျောင်းနားကို ဘာဖြစ်လို့သွားရတာလဲ'

ကျင်းကျင်း မျက်မှောင်ကြုတ်လိုက်သည်။

'ဘာဖြစ်လို့လဲရှင့်'

ထိုလူက ကျင်းကျင်းအား ကြည့်လိုက်၏။

'တစ္ဆေဘုံကျောင်းဆိုရင် မင်းတို့သိမှာပေါ့'

'ဟင်....'

'အို....'

ကျင်းကျင်းနှင့် ရဲအင်းတို့ ပါးစပ် အဟောင်းသား ဖြစ်သွားသည်။

ထိုလူက ဆက်ပြောလာ၏။

'ကျုပ်တို့က တွေ့သူ ခေါ်လိုက်တာ နို့မဟုတ်ရင် မင်းတို့နှစ်ယောက်ရဲ့ အသက်အန္တရာယ် စိုးရိမ် သွားနိုင်တယ်'

ရဲအင်းက ကြားဖြတ်ပြောလိုက်သည်။

'ဘုံကျောင်းထဲမှာ လူကို အန္တရာယ်ပေးနိုင်တဲ့ တစ္ဆေရှိသလား'

လိုလူက ခေါင်းခါယမ်းလိုက်၏။



အထဲမှာ ဘာမှ မရှိပါဘူး'

ကျင်းကျင်း မျက်မှောင်ကြုတ်လိုက်၏။

'ဒီလိုဆိုရင် အသက်အန္တရာယ် ဘယ်လိုရှိနိုင်ပါသလဲ'

'အင်း....'

ထိုလူသက်ပြင်းတစ်ချက်ချလိုက်သည်။

'ဒီဘုံကျောင်းထဲမှာ လူမရှိပေမယ့် တစ္ဆေတွေ ရှိနေတယ်'

ရဲအင်းနှင့် ကျင်းကျင်းတို့ ပြုံးစစနှင့် တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်ကြသည်။

'တစ္ဆေဟုတ်လား'

ကျင်းကျင်းက ထပ်မေးလိုက်သည်။

ထိုလူက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

သူတည် စကားဆက်လိုက်၏။

'ဘုံကျောင်းထဲမှာ တစ္ဆေရှိတယ် မကြာခဏ သွက်ပြီးလူကိုဖမ်းတယ်၊ ပစ္စည်းလုတယ်၊ ဒါကြောင့် ညဘက်မပြောနဲ့ နေ့ဘက်တောင် ဘယ်သူမှ အဲ့ဒီဘုံကျောင်းရှေ့ကို မ သွား ရဲကြဘူး၊ ဒါကြောင့် ဒီဘုံကျောင်းကို တစ္ဆေ ဘုံကျောင်းလို့ အမည်ပေးထားတယ်'

ကျင်းကျင်းနှင့် ရဲအင်းတို့ ပါးစပ်ပိတ်ထားလိုက်သည်၊

* * *

လူစုထဲမှ အရပ်ရှည်သူတစ်ယောက်က သူမတို့ကို ကြည့်လိုက်သည်။

'မင်းတို့က ဘုံကျောင်းရှေ့မှာ ဘာလုပ်နေကြတာလဲ'

ကျင်းကျင်းက စိတ်မသက်မသာသောလေသံဖြင့် ပြောလိုက်သည်။

'ကျွန်မတို့ ဒီကိုလျှောက်လာကြရင်း လူတစ်ယောက်က ကျွန်မလက်ထဲက အိတ်ကလေးကိုလုယူသွားပြီး ထွက်ပြေးသွားတယ်'

သူမ၏စကားကြောင့် ထိုလူ၏မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွား၏။

'ဆက်ပြောစမ်း'

ကျင်းကျင်းက ဆက်ပြောလိုက်သည်။

'ကျွန်မတို့ သူ့နောက်ကိုပြေးလိုက်ခဲ့တယ်၊ သူက ဒီဘုံကျောင်းရှေ့ကိုရောက်တာနဲ့ ပျောက်သွားပါတယ်'

ထိုလူ ထိတ်ထိတ်ပျာပျာဖြစ်သွား၏။

'ကြည့်စမ်း၊ ဘယ်လောက်များ အန္တရာယ်နီးသလဲ'

သူသည် စေတနာဖြင့်ရှင်းပြလိုက်သည်။

'မင်းတို့အိတ်ကို လုသွားတဲ့အရိပ်ဟာ ဘုံကျောင်းထဲက ရှိနေတဲ့ တစ္ဆေတွေဖြစ်မှာပေါ့'

သူက သက်ပြင်းတစ်ချက်ချလိုက်၏။

'မင်းတို့ကို ဖမ်းခေါ်မသွားတာဘဲ သိပ်ကောင်းတယ်လို့ဘဲ ယူဆရမယ်'

ကျင်းကျင်းက ထိုလူကို အကဲခတ်ကြည့်လိုက်၏။



'အဲ့ဒီအရိပ်ဟာ တစ္ဆေလို့ ဦးတို့ယုံကြည်ကြသလား'

ထိုလူ ခေါင်းညိတ်လိုက်သည်။

'ဒီအရှေ့ပိုင်းမှာ နေထိုင်ကြတဲ့ လူတွေအားလုံး ယုံကြည်ကြမှာ အမှန်ပါဘဲ'

ကျင်းကျင်း ခေါင်းကဆတ်ဆတ်ညိတ်လိုက်သည်။

'ဦးတို့ပြောတဲ့ ဖုတ်ကောင်တွေဟာ မကြာမကြာ ထွက်ပြီး လမ်းသွားလမ်းလာလူတွေဆီက ငွေနဲ့ပစ္စည်း လုတတ်ပါတယ်'

ကျင်းကျင်း မျက်မှောင်ကြုတ်လိုက်၏။

'လူတွေရော ဖမ်းသွားတာကြားရသလား'

ထိုလူက တစ်ချက်စဉ်းစားပြီး....

'လွန်ခဲ့တဲ့ ခုနစ်ရက်လောက်က လူနှစ်ယောက်ဟာ အကြောင်းမသိဘဲ ဘုံကျောင်းရှေ့က ဖြတ်သွားတာနဲ့ လေပွေတစ်ခု ချက်ချင်းဖြစ်ပေါ်လာပြီး သူတို့ကို ဘုံကျောင်းထဲ ဆွဲခေါ်သွားတော့တာပဲ'

ကျင်းကျင်းက ထိုလူအား အကဲခတ်ကြည့်လိုက်၏။

'ဦးလေးကိုယ်တိုင် တွေ့ခဲ့လို့လား'

ထိုစဉ်....

လူအုပ်ကြားထဲမှ ဆေးတံတစ်လက်ကိုင်ထားသော အဘိုးအိုက ကြားဖြတ်ပြောလာသည်။

'ကျုပ်ကိုယ်တိုင် တွေ့ခဲ့ပါတယ်'

'ကျွန်မနားလည်အောင် ပြောပြစမ်းပါ'

အဘိုးအို ခေါင်းညိတ်လိုက်၏။

'ဟိုတစ်နေ့တုန်းက ကျုပ်နဲ့ကျုပ်သား ချန်းဝက်နဲ့အတူ ဒီဘက်ကိုလျှောက်လာရင်း လူနှစ်ယောက်ဟာ ဘုံကျောင်းနံရံကို ကပ်ပြီးလျှောက်လာတာကို တွေ့လိုက်ရတယ်'

အဘိုးအိုသည် ဆေးတံကိုဖွာလိုက်ပြီး....

'သူတို့က ဘုံကျောင်းရှေ့ရောက်တဲ့အခါမှာ လေပွေတစ်ခု ထလာတော့တာပဲ၊ အဲ့ဒီလေပွေဟာ သူတို့ကိုတိုက်ခတ်သွားတယ်၊ အဲ့ဒီလူနှစ်ယောက်ဟာ ရုန်းကန်ရင်းနဲ့ပဲ ဘုံကျောင်းရှေ့မှာပဲ ပျောက်ကွယ်သွားတယ်'

အဘိုးအိုက ဆေးတံကိုဖွာရှိုက်လိုက်၏။

'အဲ့ဒီမြင်ကွင်းကို အခု စဉ်းစားရင်တောင် ကျောချမ်းလာတယ်ကွယ်၊ ကျုပ်သားချန်းဝက်ကတော့ လူငယ်ပီပီ တစ္ဆေကမယုံဘူး၊ နောက်ပြီး သတ္တိလဲကောင်းတယ်လေ၊ ကျုပ်က သူတို့တားတဲ့ကြားက ပြေးလိုက်သွားတယ်လေ'

ရဲအင်းက ဝင်မေးလိုက်၏။

'နောက် ဘာဖြစ်သွားသလဲ'

အဘိုးအိုက ဆေးတံကိုဖွာရှိုက်လိုက်ပြီး

'သူကျ ဘာကိုမှမတွေ့ဘူး၊ သူဟာ ဘုံကျောင်းတံခါးရှေ့ ရောက်သွားတဲ့အခါမှာ အဲ့ဒီလူနှစ်ယောက်ကို လုံးဝမတွေ့ရတော့ဘူး'

'တံခါးရော ပွင့်နေသလား'

အဘိုးအိုက ခေါင်းခါယမ်းလိုက်သည်။

'မပွင့်ဘူး ပိတ်ထားတယ်၊ သော့ခလောက်လဲ ခတ်ထားတာကို တွေ့ရတယ်'



ကျင်းကျင်း မျက်မှောင်ကြုတ်လိုက်သည်။

'ဒီဘုံကျောင်းထဲမှာ လူမရှိတာ ဘယ်လောက်ကြာပြီလဲရှင့်'

အဘိုးအိုက အနည်းငယ်စဉ်းစားလိုက်ပြီး

'လူမနေတာ နှစ်ပေါင်းနှစ်ဆယ်လောက် ရှိပြီ'

ရဲအင်းက ကြားဖြတ်မေးလေသည်။

'အဘရဲ့သားက ဘုံကျောင်းတံခါးရှေ့ကို ရောက်သွားတော့ ဘာမှမဖြစ်ဘူးလား'

အဘိုးအို ခေါင်းညိတ်လိုက်၏။

'ဖြစ်တာပေါ့ကွယ်၊ သူက အဲ့ဒီကို ရောက်သွားတဲ့အခါမှာ ကြောက်ရွံ့ပြီး ကယ်ပါလို့ အော်တော့တာပဲ'

'ဒါနဲ့ အနီးတဝိုက်မှာရှိတဲ့ လူတွေက တုတ်တွေဓားတွေ ဆွဲပြီး ကျုပ်သားဆီကို လိုက်သွားတဲ့အခါမှာ ကျုပ်သားက ကြောင်တောင်တောင်ဖြစ်နေတာကို တွေ့ရတယ်'

'သူတို့က ကျုပ်သားကို အတင်းပြန်ဆွဲလာလို့သာ ပါ မသွားတာပေါ့၊ အဲ့ဒီညကစပြီး ကျုပ်သားဟာ ခုနစ်ရက် လောက် အပြင်းဖျားပြီး ဆယ်ရက်လောက်ကြာမှ ကကောင်း ထောက်မပြီး ပျောက်သွားပါတယ်'

သူသည် ကျင်းကျင်းအားကြည့်လိုက်သည်။

'အခု မင်းတို့က အိတ်ကလေးတစ်လုံး ပါသွားတာကို ကကောင်းတယ်လို့ ပြောရမှာပဲ'

ရဲအင်း ခေါင်းတွင်တွင်ယမ်းလိုက်၏။

'တစ္ဆေရှိတယ်ဆိုတာ [illegible]မမယုံဘူး၊ တစ်နေ့နေ့တော့ ကျွန်မ [illegible]ုတ်ကောင်ကိုဖမ်း[illegible]မယ်'

လူအုပ်ထဲမှ လူတစ်ယောက်၏အသံ ထွက်ပေါ်လာလေသည်။

'ဖမ်းဖို့ စိတ်မကူးပါနဲ့ကွာ၊ မင်းတို့ကိုဖမ်းမသွားတာက ကောင်းလှပါပြီ'

အားလုံး ဝါးခနဲရယ်မောလိုက်၏။

ရဲအင်း၏မျက်နှာ နီရဲသွားသည်။

ကျင်းကျင်းက ခေါင်းအေးအေးထား၍ အဖိုးအိုကို မေးလိုက်သည်။

'ဒီဘုံကျောင်းမှာ ဘေးတံခါး ဒါမှမဟုတ် နောက်ဘက်တံခါး ရှိပါသေးသလား'

အဘိုးအို ခေါင်းယမ်းလိုက်၏။

'ဒီဘုံကျောင်းမှာ အရှေ့ဘက်တံခါးပေါက် တစ်ခုပဲရှိတယ်'

'ဒါနဲ့ ဒီဘုံကျောင်းအဆောက်အဦးကို ဘယ်သူက ပိုင်ဆိုင်တာလဲ'

အဘိုးအိုက သက်ပြင်းတစ်ချက်ချလိုက်၏။

'ဒီဘုံကျောင်းရဲ့ ပိုင်ရှင်ကတော့ ပေါင်ချီဆိုတဲ့ အဘိုးအိုတစ်ယောက်ပါပဲ'

ကျင်းကျင်းက ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

'သူ့ကိုတွေ့ချင်တယ်'

လူတစ်ယောက်က ကြားဖြတ်မေးသည်။

'ဘာလုပ်မလို့လဲ'

'ကျွန်မ သူနဲ့ စကားပြောချင်လို့ပါ'



လူတစ်ယောက်က ကြားဖြတ်ပြောသည်။

'မင်းတို့တွေ့ချင်တယ်ဆိုရင် 'ဟောဒီလမ်းအတိုင်းသွားပါ၊ လမ်းဆုံးသွားတာနဲ့ အိမ်တစ်လုံးတွေ့ရပါလိမ့်မယ်၊ အဲဒီအိမ်မှာ ပေါင်ချီနေပါတယ်'

ကျင်းကျင်း ခေါင်းညိတ်လိုက်၏။

'ကျေးဇူးတင်ပါတယ်ရှင်'

သူမသည် ရဲအင်းဘက်လှည့်လိုက်၏။

'နင်က ဘုံကျောင်းရှေ့က သွားစောင့်နေပါ၊ ငါက ပေါင်ချီဆီကို သွားလိုက်ဦးမယ်'

* * *

## ဘုံကျောင်းပိုင်ရှင်

---

မှောင်အတိကျလာပြီဖြစ်သည်။

ကောင်းကင်ပေါ်၌ ကြယ်ကလေးများ ပြည့်နှက်နေသည်၊ ရဲ့အင်းသည် ဘုံကျောင်းရှေ့သို့ လျှောက်သွားပြန်လေသည်။

သူမသည် ဘုံကျောင်းနှင့် ဝါးတစ်ရိုက်ခန့်အကွာ၌ ရပ်၍ စောင့်ကြည့်နေခြင်းဖြစ်သည်။

လူစုများသည် တဖြည်းဖြည်းထွက်ခွာသွားကြ၏။

အချို့မှာမူ ကျင်းကျင်းနှင့်အတူ ဘုံကျောင်းပိုင်ရှင်ဖြစ်သော ပေါင်ချိနေအိမ်သို့ လိုက်သွားကြလေ၏။

ကျင်းကျင်းသည် အိမ်ကလေးတစ်အိမ်ရှေ့၌ ခြေလှမ်း ရပ်တန့်လိုက်ပြီး....



'ဒေါက်....ဒေါက်....'

မကြာမီ....

တံခါးပွင့်လာသည်။

တံခါးလာဖွင့်သူမှာ အသက် ခုနစ်ဆယ်ခန့်ရှိသော အဘိုးအိုတစ်ယောက်ဖြစ်လေ၏။

ကျင်းကျင်းက အဘိုးအိုတို့ အကဲခတ်ကြည့်လိုက်ပြီး....

'အဘိုးက ပေါင်ချိလား'

အဘိုးအိုက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

သူကစကားပြောရင်း ချောင်းဆိုးလိုက်သည်။

'ဟိုဘုံကျောင်းဟာ အဘရဲ့အပိုင် အဆောက်အဦးဟုတ်လား'

'ဟုတ်တယ်၊ ကလေးမက ဝယ်ချင်လို့လား'

အဘိုးအို၏မျက်နှာတွင် ဝမ်းသာ အားရသည့် အရိပ်အယောင်များ ပေါ်လာလေ၏။

'ကလေးမက သဘောကျမယ်ဆိုရင် ဈေးနှုန်းကိုလျှော့ပေးပါ့မယ်'

ကျင်းကျင်းက ခေါင်းခါယမ်းလိုက်သည်။

'ကျွန်မ မဝယ်နိုင်ပါဘူး'

အဘိုးအို မျက်မှောင်ကုတ်သွားလေ၏။

'ဒါဖြင့်...'

ကျင်းကျင်းပြုံးလိုက်သည်။

'ကျွန်မရဲ့အိတ်ကလေးတစ်လုံး ဘုံကျောင်းထဲကို ရောက်သွားလို့ အထဲကိုဝင်ပြီး ရှာဖွေခွင့်ပြုပါ'

အဘိုးအို၏မျက်နှာပေါ်မှ ဝမ်းသာသည့်အရိပ်အယောင်များ ပျောက်သွားလေသည်။

'ဘာ....ဘာပြောတာလဲ'

ကျင်းကျင်းနောက်တွင်လိုက်ပါလာသောလူတစ်ယောက်က ဝင်ပြောလိုက်သည်။

'ဒီလိုပါ အဘ'

သူသည် ကျင်းကျင်း၏အိတ်ကလေး အလုခံရပြီး ဘုံကျောင်းရှေ့တွင် ပျောက်ကွယ်သွားကြောင်း အသေးစိတ်ရှင်းပြလိုက်၏။

* * *



အဘိုးအိုသည် သေချာစွာ နားထောင်ပြီးနောက် ခေါင်းခါယမ်းလိုက်သည်။

'မဖြစ်နိုင်ပါဘူးကွယ်၊ ဒီအဆောက်အဦး သော့ပိတ်ထားတာ နှစ်ပေါင်းနှစ်ဆယ်လောက်ရှိပြီ၊ လူမနေဘူး၊ အဝင်အထွက်လဲမရှိဘူး'

သူက စကားဆက်လိုက်သည်။

'အဲ့ဒီအဆောက်အဦးဟာ နေထိုင်လို့ မသင့်တာနဲ့ ကျုပ်က ဒီမှာ ပြောင်းရွှေ့နေထိုင်ခဲ့တာပါ'

သူသည် အနည်းငယ်မောဟိုက်လာသဖြင့် ခေတ္တရပ်နားပြီး စကားဆက်လိုက်သည်။

'နှစ်ပေါင်းနှစ်ဆယ်လုံး ကျုပ်က ဒီဘုံကျောင်းတိုရောင်းဖို့ ကြိုးစားခဲ့ပါတယ်၊ ဒါပေမယ့် "ဒီဘုံကျောင်းဟာ" နာမည်ပျက်နေလို့ ဝယ်ဖို့မပြောနဲ့ အလကားပေးရင်တောင် နေရဲတဲ့လူ မရှိပါဘူးကွယ်'

သူသည် ကျင်းကျင်းကို ပြုံးပြလိုက်သည်။

'ကလေး။မအိတ်ကလေးကိုလုပြီး တခြားနေရာကို ပြေးသွားတာ ဖြစ်ပါလိမ့်မယ်၊ ဘုံကျောင်းတံခါးက သော့ခတ်ထားလို့ ဘယ်လိုလုပ်ဝင်သွားနိုင်မှာလဲ'

ကျင်းကျင်းက ပြုံးလိုက်သည်။

'ကျွန်မမျက်စိနဲ့ကိုယ်တိုင် တွေ့ခဲ့တာရှင့်'

အဘိုးအို မျက်မှောင်ကြုတ်လိုက်သည်။

'ကလေးမက အထဲဝင်ရှာမလို့လား'

ကျင်းကျင်း ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'

'သော့ရရင် ကလေးမတစ်ယောက်တည်း သွားပါ၊ ကျုပ်မလိုက်နိုင်တာကို ဝမ်းနည်းပါတယ်'

ကျင်းကျင်း ခေါင်းညိတ်လိုက်၏။

'ကိစ္စမရှိပါဘူး၊သော့ကိုသာရှာပေးပါ၊ကျွန်မကစ်ယောက်တည်းပဲ သွားပါ့မယ်'

ပေါင်ချိက ခေါင်းညိတ်လိုက်ပြီး အိမ်ထဲပြန်ဝင်သွားလေသည်။

အတန်ကြာမှ....

အိမ်အတွင်းမှ ပြန်ထွက်လာသည်။

အဘိုးအိုက သံချေးတက်နေသော သော့ကိုယူ၍ ကျင်းကျင်းလက်သို့ ပေးအပ်လိုက်သည်။

'အသက်ကြီးလာရင် ဘာမှ အသုံးမကျတော့ဘူး၊ အခုတွေ့ရတာ က ကောင်းတယ်လို့ မှတ်ပါ'

ကျင်းကျင်းက သော့ကိုလှမ်းယူလိုက်သည်။

'အစစအရာရာတော့ သတိထားစေချင်တယ်'

ကျင်းကျင်း ပြုံးလိုက်၏။

'ဟုတ်ကဲ့၊ တစ်လက်စတည်းနဲ့ အဘဆီက မီးအိမ်တစ်လုံးလောက် လိုချင်ပါသေးတယ်'

ပေါင်ချိ ခေါင်းညိတ်လိုက်၏။

'ရပါတယ်ကွယ်'

*　*　*



ကျင်းကျင်းသည် မီးပုံးအိမ်ကို မီးထွန်းညှိလိုက်သည်။ သူမသည် အိမ်မှင်အဘိုးအိုအား နှုတ်ဆက်လိုက်၏။

'ကျွန်မကို သွားခွင့်ပြုပါဦး'

အဘိုးအို ခေါင်းညိတ်လိုက်၏။

'ကောင်းပါပြီ'

ကျင်းကျင်းသည် ခေါင်းညိတ်ပြပြီး မီးပုံးအိမ်ကို ကိုင်၍ ထိုနေရာမှ ထွက်ခွာသွားလေ၏။

သူမ၏နောက်တွင် ပွဲကြည့်ပရိသတ်အဖြစ် လူဆယ့်လေးယောက်ခန့် လိုက်ပါလာကြသည်။

လူငယ်သုံးယောက်သည် တုတ်များဆွဲကာ ကျင်းကျင်း၏ အနောက်သို့ ထက်ကြပ်မကွာ လိုက်သွားကြသည်။

သူတို့သည် ဘုံကျောင်းသို့သွားရာလမ်းဝသို့ ရောက်ရှိကြသောအခါ ရှေ့ဆက်မသွားတော့ဘဲ ခြေလှမ်းရပ်တန့်သွားကြ၏။

ကျင်းကျင်းက သူတို့အား လှည့်ကြည့်လိုက်၏။

'ရဲရဲသာလိုက်ခဲ့ပါ၊ သူများပြောတဲ့ တစ္ဆေဆိုတာ မရှိဘူးလို့ ကျွန်မတာဝန်ယူတယ်'

ထိုလူများသည် ကျင်းကျင်းအား ကြည့်လိုက်၏။

သူတို့၏ခြေလှမ်းမှာ လုံးဝမလှမ်းကြတော့ပေ။

ကျင်းကျင်းက ခေါင်းတစ်ချက် ခါယမ်းပြီး လမ်းထဲသို့ တစ်ယောက်ည်း လှမ်းဝင်လိုက်သည်၊

ထိုအချိန်တွင် လူငယ်နှစ်ယောက်က တုတ်ကိုယ်စီကိုင်၍....

'ကျုပ်တို့လဲလိုက်မယ်'

ကျင်းကျင်းက ပြုံးလိုက်၏။

'ချီးကျူးပါတယ်၊ လိုက်ခဲ့ပါ'

နောက်တပ်နှစ်ယောက်ကလည်း သူတို့နောက်လိုက်ပါလာသည်။

'ကျုပ်တို့လဲလိုက်မယ်'

ကျင်းကျင်းက သဘောကျသွားသည်။

'ဒီလို သတ္တိရှိရမှာပေါ့ရှင်'

သူမကပြောရင်း ရှေ့သို့ ဆက်လျှောက်သွားလေသည်။

* * *

## ပဟေဠိဆန်တဲ့ သဲလွန်စ

---

ရှဲအင်းသည် ဘုံကျောင်းတံခါးကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေ၏။

သူမသည် ကျင်းကျင်းတို့လူစု ရောက်ရှိလာသည်ကို တွေ့ရသဖြင့် ကျင်းကျင်းထံ လျှောက်လာ၏။

ကျင်းကျင်းက ရှဲအင်းကို အကဲခတ်ကြည့်လိုက်ပြီး....

'ဘာတွေထူးခြားသလဲ'

ရှဲအင်းက ခေါင်းခါလိုက်သည်။

'ဘာမှ မထူးခြားဘူး'

ကျင်းကျင်းက လက်ထဲမှသော့ကို ထောင်ပြလိုက်သည်။

'သော့ရပြီ'

ရှဲအင်းက သော့ကို လှမ်းယူလိုက်သည်။

'ကျွန်မ သွားဖွင့်မယ်'

သူမသည် ပြောပြောဆိုဆိုဖြင့် သော့ကိုယူလိုက်ပြီး....

ဘုံကျောင်းတံခါးဝရှိရာသို့ ခြေလှမ်းသုတ်သုတ်ဖြင့် လှမ်းသွားသည်။

သူမသည် ကျောက်လှေကားထစ်ပေါ်သို့ တက်လိုက်ပြီး သော့ခလောက်ကို သေချာစွာစစ်ဆေး ကြည့်ရှုလိုက်သည်။

ကျင်းကျင်းက မီးပုံးအိမ်ကို မြှောက်ပြလိုက်သည်။

ရှဲလင်းသည် သော့ခလောက် အပေါက်ထဲသို့ ထိုးသွင်းလိုက်သည်။

ကျင်းကျင်းနောက်သို့ပါလာသော လူလေးယောက်အနက် ဓားတ်မျှားကိုင်ဆောင်ထားသူ နှစ်ယောက်ကမူ ခပ်လှမ်းလှမ်းတွင် ရပ်နေ၏။

* * *



ရှဲအင်းသည် သော့ကိုလှည့်လိုက်၏။

သော့ခလောက်မှာ သံချေးတက်နေသဖြင့် ရှဲအင်းက ချက်ချင်း ဖွင့်မရဘဲ ဖြစ်နေ၏။

ကျင်းကျင်း မျက်မှောင်ကြုတ်သွား၏။

'ဖွင့်လို့ မရဘူးလား'

ရှဲအင်း ပခုံးတွန့်လိုက်သည်။

'သူတို့ပြောတာ ဟုတ်တယ်၊ သော့ခလောက်ရော သော့ပါ နှစ်ပေါင်းအတန်ကြာ မဖွင့်ခဲ့လို့ သံချေးတွေတက်နေတယ်'

သူမသည် ပြောရင်း သော့ကို ဘယ်လှည့်ညာလှည့် လှည့်ကြည့်နေ၏။

အတန်ကြာမှ....

'ချပ်....'

သော့ခလောက် ပွင့်သွားသည်။

ကျင်းကျင်းက သော့ခလောက်ကိုဖြုတ်လိုက်၏။

ထို့နောက်....

တံခါးပေါ်မှ သံကွင်းအား ချိတ်ထားသောသံကြိုးများကိုဖြုတ်လိုက်၏။

ရှဲအင်းက ကျင်းကျင်းအားတစ်ချက်ကြည့်လိုက်၏။

'ဖွင့်လိုက်ရတော့မလား'

ကျင်းကျင်းက ခေါင်းညိတ်ပြလိုက်၏။

'ဖွင့်လိုက်'

ရှဲအင်းသည်တံခါးမကြီးအားတွန်းဖွင့်လိုက်သည်။

'ကျွီ....'

တံခါးမကြီးသည် နှစ်ရှည်လများ ဆီထည့်မထားသော
ကြောင့် တအားတွန်းဖွင့်မှ ပွင့်သွားသည်။

ထိုအခါ....

ခပ်လှမ်းလှမ်းတွင် ရပ်နေသော လူနှစ်ယောက်ကဆက်လက်
မနေဝံ့တော့ဘဲ ပြန်ပြေးသွားသည်။

* * *



ကျင်းကျင်းက ကျောက်လှေကားထစ်ပေါ်၌ ရပ်နေသော
လူ ယ်နှစ်ယောက်အား ပြုံးပြလိုက်လေသည်။

'ရှင်တို့ရော အထဲလိုက်ကြမယ် မဟုတ်လား'

လူငယ် နှစ်ယောက်၏ မျက်နှာကွက်ခနဲ ပျက်သွားလေ
သည်။

'ကျုပ်တို့အထဲ မဝင်ပါဘူး'

ကျင်းကျင်း ခေါင်းညိတ်လိုက်၏။

'ဒီလိုဆို အပြင်မှာ စောင့်နေမှာပေါ့'

လူငယ်နှစ်ယောက်က ပြိုင်တူ ခေါင်းညိတ်လိုက်သည်၊

'ဟုတ်ပါတယ်'

'ဒါဖြင့်ရှင်တို့နှစ်ယောက် ဒီမှာစောင့်နေပေါ့'

လူငယ်နှစ်ယောက် ပြိုင်တူခေါင်းညိတ်လိုက်၏၊

ကျင်းကျင်းသည် လူငယ်တစ်ဦးထံမှ တုတ်ကို ယူလိုက်ပြီး
တိုက်ကျောင်းထဲသို့ လှမ်းဝင်လိုက်သည်။

သူတို့သည် မျက်လုံးဝေ့၍အကဲခတ်ကြည့်လိုက်သော အခါ
ကျောင်းအထဲတွင် ပင့်ကူအိမ်များဖြင့် ရှုပ်ပွနေ၏။

ကြမ်းပေါ်မှ ဖုန်များသည် တစ်လက်မခန့် ထူပျစ်နေသည်
ကို တွေ့လိုက်ရသည်။

ကျင်းကျင်းက ကြမ်းပြင်ပေါ်သို့ အကဲခတ် ကြည့်လိုက်
သည်။

ကြမ်းပြင်တစ်ခုလုံးမှာ ကြွက်ခြေရာ များနှင့် ကြောင်ခြေ
ရာများရှိသည်မှအပ လူခြေရာဟူ၍ လုံးဝမတွေ့ရပါ။

သူမတို့ နှစ်ယောက်၏ ခြေရာမှလွဲ၍ မည်သည့်ခြေရာကိုမျှ မတွေ့ရပါချေ။

ရှဲအင်းခေါင်းညိတ်လိုက်၏။

'အမှန်တော့ ဒီအိမ်ထဲမှာ နှစ်ပေါင်း နှစ်ဆယ်ကျော် လူ အဝင်အထွက်မရှိဘူးဆိုတာ ထင်ရှားနေပါပြီ'

ကျင်းကျင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ် ဒီအိမ်ထဲမှာ လူခြေရာဆိုလို့ တို့နှစ်ယောက်လောက်ရှင် တစ်ခုမရှိပါဘူး'

ရှဲအင်းက ခေါင်းညိတ်လိုက်၏။

'ဟဲ...ဒါဖြင့် ပြန်ကြမယ်'

ကျင်းကျင်း ခေါင်းညိတ်လိုက်၏။

'ပြန်ကြတာပေါ့၊ ဒါပေမယ့် သေသေချာချာ လှည့်လည်ကြည့်ဦးမယ်'

ရှဲအင်းက လက်ခံလိုက်လေသည်။

သူမတို့သည် ဘုံကျောင်းထဲတွင်လှည့်ပတ် ရှာဖွေလိုက်ကြတော့သည်။

* * *



ဘုံကျောင်းရှေ့တွင် လူရှယ် နှစ်ယောက်က ရပ်နေကြလေသည်။

သူတို့သည် ရင်တထိတ်ထိတ်ဖြင့် ရှဲအင်းတို့ လာမည်ကို စောင့်မျှော်နေကြ၏။

သို့သော်....

သူတို့သည် စောင့်ရင်း စိတ်ထဲမှ ချောက်ချား လာသဖြင့် သူတို့သည် ထိုနေရာတွင် မနေရဲတော့ဘဲ လှေကားထစ် ပေါ်မှ ဆင်းလိုက်ကြ၏။

ထို့နောက်....

နောက်သို့ တဖြည်းဖြည်း ဆုတ်သွားလေသည်။

အတန်ဝေးဝေးသို့ ဆုတ်သွားပြီးမှ ခြေလှမ်း ရပ်လိုက်ကြသည်။

သူတို့၏မျက်လုံးများသည် ဘုံကျောင်းရှေ့သို့ မျက်တောင်မခတ် စိုက်ကြည့်နေ၏။

* * *

ကျင်းကျင်းနှင့် ရဲအင်းတို့သည် ဘုံကျောင်းထဲ၌ ရှာဖွေလေ့လာနေကြ၏။

သူတို့သည် မီးပုံးအိမ် အလင်းကို အသုံးချ၍ ဘုံကျောင်း ပျက်ထဲ နေရာအနှံ့ လိုက်လံ ကြည့်ရှုနေ၏။

ကျင်းကျင်းသည် ပြတင်းပေါက်ရှိရာသို့ လျှောက်သွားလေသည်။

ပြတင်းပေါက် ပေါ်မှလည်း သံတိုင်များဖြင့် ကာရံထားသောကြောင့် လူတစ်ယောက် ဝင်နိုင်ရန် မဖြစ်နိုင်ပါ။

ရုတ်တရက်....

ပြတင်းပေါက် ထောင့်ပေါ်၌ စက္ကူထုပ်လေး တစ်ထုပ်ကို အမှတ်မထင် တွေ့မြင်လိုက်ရ၏။

သူမသည် ထိုအထုပ်ကလေးကို ကောက်ယူပြီး အင်္ကျီအိတ်ထဲသို့ သိမ်းဆည်းလိုက်သည်။

ခန်းမကြီး တစ်ခုလုံးမှာ သံသယဖြစ်ဖွယ်ရာများ လုံးဝမတွေ့ရှိပါ။

ထို့ကြောင့်....

သူမတို့သည် နောက်ဘက်သို့ ဆက်လက်လျှောက်သွားလေသည်။

သူမတို့က အလွယ်တကူ အဆောင်ထဲသို့ ဝင်ရောက်သွားမိသည်။

အဆောင်ထဲမှ မြင်ကွင်းကို မြင်တွေ့လိုက်ရသော အခါ ဘုမတို့ အံ့ဩသွားကြလေ၏။



အဆောင်ထဲ၌ ခေါင်းငါးလုံး ယှဉ်၍ ထားရှိသည်ကို တွေ့ရသည်။

အဆောင်၏ အလယ်တွင် စားပွဲတစ်လုံး ရှိသည်။

စားပွဲပေါ်၌ နတ်များ ပူဇော်ပသရန် အမွှေးတိုင်များ ထားရှိဖို့ ခဲဖြင့် ပြုလုပ်ထားသော အိုးကလေး တစ်လုံးကို တွေ့မြင်ရလေသည်။

ထိုအိုးကလေးမှ ထောင်၍ ထွက်ပေါ်လာသော မီးခိုးစိမ်းများကို သူမတို့ နှစ်ဦးစလုံး သတိမပြုမိပါ။

ကျင်းကျင်းသည် ရဲအင်းဘက်သို့ လှည့်ကြည့်မိလိုက်လေသည်။

'တို့အိတ်ကလေးကို လုသွားတဲ့ လူဟာ ဒီအထဲကို မလာတာတော့ သေချာသွားပြီ'

ရဲအင်းက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'

ကျင်းကျင်းက ဝန်းကျင်အား ဝေ့ကြည့်ပြီး....

'ဒါဖြင့် တို့သွားကြရအောင်'

သူမတို့နှစ်ယောက်သည် ထိုအဆောင်မှ လှမ်းထွက်မည်အပြု စိမ်းရွှေရွှေ အနံ့တစ်ခု တိုးဝင်လာသည်ကို သတိပြုမိလိုက်လေသည်။

* * *

## အဖြေမရှိတဲ့ ပုစ္ဆာ

---

လူရှုပ် နှစ်ယောက်သည် လမ်းထိပ်အထိ ဆုတ်သွားပြီး နောက် ခြေလှမ်းရပ်တန့်သွားကြ၏။

သူတို့သည် အခြားလူများနှင့် အတူ ဘုံကျောင်း ရှိရာသို့ မျက်တောင်မခတ်တဲ သတိကြီးစွာဖြင့် စိုက်ကြည့် နေလေတော့သည်။

အစရေးကြုံလျှင် ထိုမိန်းကလေး နှစ်ဦးကို သွားရောက်ကူညီနိုင်ရန်လည်း အသင့်ပြင်ထား၏။

သို့သော်

အတန်ကြာ စောင့်မျှော်နေသည့်တိုင် ကျင်းကျင်းနှင့်ရှဲအင်တို့ ထွက်မလာသေးပါ။

သူတို့သည် စိုးရိမ်ထိတ်လန့်နေစဉ်....



ဘုံကျောင်းထဲမှ မီးခိုးလုံးများ ထွက်ပေါ်လာနေသည်ကို အံ့ဩစွာ တွေ့မြင်လိုက်ရလေသည်။

လမ်းဝမှ စုရုံး၍ ကြည့်ရှုနေကြသော လူများသည် အံ့ဩကုန်ကြလေသည်။

ထိုမီးခိုးများသည် လေ၏တိုက်ခတ်မှုကြောင့် တဖြည်းဖြည်း လွင့်ပြယ်သွားလေ၏။

အမှောင်ထုထဲ၌ လူရိပ်နှစ်ခုကို တွေ့မြင်လိုက်ရ လေတော့သည်။

ထိုလူရိပ်နှစ်ခုသည် မီးခိုးများကြားမှ သိမ်းယှင်နေသည်ကို တွေ့ရ၏။

'ဟိုမှာကြည့်စမ်း ဘာတဲ့လဲ'

တစ်ယောက်က မေးလိုက်သည်။

'ကျုပ်လဲ့ ဘယ်သိပါ့မလဲ'

တစ်ယောက်က ဖြေလိုက်၏။

သို့သော်

မည်သူကမှ သွားရောက် မကြည့်ဝံ့ပါ။

အတန်ကြာတော့မှ ထိုလူရိပ်နှစ်ခုသည် တဖြည်းဖြည်း မတ်မတ်ရပ်လာသည်ကို တွေ့ရ၏။

သူတို့သည် မြေပေါ် သို့ကုန်း၍ တစ်စုံတစ်ခု ရှာဖွေနေသည် ဟု ယူဆရလေ၏။

နောက်ထပ် တစ်ခဏအကြာတွင် မီးရောင်များ ထွက်ပေါ်လာသည်။

မီးပုံးအိမ်မှ **မီး**ရောင် ထွက်ပေါ်လာသည်။

မီးပုံးအိမ်မှ မီးရောင်ကြောင့် ရပ်၍ ကြည့်နေကြသော လူများသည် ထိုလူရိပ်နှစ်ခုမှာ ကျင်းကျင်းနှင့် ရဲအင်းဖြစ်နေသည်ကို ကောင်းစွာ တွေ့မြင်လိုက်ရ၏။

တုတ်ကိုင်ထားသော လူနှစ်ဦးက သတိကြီးစွာဖြင့် သူမတို့ထံသို့ လျှောက်သွားသည်။

အနီးသို့ ရောက်ရှိသွားသောအခါ ရဲအင်းနှင့် ကျင်းကျင်းတို့၏ ခန္ဓာကိုယ်မှာ ယိမ်းယိုင်၍ နေ၏။

ကျင်းကျင်းကလည်း ထိုလူရွယ်နှစ်ယောက်ကို တွေ့မြင်သွားသည်။

'ရှင်တို့ ဘာတွေကို တွေ့ကြသလဲ'

လူရွယ်နှစ်ဦး ကြောင်အမ်းအမ်း ဖြစ်ကုန်၏။

ကျင်းကျင်းသည် မီးပုံးအိမ်ကို မြှောက်၍ ကြည့်လိုက်သောအခါ တံခါးမကြီးသည် တင်းကျပ်စွာဖြင့် ကြီးမားသော သော့ခလောက်ကြီး ခတ်လျက်ထားသည်ကို တွေ့ရ၏။

သော့မှာ ကျောက်လှေကားထစ် ပေါ်တွင် ရောက်ရှိနေသည်ကို တွေ့ရ၏။

ကျင်းကျင်းက သော့ကို ကောက်ကိုင်လိုက်သည်။

သူမသည် ရဲအင်းကိုကြည့်ပြီး....

'ညည်း ဘယ်လိုနေသေးသလဲ'

ရဲကင်းက တွေဝေစွာဖြင့်ကြည့်လိုက်၏။

'ခေါင်းထဲတော့ နည်းနည်း မူးနောက်နောက်ဖြစ်နေတယ်'

သူမသည် ကျင်းကျင်းကိုမေးလိုက်သည်။

'ဒါနဲ့ ငါတို့က ဘုံကျောင်းထဲကို ရောက်ခဲ့သလား'



ကျင်းကျင်းက မျက်မှောင်ကြုတ်၍ ကြိုးစားပြီး စဉ်းစားလိုက်သည်။

'ငါတို့ရောက်ခဲ့တယ်လို့ ယုံကြည်တယ်'

'ဒါဖြင့် ဒီတံခါးကို တို့ထွက်လာမှ သော့ခတ်ထားတာလား'

ကျင်းကျင်း ခေါင်းခါလိုက်သည်။

'ဒီတံခါးကို ငါမပိတ်ဘူး၊ ညည်းရော တံခါးသော့ခတ်လိုက်သလား'

ရဲအင်း ခေါင်းခါလိုက်၏။

'ငါလဲ သော့မခတ်မိပါလား'

ကျင်းကျင်းက ရောက်ရှိလာသော လူရွယ်နှစ်ယောက်ကို ကြည့်လိုက်သည်။

'ရှင်တို့က ဒီတံခါးကို သော့ခတ်သွားကြသလား'

လူရွယ်နှစ်ယောက် ခေါင်းယမ်းလိုက်သည်။

'မခတ်ပါဘူး'

ကျင်းကျင်း မျက်မှောင်ကြုတ်သွား၏။

'ငါတို့ ဒီဘုံကျောင်းထဲကိုဝင်သွားတာ တွေ့ကြပါသလားရှင်'

ရဲအင်း၏စိတ်ထဲတွင်လည်း ကျောက်လှေကားထစ်ပေါ်၌ တစ်ရေးအိပ်ပျော်သွားသည်ဟု ခံစားလိုက်ရလေ၏။

လူရွယ် ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့၊ ခင်ဗျားတို့နှစ်ယောက်စလုံး ဘုံကျောင်းထဲကို ဝင်သွားပါတယ်'

ရှဲအင်း မျက်မှောင်ကြုတ်လိုက်သည်။

'ဒါဖြင့် ကျုပ်က 'ဘာဖြစ်လို့ အပြင်ကိုရောက်နေတာလဲ'

လူရွယ်က ရယ်မောလိုက်၏။

'ခင်ဗျားတို့ကို ဖုတ်ကောင်က မောင်းထုတ်လိုက်တာ ဖြစ်မှာပေါ့'

ရှဲအင်း ဘွေဝေသွားသည်။

'ဟုတ်ရဲ့လားရှင်'

လူရွယ် ခေါင်းညိတ်လိုက်၏။

'ဟုတ်ကိုဟုတ်ရမယ်'

ကျင်းကျင်း မျက်မှောင်ကြုတ်သွား၏။

'ရှင်တို့က ဘာကြောင့်ပြောနိုင်တာလဲ'

'ကျုပ်တို့ ဒီမှာ တစ်ချိန်လုံးစောင့်နေတာ တစ္ဆေဟာ တစ်ကိုယ်လုံး အခိုးအငွေ့တွေနဲ့လုံးပြီး မင်းတို့ကို ဆွဲထုတ်လိုက်တာ ရေးရေးတွေ့လိုက်ရတယ်'

လူရွယ် သက်ပြင်းချလိုက်သည်။

'မင်းတို့ကိုမောင်းထုတ်လိုက်တာ ကံကောင်းတယ်လို့ ဆိုရမှာပေါ့၊ မင်းတို့ကိုသာ သတ်ပစ်လိုက်ရင် ဘယ်နှယ့်လုပ်မလဲ'

အခြားတစ်ယောက်က ဝင်ပြောလာသည်။

'ကျုပ်ပြောသားပဲ၊ အန္တရာယ်အလွန်များတယ်လို့'

ရှဲအင်း ခံပြင်းလာသည်။

'ရှင်တို့ စောင့်ကြည့်နေသည့်ထဲမှာ ဖုတ်ကောင်ပဲ ဖြစ်ဖြစ် တစ္ဆေပဲဖြစ်ဖြစ် ကျွန်မ တစ်နေ့လာဖမ်းပြမယ်'



လူရွယ်က ရယ်မောလိုက်သည်။

'ကြိုက်ပြီ၊ ဘယ်တော့ဖမ်းပြမှာလဲ'

ရှဲအင်းက လေသံအေးအေးဖြင့် ပြောလိုက်သည်။

'အခု ကျွန်မတို့ ပင်ပန်းလာတယ်၊ တစ်ရက်နှစ်ရက် အားမွေးပြီးရင် လာဖမ်းပြမယ်'

လူတစ်ယောက်က ရယ်မောလိုက်သည်။

'ကောင်းပါပြီဗျာ၊ ကျုပ်တို့ စောင့်ကြည့်နေပါမယ်'

ကျင်းကျင်းက ရှဲအင်းဘက်သို့လှည့်လိုက်၏။

'ကဲ....တို့သွားကြမယ်'

ရှဲအင်းက လူစုလူဝေးဘက်သို့ လှည့်လိုက်သည်။

'တစ္ဆေကို ကျွန်မရအောင် ဖမ်းပြပါ့မယ်'

စကားဆုံးသျှင်....

ရှဲအင်းသည် ကျင်းကျင်းနှင့် ထွက်ခွာလာခဲ့လေတော့သည်။

* * *

## သုံးယောက်ပေါင်း လောင်းကျော်

---

ကျင်းကျင်းတို့သည် တည်းခိုခန်း·တွင်မနေလို။

အေးအေးချမ်းချမ်းနေလို၍ မြို့စွန်ရှိအိမ်တစ်လုံးကို ငှားရမ်းလိုက်လေသည်။

နံနက်....

နွေးထွေးသောနေရောင်ခြည်သည် သူမတို့နေထိုင်သည့် ခြံဝင်းထဲသို့ ထိုးကျနေ၏။

ကျင်းကျင်းသည် ကြိမ်ကုလားထိုင်တစ်လုံးပေါ်၌ ထိုင်နေသည်။

သူမသည် ညတုန်းကအဖြစ်အပျက်ကို ပြန်လည်စဉ်းစားသုံးသပ်နေ၏။



သူမသည် ခေါင်းများထားရှိရာအခဆောင်သို့ ဝင်ရောက်မိသောအခါ ဦးခေါင်းတစ်ခုလုံး ရုတ်တရက် မူးဝေနောက်လာသည်ကို ခံစားလိုက်ရလေသည်။

သူမသည် လေကောင်းလေသန့်ဝင်စေရန် ပြတင်းပေါက်တံခါးကိုဖွင့်ရန် ချဉ်းကပ်သွားလေသည်။

သို့သော်

ပြတင်းပေါက်တံခါး မဖွင့်မီမှာပင် သူမတို့မှာ သတိမေ့သွားလေသည်။

သူမသည် သတိမေ့သွားပြီးမှ အခန်းထဲမှ လေပိတ်၍ မဖြစ်နိုင်ဟု ယူဆမိလေသည်။

သို့သော်

အုံ့ဩဖွယ်ကောင်းသည်မှာ သူမကို သတိရလာသောအခါ ဘုံကျောင်းရှေ့လမ်းပေါ်၌ ရောက်နေသည်ကို တွေ့ရလေသည်။

ထိုအချိန်မှာ....

သူမ၏ခေါင်းတစ်ခုလုံး မူးနောက်နောက် ဖြစ်နေသဖြင့် မည်သူက မိမိတို့အား လမ်းပေါ်သို့ လာရောက်ချထားပါသနည်း။

အကြောင်းမှာ

ဘုံကျောင်းထဲ၌ မိမိတို့ခြေရာမှအပ လူခြေရာဟူ၍ လုံးဝ မတွေ့ရပါ။

ဘုံကျောင်းပုက်၏ ကြမ်းပြင်ပေါ်၌ ဖုန်များသည် တစ်လက်မခန့် ထူနေသဖြင့် ဘုံကျောင်းပျက်ထဲသို့ရောက်သွားလျှင် ခြေရာကျန်ရစ်ခဲ့မည်သာ ဖြစ်သည်။

ကျင်းကျင်းသည် ယင်းသို့တွေးရင်းတွေးရင် ဘုံကျောင်းထဲမှ ကောက်ယူခဲ့သော စက္ကူထုပ်ကလေးကို ပြန်လည်သတိရလာ၏။

သူမသည် အင်္ကျီအိတ်ကို စမ်းကြည့်လိုက်သည်။

သူမ၏အင်္ကျီအိတ်ထဲတွင် စက္ကူထုပ်လေးအား စမ်းမိသွားသည်။

သူမက ယူ၍ဖွင့်ကြည့်လေ၏။

'ဟင်....'

ကျင်းကျင်း အံ့သြသွားသည်။

အကြောင်းမှာ....

စက္ကူထုပ်လေးထဲတွင် အလွန်တန်ဖိုးကြီးသော ဂျင်ဆင်းဆေးမြစ်တစ်ချောင်း ရှိနေသည်ကို တွေ့ရသည်။

ထိုစဉ်....

ရှဲအင်းသည် အိပ်ရာမှ နိုးပြီဖြစ်၏။

ထိုစဉ်မှာပင်....

အပြာရောင်အင်္ကျီ ဝတ်ဆင်ထားသော မိန်းကလေး တစ်ယောက်က ခြံဝင်းထဲလှမ်းဝင်လာသည်။

ကျင်းကျင်း ဝမ်းသာသွား၏။

'ဖုန်းမေ'

ရှဲအင်း လှမ်းမြင်သွား၏။



ထိုမိန်းကလေးမှာ သူတို့၏ခေါင်းဆောင် ဖုန်းမေပင်ဖြစ်သည်။

ရှဲအင်းက ဖုန်းမေအား ပြုံးပြလိုက်သည်။

'မမက ဒီအိမ်ကို ဘယ်လိုလုပ်ရှာလာတာလဲ'

ဖုန်းမေ ပြုံးလိုက်သည်။

'ဒီနေရာဟာ မြို့ကြီးပြကြီးမှ မဟုတ်ဘဲ၊ လူစိမ်းဝင်လာတာနဲ့ အားလုံးက သိနေကြတယ်မဟုတ်လား'

ရှဲအင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်.... ဟုတ်တယ်၊ ဒီကလူတွေက သိပ်ကိုစပ်စုတာပဲ'

သူမတို့သည် စကားပြောရင်း ဧည့်ခန်းမထဲသို့ ဝင်သွားကြသည်။

ဖုန်းမေက အခန်းတစ်ခုလုံးကို ဝေ့ကြည့်လိုက်ပြီး....

'အိမ်က တော်တော်ကိုအေးချမ်းတယ်'

သူမသည် ကျင်းကျင်းပခုံးကို ပုတ်လိုက်သည်။

'ညီမလေးက သိပ်တော်တာပဲ'

ရှဲအင်းက နေရာထိုင်ခင်း ပေးလိုက်သည်။

ဖုန်းမေက ကြိမ်ကုလားထိုင်ပေါ် ထိုင်ချလိုက်သည်။

'ကဲ.... မမက ဧည့်သည်မဟုတ်ဘူး၊ အားလုံး လုပ်စရာရှိတာကို လုပ်ကြပါ'

ကျင်းကျင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့.... မမ၊ ဒါပေမယ့် လုပ်ငန်းနဲ့ ပတ်သက်ပြီး သတင်းမေးစရာ ရှိသေးလို့ပါ'

ဖုန်းမေ မျက်မှောင်ကြုတ်လိုက်သည်။

'ဘာများလဲ'

ကျောင်းကျောင်းက ညတုန်းက ဖြစ်ပျက်ခဲ့သော အကြောင်း များကို အသေးစိတ်ပြောပြလိုလိုက်သည်။

ဖုန်းမေသည် ကျောင်းကျောင်း၏စကားကို သေချာစွာ နားစွ နေ၏။

ကျောင်းကျောင်းစကား ဆုံးသွားတော့မှ သူမက ကျောင်းကျေ အား မေးလိုက်လေသည်။

'အချက်အလက် အားလုံး မှတ်တမ်း တင်ထားပြီးပြီလာ

ကျောင်းကျောင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့....မမ'

'ကောင်းပြီလေ၊ မမ အနားယူလိုက်ဦးမယ်၊ ပြီးမှ ပြ ဆွေးနွေးကြတာပေါ့'

'ဟုတ်ကဲ့....မမ'

* * *



ဧည့်ခန်းဆောင်တွင် ကျောင်းကျောင်းသည် ဂျင်ဆင်းဓေးမြစ်ကို လက်ထဲကိုင်၍ လှည့်ကြည့်နေ၏။

ဖုန်းမေသည် ကြိမ်ကုလားထိုင်၌ထိုင်ကာ စာရွက်စာတမ်း တစ်ခုကို စိတ်ဝင်တစားဖတ်နေ၏။

ရှဲအင်းက ဖုန်းမေကိုကြည့်လိုက်သည်၊

'မမဖုန်းမေ

သူမ၏အသံက စိတ်မရှည်နိုင်သောအသံဖြစ်၏။

သူက ရှဲအင်းကိုကြည့်လိုက်ပြီး....

'အစ်မ စာဖတ်နေတာ အချိန်ကြာသွားလို့ ဟုတ်လား'

ရှဲအင်း ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ အစ်မဒီစာရွက်ကိုဖတ်နေတာကြာလှပြီ၊ ဘယ် နှစ်ကြိမ်များ ထပ်တလဲလဲဖတ်နေရတာလဲ'

သူမ ပြုံးလိုက်၏။

'စာဖတ်တာပဲ၊ ဘယ်နှစ်ကြိမ်ဖတ်ဖတ်ပေါ့၊ ဒီစာရွက်ကို ဖတ်ကြည့်စမ်းပါဦး'

ရှဲအင်းသည် စာရွက်ကိုယူ၍ အသံထွက်အောင် ဖတ်လိုက် သည်။

'ကြေးဒင်္ဂါးတစ်ခု၊ ထိုကြေးဒင်္ဂါးပေါ်၌ အနက်ရောင် အစင်းနှင့်လက်ဗွေပုံရှိရမည်၊ ယင်းကြေးဒင်္ဂါးပိုင်ဆိုင်သူသည် ရောင်းလိုက ဈေးကောင်းပေး၍ ဝယ်လိုပါသည်။ ဆွေးနွေး ရန် ဖုန်းချမ်းရေး တည်းခိုခန်း၊ အမှတ် ခုနစ်'

ရှဲအင်းသည် ထိုစာရွက်ကို ဖတ်ပြီးနောက် ဖုန်းမေလက် သို့ ပြန်ပေးလိုက်လေ၏။

'အဲ့ဒီကြော်ငြာက ဘာအဓိပ္ပာယ်ရှိလို့လဲ'
ဖုန်းမေ ပြုံးလိုက်၏.
'ဒီကြော်ငြာထဲမှာ လျှို့ဝှက်ချက်ပါနေတယ်လို့ ညည်း
မတွေးမိဘူးလား'
ရဲအင်း တွေဝေသွား၏။
'ဘာအဓိပ္ပာယ်များပါလို့လဲ'
ဖုန်းမေက ကျင်းကျင်းဘက်သို့လှည့်လိုက်၏။
'ညည်းရော'
ကျင်းကျင်း ခေါင်းခါလိုက်သည်။
'ကျွန်မလဲ မစဉ်းစားတတ်ဘူး'
ဖုန်းမေက ပြုံးလိုက်၏။
'ဒီစာရွက်ကို စားသောက်ဆိုင်နဲ့ တည်းခိုခန်းတွေမှာ ကပ်
ထားတာ ဆယ်ရက်လောက်ပဲရှိသေးတာ တွေ့ခဲ့ရတယ်၊ အစ်
က စိတ်ဝင်စားလို့ တစ်ရွက်ယူခဲ့တယ်'
သူမက ကျင်းကျင်းကိုကြည့်လိုက်၏။
'ညည်းသေသေချာချာကြည့်စမ်း၊ ဒင်္ဂါးပေါ်မှာ လက်ဗွေ
ပုံနှိပ်ထားတယ်လို့ ညီမလေးတို့ ကြားဖူးကြသလား'
ကျင်းကျင်း ခေါင်းခါယမ်းလိုက်သည်။
'မကြားဖူးဘူး'
ဖုန်းမေက ပြောလာပြန်သည်။
'နောက် တစ်နေ့ တစ်ကယ်လို့ လူဟာ နာမည်လဲမပါဘူး၊
သူက ခေတ္တရောင်းဝယ်တဲ့နေရာကို တည်းခိုခန်းမှာ သတ်မှတ်
ထားတဲ့အတွက် သံသယဖြစ်စရာမကောင်းဘူးလား'



ကျင်းကျင်း အနည်းငယ်စဉ်းစားလိုက်၏။
'အစ်မရှင်းပြတော့မှ သံသယဖြစ်စရာတွေကို ကျွန်မလဲ့
တွေ့လာရတော့တာဘဲ'
ရဲအင်း ခေါင်းကုပ်လိုက်သည်။
'ကျွန်မတော့ ဘာကိုမှ မစဉ်းစားတတ်ဘူး'
ဖုန်းမေသည် ကျန်ရှိသော စာရွက်တစ်ရွက်ထပ်မံပေးလိုက်
သည်။
'ကဲ....ဒီစာရွက်ကို ဖတ်ကြည့်ပါဦး'
ရဲအင်းက အသံတွက်၍ ဖတ်ပြလိုက်သည်။
'တန်ဖိုးကြီးပေးဝယ်မည်။ တြိဂံပုံသားရေတစ်ချပ်။ အင်း
များနှင့် လက်ဗွေပုံစံပါရှိရမည်၊ စုံစမ်းရန်။ ဟပ်ထိုက် စား
သောက်ဆိုင်။ အခန်း ၄ါး'

* * *

ရှဲအင်းသည် လိုစာကိုဆုံးအောင်ဖတ်ပြီးသောအခါ တွေဝေသွားလေ၏။

ဖုန်းမေက ပြုံးပြလိုက်၏။

'ကဲ....ညည်း ဘာကို တွေးမိသလဲ'

ရှဲအင်း ခေါင်းခါယမ်းလိုက်သည်။

'ဘာကိုမှ မစဉ်းစားမိပါလား'

ကျင်းကျင်း မျက်မှောင်ကုပ်သွားသည်။

'ဒီကြော်ငြာစာရွက်နှစ်ခုက တစ်ယောက်စီလား၊ ဒါမှမဟုတ် နှစ်ယောက်ရဲ့ကြော်ညာချက်လား'

ဖုန်းမေ သက်ပြင်းချလိုက်သည်။

'အဲ့ဒါတော့ ပြောရခက်တယ်၊ ဒါပေမယ့် ဒီကြော်ငြာချက်နှစ်ခုလုံးဟာ ရိုးသားတဲ့ ကြော်ငြာမဟုတ်ဘူး ဆိုတာ ထင်ရှားတယ်၊ ဒီကြော်ညာနှစ်ခုရဲ့နောက်ကွယ်မှာ ကြီးမားတဲ့ ဒုစရိုက်တစ်ခုကို ကျူးလွန်ဖို့ကြံစည်နေတယ်ဆိုတာတော့ မမ ပြောရဲတယ်'

ကျင်းကျင်း ခေါင်းညိတ်လိုက်သည်။

'ထုံးတမ်းစဉ်လာအရ အင်းဆိုတာ ရှည်မျောမျော အဝါမျောမျော အဝါရောင်ကြေးပေါ်မှာ သားရေလေး ရေးစာရှိတယ်၊ အခုတော့ တြိဂံသားရေပြားပေါ်မှာကပ်ထားတဲ့ စက္ကူပေါ်မှာ ရေးထားတယ်ဆိုတော့ ထူးဆန်းနေတယ်'

ရှဲအင်း ပြုံးလိုက်သည်။



'ဒီလောက် တန်ဖိုးမရှိတဲ့ပစ္စည်းတစ်ခုကို ငွေများများပေးပြီး ဝယ်ယူမယ်ဆိုတော့ တော်တော်ကို စိတ်ဝင်စားစရာကောင်းတဲ့ကိစ္စမဟုတ်လား'

ရှဲအင်း မျက်မှောင်ကုတ်လိုက်သည်။

'ဒီလိုဆိုရင် မမက ဘုံကျောင်းရဲ့လျှို့ဝှက်ချက်ကို ဒီအတိုင်းထားမလို့လား'

ဖုန်းမေခေါင်းညိတ်လိုက်သည်။

'ဘုံကျောင်းဆိုတာမျိုးက ပြောင်းရွှေ့သွားလို့ ရတဲ့အရာ မဟုတ်ပါဘူး၊ ဒါကြောင့် သူ့ကို နောက်မှဘဲ ဆက်ပြီးလေ့လာရင် ရပါတယ်'

ရှဲအင်း မကျေမနပ်ဖြစ်သွားသည်။

'ကျွန်မက ဒီတစ်ရက်နှစ်ရက်အတွင်းမှာ တစ္ဆေဖမ်းပေးမယ်လို့ ရွာသားတွေကို ကတိပေးထားတယ်'

ဖုန်းမေပြုံးလိုက်၏။

'သူ့ကို နောက်လုပ်ရင်ရပါတယ်၊ ကြော်ငြာမှာပါတဲ့ ကိစ္စကတော့ အချိန်မရွေးပြောင်းလဲသွားနိုင်ပါတယ်၊ ဒါကြောင့် ဒီညနေ မင်းတို့နဲ့အတူ ဟာပ်ထိုက် စားသောက်ဆိုင်ကို တစ်ခေါက်လောက်သွားချင်သေးတယ်'

ကျင်းကျင်း ခေါင်းညိတ်လိုက်သည်။

'ဒါပဲကောင်းပါတယ်'

ရှဲအင်း မျက်နှာအမူအယာပြောင်းသွား၏။

'သွားချင်ရင်လဲ အခုပဲ သွားကြမယ်၊ ဘာဖြစ်လို့ ညနေအထိစောင့်ရမှာလဲ'

ဖုန်းမေခေါင်းခါယမ်းလိုက်သည်။
'အခု သွားလို့ဘယ်ဖြစ်မလဲ'
ရှဲအင်းမျက်မှောင်ကြုတ်လိုက်၏။
'ဘာဖြစ်လို့လဲ'
'ငါတို့ဒီအတိုင်းသွားလို့မှမရဘဲ'
ရှဲအင်း မကျေမနပ်ဖြင့် ပြောလိုက်၏။
'ဒီအတိုင်းမသွားလို့ ဘယ်လိုသွားရမှာလဲ့'
ဖုန်းမေပြုံးကက်၏။
'ငါတို့က ကြေးဒင်္ဂါးတစ်ခုနဲ့ ကြိုဂံ သားရေပြား တစ်ခု ပြုလုပ်ပြီးမှသွားလို့ရမှာပေါ့'
ရှဲအင်း မျက်မှောင်ကြုတ်လိုက်၏။
'မမက အတုလုပ်အားမလို့လား'
ဖုန်းမေက ခေါင်းညိတ်လိုက်၏။
'ဟုတ်တယ်'
'အတုနဲ့သွားလို့ သူတို့က မသိဘဲနေပါ့မလား'
ဖုန်းမေပြုံးလိုက်သည်။
'သိမှာပေါ့....ဒါပေမယ့် အတုတစ်ခုလုပ်ပြီးသွားရင် သူတို့လိုချင်တဲ့အစစ်ရဲ့ လျှို့ဝှက်ချက်ကို သဲ့လွန်စရနိုင်တာပေါ့'
ရှဲအင်းပါးစပ်ပိတ်ထားလိုက်၏။

* * *

ရှေးဟောင်းပစ္စည်း

---

ညနေ။
ဖုန်းမေသည် ကြေးဒင်္ဂါးနှင့်ကြိုဂံကြေးပြားတစ်ခုကို ဗျစ်ရှိ ပြုလုပ်ပြီးဖြစ်လေသည်။
ထို့နောက်....
ဆီစိမ်စက္ကူကပ်ထားလိုက်၏။
အမည်းရောင်အင်းများကိုရေးထိုးလိုက်၏။
လက်ဗွေပုံစံကို နှိပ်ပေးလိုက်၏။
ဟောင်းနွမ်းသွားစေရန် အမျိုးမျိုး ပြုလုပ်သွားသည်။
'အားလုံးပြီးစီးသွားသည်နှင့် ဟပ်ထိုက် စားသောက်ကိုင်သို့သွားရောက်မည့်အချိန်ကို စောင့်ဆိုင်းနေလေသည်။

* * *

ဟပ်ဆိုက်စားသောက်ဆိုင်သည် အလယ်အလတ်တန်းစား ဆိုင်တစ်ဆိုင်ဖြစ်သည်'

အသက် လေးဆယ်ခန့်ရှိသော အမျိုးသမီး တစ်ယောက်သည် ခြင်းကလေးကိုဆွဲကာ ဟပ်ဆိုက် စားသောက်ဆိုင်သို့ လှမ်းဝင်လာသည်။

သူမသည် ဆိုင်လုလင်အား အခန်းငါးတွင် နေထိုင်သော ဧည့်သည်နှင့်တွေ့ချင်ကြောင်း ပြောပြလိုက်သည်။

ဆိုင်လုလင်က အခန်းငါးကို ညွှန်ပြလေသည်။

အမျိုးသမီးက အခန်းငါးသို့ ရောက်လာသော အခါ အသက်လေးဆယ်ခန့်ရှိသော လူတစ်ယောက်ကစောင့်နေသည်ကိုတွေ့လိုက်ရ၏။

အမျိုးသမီးက ပြုံးလိုက်၏။

‘ဖုန်း အခန်းက ငါးလား’

ထိုလူက အမျိုးသမီးအား အကဲခတ်ကြည့်လိုက်၏။

‘ကိစ္စ....’

‘ကျွန်မမှာပစ္စည်း ပြစရာရှိလို့’

ထိုလူသည် ကတ်ပြားတစ်ပြားကိုထုတ်ပေးလိုက်လေသည်။

အမျိုးသမီးက ကြည့်လိုက်ရာ ကတ်ပြားပေါ်၌ နှစ်ဆယ့်ခုနစ်ဟူသော သင်္ချာန်ရေးသားထားသည်ကို တွေ့ရလေသည်။

ထိုလူက အခန်းတံခါးကို တွန်းဖွင့်လိုက်သည်။

‘အထဲကို ကြွပါ’

အမျိုးသမီးက အခန်းထဲသို့ လှမ်းဝင်သွားလေတော့သည်။

* * *



အခန်းထဲ၌ လူဆယ့်ငါးယောက် ထိုင်နေသည်ကို တွေ့ရလေသည်။

ထိုလူများထဲ၌ယောကျ်ား မိန်းမအသက်ကြီးသောအသက်ငယ်သောအရွယ်ပေါင်းစုံလင်စွာပါကြသည်။

အချို့လူ၏လက်ထဲတွင် မည်သည့်အရာကိုမှ မတွေ့ရသော်လည်း အချို့လူများမှာမူ ကြေးဒင်္ဂါး ပြားကြီးများ၊ တြိဂံကြေးပြားကြီးများ ကိုင်ဆောင်ထားသည်ကို တွေ့ရလေတော့သည်။

အမျိုးသမီးကြီးသည် လူအားလုံးအားတစ်ချက်ဝေ့ကြည့်လိုက်သည်။

အစွန်ဆုံးနေရာ၌ အဘွားအို တစ်ယောက်က ထိုင်နေ၏။

အဘွားအို၏ နံဘေးတွင်သေးသေးသွယ်သွယ် မိန်းကလေး တစ်ယောက်ထိုင်နေ၏

အဘွားအိုနှင့် လူနှစ်ယောက်ကြားတွင်မုတ်ဆိတ် ဗရဗျစ်ရှိသော လူသန်ကြီး တစ်ယောက် ထိုင်နေ၏။

အမျိုးသမီးက နီးကပ်သွားလိုက်သည်နှင့် အဘွားအိုက စာရွယ်တစ်ရွက်ကို တိတ်တဆိတ် လှမ်းပေးလိုက်သည်။

အမျိုးသမီးကြီးက စာရွက်ကို ဖတ်ကြည့် လိုက်သည်။

စာရွက်ပေါ်၌....

‘ငါ့ဘက်နားမှာ ထိုင်နေတဲ့ မုတ်ဆိတ် ဗရပျစ်နဲ့ လူဟာ ယကျ်ကြီး ဖြစ်တယ် ငါ့ကို ဘာလာလုပ်မှန်းမသိဘူး’

အမျိုးသမီးကြီးက အဘွားအိုကို မျက်လုံးပြူးပြလိုက်လေသည်။

ဤသည်မှာ အဖြစ်တင်လိုက်သည့် သဘော ရှိလေတော့သည်။

သို့သော်....

အဘွားအိုက ရပ်တန့်သွားခြင်း မရှိပါ။

စာရွက်ကို ပြောင်းပြန် လှန်လိုက်ပြီး စုတ် ဖြင့် ထပ်မံရေးသားလိုက်၏။

'ပြတင်းပေါက်နားမှာ ထိုင်နေတဲ့ မိန်းကလေးဟာ ပန်းကလေးဖြစ်တယ်၊ သူ့အနီးမှာ ထိုင်နေတဲ့လူငယ်က သူ့ချစ်သူ ဖြစ်တယ်၊ နာမည်တော့ မသိဘူး'

အမျိုးသမီးကြီးက ဇင်းစာကို ဖတ်ပြီး မျက်မှောင် ကုတ်မိသည်။

အဘွားအိုက ဆက်လက် ရေးလိုက်ပြန်၏။

'ဒီမိန်းကလေးနဲ့ ယောကျ်ားလေးဟာ ဒီကို ဘာလာလုပ်တာလဲဆိုတာ **ကျွန်မ** နားမလည်ဘူး'

အမျိုးသမီးကြီးက လက်ညှိုးဖြင့် ရေးခြစ်လိုက်လေတော့သည်။

'အစစအရာရာ သတိထား'

အဘွားအို ပါးစပ်ပိတ်ထားလိုက်သည်။

ထိုစဉ် ...

အတွင်းခန်းမှ လူတစ်ယောက် ထွက်လာလေ၏။

ထိုလူက အခန်းထဲရှိ လူအားလုံးကို စေ့ကြည့် လိုက်လေသည်။

'အမှတ်ဆယ့် တစ်'



မျက်နှာတစ်ခုလုံး ကျောက်ပေါက်မာရှိသော လူတစ်ဦးက ထရပ်လိုက်၏။

'ကျုပ်ပါ'

ထိုလူ ခေါင်းညိတ်လိုက်သည်။

'အခန်းထဲ ကြွပါ'

ထိုလူသည် ကြီးမားသော သားရေပြား တစ်ခုကို ပိုက်၍ အခန်းအတွင်းသို့ ဝင်သွား၏။

* * *

ထိုလူသည် ဝင်သွားသည်မှာ ဖင်နွေးအောင်ပင် မထိုင်ရပါ။

သားရေပြားကို ပိုက်၍ စိတ်ပျက်စွာဖြင့် ပြန်ထွက်လာလေသည်။

တစ်ယောက်ပြီး တစ်ယောက် ပြန်ထွက်လာကြပြီး စားသောက်ဆိုင်ထဲမှ အသီးသီး ထွက်သွားလေ၏။

နောက်ဆုံး....

ယက္ခကြီးအလှည့် ရောက်ရှိလာသည်။

သူသည် အခန်းထဲသို့ ဝင်သွားပြီးနောက် အချိန်အတန်ကြာမှုပင် ထွက်မလာပါချေ။

သူထွက်လာသောအခါမှာလည်း မျက်နှာပေါ်၌ အားရဝမ်းသာသည့် အရိပ်အယောင်များ ပေါ်လွင် နေလေတော့သည်။

သူသည် အခြားလူကဲ့သို့ ချက်ချင်း ထွက်သွားခြင်း မပြုသေးဘဲ သူနေရာတွင် ပြန်လည် ထိုင်ချလိုက်ပြီး တစ်စုံတစ်ခုကို စောင့်နေပုံရလေ၏။

ထိုအချိန်....

ပန်းကလေး အလှည့် ရောက်လာသည်။

သူမသည် အထဲတွင် ကြာသောအချိန်မှာ ယက္ခကြီးထက်ပင် ကြာသေး၏။

သူမ ပြန်ထွက်လာသောအခါ မျက်စိမျက်နှာ ပျက်နေလေသည်။

'ကျွန်မ သွားတော့မယ်'



သူမက လူရွယ်အား ပြောပြီး ခြေလှမ်းသုတ်သုတ်ဖြင့်ထွက်သွားလေသည်၊

ယက္ခကြီးသည် ပန်းကလေး နောက်သို့လိုက်ရန် ထိုင်ရာမှ ထလိုက်၏။

သို့သော်....

သူ့တွင် မပြီးပြတ်သေးသော ကိစ္စရှိနေသဖြင့် ပြန်လည် ထိုင်ချလိုက်လေ၏။

ယခု....

ပန်းကလေးနှင့်အတူ ပါလာသော လူရွယ်၏အလှည့်ရောက်ရှိလာလေသည်။

အဘွားအိုက အမျိုးသမီးကို ကြည့်လိုက်၏။

အဘွားအို အနားတွင် ထိုင်နေသော မိန်းကလေးကလည်း အမျိုးသမီးအား အဓိပ္ပာယ်ပါပါဖြင့် ကြည့်လိုက်လေတော့သည်။

အမျိုးသမီးက သူတို့ကို စိတ်ရှည်ရှည် ထားရန် ဟူသော အကြည့်ဖြင့် ပြန်ကြည့်လိုက်၏။

အဘွားအိုနှင့် မိန်းကလေးတို့မှာ ခေါင်းငုံ့၍ ထိုင်နေကြသည်။

သို့သော်....

အဘွားအိုသည် ဂနာမငြိမ်ဘဲ တလှုပ်လှုပ် ဖြစ်နေလေသည်။

နောက်အတန်ကြာ သွားသော အခါကျမှ အခန်းတံခါး ပွင့်သွားလေ၏။

လူရှုယ် အခန်းထဲမှ ထွက်လာသည်။

သူ၏ မျက်နှာတွင် မကျေနပ်သော အရိပ်အယောင်များ ပြည့်နှက်နေသည်။

သူသည် အခန်းထဲမှ ထွက်လာသည်နှင့် စားသောက်ဆိုင်မှ ထွက်သွားလေ၏။

* * *



ဤသို့ဖြင့်....

တစ်ယောက်ပြီး တစ်ယောက် ဝင်သွားကြသည်။

ထိုလူများသည် တစ်ခဏမျှသာ ကြာ၏။

နောက်ဆုံး....

အဘွားအိုနှင့် မိန်းကလေးတို့ ရှေ့ဆင့်နောက်ဆင့်အခန်းထဲသို့ ဝင်သွား၏။

သို့သော်

သူတို့သည် တစ်ခဏမျှ ကြာ၏။

ပြန်ထွက်လာကြလေသည်။

ထိုအခါ....

ခေါ်သံ ထွက်လာပြန်၏။

'အမှတ်နှစ်ဆယ့်ခုနစ် အထဲကို ကြွပါ'

အမျိုးသမီးကြီးက ထိုင်ရာမှ ထလိုက်ပြီး အေးဆေးစွာဖြင့် အခန်းထဲသို့ ဝင်သွားလေ၏။

အစောင့်က တံခါးကို ပြန်လည် ပိတ်ထားလိုက်သည်။

* * *

အခန်းထဲ၌ လေးထောင့်စားပွဲတစ်လုံး ရှိသည်၊ စားပွဲနောက်တွင် အဘိုးအိုတစ်ယောက် ထိုင်နေ၏။

အဘိုးအိုက နေရာထိုင်ခင်း ပေးလိုက်သည်

'ထိုင်ပါ'

အမျိုးသမီးက ထိုင်လိုက်သည်။

အခန်းတစ်ခုလုံးမှာ သူတို့သုံးယောက်ထဲသာ ရှိနေသည်

အမျိုးသမီးက စကားမပြောပါ။

အဘိုးအိုကလည်း ဘာမှမပြောချေ၊

အခန်းတစ်ခုလုံး တိတ်ဆိတ်နေ၏

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားသည်၊

အဘိုးအိုက စိတ်မရှည်ဘဲဖြစ်လာ၏။

'ခင်ဗျား ဒီကိုဘာလာလုပ်တာလဲ'

အမျိုးသမီး ပြုံးလိုက်သည်။

'ကြောငြာတွေ့လို့ လာခဲ့တာပါ'

'ပစ္စည်းကော ပါရဲ့လား'

'လူကြီးမင်းတို့ ဘယ်လောက်ပေးမယ်ဆိုတာ ကျွန်မအရေ သိချင်ပါတယ်'

အဘိုးအို မဲ့ပြုံးပြုံးလိုက်သည်။

'ငါတို့က ပစ္စည်းကြည့်ပြီးမှ တန်ဖိုးဖြတ်လို့ရမယ်'

အမျိုးသမီးကြီးက အဘိုးအိုအား အကဲခတ်ကြည့်လိုက်သည်။

'လူကြီးမင်းတို့က အတုနဲ့အစစ် ခွဲချင်လို့လား'

အဘိုးအို ပြုံးလိုက်သည်။



'ဘာပစ္စည်းပဲဝယ်ဝယ် ပစ္စည်းကိုကြည့်ပြီးမှ တန်းဖိုးဖြတ်နိုင်မယ် မဟုတ်လား'

အမျိုးသမီး မဲ့ပြုံးပြုံးလိုက်သည်။

'ပစ္စည်းစစ်ဆေးမယ်ဆိုရင် မျက်လုံးနဲ့ကြည့်ရုံနဲ့ သိနိုင်လိမ့်မယ် မထင်ဘူး'

'ဒါ ကျုပ်တို့အလုပ်ပါ'

အမျိုးသမီးက သက်ပြင်းတစ်ချက် ချလိုက်၏။

'ကျွန်မမှာ ခေတ်အဆက်ဆက်က အမွေရသားတဲ့သားရေပြားတစ်ချပ် ရှိတယ်၊ ကော်ဘော် တန်ဖိုးရှိတယ်လို့ ကျွန်မကြားဖူးတယ်၊ ဒါကြောင့် ရှင်တို့ပေးမယ့် တန်ဖိုးကို သိနိုင်မယ်ဆိုရင် ရောင်းသင့်မရောင်းသင့် စဉ်းစားမယ်'

အဘိုးအို၏မျက်နှာ တင်းမာသွား၏။

'မင်းမှာ ပစ္စည်းပါလာတယ်ဆိုရင် ကျေးဇူးပြုပြီး ကျုပ်တို့ကို ပြပါ၊ ပါမလာဘူးဆိုရင် ပြန်သွားပါ၊ ရောင်းချင်တဲ့စိတ်ရှိမှ ပစ္စည်းယူလာပြီး ဆွေးနွေးကြတာပေါ့'

အဘိုးအို၏စကားသည် ပြတ်သားလှသဖြင့် အမျိုးသမီးကြီးက ထိုင်ရာမှထလိုက်၏။

သူမသည် အိတ်ထဲမှ တိုရိုက်သားရေပြားလေး တစ်ချပ်ကို စားပွဲပေါ်သို့ ချထားလိုက်၏။

'သေချာချာ ကြည့်ပါရှင်၊ ဘယ်လောက် ပေးနိုင်မလဲ'

အဘိုးအိုက လက်သုံးတစ်ချောင်း ထောင်ပြသည်။

အမျိုးသမီး ပြုံးလိုက်သည်။

'တစ်ထောင်'

အဘိုးအို ခေါင်းခါယမ်းလိုက်၏

'တစ်ကျပ်ပဲရမယ်၊ ရောင်းချင်ရောင်း မရောင်းချင် ပြန်ယူသွား'

အမျိုးသမီးက ကြိုဂံသားရေပြားအား ပြန်ယူလိုက်၏ ထို့နောက်....

မကျေမနပ်လေသံဖြင့် ပြောလိုက်၏။

'ရှင်တို့က ဈေးကြီးပေးဝယ်မယ်ဆို၊ အခုတော့ တစ်ကျပ်ပဲ ပေးနေပါလား'

အဘိုးအိုက လက်ကာပြလိုက်သည်။

'စကားမများနဲ့၊ ရောင်းချင်ရောင်း မရောင်းချင်ရင် နောက်လာ နောက်သားတွေအတွက် အမွေပေးလိုက်ပါ'

သူသည် ရှေ့မှရပ်နေသောသူအား ကြည့်လိုက်ပြီး....

'ဟောဒီအမျိုးသမီးကို လိုက်ပို့လိုက်ပါကွယ်'

* * *



အမျိုးသမီးကြီးသည် ဟပ်ဘိုက်စားသောက်ဆိုင်ထဲမှထွက်လာလေ၏။

သူမသည် လူသွားလူလာ နည်းသော လမ်းကြားလေးတစ်ခုထဲသို့ ချိုးဝင်သွား၏။

ထိုနေရာတွင် အဘွားအိုနှင့် မိန်းကလေးတို့က စောင့်နေသည်ကို တွေ့ရလေ၏။

အဘွားအိုက အမျိုးသမီးရောက်လာသည်ကို တွေ့လိုက်ရသည်နှင့်....

'မမဖုန်းမေ အခြေအနေ ဘယ်လိုရှိသလဲ'

ဖုန်းမေ သူ့ခေါင်းပေါ်မှ ဆံပင်တုကို ဖြုတ်ချလိုက်သည်။

'ဘာမှ အကြောင်းမထူးပါဘူး'

အဘွားအိုသည် ဖြူဖွေးသောဆံပင်တုကို ခွာချလိုက်သည်။

ရှဲအင်းပင်ဖြစ်၏။

သူနှင့်အတူပါလာသော မိန်းကလေးမှာ ကျင်းကျင်းက ရုပ်ဖျက်ထားခြင်း ဖြစ်၏။

ဖုန်းမေ သက်ပြင်းချလိုက်သည်။

'ဒီလူတွေကြည့်ရတာ တော်တော်ကို ကောက်ကျစ်စဉ်းလဲပုံရတယ်'

ရှဲအင်း ခေါင်းညိတ်လိုက်၏။

'ဒါနဲ့ ညည်းတို့က ဘယ်လိုတွေ့ခဲ့သလဲ'

ဖုန်းမေက မေးလိုက်၏

ရှဲအင်း ခေါင်းခါယမ်းလိုက်၏။

'ကျွန်မက ကြေးဒင်္ဂါးပြားဝယ်မလားလို့ မေးလိုက်တယ်၊ သူတို့က ကြည့်ထောင်မကြည့်ဘဲ ကျွန်မတို့ကို မောင်းထုတ်တော့တာပဲ'

ဖုန်းမေ ပြုံးလိုက်၏။

'မမလဲ ဒီအတိုင်း ခံလိုက်ရတာပါပဲ'

ကျင်းကျင်း စိတ်ပျက်သွားသည်။

'ကျွန်မတို့ ဒီလောက်ကျိုးစားပြီးလုပ်ခဲ့တာ ဘာမှအကျိုးမရှိပါလား'

ရဲအင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ဘာမှအကြောင်းမထူးဘူး'

ဖုန်းမေ ပြုံးလိုက်၏။

'ထူးခြားချက်တစ်ခုတော့ မမ သတိထားလိုက်မိတယ်'

ကျင်းကျင်း စိတ်ဝင်သွား၏။

'ဘာများလဲ မမရဲ'

'ပန်းကလေးဆိုတဲ့ မိန်းကလေးနဲ့ သူနဲ့အတူပါလာတဲ့ လူငယ်တို့ဟာ ကြေးဒင်္ဂါးနဲ့ တစ်နည်းတဖုံ ပတ်သက်နေနိုင်တယ်'

ရဲအင်း မျက်မှောင်ကုတ်လိုက်၏။

'ဒါဖြင့် ယက္ခကြီးကော'

ဖုန်းမေ ပြုံးလိုက်၏။

'သူကတော့ ဘာမှ မဆိုင်းဘူလို့ထင်ပါတယ်'

'ဒါဖြင့် သူ ဒီကို ဘာလာလုပ်တာလဲ'

'သူက လူမိုက်ပဲ၊ မိုက်ကြေးလာခဲ့တာဖြစ်မှာပေါ့'



ကျင်းကျင်းက အနည်းငယ်စဉ်းစားလိုက်ပြီး....

'မမထင်မြင်ချက်အတိုင်းသာမှန်တယ်ဆိုရင် ပန်းကလေးကို လိုက်ရှာပြီး စုံစမ်းလိုက်ရင် ကြေးဒင်္ဂါးရဲ့ လျှို့ဝှက်ချက်ကို သိနိုင်တာပေါ့'

'ဒါနဲ့ ပန်းကလေး ဘယ်မှာနေသလဲဆိုတာ သိလား'

ကျင်းကျင်းက ခေါင်းခါယမ်းလိုက်သည်။

'မသိဘူး၊ ဒါပေမယ့် သူက အထည်ဆိုင်တစ်ဆိုင်မှာ အလုပ်လုပ်နေတယ်ဆိုတာ သိထားပါတယ်'

'အထည်ဆိုင်က အများကြီး၊ ဘယ်အထည်ဆိုင်လဲ'

ကျင်းကျင်းက ပခုံးတစ်ချက်တွန့်လိုက်သည်။

'အဲဒါတော့ ကျွန်မ မမေးလိုက်ဘူး'

ဖုန်းမေက အနည်းငယ်စဉ်းစားလိုက်သည်။

'ဒီလိုဆိုရင် ယက္ခကြီးနောက်ကိုလိုက်ရလိမ့်မယ်'

ရဲအင်း မျက်မှောင်ကုတ်လိုက်သည်။

'ယက္ခကြီးနဲ့ ဘာဆိုင်လို့လဲ'

ဖုန်းမေ ပြုံးလိုက်သည်။

'ဒီလိုပါ၊ ယက္ခကြီးကတော့ ပန်းကလေးအပေါ် စိတ်လျှော့ဦးမှာ မဟုတ်ဘူး၊ ဒါကြောင့် ယက္ခကြီးနောက်ကိုလိုက်ရင် ပန်းကလေးရှိတဲ့နေရာကို တွေ့နိုင်လိမ့်မယ်လို့ ယူကြည်တယ်'

ရဲအင်းက ဝမ်းသာသွားသည်။

'ဒီလိုဆိုရင် ယက္ခကြီးကို စောင့်ပြီးမေးလိုက်ရင် ပြီးတာပဲ'

ဖုန်းမေ ခေါင်းခါယမ်းလိုက်သည်၊

'သူ့ကို မမေးနဲ့၊ အခုလောက်ဆိုရင် သူက စားသောက်ဆိုင်က ထွက်လာမှာပဲ၊ သူ့နောက်က တိတ်တဆိတ်လိုက်သွားရင် ပန်းကလေးအလုပ်လုပ်နေတဲ့ အထည်ဆိုင်ရောက်မှာပဲ၊ အဲဒါမှမဟုတ်ရင် သူ့အိမ်ကိုရောက်မှာပဲလို့ ယုံကြည်တယ်'

ရဲအင်းခေါင်းညိတ်လိုက်သည်။

'ဒါဖြင့် ကျွန်မ အခုပဲ သွားလိုက်မယ်'

ဖုန်းမေ ခေါင်းညိတ်လိုက်သည်။

'ကျင်းကျင်းကိုပါခေါ်သွားပါ၊ နင်တို့ရတဲ့သတင်းကိုငါက အိမ်မှာ စောင့်မျှော်နေပါ့မယ်'

* * * *



ဖုန်းမေသည် အိမ်ကို တည့်တည့်မတ်မတ် ပြန်သွားလေသည်။

ရဲအ နှင့်ကျင်းကျင်းမှာ ယက္ခကြီးထွက်လာမည့်အချိန်ကို စောင့်ကြည့်နေသည်။

မှောင်စပြုလာပြီဖြစ်သည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးလာသည်။

လမ်းသွားလမ်းလာများ တစ်စထက်တစ်စ နည်းပါးလာသည်။

ရဲအင်းမှာ စိတ်မရှည်တော့ပါချေ။

'အခြေအနေလဲမဆူးဘူး၊ ပြန်ကျရင်ကောင်းမယ်'

ကျင်းကျင်း ခေါင်းညိတ်လိုက်သည်။

'ပြန်ကျတာပေါ့'

သူတို့က ပြန်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်....

မြင်းလှည်းတစ်စီးသည် တစ်ဖက်လမ်းမှ မောင်းနှင်လာပြီး ဟိုတိုက်စားသောက်ဆိုင်ရှေ့သို့ ရပ်တန့်လိုက်သည်။

ရဲအင်းက အသံတိုးတိုးဖြင့်....

'ဟော....မြင်းလှည်းရောက်လာပြီ၊ ငါတို့တွေ့တဲ့အကိုးကြီး ပြန်သွားတော့မယ်နဲ့တူတယ်'

သူမ၏စကားမဆုံးမီ အနက်ရောင်အင်္ကျီ ဝတ်ဆင်ထားသူ ရေးယောက်သည် လူတစ်ယောက်ကို မြင်းလှည်းပေါ်အတင်း ထက်ခိုင်းနေသည်ကို တွေ့မြင်ရသည်။

ရဲအင်း မျက်မှောင်ကုတ်လိုက်၏။

'ကျင်းကျင်း ဟိုမှာကြည့်စမ်း၊ ယက္ခကြီးကိုလူလေးယောက်က မြင်းလှည်းပေါ် အတင်းတွန်းတင်နေတယ်'

ကျင်းကျင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

သူမတို့ စကားပြောနေစဉ် ထိုမြင်းလှည်းသည် အရှိန်ပြင်းစွာဖြင့် မောင်းနှင်ထွက်ခွာသွားလေ၏။

ရဲအင်း သက်ပြင်းတစ်ချက်ချလိုက်သည်။

'ကဲ....တို့လိုက်လို့ မမီတော့ဘူး၊ ဘာဆက်လုပ်ကြမလဲ'

ကျင်းကျင်းပခုံးတွန့်လိုက်သည်။

'ဘာလုပ်လို့ရမှာလဲ ပြန်ပြီးသတင်းပို့ရုံပေါ့'

* * *

## ဖုံးကွယ်ခြင်းလော

---

ဖုန်းမေသည် ကျင်းကျင်းပြောပြသည်ကို သေသေချာချာနားထောင်နေ၏။

ကျင်းကျင်း၏ စကားဆုံးသွားတော့မှ....

'ကဲ....ညည်းတို့နှစ်ယောက် အနားယူကြပေတော့ ဗိုက်လဲဆာရော့မယ် ထမင်းဟင်းတွေ အားလုံး အဆင်သင့် ရှိတယ် စားကြပေတော့'

ရဲအင်းနှင့်ကျင်းကျင်းတို့သည် မီးဖိုဆောင်ရှိရာသို့ ပြေးသွားသွားကြလေသည်။

ဖုန်းမေသည် ကြမ်းပြင်ကုလားထိုင်ပေါ်၌ အေးဆေးစွာ မှီ၍ထိုင်ချလိုက်သည်။

သူမသည် ဖြစ်ပေါ်လာသော မှုခင်းများသည်ပို၍ရှုပ်ထွေးဆန်းလာပြီး ပို၍ရှုပ်ထွေးလာသည်ကို တွေ့ရှိလာလေသည်။

သူမရင်ထဲ၌ မကြာမီရက်အတွင်းမှာအလွန်ကြီးကျယ်သော ဒုစရိုက်ဘစ်ခု ကျူးကျော် ဖြစ်ပေါ်လာတော့မည်ဟု အလိုလို ထင်မြင်လာသည်။

သူမသည် ယင်းကဲ့သို့ ရှုပ်ထွေးဆန်းကြယ်သော မှုခင်းကို မည်ကဲ့သို့စတင် ဖော်လာစုံစမ်းရမှန်းမသိဘဲ ဖြစ်နေ၏၊

သူမသည် အမျိုးမျိုး စဉ်းစားကြံစည်ရာ နောက်ဆုံးပန်းကလေးကိုတွေ့အောင်ရှာနိုင်ရန် အလွန်အရေးကြီးသည်ကိုစဉ်းစားမိလေသည်။

* * *



ဖုန်းခမသည် မှုခင်း တစ်ခုလုံးကို ခေါင်းအေးအေးဖြင့် စိတ်ဖြာ လေ့လာလိုက်လေသည်။

တစ္ဆေဘုံကျောင်းသည် အတယ်ကြောင့် နှစ်ပေါင်း နှစ်ဆယ်ခန့်လုံးလုံး အဆက်ဖြတ်ထားရပါသနည်း။

အရှေ့ပိုင်းရွာ၌နေထိုင်ကြသော ဒေသခံ လူများ၏ ပြောပြချက်အရ ယင်းဘုံကျောင်းထဲ၌ လူကို အန္တရာယ် ပြုနိုင်သော တစ္ဆေရှိနေ၏။

ထို့ကြောင့်....

ဘုံကျောင်းရှိသော လမ်းမတွင် မည်သူမျှ ဖြတ်သန်းသွားလာခြင်းမပြုဘဲ ကွေ့ပတ်ရှောင်တိမ်း သွားကြသည်။

ကျင်းကျင်းနှင့်ရဲအင်းတို့သည် လူတစ်ယောက် သူမတို့၏ အိတ်ကလေးကိုလုပြီး ဘုံကျောင်းရှေ့၌ ပျောက်ကွယ်သွားသည်ဟု မျက်မြင်ကိုယ်တွေ့ ကြုံတွေ့ခဲ့ကြသည်။

သို့သော်....

ဘုံကျောင်း၏ တံခါးမကြီးမှာ ကြီးမားသော သော့ခလောက်ဘစ်ခု အမြဲတစေ ခတ်ထားသည်ကို အားလုံးကသိထားကြသည်။

ရဲအင်းနှင့်ကျင်းကျင်းတို့သည် သော့ဖွင့်၍ ဘုံကျောင်းထဲသို့ ဝင်ရောက်ရှာဖွေ ခဲ့ကြသည်။

ဘုံကျောင်းထဲ၌ ကြောင်ခြေရာနှင့် ကြွက်ခြေရာမှ အပ လူ့ခြေရာကို လုံးဝမတွေ့ရပေ။

ထို့အပြင်....

ကျင်းကျင်းနှင့်ရဲအင်းတို့သည် အိပ်မက်ပမာ လှမ်းမပေါ်သို့ အလိုလိုရောက်ရှိနေခဲ့ရ၏။

ဖုန်းမေသည် တွေးရင်း တွေးရင်း ခေါင်းရှုပ် သွားလေသည်။

သူမသည် ရေနွေးကြမ်း တစ်ပန်းကန်ကို အေးအေးဆေးဆေးသောက်ပြီးမှ ဆက်၍ တွေးလေသည်။

ဘြိုဂ်သားရေပြားနှစ် ကြေးဒင်္ဂါးတို့၌ မည်သည့် လျှို့ဝှက်ချက်များ ပါရှိနေပါသနည်း။

ယက္ခကြီးအား အနက်ရောင် ဝတ်ဆင်ထားသော လူလေးယောက်က မြင်းလှည်းပေါ်သို့ တွန်းပို့ပြီး မည်သည့်နေရာသို့ ခေါ်ဆောင်သွားပါသနည်း။

သူမသည် တွေးရင်းတွေးရင်းမျက်လုံးများလေးလံလာပြီး ကြိမ်ကုလားထိုင်ပေါ်၌ အိပ်ပျော်သွားလေသည်။

* * *



နောက်သုံးရက်တွင် ရဲအင်း၊ ကျင်းကျင်းနှင့် ဖုန်းမေတို့သည် အရှေ့ပိုင်းရွာရှိ အထည်ဆိုင်များဆီသွား၍ ပန်းကလေးအား လိုက်လံရှာဖွေခဲ့သည်။

သို့သော်....

ပန်းကလေးတစ်ယောက် အလုပ်ခွင်သို့ ရောက်ရှိ မလာဘဲ ခွင့်ယူသွားသည်ကို တွေ့ရ၏။

သူတို့သည် ပန်းကလေး၏ နေအိမ်ကိုလည်း စုံစမ်း၍ မရပါချေ။

နောက်ဆုံး သူတို့လည်း စိတ်ပျက်စွာ ပြန်သွားသောအခါ မမျှော်လင့်ဘဲပန်းကလေးအားတွေ့မြင်သွားလေသည်။

ထိုအချိန်....

ပန်းကလေးသည် သူမနေအိမ်မှ ထွက်လာနေခိုက်ဖြစ်လေသည်။

ကျင်းကျင်းက သူမအား တွေ့မြင်သွားသည်။

'ဟိုမှာ ပန်းကလေး'

သူလည်း ဖုန်းမေအား ပြောလိုက်သည်။

သူတို့သုံးယောက်စလုံးသည် ပန်းကလေးထံသို့ လျှောက်သွားလိုက်ကြလေသည်။

ပန်းကလေးသည် ရဲအင်းတို့ သုံးယောက်အား တွေ့မြင်လိုက်သောအခါ ကြောင်အမ်းအမ်းဖြစ်သွားသည်။

ရဲအင်းက ပန်းကလေးအား ကြည့်လိုက်ပြီး....

'ပန်းကလေး ငါ့ကို မမှတ်မိတော့ဘူးလား'

ရဲအင်း၏ အသံကြားလိုက်တော့မှ ပန်းကလေးက မှတ်မိ
သွား၏။

'မှတ်မိပါတယ်ရှင်'

သူမက ရဲအင်းတို့အားမေးလိုက်သည်။

'ဘယ်သွားကြ မလို့လဲ'

ကျင်းကျင်းက ပြုံးလိုက်သည်။

'ညီမလေးကို တွေ့ချင်လို့ လိုက်ရှာနေတာ'

ပန်းကလေး အံ့သြသွားသည်။

'ကိစ္စ ရှိလို့လား'

ကျင်းကျင်းက ဖုန်းမေအားမိတ်ဆက် ပေးလိုက်သည်။

သူက ငါတို့မမ ဖုန်းမေပါ၊ ညီမနဲ့ စကား ပြောချင်
လို့ပါ'

ပန်းကလေးက ဖုန်းမေအားကြည့်လိုက်သည်။

'ဒါဖြင့် အိမ်ကိုလိုက်ခဲ့ပါလားရှင်'

ဖုန်းမေ ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီလေ၊ လိုက်ခဲ့တာပေါ့'

* * *



ပန်းကလေး၏နေအိမ်သည် ရွာစွန်ရွာဖျားတွင်ရှိ၏။
အိမ်ခန်းကသေးငယ်သော်လည်း ဆိတ်ငြိမ်သည်။
အေးချမ်းသည်။

ပန်းကလေးက ရေနွေးကြမ်းချပေးပြီးနောက် ဖုန်းမေ၏
ရှေ့တွင် ထိုင်ချလိုက်သည်။

'မေးစရာရှိတာ မေးပါနော်'

ဖုန်းမေက ပြုံးပြလိုက်၏။

'ဟိုတစ်နေ့တုန်းက ညီမကို ဟပ်ထိုက်စားသောက်ဆိုင်မှာ
တွေ့ခဲ့တယ်'

ပန်းကလေး ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ရှင်'

'ညီမလေးဆီမှာ တရိဂံသားရေပြား ဒါမှမဟုတ် ကြေး
ဒင်္ဂါးပြား ရှိနေလို့လား'

'ဟင်း'

ပန်းကလေး မျက်နှာ မသိမသာပျက်သွားမဲ။

သို့သော်....

သူမက ဟန်ဆောင်၍ပြုံးလိုက်သည်။

'ကျွန်မမှာ ဘာမှမရှိပါဘူး၊ ကြော်ငြာချက်က ထူးဆန်း
တယ်လို့ ထင်မိတာနဲ့ သွားပြီးစုံစမ်းမိတာပါ'

ဖုန်းမေ ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

'တစ်ခုလောက် ထပ်မေးပါရစေဦး'

ပန်းကလေး ခေါင်းညိတ်လိုက်၏။

'မေးပါရှင်'

ဖုန်းမေ သက်ပြင်းတစ်ချက်ချပြီး
'ညီမနဲ့ အမေဖော်ပါလာတဲ့လူငယ်က ဘယ်သူလဲ'
'သူက ကဗျာဆရာတစ်ယောက်လို့ပဲ သိပါတယ်'
ဖုန်းမေ ခေါင်းတဆတ်ဆတ်ညိတ်ပြီး....
'နာမည်ရော ဘယ်လိုခေါ်လဲ'
'သူ့ရဲ့အမျိုးအနွယ်က စု လို့ပဲသိရပါတယ်၊ နာမည်ရဲ
မမေးမိပါဘူး'
'သူက ဘယ်မှာနေတာလဲ'
ပန်းကလေး ခေါင်းယမ်းလိုက်၏။
'ကျွန်မ မသိပါဘူးရှင်'
ဖုန်းမေ ပြုံးလိုက်သည်။
'အခုလို သိသယောက်ပြောပြတာ အများကြီးကျေးဇူးတ
ပါတယ်'
'မလိုပါဘူးရှင်'
ဖုန်းမေက ပန်းကလေးအား အကဲခတ်ကြည့်ပြီး....
တကယ်လို့ ညီမမှာ အခက်အခဲရှိရင် အန္တရာယ်ရှိရင် မ
တို့ကို လာပြီးအကြောင်းကြားပါ'
ဖုန်းမေသည် ပြောရင်း နေရပ်လိပ်စာကို ပြောပြလိုက်လေ
သည်။
ထို့နောက်....
သူတို့သုံးယောက်သည် ပန်းကလေး၏အိမ်မှ ထွက်ခွာ
ခဲ့ကြလေတော့သည်။

* * *

## သတိပေးစာလော ခြိမ်းခြောက်စာလော

ညဥ့်နက်ပြီဖြစ်လေသည်။
ဝန်းကျင်တစ်ခုလုံးသည် တိတ်ဆိတ်၍နေ၏။
ပန်းကလေးသည် ခုတင်ပေါ်၌ လဲလျောင်းနေ၏။
သူမ အိပ်၍မပျော်သေးပါချေ။
သူမသည် စဉ်းစားရင်း တစ်စုံတစ်ခုကို သတိရဟန်ဖြင့်
အိတ်ထဲမှ စာတစ်စောင်ကိုဆွဲထုတ်လိုက်သည်။
ဤစာသည် ယက္ခကြီးကိုယ်တိုင် ပေးလိုက်သော စာဖြစ်
သည်။
သူမသည် ထိုစာကို အစိတ်စိတ်အမွှာမွှာဆုတ်ဖြဲ၍ ကြံစည်
နေသေးသည်။
သို့သော်

ယက္ခကြီးက သူ့အား တင်းတင်းကြပ်ကြပ် သတိပေးလိုက်သေးသည်။

'ဒီစာကို မင်းမဖတ်ရင် မင်းအတွက် အန္တရာယ်ပေါ်လာနိုင်တယ်'

ထို့အပြင်....

သူမသည် စာကိုဆုတ်မဖြဲဘဲ အိမ်သို့ယူဆောင်လာခြင်း ဖြစ်လေသည်။

ယင်းစာကို သုံးကြိမ်တိတိ ဖတ်ပြီးဖြစ်နေ၏၊

ယခုအကြိမ်ဆိုလျှင် စတုတ္ထအကြိမ် ဖတ်ခြင်းဖြစ်လေသည်။

* * *



ပန်းကလေးသည် စာကို စတုတ္ထအကြိမ် ဖတ်ရှုလိုက်ပြန်သည်။

စာထဲ၌....

'ပန်းကလေး၊ မင်းကို ငါ စေတနာနဲ့ အကြောင်းကြားလိုက်ပါတယ်'

'မင်းသွားတွေ့တဲ့ အခန်းငါးမှာနေထိုင်တဲ့ ဈေးဟောင်းပစ္စည်း အရောင်းအဝယ်လုပ်တဲ့ ကုန်သည်ဟာ အစစ်မဟုတ်ဘူး၊ သူတို့ဟာ နေပြည်တော်က စေလွှတ်လိုက်တဲ့ ထောက်လှမ်းရေးသမားပါ'

ပန်းကလေး၏မျက်နှာ အနည်းငယ်ဖျော့ရော်သွား၏။

သူမသည် စာကိုဆက်ဖတ်လိုက်သည်။

'သူတို့ဟာ အလွန်ကြီးမားတဲ့ မှုခင်းတစ်ခုကိုစုံစမ်းဖို့ ထောင်ချောက်တစ်ခု ဆင်ထားတာ၊ သူတို့ရဲ့ရည်ရွယ်ချက်က ထူးခြားတဲ့ ကြေးဒင်္ဂါးပြားကို လက်ဝယ်ရှိတဲ့လူတွေကို ဖမ်းဆီးဖို့ပါပဲ'

ပန်းကလေးက ရင်တထိတ်ထိတ်ဖြင့် ဖတ်လိုက်ပြန်သည်။

'မင်းဆီမှာသူတို့လိုချင်တဲ့ကြေးပြားတစ်ခုရှိတယ်ဆိုတာ ငါသိထားတယ်'

'တစ်နေ့တုန်းက မင်းက ထုတ်မပြလိုက်လို့ အများကြီးက ကောင်းတယ်၊ နို့မဟုတ်ရင် မင်း အဖမ်းခံရဖို့ သေချာတယ်'

'ကျုပ်က ဘာဖြစ်လို့ သိတယ်လို့ မင်းက သိချင်မှာပဲ'

'ဒီလိုပါ၊ ကျုပ်မှာ ရှေးဟောင်းပစ္စည်းရောင်းတဲ့ မိတ်ဆွေတစ်ယောက်ရှိတယ်၊ အခု သူအဖမ်းခံရပြီလေ၊ ငါက မင်းအပေါ် ဘယ်လောက်မေတ္တာရှိသလဲဆိုတာ မင်းသိပါတယ်'

'ဒါကြောင့် ဒီသတင်းကြားကြားချင်း မင်းကို စာရေးပြီး အကြောင်းကြားတာပါ၊ မင်းသတိထားရမှာက မင်းမှာရှိတဲ့ ကြေးဒင်္ဂါးပြားကို ဘယ်သူ့ကိုမှမပြနဲ့၊ နောက်ပြီး တစ်နေ့တုန်းက မင်းအိမ်လိပ်စာကို ပေးခဲ့သလားလို့ ပေးခဲ့ရင်တော့ အမြန်ဆုံးအိမ်ပြန်လိုက်ပါ'

ပို့
ယက္ခကြီး

* * *



ပန်းကလေးသည် စာကို ခေါက်ထားလိုက်၏။

သူမသည် စာထဲ၌ ပါရှိသော အကြောင်းများကို သေချာလေ့လာ အကဲခတ်ကြည့်မိ၏။

တစ်ဖန်....

သူမသည် ဟပ်ထိုက် စားသောက်ဆိုင်တွင် တွေ့ဆုံခဲ့ရသည့် အဘိုးအို၏ အမူအရာများကို ပေါင်းစပ်လိုက်သောအခါ ယက္ခကြီး ရေးပေးလိုက်သည့် အကြောင်းတို့သည် ကိုးဆယ် ရာခိုင်နှုန်း အမှန်ဖြစ်သည်ကို သူမက ယုံကြည်ထားမိ လေတော့သည်။

စင်စစ်....

ပန်းကလေးတွင် မိဘလက်ထက်မှ ကျန်ရစ်ခဲ့သော ကြေးဒင်္ဂါးပြားလေး တစ်ချပ်ကို ရရှိထား၏။

ယင်းကြေးဒင်္ဂါးပြား အနေအထားမှာလည်း ကြော်ငြာထဲ ပါရှိသည့် အချက်အလက်များနှင့် ကိုက်ညီနေ၏။

ထို့ကြောင့်

သူမသည် ဟပ်ထိုက် စားသောက်ဆိုင်သို့ သွားရောက်စုံစမ်းခဲ့ခြင်း ဖြစ်၏။

ယင်းကဲ့သို့ စုံစမ်း လေ့လာသောအခါ ထိုလူများသည် အလွန် ဟောက်ကျစ် စဉ်းလဲနေသည်ကို အကဲခတ်မိလိုက်လေသည်။

သူမသည် အခြေအနေ မဟန်မှန်း သိလိုက်သဖြင့် ကြေးဒင်္ဂါး၏ ပုံသဏ္ဌာန်နှင့် အရွယ်အစား စသည်များကို တလွဲ

တချော် ပြောပြလိုက်သဖြင့် လူမ ဘေးမသီ ရန်မခဘဲ အခန်းထဲမှ အေးချမ်းစွာ ထွက်လာနိုင်ခြင်း ဖြစ်၏။

သို့သော်....

သူမသည် ယက္ခကြီး အကြောင်းကို ကောင်းစွာ သိထားသည်။

မိမိ၏ လျှို့ဝှက်ချက်ကို သိရှိသွားသဖြင့် ယက္ခကြီးက မိမိကို အကြွပ်ကိုင်လိမ့်မည်ဟု တွက်ဆထား၏။

သူမသည် ယင်းသို့ တွေးရင်း ဖုန်းမေတို့ သုံးဦးကိုပြန်လည် မြင်ယောင်လာ၏။

သူမသည် ဖုန်းမေတို့၏ အကြောင်းကို ကောင်းစွာ မသိရှိ လိမ်ပြောလိုက်ခြင်း ဖြစ်သည်။

ယခု

ဖုန်းမေတို့သည် သူမအား အန္တရာယ်ပေးမည့်သူများမဟုတ်မှန်း ရိပ်မိလိုက်ပြီ ဖြစ်၏။

ထို့ကြောင့်....

သူမသည် အဖြစ်မှန် အားလုံးကို ဖုန်းမေတို့လူစုကို ပြောပြရန် ဆန္ဒဖြစ်ပေါ်လာ၏။

ထိုအချိန်မှာပင်....

'ဒေါက် ဒေါက် ဒေါက်'

တံခါးခေါက်သံကို ကြားလိုက်ရသည်။

သူမသည် ခုတင်ပေါ်မှ ခုန်ထပြီး တံခါးဝဆီ လျှောက်သွားလိုက်၏။

ထို့နောက်....



တံခါးဖွင့်ပေးလိုက်သည်။

'ဟင်....ယက္ခကြီး'

ပန်းကလေး အံ့သြသွားပြီး တံခါးကို ကပျာကယာပိတ်ရန် ဟန်ပြင်လိုက်၏။

သို့သော်

ယက္ခကြီးက အိမ်ထဲ လှမ်းဝင်လာပြီ ဖြစ်သည်။

'အို....ညီမကလဲ အစ်ကိုလာတာ တွေ့တာနဲ့ ဘာဖြစ်လို့ တံခါးကို ပိတ်ရတာလဲ'

ပန်းကလေး ဒေါသ ချောင်းချောင်း ထွက်သွားလေတော့သည်။

'ရှင်အတော် အတင့်ရဲပါလား၊ ထွက်သွားစမ်း'

ယက္ခကြီး ရယ်လိုက်သည်။

'မင်းဟာ ငါ့ဇနီးလောင်းပဲ၊ ငါလာတာ ထူးဆန်းလို့လား'

ပန်းကလေး ပို၍ ဒေါသထွက်သွားသည်။

'ရှင်ထွက်သွားနော်၊ ကျွန်မ အော်လိုက်ရမလား'

သူက ရယ်လိုက်၏။

'ရွှေဟောင်းပစ္စည်း ဝယ်တဲ့ ကုန်သည်ယောင် ဆောင်တဲ့ ထောက်လှမ်းရေးသမားတွေ သိသွားရင် မင်းဒုက္ခရောက်သွားနိုင်တယ်နော်'

သူ၏ စကားကြောင့် ပန်းကလေး ရင်ထိတ်သွားလေတော့သည်။

သူ ပြုံးလိုက်သည်။

'ကျုပ်က မင်းနဲ့ အေးအေးဆေးဆေး ပြောချင်လို့ လာခဲ့တာပါ'

ပန်းကလေး အနည်းငယ် တည်ငြိမ်လာပြီဖြစ်ရာ သူမသည် ညှော်ခန်းထဲ လျှောက်သွား၏။

ယက္ခကြီးကလည်း လိုက်ပါလာပြီး ထိုင်ခုံတစ်လုံးတွင်ထိုင်ချလိုက်၏။

သူ ပြုံးလိုက်သည်။

'ကျုပ် မင်းကို ပေးလိုက်တဲ့ စာကို အထင်မသေးလိုက်ပါနဲ့၊ ဒီအကြောင်းအရာကို ကျုပ်က အသက်နဲ့ ထပ်တူ ရလာခဲ့တာကွ'

ပန်းကလေးက စိတ်ဝင်တစားဖြင့် သူ့အား ကြည့်လိုက်လေသည်။

ယက္ခကြီးက စကားဆက်လိုက်၏။

'လွန်ခဲ့တဲ့ သုံးနှစ်လောက်က ကျုပ်မိတ်ဆွေ တစ်ယောက်ရဲ့ ရှေးဟောင်း ပစ္စည်းဆိုင်တစ်ဆိုင်မှာ အလွန်ထူးခြားတဲ့ ကြေးဒင်္ဂါးပြား တစ်ခုကို တွေ့မြင်ခဲ့ပါတယ်'

ပန်းကလေးက နားထောင်နေသည်။

သူက စကားဆက်လိုက်၏။

'အဲ့ဒါနဲ့ တစ်နေ့က ကြေးဒင်္ဂါးပြား အလိုရှိတဲ့ ကြော်ငြာကို တွေ့ရှိခဲ့ရတယ်၊ အဲ့ဒါနဲ့ ကျုပ်ကတော့ ကျုပ်မိတ်ဆွေ တစ်ယောက်ရဲ့ ကြေးဒင်္ဂါးပြားအတိုင်း အတုတစ်ခု လုပ်လိုက်တယ်လေ'

ပန်းကလေးသည် ပို၍ စိတ်ဝင်စားလာလေ၏။



ယက္ခကြီးက စကားဆက်လာသည်။

'အမှန်အတိုင်း ပြောရမယ်ဆိုရင် ကျုပ်က သူတို့ရဲ့ ငွေကို လိမ်ပြီး သုံးချင်လို့ပါ'

ပန်းကလေးက သူ့အား အကဲခတ် ကြည့်နေ၏။

'အင်း'

သူ သက်ပြင်းတစ်ချက် ချလိုက်၏။

'သူတို့က မျက်စိ ပျင်တယ်၊ အတုဖြစ်မှန်း ချက်ချင်းသိသွားတယ်၊ အဆိုးဆုံးကတော့ ကျုပ်က ရှေးဒင်္ဂါးပြား အစစ်ကို တွေ့ဖူးပါတယ်လို့ စွပ်စွဲလာတယ်၊ ဒါကြောင့် ကျုပ်ကို မလွှတ်ဘဲ ထားခဲ့သေးတယ်၊ သူတို့က ကျုပ်ကို အမျိုးမျိုး စစ်ဆေးမေးတယ်....

'ဘယ်လိုမှ မတတ်နိုင်တာနဲ့ ကျုပ်က အမှန်အတိုင်းပြောပြလိုက်တယ်၊ နောက်ဆုံး သူတို့က ကျုပ်ကို ကြေးဒင်္ဂါးတွေ့ခဲ့တဲ့ ရှေးဟောင်းဆိုင်ကို လိုက်ပို့ခိုင်းတယ်၊ အဲဒီမှာရှိတဲ့ ကျုပ်မိတ်ဆွေကိုပါ ခေါ်သွားတော့တာပဲ'

သူက ပြောရင်း အာခြောက်လာဟန်ဖြင့် ရေနွေးတစ်ခွက် ငှဲ့သောက်လိုက်သည်။

ပြီးမှ ဆက်ပြောလိုက်၏။

'ယန်းခေါင်ပယ်ကျမှပဲ ကျုပ်ကိုပြန်လွှတ်တယ်၊ ဒါနဲ့ ကျုပ် စိတ်ထဲမှာ သံသယဖြစ်လာတာနဲ့ အာကာပိုင်ကို လိုက်စုံစမ်းတော့ ကြေးဒင်္ဂါးပြားကို ဝယ်ယူနေတဲ့ ရှေးဟောင်းပစ္စည်းကုန်သည်တွေဟာ ထောက်လှမ်းရေးသမားတွေ ဖြစ်ကြတယ်ဆိုတာ သိရတယ်၊ ဒီအကြောင်းကို ဘယ်သူကိုမှမပြောရဘူး

လို့ ကျုပ်ကို သတိပေးခဲ့သေးတယ်၊ ဒါပေမယ့် .... မင်းကို မေတ္တာရှိလွန်းလို့၊ မင်းဒုက္ခရောက်မှာစိုးလို့ ကျုပ်က မင်းကို လာပြောပြတာ'

ပန်းကလေး မဲ့ပြုံးပြုံးလိုက်သည်။

'ရှင်က၊ ဘာကိစ္စနဲ့ ဒီအကြောင်းကို လာပြောပြရတာလဲ'

ယက္ခကြီး ပခုံးတွန့်လိုက်၏။

'မပြောလို့ ရမလား၊ တော်ကြာ ထောက်လှမ်းရေးသမားတွေက မင်းကိုလာဖမ်းသွားမှာပေါ့'

ပန်းကလေး ခေါင်းခါယမ်းလိုက်သက်။

'ကျွန်မက ဥပဒေမှမကျူးလွန်ဘဲ၊ ဘာဆိုင်လို့ လာဖမ်းရမှာလဲ'

ယက္ခကြီးက ပန်းကလေးအား ကြည့်လိုက်သည်။

'မင်းမှာ ကြေးဒင်္ဂါးပြား ရှိနေတယ်မဟုတ်လား'

ပန်းကလေး ခေါင်းခါယမ်းလိုက်၏။

'ကျွန်မမှာ ဘာမှမရှိဘူး၊ ဒါကြောင့် တာမှကြောက်စရာ မလိုပါဘူး'

'ဟား....ဟား....ဟား'

ယက္ခကြီးက ကောက်ကျစ်စွာ ရယ်မောလိုက်၏။

'ဒီမှာ ပန်းကလေး၊ မင်းက ငါ့ကိုလိမ်ချင်သေးသလား'

ပန်းကလေး ခေါင်းခါယမ်းလိုက်၏။

'ကျွန်မ ဘယ်သူ့ကိုမှ မလိမ်ဘူး'

ယက္ခကြီး မဲ့ပြုံးပြုံးလိုက်သည်။



'ဒါဖြင့် မင်းကဘာကိစ္စနဲ့ ဟပ်ထိုက် စားသောက်ဆိုင်ကို သွားရတာလဲ'

'ကျွန်မ ကိစ္စရှိနေလို့ပါ'

ထိုလူကြီး ခေါင်းခါယမ်းလိုက်၏။

'ဒီမှာ ပန်းကလေး၊ မင်းလိမ်ပြောစရာ မလိုပါဘူး၊ အဲ့ဒီပစ္စည်း မင်းဆီမှာ ရှိကိုရှိရမယ်'

ပန်းကလေး ရယ်မောလိုက်သည်။

'ကျွန်မမှာရှိတယ်ပဲ ထားပါဦး၊ လာဖမ်းလို့ မရပါဘူး'

လူကြီးက လက်ကာပြလိုက်သည်။

'လက်တွေ့မှာ ကျုပ်မိတ်ဆွေတစ်ယောက်က ကြေးဒင်္ဂါး လက်ဝယ်ရှိတဲ့အတွက် အဖမ်းခံနေရပြီ၊ မင်းမယုံရင် စုံစမ်းကြည့်ပါလား'

ပန်းကလေး ရင်ထိတ်သွားသည်။

သူမက ထိုင်ရာမှထလိုက်ပြီး....

'ကဲ....အချိန်မရှိဘူး၊ ရှင်အမြန်ဆုံး ထွက်သွားရင်ကောင်းမယ်'

ယက္ခကြီး ပြုံးလိုက်သည်။

'ကဲပါလေ ဒါတွေထားလိုက်ပါ၊ ကျုပ် မင်းနဲ့ဆွေးနွေးစရာ ရှိတယ်'

ပန်းကလေး စိတ်ရှုပ်ထွေးသွား၏။

'ဘာကို ဆွေးနွေးမှာလဲ'

ထိုလူက ရယ်ပြီးပြောလိုက်သည်။

'မင်းကို ကျုပ်လက်ထပ်ချင်တယ်၊ မင်းချမ်းချမ်းသာသာနဲ့ တစ်သက်လုံးနေနိုင်အောင် ကျုပ်ထားမှာပါ'

ပန်းကလေး နှာခေါင်းရှုံ့လိုက်၏။

'ကျွန်မသေတဲ့အထိ ရှင့်ကိုမယူနိုင်ဘူး'

ထိုလူက ဟားတိုက်ရယ်မောလိုက်ပြီး....

'ကျုပ် နောက်ဆုံးမေးမယ်၊ ကျုပ်လက်ထပ်မလား၊ အာဏာပိုင်တွေဆီကို သွားအပ်ရမလား'

ပန်းကလေး မဲ့ပြုံးပြုံးလိုက်သည်။

'ရှင့်ကိုယူမယ့်အစား အဖမ်းပဲခံမယ်'

ထိုလူက ကောက်ကျစ်စွာ ပြုံးလိုက်၏။

'စဉ်းစဉ်းစားစား ပြောပါ၊ မင်းမှာ အမေအိုကြီးတစ်ဦး ရှိသေးတယ်ဆိုတာကို သတိထားပါ၊ မင်းအဖမ်းခံလိုက်ရရင် မင်းရဲ့မိခင်ဟာ ထမင်းငတ်ပြီး သေသွားနိုင်တယ်'

'ဟင်....'

ပန်းကလေးမှာ ထိုစကားကိုကြားရသျှင် သူ၏ခန္ဓာကိုယ် တစ်ချက် တုန်ခါသွားလေ၏။

ထိုလူက ပြုံးလိုက်သည်။

'ဒီမှာ....ပန်းကလေး၊ မင်း ငါ့ကိုလက်ထပ်လိုက်ရင်တော့ အားလုံးအဆင်ပြေဖို့ ငါတာဝန်ယူတယ်'

ပန်းကလေး အံတင်းတင်းကြိတ်လိုက်၏။

'ထွက်သွားစမ်း၊ ရှင်....အခုထွက်သွား'

ထိုလူက ပန်းကလေးအား စိုက်ကြည့်လိုက်၏။



သူသည် အိတ်ထဲမှအသင့်ပါလာသော စာရွက်တစ်ရွက်ကို စားပွဲပေါ် ဖြန့်ချလိုက်၏။

'ဒီမှာ....ပန်းကလေး၊ မင်း သေသေချာချာ နားထောင်။ ဒီစာရွက်ဟာ မင်းနဲ့ငါရဲ့ လက်ထပ်စာချုပ်ပဲ၊ သဘောတူရင် လက်မပုံစံနှိပ်ပါ၊ တကယ်လို့ မင်းက မလိုက်နာဘူးဆိုရင်....'

သူက စကားတစ်ပိုင်းတစ်စဖြင့်ရပ်ကာ ပန်းကလေးအား ကြည့်သည်။

ပန်းကလေး ခေါင်းခါယမ်းလိုက်သည်။

'ကျွန်မ သဘောမတူဘူး၊ ရှင် အခုထွက်သွား'

ယက္ခကြီးက ကောက်ကျစ်စွာ ပြုံးလိုက်၏။

'မင်းသိထားဖို့က ငါအခုချက်ချင်း သွားအကြောင်းကြားလိုက်ရင် မင်းကို သူတို့ကလာဖမ်းမှာ၊ မင်းက မင်းရဲ့အမေ ငတ်ပြီးသေသွားမှာကို ကြည့်ချင်ရင် ငါအခုချက်ချင်းသွားပြီး အကြောင်းကြားမယ်'

သူသည် ပြောပြီး ထိုင်ရာမှ ထလိုက်သည်။

ပန်းကလေးက လက်နှစ်ဖက်ဖြင့် မျက်နှာကိုအုပ်ကာ ဝမ်းနည်းကြေကွဲစွာ ငိုကြွေးလိုက်လေ၏။

ထိုလူက ပြုံးလိုက်သည်။

'မငိုက်ချင်စမ်းပါနဲ့၊ စာချုပ်ပေါ်မှာ လက်မပုံစံနှိပ်လိုက်ရင် မင်းအဖမ်းမခံရတဲ့အပြင် ချမ်းချမ်းသာသာ နေနိုင်မယ် မဟုတ်လား'

သူက ပြောပြီး ပန်းကလေး၏ လက်မကိုဆွဲကိုင်ပြီး မင်ကို သုတ်ကာ စာချုပ်ပေါ်သို့ ဖိချလိုက်သည်။

ပန်းကလေးသည် ခုခံနိုင်ရန် အားပင်မရှိပါ။

သူမသည် စားပွဲပေါ်သို့ မျက်နှာအပ်ကာ ငိုကြွေးလိုက်၏။

'ဟား....ဟား....ဟား'

ယက္ခကြီးက သဘောကျစွာရယ်မောပြီး စာရွက်ကိုယူလိုက်သည်။

ထို့နောက် ရယ်မောကာ အခန်းထဲမှထွက်သွားလေသည်၊

* * *

ထောင်ချောက်

---

နေခြည်ဖြာကျနေသည်။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်။

ပန်းကလေးအိပ်ယာမှ နိုးလာသည်။

သူမသည် ညက အဖြစ်အပျက်ကို စဉ်းစားမိပြီး ကိုယ့်ကိုယ်ကိုထိန်းချုပ်မလွတ်နိုင်အောင်ဖြစ်သွားသည်။

သူမ ခေါင်း တွင်တွင်ခါယမ်းလိုက်သည်။

'ငါ သူ့ကို ဘယ်နည်းနဲ့မှ မယူနိုင်ဘူး'

သူမသည် အမျိုးမျိုးစဉ်းစားလိုက်ပြီး....

'မဖြစ်ဘူး၊ သူနဲ့ကွာရှင်းတာ ကောင်းမယ်'

သူမသည် မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီး ယက္ခကြီးဆီသို့ ထွက်လာခဲ့လေသည်။

ပန်းကလေးသည် ယက္ခကြီးအိမ်သို့ ခပ်သွက်သွက်လျှော
လှမ်းသွားသည်။

ယက္ခကြီး၏ အိမ်သို့ မရောက်မီလမ်းတစ်ဝက်မှာပင် ယက္ခ
ကြီးအား တွေ့လိုက်ရသည်။

ပန်းကလေးသည်က ယက္ခကြီးအား ရှုံ့မုန်းစွာဖြင့် ကြ
လိုက်သည်။

'ကျွန်မလက်ဗွေပုံပါတဲ့စာချုပ်ပြန်ပေးပါ'

ထိုလူ ခေါင်းခါယမ်းလိုက်သည်။

'ပေးလို့ ဘယ်ဖြစ်မလဲ၊ မင်းနဲ့ကျုပ်နဲ့က လင်မယား ဖြ
သွားပြီပဲ'

ပန်းကလေး ဒေါသ ခြောခြောင်းထွက်သွားသည်။

'လူယုတ်မာ ရှင့်လိုလူမျိုးကို ဘယ်တော့မှ မယူဘူး'

ထိုလူ မဲ့လိုက်သည်။

'မင်းလက်ထဲမှာ ကြေးဒင်္ဂါးရှိတဲ့ အကြောင်းကို အသ
သားတွေဆီ သွားအကြောင်းကြား လိုက်ရမလား'

ပန်းကလေး ခါးထောက်လိုက်၏။

'ရှင်အခုသွားပြော၊ ကျွန်မမကြောက်ဘူး'

ထိုလူ မျက်မှောင်ကုတ်လိုက်၏။

'မင်း သေသေချာချာစဉ်းစားပြီးမှပြောနော်'

ပန်းကလေး အံတင်းတင်းကြိတ်လိုက်၏။

'စဉ်းစားစရာမလိုဘူး၊ ရှင်မပြောရင် ကျွန်မကိုယ်တိုင်သွ
ပြောမယ်'

'ဟင်း'



ပန်းကလေး၏ ပြတ်သားသော စကားကြောင့် ယက္ခကြီး
အံ့ဩသွား၏။

သူသည် ပန်းကလေးကို ကြေးဒင်္ဂါးပြားနှင့်အကြပ်ကိုင်၍
မရမှန်း သဘောပေါက်လိုက်၏။

သူက ဉာဏ်နီဉာဏ်နက်များထုတ်လိုက်ပြီး....

'မင်းကို အလကားပြောတာပါကွာ၊ ငါဘယ်လုပ်ရက်ပါ့
မလဲ'

သူကပြောပြီး ပန်းကလေး၏လက်ကို လှမ်းဆွဲလိုက်သည်။

သူမ နောက်ဆုတ်သွား၏။

သူမသည် မုန်းတီးသောမျက်လုံးအစုံဖြင့် ထိုလူကို ကြည့်
လိုက်၏။

'ရှင် ယုတ်မာလှချည်လား'

ထိုလူ ရယ်မောလိုက်၏။

'ကျုပ်က မင်းရဲ့ခင်ပွန်းလောင်းပဲ၊ ဒါကို ယုတ်မာတယ်
လို့ ဘယ်သူက ပြောနိုင်သလဲ'

သူမက ခေါင်းခါယမ်းလိုက်သည်။

'ကျွန်မ ရှင့်ကို မယူနိုင်ဘူး'

ထိုလူ တွေဝေသွားသည်။

ရုတ်တရက်....

သူက ကောက်ကျစ်စဉ်းလဲစွာပြုံးလိုက်၏။

'မင်းရဲ့မေတ္တာကို ကျုပ်မရနိုင်မှန်းသိလိုက်ပါပြီ'

သူ၏လေသံက ပျော့ပျောင်းလှသည်။

ပန်းကလေးပင် အံ့ဩသွားသည်။

ယက္ခကြီးက စိတ်မကောင်းသည့်ဟန်မူရာဖြင့် ပြောလ
သည်။

'မင်းစိတ်ချမ်းသာမယ်ဆိုရင် ကျုပ်ကျေနပ်ပါတယ်၊ မ
လက်မှေနှိပ်ထားတဲ့စာချုပ်ကိုပြန်ပေးပါ့မယ်'

'ဟင်'

မျှော်လင့်သောစကား ကြားလိုက်ရသဖြင့် ပန်းကလေ
ပါးပေါ်အဟောင်းသားဖြစ်သွားသည်၊

'ရှင်တကယ်ပြောတာလား'

'တကယ်ပါ၊ မင်း မယုံကြည်ဘူးဆိုရင် ကျုပ်အိမ်ကိုလို
ခဲ၊ စာချုပ်ကို မင်းလက်ထဲပြန်ပေးမယ်'

ပန်းကလေး ဝမ်းသာသွား၏။

'ရှင် တကယ်ပြန်ပေးမှာလား'

ထိုလူ ခေါင်းညိတ်လိုက်သည်။

'တကယ်ပြန်ပေးမှာပါ'

ပန်းကလေး ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီလေ၊ ဒါဆိုရင် ကျွန်မလိုက်ယူပါ့မယ်'

သူ၏စကားကြောင့် ယက္ခကြီး ကောက်ကျစ်စွာ ပြုံးလို
လေ၏။

* * *



ထိုလူသည် ပန်းကလေး ကို အခန်းတစ်ခုထဲ ခေါ်
ဆောင်သွားသည်၊

သူသည် စားပွဲအံဆွဲကိုဖွင့်လိုက်ပြီး စာချုပ်ကို စားပွဲပေါ်
တင်ထားလိုက်သည်။

'ကဲ....ကြည့်စမ်း၊ မင်းရဲ့လက်မှေနှိပ်ထားတဲ့စာချုပ် ဟုတ်
ရဲ့လား'

ပန်းကလေးက စားပွဲအနီး တိုးကပ်သွားပြီး ကြည့်လိုက်
သည်။

ထိုစဉ်....၊

'ဝုန်း'

ကျယ်လောင်သောအသံထွက်ပေါ်လာပြီး အခန်းတံခါး
ပိတ်သွားလေ၏။

ပန်းကလေး ထိတ်လန့်သွားသည်။

'ရှင်း....ရှင်....ဘာလုပ်တာလဲ'

'ဟား....ဟား....ဟား'

ယက္ခကြီး သဘောကျစွာရယ်မောလိုက်သည်။

သူက ပန်းကလေးကို စိုက်ကြည့်လိုက်ပြီး....

'ပန်းကလေး၊ ဒီတစ်ခါတော့ မင်း ငါ့လက်ထဲက ကြေး
မလွတ်တော့ပါဘူးကွာ၊ လက်ထပ်ဖို့ကိစ္စအားလုံးစီစဉ်ပြီးသွား
ပြီ၊ အခုပဲ လက်ထပ်ကြရအောင်နော်'

ပန်းကလေး ဒေါသခြောင်းခြောင်းထွက်လာသည်။

'ရှင်....ရှင်....လူယုတ်မာ'

ထိုသူ တစ်လှမ်းချင်းလှမ်း လာသည်။

ပန်းကလေးနောက်ဆုတ်ရင်း နံရံနှင့်ထိမှသွားတော့မှ ခြေ
လှမ်းရပ်တန့်လိုက်သည်။

'ဟား....ဟား....ဟား'

သူက သဘောကျစွာရယ်မောလိုက်ပြီး ပန်းကလေးကို
သိုင်းဖက်လိုက်လေ၏။

'လွှတ်....လွှတ်....'

ပန်းကလေးက ရှိသမျှခွန်အားဖြင့် ရုန်းကန်လိုက်သည်။

သို့သော်....

အင်အားခြင်းက ကွာဟနေသဖြင့် သူမက မရုန်းနိုင်ပဲ ဖြစ်
နေသည်။

သူမသည် ရုန်းကန်ရင်း စားပွဲပေါ်၌တင်ထားသော အရက်
ခရားတစ်လုံးကို တွေ့မြင်လိုက်လေသည်။

သူမသည် စဉ်းစားမနေတော့ပဲ အရက်ခရားအိုးကို လှမ်းယူ
ကာ သူ၏ ဦးခေါင်းကို ရိုက်ချလိုက်လေသည်။

'ခွမ်း'

'အား'

ကျယ်လောင်သောအသံနှင့်အတူ ယက္ခကြီး ကြမ်းပြင်ပေါ်
လဲကျသွားသည်။

ထိုလူမှာ တုတ်တုတ်ပင် မလှုပ်တော့ပါ။

ပန်းကလေး ငိုင်ကုသွားသည်။

မိမိကြောင့် ယက္ခကြီး သေဆုံးသွားပြီဟု ထင်လိုက်သည်။

'ဒုက္ခပဲ သူ့ကို ငါသတ်လိုက်ပြီ'

ကြောက်ရွံ့သောစိတ်များ ရင်ထဲသို့ တိုးဝင်လာသည်။



သူမသည် လက်ထဲမှ အရက်ခရားကို ပြန်ချလိုက်ပြီး ပြေး
ထွက်လာခဲ့သည်။

အိမ်ရှေ့တွင် အိမ်ဖော်နှစ်ယောက် စကားပြောနေသည်
ကိုတွေ့လိုက်ရလေသည်။

အိမ်ဖော်က သူ့အား လှည့်ကြည့်လာသည်။

'မမ ပြန်တော့မလို့လား'

ပန်းကလေးက ဘာမှ မပြောပဲ ခေါင်းညိတ်ပြရင်း ခပ်
သုတ်သုတ်ပြေးသွားသည်။

အိမ်ဖော်သည် ပန်းကလေးအပေါ် သံသယဖြစ်သွားသော်
လည်း အရှိန်မပျက် စကားပြောရင်း ကျန်ရင်း ကျန်ရစ်ခဲ့လေ
သည်။

* * *

'မေမေ....ကျွန်မ....ကျွန်မ'

ပန်းကလေး အိမ်ထဲသို့ ပြေးဝင်လာပြီး မိခင်ဖြစ်သူအား သိုင်းဖက်၍ အထစ်ထစ်အငေါ့ငေါ့ ပြောလိုက်သည်။

မိခင်ဖြစ်သူ မျက်မှောင်ကြုတ်လိုက်သည်။

'သမီး ဘာဖြစ်တာလဲ'

'ကျွန်မ သူ့ကိုသတ်လိုက်ပြီ'

မိခင်ဖြစ်သူ ရင်ထိတ်သွားသည်။

'ဘယ်သူ့ကိုသတ်လိုက်တာလဲ'

'ယုန်ကြီးကိုပါ'

မိခင်ဖြစ်သူ အထိတ်တလန့်ဖြစ်သွားသည်။

'ဘာဖြစ်လို့ သတ်လိုက်တာလဲကွယ်'

ပန်းကလေးက အဖြစ်အပျက်များအား ရှင်းပြလိုက်လေသည်။

သူမ၏ စကားအဆုံးတွင် မိခင်ဖြစ်သူက ထိတ်လန့်သည့်ဟန်မူယာဖြင့် ပြောလာသည်။

'ဒီလိုဆိုရင် ဘယ်နှယ်လုပ်ကြမလဲ'

'သမီးထွက်ပြေးမှ ဖြစ်မယ်'

မိခင်ဖြစ်သူက တွေဝေသွားသည်။

'ကောင်းတယ်....သမီးက ဘယ်ကိုပြေးမှာလဲ'

'အမေ့ မိတ်ဆွေ ဖြစ်တဲ့ သီလရှင်ကျောင်းကို'

မိခင် ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

'ကောင်းတယ်.. ဟိုမှာဆို မေမေ ဖဲ့ စိတ်ချတယ်'

ပန်းကလေးက အဝတ်အစားများ သိမ်းဆည်း လိုက်ပြီး....



'ဒါပေမယ့် မေမေ့ ကြေးဒင်္ဂါးပြားလေးပါ ထုတ်ပေးပါ'

မိခင်ဖြစ်သူက မျက်မှောင်ကုပ်လိုက်၏။

'ဘာလုပ်ဖို့လဲသမီး'

'ဒီကြေးပြားမှာ လျှို့ဝှက်ချက်တစ်ခုခုရှိနေတယ်လို့ သမီးထင်နေတယ်'

မိခင်ဖြစ်သူက သူ၏ ယွန်းသေတ္တာလေးထဲမှ ပိုးပဝါဖြင့် သေချာစွာ ထုပ်ထားသော အထုပ်ကလေး တစ်ထုပ်ကို ပန်းကလေးအား လှမ်းပေးလိုက်၏။

'ရော့....သမီး၊ သေချာသိမ်းထားနော်'

ပန်းကလေးသည် အထုပ်ကလေးကို ယူပြီး အင်္ကျီအတွင်း သေချာစွာ သိမ်းဆည်းလိုက်သည်။

သူမသည် မိခင်အား ကန်တော့လိုက်ပြီး....

'မေမေ သမီးသွားတော့မယ်'

'အေးကွယ် ငါ့သမီး ဘေးမသီ ရန်မခပါစေနဲ့'

သူမ၏ မိခင်က ဆုတောင်းပေးလိုက်သည်။

* * *

## အပေါ်ယံအမြင်နှင့် သုံးသပ်မှု

---

ကျင်းကျင်း၊ဖုန်းမေနှင့်ရှဲအင်းတို့သည် ယက္ခကြီး၏ နေအိမ်သို့ လှမ်းဝင်လိုက်သည်။

ဧည့်ခန်းထဲ ၌ လူတစ်ယောက်က ဆီး၍ ကြိုဆိုလိုက်လေသည်။

'လာကြဟေ့.... ခင်ဗျားတို့ကို စောင့်နေတာ'

ဖုန်းမေပြုံးလိုက်၏။

'ဒီအမှုကို ရှင်က တာဝန်ယူထားတာလား'

တိုလူကခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်....ဒါကြောင့် ခင်ဗျားတို့ဆီ အခုလို အကူအညီတောင်းရတာပေါ့'



ဖုန်းမေသည် ကျင်းကျင်းတို့အား ထိုလူနှင့် မိတ်ဆက်ပေးလိုက်သည်။

'သူက လူယန်မြို့ရဲ့ အာဏာသား ခေါင်းဆောင် အာဏာသားဝေ့ထင်းပါပဲ'

ကျင်းကျင်းနှင့်ရှဲအင်းတို့ ခေါင်းညိတ်လိုက်ကြ၏။

'တွေ့ရတာ ဝမ်းသာပါတယ်ရှင်၊ကျွန်မတို့က ကျင်းကျင်းနဲ့ ရှဲအင်းပါပဲ'

ဝေ့ထင်းပြုံးလိုက်သည်။

'တွေ့ရတာ ဝမ်းသာပါတယ်ဗျာ'

ဖုန်းမေက ဝေ့ထင်းအားကြည့်လိုက်ပြီး....

'ကဲ....ပြောစမ်းပါဦး၊ ယက္ခကြီးကို သတ်တဲ့ တရားခံတို ဖမ်းမိပြီလား'

ဝေ့ထင်းခေါင်းခါယမ်းလိုက်သည်။

မမိသေးပါဘူး'

သူက သက်ပြင်းတစ်ချက်ချရင်းပြောလာသည်။

'အမှန်တော့ ဒီလိုဥပဒေကျော်ခိုင်းတဲ့ လူတစ်မျိုးသေသွားတာ ပိုတောင်ကောင်းသေးတယ်'

ရှဲအင်းကပြုံးလိုက်လည်။

'ဒါဖြင့်ရှင်တို့က ဘာကြောင့် လူသတ်တရားခံကို လိုက်ရှာနေရတာလဲ'

ဝေထင်း ပခုံးတွန့်လိုက်သည်။

'သူမကောင်းတာက မကောင်းတာပဲ၊ ဒါပေမယ့် လူသတ်မှုကတော့ တရားဥပဒေအတိုင်း အရေးယူရမှာဘဲ'

'လူသတ်တရားခံ ဘယ်သူလဲဆိုတာသိပြီလား'
ဖုန်းမေက မေးလိုက်သည်။
ဝေထင်း ခေါင်းညိတ်လိုက်၏။
'သိပြီးပါပြီ'
ရဲအင်းက သိလို၍မေးလိုက်၏။
'ဘယ်သူများလဲ'
'ပန်းကလေးဆိုတဲ့ မိန်းကလေးတစ်ယောက်ပါပဲ'
'ဟင်....'
'အို....'
'ပန်းကလေး ဟုတ်လား'
ကျင်းကျင်းတို့ အံ့သြသွားကြလေသည်၊
ရဲအင်း မျက်မှောင်ကြုတ်လိုက်ပြီး
'ပန်းကလေးလို့ ဘာကြောင့်ပြောနိုင်တာလဲ'
ဝေထင်း သက်ပြင်းတစ်ချက်ချလိုက်သည်။

'ကျုပ်တို့ခေါင်းဆောင် စွန်ရဲရဲ စားပွဲပေါ်မှာ စာချုပ်တစ်ခုကိုတွေ့ရတယ်၊ အဲ့ဒီစာချုပ်ထဲမှာ ပန်းကလေးနဲ့ယက္ခကြီးတို့ လက်ထပ်စာချုပ်ရေးထားတယ်လေ'

'ဒါကြောင့် စွန်ရဲဟာ ယက္ခကြီးက လူမိုက်တစ်ယောက်ဖြစ်တဲ့အတွက် ပန်းကလေးကို အတင်းအဓမ္မ လက်ထပ်စာချုပ်ရေးခိုင်းတယ်'

'ပန်းကလေးက လက်မခံလို့ တစ်ယောက်နဲ့တစ်ယောက် အချင်းများပြီး ပန်းကလေးက စားပွဲပေါ်မှာရှိတဲ့ အရက်ခရားကိုယူပြီး ရိုက်လိုက်တာဖြစ်ရမယ်လို့ မှတ်ချက်ချပါတယ်'



သူသည် စကားရပ်ဘန့်ပြီးမှ တစ်စုံတစ်ရာကို စဉ်းစားနေသည်။

ဖုန်းမေက ဘာမှမပြောဘဲ အကဲခတ်ကြည့်နေ၏။
ဝေထင်း သက်ပြင်းတစ်ချက်ချပြီး

'ဒါပေမယ့် အခန်းထဲမှာ ကျုပ်က တတိယလူရဲ့ခြေရာကို တွေ့ခဲ့တယ်ဗျ'

ရဲအင်း မျက်မှောင်ကြုတ်လိုက်သည်။
'တတိယလူရဲ့ခြေရာ'
'ဝေထင်းက ဆက်ပြောလာ၏။

'နောက်ပြီး အရက်ခရားနဲ့ရိုက်လို့ သေသွားလိမ့်မယ်လို့ ကျုပ်မထင်ဘူး'

'ဒါဖြင့် သူက ဘာကြောင့်သေသွားတာလဲ'
ဝေထင်းက ရှင်းပြလိုက်သည်။

'သူ့ရဲ့နောက်စေ့မှာ ဒဏ်ရာတစ်ခုတွေ့ခဲ့တယ်၊ အဲ့ဒီဒဏ်ရာကတော့ သံထည်ပစ္စည်းတစ်ခုခုနဲ့ ရိုက်လိုက်တဲ့ဒဏ်ရာပါပဲ၊ ဒါကြောင့် ဒီဒဏ်ရာနဲ့ သေသွားတာဖြစ်ရမယ်'

ဖုန်းမေ ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။
'ကဲ....ကျွန်မတို့ကို အလောင်းဆီခေါ်သွားပါ'
'ကောင်းပါပြီဗျာ'
သူကပြောပြီး ဖုန်းမေတို့ကို ခေါ်ဆောင်သွားလေသည်။

* * * *

## သဲလွန်စနှင့် တရားခံအစစ်

အခန်းထဲ၌ ခြေရာများရှုပ်ပွနေ၏။

ဖုန်းမေသည် ကျင်းကျင်းနှင့်ရဲအင်းတို့အား အခန်းအပြင်တွင် စောင့်ခိုင်းထားလေသည်။

ထို့နောက်....

သူမသည် ကြမ်းပြင်ပေါ်မှ ရှုပ်ထွေးနေသောခြေရာများကို အနီးကပ်ကြည့်ရှုလိုက်လေသည်။

ကြမ်းပြင်ပေါ်၌ အရက်နှင့်သွေးများ ရောခနှာနေလေသည်၊

သူမသည် အလောင်းရှိရာသို့ လျှောက်သွားလိုက်၏။

ယက္ခကြီး၏ ဦးခေါင်းတစ်ခုလုံး သွေးများ၌နှစ်နေလေသည်။



တံခါးဝ၌လည်း သွေးစက်များတွေ့ရသည်။

တံခါးဝမှ အလောင်းလဲကျနေသော နေရာအထိ သွေးစက်များ တောက်လျှောက်တွေ့ရှိရလေသည်၊

သို့သော်

ထိုနေရာမှသွေးစက်များကို တစ်စုံတစ်ယောက်က အဝတ်ဖြင့် သုတ်ထားသည်ကို တွေ့ရလေ၏။

ထိုသုတ်ထားသော သွေးစက်များသည် လုံးဝပျောက်ကင်းသွားခြင်း မရှိပါချေ။

ဖုန်းမေက ယက္ခကြီး၏ဒဏ်ရာကို သေချာစွာ စစ်ဆေးကြည့်လိုက်၏။

ယက္ခကြီး၏နောက်စေ့တွင် ဒဏ်ရာနှစ်ခုတွေ့ရှိရသည်။

ဒဏ်ရာနှစ်ခုမှာ ဖုရိုသာဖုနေ၏။

အခြားဒဏ်ရာနှစ်ခုမှာမူ အလွန်နက်ရှိုင်းပြီး သွေးများစီးဆင်းနေ၏၊

ဝေထင်းပြောပြသည့်အတိုင်း ယင်းဒဏ်ရာသည် အသက်သေဆုံးနိုင်သော နေရာပင်ဖြစ်သည်။

ဖုန်းမေသည် ကြမ်းပေါ်၌ပေးကျနေသော သွေးများနှင့် အရက်များကို ခွဲခြားသိနိုင်ရန် နှာခေါင်းဖြင့်အနံ့ခံကြည့်လိုက်သည်။

သူမသည် အလွန်ကြီးမားသော ခြေရာတစ်ခုအတိုင်း လိုက်သွားရာ တံခါးဝသို့ ရောက်ရှိသွားလေသည်၊

သူမသည် မတ်တပ်ရပ်လိုက်ပြီး သေချာစွာ စစ်ဆေးကြည့်လိုက်သည်။

ထို့နောက်

သူမက အလောင်းရှိရာသို့ ပြန်လျှောက်သွားသည်။

ထို့နောက်

သူမသည် စစ်ဆေးသည့်လုပ်ငန်း ပြီးဆုံးသွား၏။

ဝေထင်းက မေးမြန်းလိုက်သည်။

'ခင်ဗျား ဘယ်လိုတွေးမိသလဲ'

ဖုန်းမေက ကုလားထိုင်တစ်လုံးပေါ် ထိုင်ချလိုက်သည်။

'အာဏာသားစွန်ရဲ့ ထင်မြင်ယူဆချက် ထစ်ဝက်ဟာ ကျွန်မနဲ့ တစ်ထပ်တည်းဘဲ'

ဝေထင်းက အံ့သြဟန်ဖြင့်

'ဒါထို နောက်တစ်ဝက်ကရော'

ဖုန်းမေ ထိုင်ရာမှ ထလိုက်သည်။

'ကျွန်မကိုယ်တိုင် သူတို့ရဲ့ အခြေအနေကို သရုပ်ဖော်ပြမယ်'

သူမသည် အခန်းဝသို့ ပြန်လျှောက်သွား၏။

'ငါက ပန်းကလေးပဲ ထားပါ'

သူမသည် အခန်းထဲသို့ လှမ်းဝင်သွား၏။

'ယက္ခကြီးက ပန်းကလေးကို အကြောင်းတစ်ခုခုပြပြီး ခေါ်ခဲ့တာ ဖြစ်မယ်'

သူမက ကြမ်းပေါ်သို့ ညွှန်ပြလိုက်၏။

'ဟောဒါက ပန်းကလေးရဲ့ ခြေရာတွေပဲ'

သူမ စကားဆက်လိုက်၏။



'အခန်းထဲရောက်တော့ ယက္ခကြီးက တံခါးပိတ်ပြီး ပန်းကလေးကို စော်ကားဖို့ ကြံရွယ်တယ်၊ ပန်းကလေးက နောက်ဆုတ်ရင်း နံရံနဲ့ထိမိသွားလို့ ဆုတ်စရာမရှိတော့ဘူး၊အဲဒီအချိန်မှာ ယက္ခကြီးက သူ့ကို အတင်းဖက်ဖို့ လုပ်လာလိမ့်မယ်'

သူမသည် လက်တစ်ဖက်ဖြင့် စားပွဲပေါ်မှ အရက်ခရားအိုးကို ကောက်ယူလိုက်၏။

'ပန်းကလေးဟာ ရှန်းရင်းကန်ရင်း အရက်ခရားကို ယူပြီး သူ့ကို နောက်ပြန် ရိုက်ချလိုက်တယ်'

'သူက သတိမေ့ပြီး ကြမ်းပြင်ပေါ် လဲကျသွားတယ်'

ဝေထင်း ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

'ဒီလိုဆိုရင် ပန်းကလေး လက်လွန်သွားတယ်ပေါ့ ဟုတ်လား'

ဖုန်းမေ ခေါင်းခါယမ်းလိုက်၏။

'ပန်းကလေးကြောင့် သူမသေပါဘူး၊ သတိမေ့ ရုံမေ့ သွားတာပါ'

ဝေထင်း အံ့သြစွာဖြင့် ပြောလာ၏။

'ဒါဖြင့် သူက ဘာကြောင့် သေသွားရတာလဲ'

ဖုန်းမေ လက်ကာပြသည်။

'သူ မကြာခင် သတိရလာတယ်၊ သူက ပန်းကလေးကို တော်တော် ဒေါသထွက်ပြီး စာတစ်စောင် ကောက်ရေးလိုက်တယ်'

ကျင်းကျင်း မျက်မှောင် ကုတ်မိသည်။

'သူက စာရေးတယ်လို့ မမက ဘယ်လိုလုပ် သိသလဲ'

ဖုန်းမေက စားပွဲပေါ်မှ စုတ်တံကို ညွှန်ပြလိုက်လေ‌တော့သည်။

ထိုအပြင်

စက္ကူတစ်ရွက်ကိုလည်း ယူ၍ ပြ၏။

'ဟောဒီ စုတ်တံထဲမှာ မှင်တွေရှိတယ်၊ နောက်ပြီး စက္ကူတွေ ပေါ်မှာ မှင်တွေပေနေတယ်၊ အဲ့ဒါက သူပထမဦးဆုံး စုတ်တံကို စက္ကူနဲ့ သုတ်ပြီးမှ စာရေးလိုက်တဲ့ သဘောပါပဲ'

သူမက စကားဆက်လိုက်၏။

'စာရေးပြီးတော့ အပြင်ကို ထွက်သွားတယ်'

ဝေထင်း မျက်မှောင်ကုတ်မိသည်။

'သူအပြင်ထွက်သွားတယ်ဆိုတာ ခင်ဗျား ဘယ်လိုလုပ် သိသလဲ'

'သူ့ခြေရာကို ကြည့်ပြီး သိတာပေါ့'

'သူက အပြင်ကို ဘာသွားလုပ်လဲ'

ဖုန်းမေ ပြုံးလိုက်သည်။

'သူရေးတဲ့စာ တစ်ယောက်ယောက်ကို ပို့ခိုင်းတာ ဖြစ်မယ်'

ဝေထင်း စိတ်ဝင်စားသွား၏။

'သူက ဘာစာတွေကို ဘယ်သူဆီ ပို့လိုက်တာလဲ'

'ပန်းကလေးအတွက် အန္တရာယ်ရှိမယ့် စာဖြစ်မှာပေါ့။ သူဆီကို ပို့တယ်ဆိုတာတော့ ကျွန်မလဲ မပြောတတ်ဘူး'

'နေပါဦး၊ ယက္ခကြီးက အခန်းထဲက ထွက်သွားတယ် ဆိုတာ ဘာဖြစ်လို့ ပြောနိုင်တာလဲ'



ဖုန်းမေက ပြုံးလိုက်သည်။

'နောက်ဆုံး သူသတိရပြီး ထွက်တဲ့ ခြေရာဟာ အရက်ရည်တွေ ပေကျံနေတယ် မဟုတ်လား'

ဝေထင်း ခေါင်းတဆတ်ဆတ် ညိတ်မိ၏။

'ဒီလိုဆိုရင် တရားခံအစစ်က ဘယ်သူလဲ'

သူမ သက်ပြင်းတစ်ချက် ချပြီး....

'သူ့ခြေရာတွေထဲမှာ တတိယ လူတစ်ယောက်ရဲ့ ခြေရာကို တွေ့ရတယ် မဟုတ်လား၊ ဒါကြောင့် ယက္ခကြီးကို သတ်တာ အဲ့ဒီခြေရာပိုင်ရှင်ပါပဲ'

သူမသည် ဆက်၍ ရှင်းပြလိုက်သည်။

'အဲ့ဒီလူဟာ ယက္ခကြီး ပြန်မရောက်လာမီတုန်းပဲ သူ့အခန်းထဲကို ရောက်နေတယ်၊ သူဟာ ယက္ခကြီး အသံ ကြားတာနဲ့ ခုတင်အောက်မှာ ဝင်ပုန်းလိုက်တယ်'

ဝေထင်း အနည်းငယ် စဉ်းစားလိုက်ပြီး....

'ဒီလိုဆိုရင် ပန်းကလေးက ယက္ခကြီးကို အရက်ခရားနဲ့ ရိုက်လိုက်တာကို တွေ့သွားမှာပေါ့'

ဖုန်းမေ ခေါင်းခါယမ်းလိုက်သည်။

'ဟုတ်တယ်၊ သူက ယက္ခကြီး သတိမေ့ပြီး ပန်းကလေး ပြန်ထွက်သွားပြီးနောက် ခုတင်အောက်က ထွက်လာပါတယ်၊ ဒါပေမယ့် အဲ့ဒီအချိန်မှာ သူသတိရလာတာ တွေ့လို့ သူက ခုတင်အောက်မှာပဲ ပြန်ပုန်းနေတယ်'

ဝေထင်း မျက်မှောင်ကုတ်သွားသည်။

'ဒီလိုဆိုရင် ယက္ခကြီးကို ဘယ်လိုလုပ် သတ်လိုက်တာ
လဲ....'

'သူအပြင်ထွက်သွားတဲ့ အချိန်မှာ အဲ့ဒီလူဟာ အခန်းဝမှာ
သံတူတတ်တစ်ချောင်းကို ယူပြီး စောင့်နေတယ်၊ သူဝင်လာတာနဲ့
တအားရိုက်ချလိုက်လို့ သေဆုံးသွားတာ ဖြစ်ရမယ်'

'ဒီအတိုင်းဆိုရင် အလောင်းက တံခါးဝမှာ ရှိရမှာပေါ့
အခုတော့ စားပွဲနားမှာ ရောက်နေပါလား'

ဖုန်းမေက ကြမ်းပြင်ပေါ် ညွှန်ပြလိုက်၏။

'အလောင်းကို တံခါးဝကနေ ဆွဲလာပြီး လဲ့ကျတဲ့နေရာမှာ
ထားခဲ့တယ်၊ သူ့ရဲ့ ရည်ရွယ်ချက်ကတော့ ပန်းကလေးအပေါ်
အပြစ်ပုံချဖို့ပဲ'

သူသည် သွေးရာများကို ညွှန်ပြလိုက်၏။

'ဟောဒီမှာ ကြည့်ပါ၊ အလောင်းဆွဲသွားပြီးမှ သွေးတွေ
ကို သုတ်ပစ်လို့ ကျန်ရစ်ခဲ့တဲ့ အရာတွေပါ'

ဝေထင်း မျက်မှောင်ကုတ်လိုက်၏။

'လူသတ်သမားက ဘာဖြစ်လို့ ယက္ခကြီးကို သတ်ပစ်ရတာ
လဲ....'

'ဒါကတော့ ကျွန်မ မသိဘူး၊ ဒါပေမယ့် ဒီလူက အိ
ခန်းထဲ တိတ်တဆိတ် ဝင်လာပြီး ယက္ခကြီးကို သတ်ဖို့ကြံစည်
တာ'

'အင်း....'

ဝေထင်း သက်ပြင်းတစ်ချက်ချလိုက်သည်။



'ခက်တာက လူသတ်ကောင် ဘယ်သူဘယ်ဝါမှန်းမသိ
ဘူး'

ဖုန်းမေ ပြုံးလိုက်၏။

'စိတ်မပျက်ပါနဲ့ရှင်၊ လူသတ်ကောင်ကိုဖမ်းမိဖို့ကျွန်မအချက်
အလက်ပေးပါ့မယ်'

ဝေထင်း ဝမ်းသာသွားသည်။

'ဟုတ်လား၊ ပြောစမ်းပါဦး'

ဖုန်းမေက ဝေထင်းကို တစ်ချက်ကြည့်လိုက်သည်။

'ဒီလူဟာ အရပ်အတော်ရှည်တယ်၊ ယက္ခကြီးထက် အရပ်
ရှည်မယ်၊ နောက်ပြီး သူဟာ ခြေတစ်ဖက်မသန်တဲ့လူ ဖြစ်ရ
မယ်၊ သူ့ရဲ့ ညာဖက်ခြေထောက်ဟာ ဘယ်ခြေထောက်ထက်
အနည်းငယ်တိုတယ်၊ ဒါကြောင့် ဒီလူမျိုးကိုတွေ့ရှိတဲ့အခါမှာ
အသာလေး ဖမ်းလိုက်ရုံဘဲ'

ဝေထင်း မျက်မှောင်ကုတ်လိုက်သည်။

'လူသတ်ကောင်ဟာ ခြေတစ်ဖက်မသန်တာ ဘယ်လိုလုပ်
သိသလဲ'

ဖုန်းမေ ပြုံးလိုက်သည်။

'ခြေရာကိုကြည့်ရင်း ပြောနိုင်ပါတယ်'

သူမသည် ခြေရာကို ပြသလိုက်သည်၊

'ဒီခြေရာဟာ လူသတ်သမားရဲ့ခြေရာပါ၊ ဘယ်ဘက်ကပြည့်
စုံပြီးထင်ရှားတယ်၊ ညာဘက်ခြေရာမှာတော့ ခြေဖနောင့်မတွေ့
ရဘူး၊ ဒါကြောင့် ခြေတစ်ဖက်မသန်တာ သေချာတယ်'

ဝေထင်း ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

'ခင်ဗျားပြောပြမှ ရှင်းသွားတော့တယ်၊ အခုလို သဲလွန်စရထားရင် ခြေရာခံဖို့ရာ အများကြီး နီးစပ်သွားတာပေါ့'

ဖုန်းမေ ပြုံးလိုက်သည်။

'ကျွန်မတို့ကို အထင်သိပ်မကြီးပါနဲ့၊ ဘာဖြစ်လို့လဲဆိုရင် ကျွန်မလဲ တခြားကိစ္စတစ်ခုနဲ့ပတ်သက်ပြီး ဦးနှောက်ခြောက်နေတယ်'

ဝေထင်း မျက်မှောင်ကြုတ်လိုက်သည်။

'ဘာကိစ္စများလဲ'

'အခုတလော စားသောက်ဆိုင်တွေ၊ တည်းခိုခန်းတွေမှာ ကြော်ငြာကပ်ထားတာ တွေ့တယ်မဟုတ်လား'

ဝေထင်းပြုံးလိုက်၏။

'ကြေးဒင်္ဂါးပြားကြော်ငြာကိုပြောတာလား'

ဖုန်းမေ ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'

ဝေထင်း သက်ပြင်းချလိုက်သည်။

'ဒီကြော်ငြာကိုလဲ ကျုပ်က ဖတ်ပြီးပါပြီ၊ ဘာတွေ ကြံစည်နေကြတယ်ဆိုတာ စဉ်းစားလို့ မရဘူး'

'ဒီကိစ္စနဲ့ပတ်သက်ပြီး နည်းနည်းလေး စုံစမ်းထားစမ်းပါ'

ဝေထင်း ခေါင်းညိတ်ပြလိုက်သည်။

'ကောင်းပြီ။ တခြား ဘာအကူအညီပေးရဦးမလဲ'

ဖုန်းမေက တစ်ချက်စဉ်းစားလိုက်ပြီး....



'ကျွန်မသိချင်တာက ပင်ထိုက်စားသောက်ဆိုင်၊ နောက်ပြီး တစ္ဆေဘုံကျောင်းနဲ့ပတ်သက်တဲ့သတင်းတွေပါဘဲ'

ဝေထင်း ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

'စိတ်ချ၊ ကျုပ်သတင်းစုံစမ်းလို့ရတာနဲ့ ခင်ဗျားတို့ကို အကြောင်းပြန်လိုက်ပါမယ်'

ဖုန်းမေ ပြုံးလိုက်၏။

'ကျေးဇူးတင်ပါတယ်၊ ကျွန်မတို့ကို သွားခွင့်ပြုပါဦး'

'ကောင်းပါပြီဗျာ'

* * *

## မျက်လှည့်ဆန်ဆန်

---

နောက်တစ်နေ့....

ဖုန်းမေတို့သုံးယောက်စလုံး အိမ်ထဲတွင်ရှိနေကြ၏။

ဖုန်းမေသည် တွေးတောလိုသည်များကို စဉ်းစားနေလသည်း

ကျောင်းကျောင်းသည် ထိုင်၍ စာဖတ်နေ၏။

ရွှေအင်းတစ်ယောက်တည်းသာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ၏။

သူ၏မျက်နှာတွင် အလိုမကျသော ဟန်မူရာများ အတိုင်းသား ပေါ်လွင်နေသည်။

ဖုန်းမေ မျက်မှောင်ကုပ်လိုက်သည်။

'ညီမလေး ဘာဖြစ်နေသလဲ'



ရွှေအင်းက နှုတ်ခမ်းစူ၍ပြောလာ၏။

'ကျွန်မ ဘုံကျောင်းပျက်ထဲကိုဝင်မယ်လို့ လုယန်က လူတွေကို ကတိပေးထားတယ်၊ အခု ငါးရက်ရှိပြီ၊ မသွားသေးဘူး'

ဖုန်းမေ ပြုံးလိုက်သည်။

'ဒါဖြင့် ငါတို့ ဒီနေ့သွားကြမယ်လေ'

ရွှေအင်း ဝမ်းသာသွားသည်၊

'တကယ်ပြောတာလား'

ဖုန်းမေ ပြုံးလိုက်သည်။

'တကယ်ပြောတာပါ'

ရွှေအင်း ရယ်မောလိုက်သည်။

'ဒါဖြင့် အခုဘဲသွားမယ်၊ ဘုံကျောင်းထဲက တစ္ဆေကို ဖမ်းပြမယ်'

'ညီမက ဘာမဆို အလွယ်တကူတွေးနေတာပဲ၊ ငါတို့တစ္ဆေဘုံကျောင်းကိုသွားမယ်၊ ဒါပေမယ့် ဖမ်းဖို့ဆိုတာ အချိန်မကျသေးဘူး'

'ဒါဖြင့် ကျွန်မတို့ ဘာသွားလုပ်ကြမှာလဲ'

'အခြေအနေ သွားကြည့်ကြမှာပေါ့'

ရွှေအင်း ဘာမှမပြောဘဲ ပါးစပ်ပိတ်လိုက်လေသည်။

* * *

တစ္ဆေဘုံကျောင်း....

တစ္ဆေဘုံကျောင်းရှိရာသို့ လျှောက်လာကြသည်။

လူအများစုက သူတို့အားအံ့သြစွာဖြင့်ဝိုင်းကြည့်နေကြ၏။

လမ်း၏တစ်ဖက်စွန်းမှာလည်း လူအများစုဝေးလာကြပြီး မိန်းကလေး သုံးယောက်အား အံ့အားသင့်စွာ ကြည့်နေကြသည်။

မကြာပါချေ။

ရဲအင်းတို့သည် လမ်းထဲမှဖြတ်ကျော်လိုက်ပြီး တစ်ဖက်လမ်းထိပ်သို့ ရောက်ရှိသွားသည်။

လူအုပ်ထဲမှ ဝေဖန်သံများ တီးတိုးထွက်ပေါ်နေကြ၏။

ဖုန်းမေသည် လမ်းထိပ်သို့ရောက်သည်နှင့် တောင်ဘက်သို့ လျှောက်သွားကြသည်။

ထို့နောက်....

အနောက်ဘက်လမ်းကို ချိုးဝင်သွား၏။

ထိုမှတစ်ဖန်....

မြောက်ဘက်သို့ ချိုးလိုက်ပြန်၏။

နောက်ဆုံး သူမတို့သည် အိတ်ကလေး အလုခံရသော နေရာသို့ ပြန်လည်ရောက်ရှိလာကြသည်။

* * *



ဖုန်းမေ ခြေလှမ်းရပ်တန့်လိုက်၏။

ရဲအင်းက သိလိုစိတ်ပြင်းပြ၍ မေးမိသည်။

'ဘာဖြစ်လို့ ဒီလိုပတ်ပြီး လျှောက်နေရတာလဲ'

ဖုန်းမေ ပြုံးလိုက်သည်။

'ဘုံကျောင်းရဲ့အနေအထားကို လေ့လာကြည့်နေတာ'

'ဘာကိုတွေ့လို့လဲ'

ဖုန်းမေက ရှင်းပြလိုက်သည်။

'ဒီဘုံကျောင်းရဲ့အုတ်နံရံနဲ့ တောင်ပိုင်းလမ်းက ဈေးဆိုင်တွေက တစ်ဆက်တည်းရှိနေတာကို တွေ့ရတယ်'

သူမတို့သုံးယောက်မှာ ဘုံကျောင်းအား သေသေချာချာ အကဲခတ်ကြည့်နေကြသည်။

ထိုစဉ်....

အသက်သုံးဆယ်ကျော်ရှိသော လူနှစ်ယောက်သည် ဘုံကျောင်းလပ်းထဲ လှမ်းဝင်သွားသည်ကို တွေ့ရသည်။

ရဲအင်းက ဖုန်းမေအား ညွှန်ပြလိုက်သည်

'ဟောတော့....လူနှစ်ယောက် လမ်းထဲ ဝင်သွားပါလား'

ဖုန်းမေ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

ထိုစဉ်,...

လမ်းထဲသို့ဝင်သွားသော လူနှစ်ယောက်သည် ဘုံကျောင်းရှေ့သို့ ရောက်ရှိနေပြီဖြစ်သည်။

ရုတ်တရက်....

ဘုံကျောင်းထဲမှ မီးခိုးငွေ့များ ထွက်လာသည်။

မီးခိုးငွေ့ကြောင့် ဝန်းကျင်တစ်ခုလုံး ဝေဝါးသွားသည်။ တစ်ဆက်တည်းပင်....

'အား'

'အမယ်လေး'

ထိတ်လန့်သော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

ဖုန်းမေ ထိုမြင်ကွင်းကို မြင်လိုက်ရသည်နှင့် တစ်ဟုန်ထိုး ပြေးလွှားသွားသည်။

* * *



ဘုံကျောင်းရှေ့သို့ ရောက်ရှိသွားသောအခါ မီးခိုးငွေ့တို့ လွင့်ပါးသွားသည်။

သို့သော်....

လူနှစ်ယောက်အား မတွေ့ရတော့ချေ။

ရဲအင်းနှင့် ကျင်းကျင်းတို့မှာ ရှေ့ဆင့်နောက်ဆင့်ရောက်ရှိလာကြသည်။

သူတို့သည် ဘုံကျောင်းတံခါးကို စိုက်ကြည့်လိုက်သည်။

ဖုန်းမေသည် အသင့်ယူဆောင်လာသော မီးပုံးတစ်လုံးကို မီးထွန်းညှိလိုက်သည်။

ဘုံကျောင်း၏တံခါးသည် ကြီးမားသော သော့ခလောက်ဖြင့် ခတ်ထားသည်ကို တွေ့ရ၏။

သူမသည် အတန်ကြာ အကဲခတ်ကြည့်ပြီးမှ ကျင်းကျင်းဘက်သို့ လှည့်လိုက်၏။

'ဒီတံခါးကို အမြန်ဆုံးပိတ်ပြီး အမြန်ဆုံးသော့ခတ်ရင် အချိန် ဘယ်လောက်ကြာမလဲ'

ကျင်းကျင်းက အနည်းငယ်စဉ်းစားလိုက်ပြီး....

'နည်းနည်းတော့ ကြာမှာပဲ'

'ဒီလိုဆိုရင် တံခါးဖွင့်ပြီး လူနှစ်ယောက်ကို အထဲဆွဲသွင်းပြီး တံခါးပြန်ပိတ်၊ သော့ပြန်ခတ်ရင် ပိုပြီးကြာမှာပေါ့'

ကျင်းကျင်း ခေါင်းခါယမ်းလိုက်၏။

'အထဲဝင်ပြီးတော့မှ အပြင်ကိုသော့ခတ်လို့မှ မရတာပဲ'

ဖုန်းမေ ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

'ဟဲ… ဘာပဲဖြစ်ဖြစ် အထဲကိုဝင်ကြည့်မယ်၊ ပိုင်ရှင်ဆီက သော့တောင်းလိုက်ပါ'

ကျင်းကျင်း ခေါင်းညိတ်လိုက်၏။

'အိမ်ရှင်ကို ကျွန်မသိတယ်'

'ကောင်းပြီလေ၊ တို့သွားယူကြတာပေါ့'

*  *  *

# ကံကြမ္မာ

---

ဒေါ်လေးကူး….

ဒေါ်လေးကူးသည် ပန်းကလေး၏ မိခင်ဖြစ်သည်။

သမီးဖြစ်သူမှာ လူသတ်မှုဖြင့် ထွက်ပြေးတိမ်းရှောင်နေ၏။

အာဏာသားများကလည်း လာရောက်စုံစမ်းမေးမြန်းပြီးနောက် လုံးဝမလာကြပါချေ။

ထို့ကြောင့်….

ဒေါ်လေးကူးသည် သမီးဖြစ်သူအတွက် အလွန်ပင် စိုးရိမ်ပူပန်နေမိ၏။

အာဏာသားများသည် သမီးဖြစ်သူအား ဖမ်းမိသွားပြီဟု သံသယဖြစ်နေ၏။

သူမသည် သီလရှင်ကျောင်းကို သွားရောက်၍ သမီးဖြစ်သူ၏ အနေအနေကို ကြည့်ချင်သည်။

သို့သော်....

အန္တရာယ်ပေါ်ပေါက်လာမည်ကိုလည်း စိုးရိမ်နေမိ၏။

သို့သော်....

သူက သမီးဖြစ်သူထံသွားရန် ဆန္ဒပြင်းပျလာသည်။

နောက်ဆုံး....

သူသည်သီလရှင်ကျောင်းသို့ ထွက်လာခဲ့လေသည်။

* * *



ဝါစိန်း....

ဝါစိန်းသည် အာဏာသားတစ်ယောက်ဖြစ်သည်။

သူသည် ဒေါ်လေးကား၏ လှုပ်ရှားမှုကို စောင့်ကြည့်ရန် တာဝန်ကျနေခြင်း ဖြစ်သည်။

ယခု....

ဒေါ်လေးကူးထွယ်လာသောအခါ သူက နောက်ချောင်ခံ၍ လိုက်လာလေတော့သည်။

* * *

သီလရှင်ကျောင်း....

သီလရှင်ကျောင်းသည် လုယန်မြို့အနောက်ဘက်တွင်တည်ရှိလေသည်။

ကျောင်းထဲ၌ ဒေါ်လေးကူး ရောက်ရှိလာပြီ ဖြစ်သည်၊ အသက်အရွယ်ကြီးရင့်သော သီလရှင်တစ်ပါးက သူမအားကြိုဆိုလာလေသည်။

'ဒကာမကြီး ဘယ်နှယ့် လိုက်လာရတာလဲ'

ဒေါ်လေးကူး လက်အုပ်ချီလိုက်သည်။

'တပည့်တော်မရဲ့ သမီးလေးကို တွေ့ချင်လို့ပါ'

'ဒကာမကြီးရဲ့ သမီးလေးရှိပါတယ်'

ပန်းကလေးသည် မိခင်၏အသံ ကြားရသဖြင့် ပြေးထွက်လာလေသည်။

'မေမေ ဘာဖြစ်လို့ လိုက်လာရတာလဲ'

'သမီးကို စိတ်မချလို့ပေါ့'

ပန်းကလေးသက်ပြင်းချလိုက်သည်။

'မေမေ လိုက်လာမှပဲ သမီးအတွက် စိတ်မချရတော့ဘူး'

ဒေါ်လေးကူး မျက်မှောင် ကြုတ်လိုက်သည်။

'ဘာဖြစ်လို့လဲ'

ပန်းကလေးက စိုးရိမ်ပူပန်စွာဖြင့် ပြောလိုက်သည်။

'တော်ကြာ အာဏာသားက အမေ့နောက်ကလိုက်လာရင် ဘယ်လိုလုပ်မလဲ'

ဒေါ်လေးကူး ပြုံးလိုက်သည်။



'စိတ်ချပါ သမီးရယ်၊ မေမေ သေသေချာချာ ကြည့်ပြီးမှ လာတာပါ'

ထိုစဉ်မှာပင်....

'ဟား....ဟား....ဟား'

အေးစိမ့်သော ရယ်မောသံတစ်ချက် ထွက်ပေါ်လာသည်ကို တွေ့လိုက်ရလေသည်။

* * *

'ဟား....ဟား....ဟား'

ရယ်မောသံနှင့်အတူ လူတစ်ယောက် အခန်းအတွင်းသို့ ဝင်လာသည်။

ထိုလူသည် ရယ်မောရာမှ ရပ်တန့်ကာ ပန်းကလေးအား ကြည့်လိုက်ပြီး....

'မင်းနာမည် ပန်းကလေးလား'

ပန်းကလေး ကြောက်ကြောက်ရွံ့ရွံ့ ခေါင်းညိတ် လိုက်၏။

'ဟုတ်....ဟုတ်ပါတယ်ရှင်'

ထိုလူက ရင်ကော့လိုက်သည်။

'ကျုပ်က အာဏာသား ဝါစန်းပဲ၊ ကဲ.... ကျုပ်နောက် လိုက်ခဲ့ပေတော့'

ဒေါ်လေးကူးမှာ ပန်းကလေးအားဖက်ကာ ငိုကြွေးလိုက် လေသည်။

'မေမေ့ကြောင့်သမီးလေးအဖမ်းခံရတာ မေမေ့ အပြစ်ကွယ်'

ပန်းကလေးက နှစ်သိမ့်လိုက်သည်။

'ဖြစ်ပြီးသွားပြီပဲ ငိုမနေပါနဲ့တော့ မေမေရယ်'

ဝါစန်းက ပန်းကလေးအား ကြည့်လိုက်ပြီး....

'ရာဇဝတ်ဘေးဆိုတာ ပြေးမလွတ်ပါဘူး၊ ကဲ.... ကျုပ် နောက်လိုက်ခဲ့ပေတော့'

စကားဆုံးလျှင် သူကအခန်းထဲမှထွက်သွားသည်။

ပန်းကလေးမှာ ငိုရှိုက်ရင်း လိုက်ပါသွားလေသည်။

* * *



မှောင်စပြုလာပြီဖြစ်သည်။

သူတို့သည် အရှေ့ဘက်လမ်းဝသို့ ရောက်သွားသောအခါ လူရိပ်တစ်ခုသည် ဝါစန်းခေါင်းပေါ်မှ ဆောင်းထားသော အာဏာသား ဦးထုပ်ကို လုယူ၍ လမ်းထဲသို့ ဝင်ပြေးလေသည်။

ဝါစန်း ဒေါသ တခြောင်းခြောင်း ထွက်သွားလေတော့သည်။

'ငါ့လို အာဏာသားတစ်ယောက်ကို ရန်စဝံ့တာ နည်းတဲ့ သတ္တိမဟုတ်ဘူး၊ တွေ့ကြသေးတာပေါ့'

စကားဆုံးလျှင် သူသည် ပန်းကလေးအား ဆွဲခေါ်ပြီး ဦးထုပ်လုယူသွားသူနောက်သို့ လိုက်သွားသည်။

ဦးထုပ်လုယူသွားသောသူသည် ဘုံကျောင်းရှေ့သို့ ရောက်သောအခါ ပျောက်ကွယ်သွားသည်။

ဝါစန်းသည် ပန်းကလေးနှင့်အတူ ဘုံကျောင်းရှေ့သို့ ရောက်သောအခါ သူ၏မျက်လုံးအစုံသည် ပြူးကျယ်၍ သွားလေသည်။

ဦးထုပ်လုယူသောလူကို မတွေ့ရပါချေ၊

တံခါးမှာ သော့ခတ်ထားသည်ကို တွေ့ရလေသည်။

ဝါစန်း ကြောင်အမ်းအမ်းဖြစ်သွား၏။

'သူခိုးက ဘယ်များပျောက်သွားတာပါလိမ့်'

ထိုစဉ်မှာပင်....

စိမ်းရွှေရွှေအနံ့တစ်ခု နှာခေါင်းထဲ တိုးဝင်လာသည်ကို ခံစားလိုက်ရလေသည်။

ထို့နောက်

သူ၏ ဦးခေါင်းတစ်ခုလုံး မူးဝေလာပြီး မှောင်အတိ ကျသွားလေသည်။

* * *

## အန္တရာယ်ဆိုး

---

ဝါစန်း ပြန်လည်သတိရလာသည်။

သူက ပန်းကလေးကို သတိရလိုက်၏။

သူ ကမန်းကတန်းထကာ ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်သည်။

ပန်းကလေး၏အရိပ်အယောင်ကို မတွေ့ရပါချေ။

ထိုစဉ်....

လူသံများ ဆူညံစွာထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

ဝါစန်းသည် ထိုလူများထံ လှမ်းသွားလိုက်သည်။

* * *

ဝါစန်းသည် လူစုလူဝေးရှိရာသို့ ရောက်ရှိသွားပြီး ဖြစ်လေသည်။

သူက ထိုလူများကိုမေးလိုက်၏။

'ခင်ဗျားတို့ ကျုပ်ဖမ်းလာတဲ့တရားခံကို တွေ့ကြသလား'

'ဘယ်လိုတရားခံလဲ'

'အသက်နှစ်ဆယ်လောက်ရှိတဲ့ မိန်းကလေး တစ်ယောက်ပါ'

'ခင်ဗျားဆွဲခေါ်လာတဲ့ မိန်းကလေးလား'

ဝါစန်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

လူတစ်ယောက်က ပြောလာသည်။

'တွေ့တယ်'

ဝါစန်း ဝမ်းသာသွား၏။

'ပြောစမ်း ဘယ်မှာလဲ'

'ခင်ဗျားက သူ့ကိုခေါ်ပြီး ဘုံကျောင်းထဲဝင်သွားတာကို တွေ့ရတယ်၊ နောက်တော့ ခင်ဗျားသာ အပြင်ဘက်ကို လှည့်ထွက်လာတာ တွေ့ရတယ်၊ မိန်းကလေးကျတော့ ထွက်လာတာမတွေ့ရဘူး'

ဝါစန်း မျက်မှောင်ကြုတ်လိုက်သည်။

'မဖြစ်နိုင်တာ'

လူတစ်ယောက်က ပြောလာသည်။

'ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ'



'ဘုံကျောင်းပျက်တံခါးကို သော့ခတ်ထားတယ် မဟုတ်လား'

လူတစ်ယောက်က ဝင်ပြောလာသည်။

'ခင်ဗျားပဲ သော့ဖျက်ပြီးဝင်သွားတာပဲ'

ဝါစန်း မဲ့ပြုံးပြုံးလိုက်သည်။

'ကျုပ်ဖမ်းလာတဲ့တရားခံကို ဘယ်နည်းနဲ့မှ အလွတ်မပေးနိုင်ဘူး'

စကားဆုံးလျှင် သူက ဘုံကျောင်းသို့ ပြန်လျှောက်သွားလေသည်။

* * *

ဘုံကျောင်းတံခါးသော့သည် ယခုအခါ ပွင့်နေသည်။

ဝါစန်း မဲ့ပြုံးပြုံးလိုက်ပြီး တံခါးကို တွန်းဖွင့်လိုက်လေသည်။

'ကျွီ'

တံခါးပွင့်သွားသည်။

ထို့နောက်

သူက အတွင်းသို့ လှမ်းဝင်သွားလေသည်။

လူအားလုံးက ဘုံကျောင်းတံခါးဝကို မျက်တောင်မခတ်ကြည့်လိုက်သည်။

ထိုစဉ်....

ဘုံကျောင်းအတွင်းမှ မီးခိုးငွေ့များ ထွက်လာသည်။

တဆက်တည်းပင်

'ဝုန်း....'

'အား'

ကျယ်လောင်သောအသံနှင့်အတူ ဘုံကျောင်းထဲမှ လူရိပ်တစ်ခု အပြင်သို့ထွက်လာလေ၏။

လူများမှာ ကြောက်လန့်စွာဖြင့် ကြည့်နေကြသည်။

ထမင်းတစ်အိုးကျက်ခန့် အချိန်သို့ရောက်သောအခါ မီးခိုးများ ပျောက်သွားပြီး ပတ်ဝန်းကျင်တစ်ခုလုံး ကြည်လင်လာသည်။

လူအုပ်ထဲမှ တချို့တစ်ဝက်သည် အရဲစွန့်ပြီး ဘုံကျောင်းထဲမှ လွင့်ထွက်သောလူအား သွားရောက်၍ ယူဆောင်ကာ ပြန်လာခဲ့ကြသည်။



ထိုအခါ

ထိုလူရိပ်မှာ ဝါစန်းဖြစ်နေသည်ကို တွေ့လိုက်ရသည်။

ဝါစန်း၏ မျက်နှာတစ်ခုလုံး ပြာနှမ်းနေသည်။

ဝါစန်းမှာ သေဆုံးနေပြီဖြစ်သည်။

ထိုစဉ်မှာပင်....

မိန်းကလေးသုံးယောက် ပြေးလွှားရောက်ရှိလာ၏။

ရှဲအင်းတို့ပင်ဖြစ်သည်။

ဖုန်းမေက အနီးရှိလူများကို အကျိုးအကြောင်းမေးလိုက်သည်။

ထို့နောက်....

ဝါစန်း၏ဒဏ်ရာကို စစ်ဆေးကြည့်လိုက်သည်။

ဝါစန်းမှာ အဆိပ်မိ၍ သေဆုံးသွားခြင်းဖြစ်သည်၊

ဖုန်းမေက လူအများကို ဝေ့ကြည့်လိုက်ပြီး....

'ကဲ....သူ့ကို မြို့တော်ဝန် ရုံးကို ခေါ်သွားပြီး အကျိုးအကြောင်း ပြောပြလိုက်ပါရှင်၊ ကျွန်မတို့ လုပ်ဆောင်စရာကိစ္စလေးတွေ ရှိသေးလို့ပါ'

စကားဆုံးလျှင် သူမက ကျင်းကျင်းတို့အား မျက်ရိပ်ပြလိုက်သည်။

ထိုနောက်

သူမတို့သည် ဘုံကျောင်းသို့ လျှောက်လာကြလေ၏။

* * *

ဖုန်းမေက ဘုံကျောင်း တံခါးဝကို ကြည့်လိုက်သည်။

'ဟင်'

သူမ၏ မျက်လုံးအစုံ ဝိုင်းစက် ပြူးကျယ်သွားလေတော့သည်။

အကြောင်းမှာ

ဘုံကျောင်းတံခါးမှာ ကြီးမားသည့် သော့ခလောက် ခတ်ထား၍ ဖြစ်၏။

ကျင်းကျင်းတို့လည်း အံ့သြသွား၏။

ဖုန်းမေက စိတ်ရှုပ်သွားဟန်ဖြင့်....

'ခုနကပဲ ဝါစန်းက သော့ဖျက်ပြီး ဝင်သွားတယ်၊ အခု ဘယ်လိုလုပ် သော့ခတ်ထားတာပါလိမ့်'

သူမသည် ရေရွတ်ရင်း သော့ကိုယူ၍ ဖွင့်လိုက်၏။

'ချပ်'

သော့ပွင့်သွားသည်။

ဖုန်းမေက ရဲအင်းနှင့် ကျင်းကျင်းတို့အား ကြည့်လိုက်လေသည်။

'ညီမလေးတို့ အစစအရာရာ သတိထားပါ'

ရဲအင်းနှင့် ကျင်းကျင်း ခေါင်းညိတ်လိုက်၏။

'စိတ်ချပါ မမ'

ထို့နောက်

သူမတို့သုံးယောက်စလုံး ဘုံကျောင်းထဲသို့ ဝင်ရောက်လိုက်သည်။

* * *



ဘုံကျောင်းအတွင်း တိတ်ဆိတ်နေသည်။

ဖုန်းမေက သေချာစွာ လေ့လာလိုက်၏။

ကြမ်းပြင်တစ်ခုလုံးမှာ ဖုန်များက တစ်လက်မခန့် ထူထပ်နေသည်။

တစ်အိမ်လုံး၌ ရဲအင်း၊ ကျင်းကျင်းနှင့် ဝါစန်းတို့၏ခြေရာမှလွဲ၍ တစ်ခြားလူ ခြေရာဟူ၍ မရှိချေ။

ခြေရာဟူသည် ကျင်းကျင်းနှင့် ရဲအင်းတို့ပြောသည့်အတိုင်း ကြောင်နှင့်ကြွက် ခြေရာများသာ ရှိ၏။

တစ်ခု ထူးခြားသည်မှာ ရဲအင်းတို့၏ ခြေရာသည် အဝင် အထွက် ခြေရာရှိသင့်၏။

သို့သော်

ယခုမူ သူမတို့၏ ခြေရာများသည် အဝင်သာရှိပြီး အထွက် မရှိပါချေ။

ဝါစန်း၏ ခြေရာမှာလည်း ထိုနည်းအတိုင်းပင် ဖြစ်သည်။

ရဲအင်း သက်ပြင်းချလိုက်၏။

'အင်း....ဒီဘုံကျောင်းဟာ အတော်ထူးဆန်းနေတယ် ဆိုတာ ထင်ရှားနေပြီ'

ဖုန်းမေ ခေါင်းညိတ်လိုက်သည်။

'သူတို့တွေ ပြောပုံအရဆိုရင် ပန်းကလေးက အဖမ်းခံလိုက်ရတာ သေချာတယ်၊ ဒါပေမယ့် ဘာသဲလွန်စမှ မတွေ့ရတာ ခက်တယ်'

ထိုနောက်

သူတို့သည် ဘုံကျောင်းထဲမှ ပြန်ထွက်လာ၏။

ဖုန်းမေသည် တံခါးအား ပြန်ပိတ်လိုက်လေ၏။

သူမတို့သည် တံခါးကို သော့ခလောက် ပိတ်ခြင်း စသည့် အလုပ်များကို လုပ်ပြီးသည့်အခါ အချိန်အတော် ကုန်သွားသည်။

သူမတို့သည် တံခါးသော့ကို ပိုင်ရှင်ထံ သွားရောက်ပေးပြီးနောက် ရှဲအင်းနှင့် ကျင်းကျင်းတို့က အိမ်သို့ ပြန်သွားကြလေသည်။

* * *

သံသယ တစ်စွန်းတစ်စ

နောက်တစ်နေ့နံနက်....

ကျင်းကျင်းနှင့် ရှဲအင်းတို့ အိပ်ရာမှ နိုးလာကြသည်။

သူတို့သည် ပြတင်းပေါက်မှနေ၍ အပြင်ဘက်သို့ ကြည့်လိုက်သောအခါ ဖုန်းမေသည် ခြံဝင်းထဲ၌ အေးဆေးစွာ ထိုင်နေသည်ကို တွေ့မြင်လိုက်ရ၏။

သူမတို့ ခြံထဲ ပြေးဆင်းသွားကြသည်။

ရှဲအင်းက အနီးသို့ ရောက်သောအခါ မေးလိုက်သည်။

'ညတုန်းက မမ ဘယ်အချိန်မှ ပြန်ရောက်သလဲ'

ဖုန်းမေ ပြုံးလိုက်၏။

'နည်းနည်းနောက်ကျသွားတယ်'

'မမ ဘယ်ကို သွားသေးသလဲ'

‘သီလရှင်ကျောင်းကို’

ရှဲအင်း မျက်မှောင်ကုတ်လိုက်၏။

‘သီလရှင်ကျောင်းကို သွားတာ ဟုတ်လား’

‘ဟုတ်တယ်’

ဖုန်းမေက ပြန်မေးလိုက်သည်။

‘သီလရှင် ဘယ်နှစ်ပါးရှိသလဲ’

ရှဲအင်းက တစ်ချက် စဉ်းစားလိုက်ပြီး....

‘သုံးယောက်ပဲရှိတယ်’

သူမက ပြုံးလိုက်၏။

‘ငါ ဟိုရောက်တော့ သီလရှင် နှစ်ပါးပဲ ကျန်တော့တယ်’

ကျင်းကျင်းက တအံ့တဩဖြင့် ပြောလာသည်။

‘တစ်ပါးက ဘယ်ရောက်သွားလို့လဲ’

‘ထွက်ပြေးသွားတယ်လေ’

ရှဲအင်း မျက်မှောင်ကုတ်လိုက်၏။

‘သူက ဘာကြောင့် ထွက်ပြေးသွားတာလဲ’

ဖုန်းမေ ပြုံးလိုက်၏။

‘သူမက ကျောင်းထိုင် တစ်ယောက်လေ’

ရှဲအင်းက သဘောပေါက်သွားဟန်ဖြင့်....

‘ဪ.... သူက ပန်းကလေးကို လက်ခံထားတဲ့အတွက် အာဏာသားတွေ ဖမ်းသွားမှာကြောက်လို့ ထွက်ပြေးတာ ဖြစ်မယ်’

ဖုန်းမေ ခေါင်းယမ်းလိုက်သည်။

‘ဒီကိစ္စကြောင့် မဟုတ်ဘူး’



‘ဒါဖြင့် ဘာကြောင့်လဲ’

‘အာဏာသားတွေ သူ့ဆီလာတာက ကြေးဒင်္ဂါးနဲ့ပတ်သက် ပတ်သက်လိမ့်မယ်လို့ ထင်မိလို့ပါ’

ကျင်းကျင်း အံ့ဩသွားသည်။

‘မမက ဘယ်လိုလုပ်သိသလဲ’

ဖုန်းမေ ပြုံးလိုက်သည်။

‘မမက... ဟိုရောက်တော့ သီလရှင် ထွက်ပြေးသွားပြီလို့ ကျန်တဲ့သီလရှင်တွေက ပြောတယ်၊ နောက်ပြီး သူ့အိပ်ခန်းထဲက ပစ္စည်းအားလုံး ရှုပ်ပွနေတယ်၊ တစ်စုံတစ်ယောက်က မွှေနှောက်သွားပုံရတယ်’

‘အဲဒါ ဘာဖြစ်လို့လဲ’

‘အာဏာသားက ဘာကိုရှာဖွေတာလဲ’

‘ကြေးဒင်္ဂါးပြား ဖြစ်မှာပေါ့’

‘သူတို့ ရှာတွေ့သလား’

ဖုန်းမေက သက်ပြင်းတစ်ချက် ချလိုက်သည်။

‘အင်း.... သီလရှင်တွေရဲ့ ပြောပြချက်အရဆိုရင် သူတို့က အထုပ်ကလေး တစ်ထုပ်ကို ရှာတွေ့လို့ ယူသွားကြတယ်လို့ ပြောပြတယ်’

ရှဲအင်း နှာခေါင်းရှုံ့လိုက်သည်။

‘အာဏာသားတွေက ဘာဖြစ်လို့ သူများပစ္စည်းကိုရှာဖွေယူဆောင်သွားကြတာလဲ မသိဘူး’

ဖုန်းမေ ပြုံးလိုက်သည်။

‘သူတို့ဟာ အာဏာသားအစစ်မှ မဟုတ်ကြတာ’

ရဲအောင်း မျက်မှောင်ကြုတ်လိုက်သည်

'ဒါဖြင့် သူတို့က ဘယ်သူတွေလဲ'

'ကြေးဒင်္ဂါးပြားတွေကို ကြောငြာထုတ်ပြီး ဝယ်လိုတဲ့ ရှေ့ဟောင်း ကုန်သည်ဖြစ်မယ်လို့ ထင်မိတယ်'

ကျင်းကျင်းက ပြောသည်။

'ဒီလိုဆိုရင် သိလရှင်ဟာ အဲ့ဒီပစ္စည်းပိုင်ဆိုင်တဲ့ လူတစ်ဦး ဖြစ်နေတာပေါ့၊ ဒါဆို ပန်းကလေးအဖမ်းခံရတာလဲ ဒီကိစ္စ ပတ်သက်တာ ဖြစ်ရမယ်'

ဖုန်းမေ ခေါင်းညိတ်လိုက်၏၊

'ဟုတ်တယ်'

ရဲအောင်း မျက်မှောင်ကြုတ်လိုက်၏။

'ပန်းကလေးဟာ ဘုံကျောင်းရှေ့မှာ ပျောက်သွားတာ လေ'

ဖုန်းမေ ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ လူဆိုးဟာ ဘုံကျောင်းနဲ့လဲ ပတ်သက်နေ မယ်'

သူမက စကားစလိုက်သည်။

'ပန်းကလေးကို အာဏာသားဝါစန်းက လက်ဦးအော ဖမ်းလိုက်တဲ့အတွက် လူဆိုးဘက်က ကမန်းကတန်း သူတို့ ဌာနချုပ်ကို အကြောင်းကြားလိုက်တယ်၊ ဒါကြောင့် သူတို့ အကူကဲဆင်ပြီး ဘုံကျောင်းထဲရောက်အောင် ဝါစန်း ဦးလူ ကို လုယူပြီး မျှားခေါ်သွားတယ်၊ ဝါစန်းကလိုက်သွားလေ သူတို့အကြံအစည် အောင်မြင်သွားတာပဲ'



ကျင်းကျင်း ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

'ဒီလိုဆိုရင်.... ပစ္စည်းယူမယ့် သူနဲ့တခန္ဓာဘုံကျောင်းတို့ဟာ အချိတ်အဆက်ရှိမှာပေါ့'

ဖုန်းမေ ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်'

ရဲအောင်း မျက်မှောင်ကြုတ်လိုက်သည်။

'ဒါဆို ဘုံကျောင်းထဲမှာ လူဆိုးတွေရှိတာပေါ့'

'ဟုတ်တယ်'

ရဲအောင်း ခေါင်းခါလိုက်သည်။

'လူဆိုးတွေဟာ ဘုံကျောင်းထဲမှာရှိနေတယ်ဆိုတာ မဖြစ်နိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုရင် သူတို့ခြေရာမှ မတွေ့ရပဲ'

ဖုန်းမေ ပြုံးလိုက်သည်။

'မမ.... တစ်ခုမေးမယ်' ညည်းတို့ဝင်သွားတော့ ပြတင်းပေါက်တွေ ဖွင့်ထားသလား၊ ပိတ်ထားသလား'

'ပိတ်ထားတယ်'

ဖုန်းမေက စကား... က်လိုက်သည်။

'ညီမလေးတို့ရဲ့ နှာခေါင်းထဲမှာ ထူးခြားတဲ့အနံ့တစ်ခု မရှူမိဘူးလား'

ရဲအောင်းနှင့် ကျင်းကျင်းတို့ ပြိုင်တူ ခေါင်းညိတ်လိုက်သည်။

'ရှူမိသလိုပဲ'

ဖုန်းမေ ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

'အဲ့ဒါခြင်းပါတယ်၊ ဘာဖြစ်လို့လဲဆိုရင် ညီမတို့ကို ဆေးငွေနဲ့ မေ့အောင်လုပ်ပြီးမှ သူတို့က ညီမတို့ကိုဘပြင်မှာ ပစ်ထားလိုက်တာ ဖြစ်ရမယ်'

ရှဲအင်း ဘဝင်မကျ ဖြစ်နေ၏။

'သူတို့က ညီမတို့ကိုမှ ပြီး လမ်းမပေါ်ကိုပစ်ထားတယ်ဆို ရင် ခြေရာတွေမှာပေါ့၊ အခုတော့ ဘာခြေရာမှ မတွေ့ရပါ လား'

ဖုန်းမေ ပြုံးလိုက်၏။

'ညီမတို့ရဲ့မျက်လုံး နည်းနည်းမှုန်နေကြပြီထင်တယ်၊ လူ့ခြေရာက တစ်ခု ...ောင် မဟုတ်ဘူး၊ အများကြီးပဲ'

ရှဲအင်း ခေါင်းခါယမ်းလိုက်၏။

'မဖြစ်နိုင်တာပဲ'

ဖုန်းမေ ထရပ်လိုက်သည်။

'ဦးနှောက်ကို သုံးပါ၊ များများစဉ်းစားပါ၊ ဒါဆို လျှို့ဝှက်ချက်ဆိုတာ မရှိနိုင်တော့ဘူး၊ ကဲ.... မမ ရေသွားချိုး လိုက်ဦးမယ်'

စကားဆုံးလျှင် ဖုန်းမေသည် ရှဲအင်းတို့အနီးထွက်သွား ခဲ့သည်။

ရှဲအင်းမှာ မကျေမနပ်နှင့် ကျစ်ရစ်ခဲ့လေသည်။

*　　*　　*

ရုပ်လုံးပေါ်လာသော သဲလွန်စ

---

နေခြည်ဖြာကျနေသည်။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေသည်။

နံနက်စာစားပြီးသည့်အထိ ရှဲအင်း၏နှုတ်ခမ်းသည် စူမြဲ စူ ထား၏။

ထိုစဉ်....

အာဏာသားဝေထင်းရောက်ရှိလာသည်။

ဖုန်းမေနှင့် ကျင်းကျင်းတို့က ရင်းနှီးစွာဖြင့်ကြိုဆိုလိုက်၏။ ရှဲအင်းမှာမူ နှုတ်ခမ်းစူလျက် အပြစ်တင် ပြောဆိုလိုက် သည်။

'မနေ့က လာမယ်ဆိုပြီး ဘာဖြစ်လို့ မလာတာလဲ၊ ကျွန်မ တို့ တစ်နေကုန် စောင့်နေရတယ်'

ဝေထင်း အားတုံ့အားနာဖြစ်သွားသည်။

‘ကျုပ်တောင်းပန်ပါတယ်ဗျာ၊ မနေ့ကမလာတာ သတင်းတစ်ခုမှ မရလို့ပါဗျာ’

ရှဲအင်း ပခုံးတွန့်လိုက်၏။

‘ဒါဖြင့် ဒီနေ့ရောက်လာတယ်ဆိုတော့ သတင်းထူးပါလာတယ်ပေါ့’

ကျင်းကျင်းမနေနိုင်တော့ပါ။

‘ရှဲအင်း၊ ဧည့်သည်လာဖို့ မကြိုသေးဘူး၊ ညည်းကအဖြစ်ဘဲပြောနေပါလား’

ရှဲအင်း မဲ့ပြုံးပြုံးလိုက်၏။

‘သူက ဧည့်သည်မဟုတ်ဘဲ၊ လောကွတ်ချော်ဖို့မလိုပါဘူး’

ဝေထင်းက ပြုံးလိုက်ပြီး ထိုင်ခုံတစ်လုံး၌ ဝင်ထိုင်လိုက်သည်။

ရှဲအင်းက ဝေထင်းကို မေးလိုက်၏။

‘ကဲ....ဘာသတင်းလဲ’

ဝေထင်းက ပြုံးလိုက်၏။

‘မနေ့က ဝါစန်းက ပန်းကလေးကို ဖမ်းမိတယ်၊ ဒါပေမယ့် ဘုကျောင်းရှေ့ကဖြတ်သွားတဲ့အခါ ဝါစန်းအသတ်သေဆုံးခဲ့ရတယ်၊ ပန်းကလေးကိုလဲ ရန်သူက ဖမ်းသွားတယ်’

သူ၏စကားမဆုံးမီ ရှဲအင်းလက်ကာပြလိုက်သည်။

‘တော်ပြီ၊ ဆက်မပြောနဲ့တော့၊ အားလုံးသိပြီးပြီ’

ဖုန်းမေက ရှဲအင်းကို မျက်လုံးပြူးပြလိုက်သည်။



သူမက ပြုံးလိုက်ပြီး....

‘ကဲ....ဆက်ပြောပါဦးရှင်’

ဝေထင်း ခေါင်းတစ်ချက်ညိတ်လိုက်၏။

‘ကျုပ်လဲ ဝါစန်းအတွက် စိတ်မကောင်းဖြစ်မိတယ်၊ မမျှော်လင့်ပဲ ကျုပ်က ဝါစန်းမှတ်စုစာအုပ်ထဲက လူပျောက်မှုကို သိခဲ့ရတယ်’

ဖုန်းမေ စိတ်ဝင်စားသွား၏။

‘ဆက်ပြောပါဦး၊ ဘယ်သူပျောက်သွားလို့တုန်း’

ဝေထင်းက ပြောလာသည်။

‘အဲ....ဒီလူပျောက်မှုက သူဌေးကြီးချင်းယူဟာ လုယန်မြို့ကလာတယ်၊ နောက်တစ်နေ့ ညနေခင်းမှာ ပျောက်ဆုံးသွားတယ်လို့ တိုင်ကြားထားတယ်’

ဖုန်းမေ မျက်မှောင်ကုပ်လိုက်သည်။

‘သူက ကိုရောက်တော့ ဘယ်မှာ တည်းခိုလဲ’

‘ဟပ်ထိုက် စားသောက်ဆိုင်မှာပါ’

‘သူပျောက်ဆုံးသွားတာ ဘယ်သူက လာတိုင်တာလဲ’

‘သူ့ရဲ့မိသားစုက လာတိုင်တာပေါ့’

ဖုန်းမေ မျက်မှောင်ကုတ်လိုက်သည်။

‘အခု သိ မတွေ့သေးဘူးလား’

ဝေထင်း ခေါင်းညိတ်လိုက်သည်။

‘သဲလွန်စတောင်မရသေးဘူး’

ဖုန်းမေ တစ်ချက်တွေဝေသွားသည်။

တစ္ဆွေ့ဘု ကျောင်းနှင့်ကြေးဒင်္ဂါးဝယ်ယူလိုသူတို့ ပတ်သက်နိုင်သည်။

ထို့ အပြင်....

ချင်းယုသည် ကြေးဒင်္ဂါးလက်ဝယ်ရှိ၍ ဒုက္ခရောက်သွားသည်ဟု တွေးတောမိလိုက်လေ၏။

* * *

ပထမပိုင်း ပြီး၏။

တက္ကသိုလ်သီဟအောင်

# တက္ကသိုလ်သီဟအောင်

---

# ကြေးဒင်္ဂါး၏ သွေးပဟေဠိ

( ဒုတိယ ဇာတ်သိမ်းပိုင်း )

## လူသတ်တရားခံအစစ်

နေခြည်ဖြာကျနေသည်။
ခန်းကျင်တစ်ခုလုံး သာယာလှပနေသည်။
လေပြည်လေညှင်းများ ဝှေ့ယမ်းတိုက်ခတ်နေ၏။
အခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။
ဝေထင်းသည် ဖုန်းဝေအား အကဲခတ်ကြည့်လိုက်သည်။
အတန်ကြာမှ....
ဖုန်းဝေ သက်ပြင်းတစ်ချက်ချကာ ပြောလာသည်။
'အင်း....ပြောပါဦး၊ တခြားလူပျောက်ကော ရှိသေးရဲ့လား'

ဝေထင်း ခေါင်းညိတ်လိုက်သည်။
'ဟုတ်ကဲ့၊ တခြားလူပျောက် တိုင်တားတာရှိပါတယ်'

ဖုန်းမေ စိတ်ဝင်စားစွာမေးလိုက်သည်။

'ဘယ်သူများလဲ'

'ဒီမြို့က ရှေးဟောင်းပစ္စည်း အရောင်းဆိုင်ပိုင်ရှင် မုရှမ် ဆိုတဲ့လူပါပဲ'

ဖုန်းမေ မျက်မှောင်ကြုတ်လိုက်၏။

'သူက ဘယ်လိုပျောက်ဆုံးသွားတာလဲ'

ဝေထင်းက ချောင်းတစ်ချက်ဟန့်ပြီး

'လွန်ခဲ့တဲ့လေးရက်လောက်က လူတစ်စုက ပစ္စည်းဝယ်မယ် ဆိုပြီး ရောက်လာတယ်၊ နောက်တော့ ရှေးဟောင်းပစ္စည်း တွေနဲ့အတူ သူ့ကိုပါ ခေါ်ဆောင်သွားကြတယ်လို့ တိုင်ထား တယ်'

'ရှေးဟောင်းပစ္စည်းဆိုတော့ ဘာပစ္စည်းလဲ'

ဝေထင်း သက်ပြင်းတစ်ချက်ချပြီး

'လက်မှတ်ဆိပ် ရိုက်နှိပ်ထားတဲ့ ကြေးဒင်္ဂါးပြားတစ်ခုလို့ သိရပါတယ်'

'ဒီအမှုလဲ စုံစမ်းလို့မရဘူးလား'

ဝေထင်းက ပြုံးလိုက်၏။

'မနေ့ညကပဲ သူ့မိသားစုက လာပြီး မုရှမ်ဟာ လူဆိုးတွေ လက်က ပြေးထွက်လာပြီလို့ အကြောင်းကြားထားပါတယ်'

'ဒါဖြင့် ဒီအမှုကို ပယ်ဖျက်လိုက်ပြီပေါ့'

ဝေထင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

ဖုန်းမေ မျက်မှောင်ကြုတ်လိုက်သည်။



'သက်ဆိုင်ရာအာဏာပိုင်က လူဆိုးရဲ့နေရာကို မမေးဘူး လား'

'မေးပါတယ်၊ မုရှမ်ရဲ့ထွက်ဆိုချက်အရ လူဆိုးက သူ့ကို မြို့ပြင်တစ်နေရာမှာ ချုပ်နှောင်ထားတယ်လို့ သိရပါတယ်'

ဝေထင်းက ထပ်မံရှင်းပြလိုက်သည်။

'ဒါနဲ့ ဒီနေ့မှာ ကျုပ်က မုရှမ်အိမ်ကိုရောက်သွားတယ်၊ သူ့ကိုစုံစမ်းရင် သူနဲ့ယက္ခကြီးနဲ့ အလွန်ရင်းနှီးတာကို သိခဲ့ရ တယ်'

ဖုန်းမေ ခေါင်းညိတ်လိုက်၏။

'ဒီသတင်းက သိပ်ကိုဟန်ဖိုးကြီးတာပဲ'

ဝေထင်း ပြုံးလိုက်သည်။

'ပိုပြီးထူးတာက မုရှမ်ဆိုတဲ့လူဟာ အရပ်အလွန်ရှည်တယ်၊ ညာဘက်ခြေတစ်ဖက်ဟာဘယ်ဘက်ခြေထောက်ထက်တိုနေတာ ကို တွေ့ရတယ်'

ရဲအင်းက ကြားဖြတ်ပြောလိုက်သည်။

'ဒါဖြင့် မုရှမ်ဆိုတဲ့လူဟာ ယက္ခကြီးကိုသတ်တဲ့ လူသတ် တရားခံ ဖြစ်နေပါလား၊ ရှင် လူကိုမဖမ်းလိုက်ဘူးလား'

ဝေထင်း ခေါင်းယမ်းလိုက်သည်၊

'မဖမ်းပါဘူး'

ရဲအင်း မျက်မှောင်ကြုတ်လိုက်သည်။

'ဘာဖြစ်လို့လဲ'

ဝေထင်း ပခုံးတွန့်လိုက်သည်။

'သူ့ကိုဖမ်းရလောက်အောင် အပြစ်မှရှာမရတာ'

ရှဲအင်း မကျေမနပ်ဖြစ်သွားသည်။

'ဒါနဲ့ သူက ခြေထောက်တစ်ဖက်တိုပြီး တစ်ဖက်ရှည်တယ်ဆို'

ဝေယင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ ဒါပေမယ့် သူ့ကိုဖမ်းနိုင်လောက်အောင် အခြေအနေကမပေးဘူး'

'ဘာဖြစ်လို့လဲ'

'ယက္ခကြီး အသတ်ခံရတဲ့နေ့ထက် သုံးရက်စောပြီး မုရှမ်ကို လူဆိုးတွေကဖမ်းသွားတယ်၊ မနေ့ညကမှ ပြန်လွှတ်လာတဲ့ အတွက် အချိန်ဇယားကိုကြည့်ရင် သူဟာ လူသတ်သမား မဖြစ်နိုင်ဘူး၊ ဒါကြောင့် ကျုပ်က သူ့ကိုဖမ်းဖို့အကြောင်း မခိုင်လုံဘူး'

ဖုန်းမေခေါင်းညိတ်လိုက်၏။

'အင်း....ဒါလဲ ဟုတ်ပါတယ်'

သူသည် ပြောရင်း အတန်ကြာအောင် စဉ်းစားလိုက်လေသည်။

အတန်ကြာမှ....

ဝေ့ထင်းကမေးလိုက်၏။

'ဒါနဲ့ သူ့ရဲ့ အိမ်သားတွေက ရှင်တို့ဆီ မကြာမကြာအခြေအနေ လာစုံစမ်းသလား'

ဝေ့ထင်း တစ်ချက်စဉ်းစားလိုက်ပြီး....

'ပထမတစ်နေ့ပဲ လာပြီးတိုင်သွားတယ်၊ အဲ့ဒီနောက် တစ်ခေါက်မှ မရောက်တော့ပါဘူး'



ဖုန်းမေခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

'မုရှမ်ရဲ့အိမ်နီးချင်းကို အကြောင်းစုံသွားပြီး စုံစမ်းခဲ့သေးသလား'

ဝေ့ထင်းခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့ ကျုပ်သွားပြီး စုံစမ်းခဲ့ပါသေးတယ်'

'သူတို့က ဘာတွေပြောလိုက်သလဲ'

'အိမ်နီးချင်းကတော့ မုရှမ်ကို လူဆိုးတွေ ဖမ်းသွားတယ်ဆိုတာ သိကြတယ်လို့ ပြောပါတယ်'

'လူဆိုးဖမ်းခေါ်သွားတာလဲ လွန်ခဲ့တဲ့လေးရက်ဘုန်းကပဲ မဟုတ်လား'

'ဟုတ်ပါတယ်'

ဖုန်းမေသက်ပြင်းတစ်ချက်ချလိုက်သည်။

'မုရှမ်ကို လူဆိုးတွေက ဖမ်းသွားတာ အမှန်ဖြစ်ရင် ဒီအမှုဟာ....'

သူမက စကားရပ်လိုက်ပြီး စဉ်းစားလိုက်၏။

ထိုစဉ်....

ရှဲအင်းက ကြားဖြတ်ပြောလာသည်။

'အချိန်က ကိုက်ညီခြင်းမရှိတဲ့အတွက် ယက္ခကြီးကိုသတ်တဲ့လူသတ်တရားခံဟာ မုရှမ်မဖြစ်နိုင်ဘူး ဟုတ်လား'

ဖုန်းမေခေါင်းခါယမ်းလိုက်၏။

‘သူ့ကိုလူဆိုးက ဖမ်းသွားတာအမှန်တကယ်ဖြစ်တယ်ဆိုရင် ယက္ခကြီးကိုသတ်တဲ့ လူသတ်တရားခံဟာ သူပဲဖြစ်ရမှာပေါ့’

‘ဟင်....’

‘ဟာ....’

‘အို....’

သူ၏စကားကြောင့် အားလုံးအံ့ဩသွားကြသည်။

သူတို့သည် ဖုန်းမေအား နားမလည်နိုင်သော အကြည့်ဖြင့် ကြည့်လိုက်ကြသည်။

ဖုန်းမေ၏ခြေဖြေကိုစောင့်မျှော်နေကြ၏။

ကျင်းကျင်းက နားမလည်နိုင်ဟန်ဖြင့်....

‘လူဆိုးတွေက မုဆိုးမှုရှိမ်ကိုဖမ်းဆီးခေါ်ဆောင်သွားတဲ့အတွက် ယက္ခကြီးကို သတ်ဖို့ အခွင့်အလမ်းရှိတယ်ဟုတ်လား’

ရဲအင်းက ခေါင်းခါယမ်းလိုက်၏။

‘ကျွန်မ နားမလည်ဘူး’

ဝေထင်းလည်း ခေါင်းခါယမ်းလိုက်သည်။

‘ကျုပ်လဲနားမရှင်းဘူးဗျ’

ဖုန်းမေပြုံးလိုက်သည်။

‘ရှင်တို့အားလုံး နားလည်အောင်ကျွန်မ ရှုထောင့်တစ်မျိုးကနေရှင်းပြပါ့မယ်’

သူမ ချောင်းတစ်ချက်ဟန့်လိုက်သည်။

‘ကျွန်မ တွေးထင်ယူဆချက်အရ ယက္ခကြီးနဲ့မုဆိုးမှုရှိမ် တို့ဟာ အတော်ရင်းနှီးတဲ့မိတ်ဆွေများ ဖြစ်ရမယ်၊ နောက်ပြီး ကြေးဒင်္ဂါးပြားကို မြင်ဖူးကြလိမ့်မယ်လို့ ကျွန်မယူဆတယ်’



ဝေထင်းတို့က ဂရုတစိုက် နားထောင်နေကြ၏။

ဖုန်းမေက စကားဆက်လိုက်၏။

‘ကြေးဒင်္ဂါးပြားကို အလိုရှိတဲ့ ကြော်ငြာကို ယက္ခကြီးက တွေ့ထားတဲ့အတွက် သူက အဲ့ဒီကြေးဒင်္ဂါးအတိုင်းအတုတစ်ခု လုပ်ပြီးဟပ်ထိုက် စားသောက်ဆိုင်ကို သွားပြတာဖြစ်မယ်’

ကျင်းကျင်းအနည်းငယ် နားလည်လာသည်။

ဝေထင်းနှင့်ရဲအင်းတို့ကမူ နားမလည် နိုင်ပါသေးချေ။

‘အဲ့ဒါကို လူဆိုးကအတုဖြစ်မှန်းသိသွားတယ်၊ ဒါပေမယ့် ဒီအတုဟာ သူတို့အလိုရှိနေဘဲ့ ကြေးဒင်္ဂါးပြားနဲ့ တော်တော်ကလေးနီးစပ်တဲ့အတွက် ယက္ခကြီးဟာ ကြေးဒင်္ဂါး အစစ်ကို တွေ့မြင်ရတယ်လို့ တစ်ထစ်ချယူကြည့်တယ်’

ဝေထင်း အနည်းငယ် သဲလွန်စရလာ၏။

ရဲအင်းမှာမူ ခေါင်းကုပ်၍ နေသေးသည်။

ဖုန်းမေက ထပ်မံရှင်းပြလိုက်၏။

‘ဒါကြောင့် သူတို့က ယက္ခကြီးကို စောင့်ခိုင်းပြီး သူတို့လူကို အာဏာသားဟန် ဆောင်ပြီးတော့ သူတို့ ဖမ်းခေါ် သွားပြီး ခြိမ်းခြောက် စစ်ဆေးပါလိမ့်မယ်၊ ယက္ခကြီးက ကြောက် ကြောက်လန့်လန့်နဲ့ မုဆိုးမှုရှိမ်ဆီမှာ ကြေးဒင်္ဂါးပြားတွေ ရှိတဲ့ အကြောင်းဖွင့်တဝန်ခံလိုက်တာဖြစ်ရမယ်’

ဝေထင်းနှင့် ကျင်းကျင်းကိုတဖြည်းဖြည်း နားလည်လာပြီ ဖြစ်သည်။

ယခုမှ....

ရဲ့အင်းက အနည်းငယ် အတော်အတန် နဲ့ားလည်လာလေသည်။

ဖုန်းမေက စကားဆက်လိုက်၏။

'လူဆိုးတွေဟာ မုရွှမ်ဆီမှာ သူတို့ အလိုရှိတဲ့ ကြေးဒင်္ဂါးပြားရှိတယ်လို့ သိရှိလိုက်တာနဲ့ ချက်ချင်းပဲလှုပ်ရှား လိုက်တာပါ။

'နောက်တော့မုရွှမ်ကိုဖမ်းဆီးခေါ်ဆောင်သွားပြီးရိုက်နှက်စစ်ဆေးမေးတော့မှ မုရွှမ်ကကြေးဒင်္ဂါးပြားလေးကို ထုတ်ပေးလိုက်တယ်၊ ဒါကြောင့်သူက ပြန်လွှတ်လာတာပေါ့'

ဝေထင်း ခေါင်းညိတ်လိုက်သည်။

'အဲ့ဒါကို မုရွှမ်က ယက္ခကြီးသစ္စာဖောက်တယ်လို့ ယူဆပြီး ယက္ခကြီးကို သတ်ဖို့ ယက္ခကြီးအိမ်ကို လိုက်သွားတာ ဖြစ်ရမယ်'

ဖုန်းမေ ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်၊ သူက ယက္ခကြီးရဲ့ အိပ်ခန်း ခုတင်အောက်မှာ ပုန်းပြီးယက္ခကြီးကိုသတ်တယ်၊ ပြီးတော့အပြစ်ကို ပန်းကလေးအပေါ်ပုံချလိုက်တာပဲဖြစ်တယ်'

ဝေထင်း မျက်မှောင်ကြုတ်လိုက်၏။

'မုရွှမ်က လူဆိုးလက်ထဲ ပြန်လွှတ်လိုက်တယ်ဆိုတာ မသိရသေးဘူး'

ဖုန်းမေက ဝေထင်းကို စိုက်ကြည့်လိုက်၏။

'ရှင်က သူ့ကို မမေးကြည့်ဘူးလား'

ဝေထင်း ခေါင်းညိတ်လိုက်သည်။



'မေးကြည့်တာပေါ့'

'သူက ဘာပြောသလဲ'

'သူကတော့ လူဆိုးအစောင့် အိပ်ပျော်နေတုန်း ထွက်ပြေးလာတယ်လို့ ပြောပါတယ်'

ဖုန်းမေ ပြုံးလိုက်သည်။

'ရှင်ယုံသလား'

ဝေထင်း မည်သို့ပြောရမှန်းမသိဖြစ်သွား၏။

အတန်ကြာမှ....

သူက ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်က သူ့ကို သိပ်မယုံဘူးဗျ'

သူက ဖုန်းမေကို ကြည့်ပြီး

'ခင်ဗျားကရော ဘယ်လိုထင်သလဲ'

သူမ ပြုံးလိုက်သည်။

'ကျွန်မ ယူဆချက်ကတော့ လူဆိုးက သူ့ကိုပြန်လွှတ်လိုက်တာပဲ ဖြစ်ရမယ်'

သူ မျက်မှောင်ကုတ်လိုက်၏။

'လူခို က သူ့ကို လွှတ်လိုက်ရင် မုရွှမ်တစ်ယောက်ပြန်တိုင်မှာကို မပြောက်ဘူးလား'

'ဒါကတော့ လူဆိုးနဲ့ မုရွှမ်တို့ဟာ တစ်ယောက်နဲ့ တစ်ယောက် သိကျွမ်းကြလို့ ဖြစ်မှာပေါ့'

ဝေထင်း ကြောင်အမ်းအမ်း ဖြစ်သွား၏။

'လူဆိုးနဲ့ မုရွှမ် သိကျွမ်းတယ်လို့ ခင်ဗျား ဘယ်လိုလုပ်ပြောနိုင်သလဲ'

ဖုန်းမေ ပြုံးလိုက်၏၊

'ကြေးဒင်္ဂါးရဲ့ သတင်းကို ယက္ခကြီးက အကြောင်းကြား တယ်လို့ ပြန်ပြောလိုက်တာထောက်ရင် သူတို့ဟာ အချင်းချင်း တွေ့ပဲ ဖြစ်ရမယ်လို့ ယူဆနိုင်တာပေါ့'

ရဲအင်းက ကြားဖြတ် မေးလိုက်သည်။

'ထားပါတော့လေ၊ ယက္ခကြီး သေဆုံးသွားတာက မုရွှမ် အဖမ်းခံနေရတဲ့ အတွက် မုရွှမ်ဟာ ယက္ခကြီးကို ဘယ်လိုလုပ် သတ်နိုင်မှာလဲ'

ဖုန်းမေက တစ်ချက် စဉ်းစားလိုက်ပြီး....

'ဖြစ်နိုင်တာကတော့ မုရွှမ် အဖမ်းခံပြီး အဲဒီညမှာပဲ ဖြစ် ဖြစ်၊ နောက်နေ့ မနက်မှပဲဖြစ်ဖြစ် လူဆိုးလက်က လွတ်မြောက် လာတာ ဖြစ်ရမယ်....

'ဒါပေမယ့် ရှင်တို့ကို နောက်နေ့ကျမှ အကြောင်းကြား တာရော မဖြစ်နိုင်ဘူးလား'

ဝေထင်း မျက်မှောင်ကုတ်လိုက်၏။

'အဲဒီအချက်ကို ခင်ဗျားက ဘာအထောက်အထား ကြည့် ပြီး ပြောတာလဲ'

ဖုန်းမေ ပြုံးလိုက်၏။

'သူ့ရဲ့အိမ်သားတွေဟာ မုရွှမ် ပြန်မလာမချင်း ရှင်တို့ဆီကို နေ့တိုင်းသွားပြီး စုံစမ်းမှာပေါ့၊ အခုတော့ ပထမ တစ်ရက်ထဲ ရောက်မလာဘူးဆိုတော့ မုရွှမ်ပြန်လာပြီလို့ သူတို့မှာ စိတ်အေး လက်အေး ဖြစ်သွားပြီပေါ့'

ကျင်းကျင်း မျက်မှောင်ကုတ်သွား၏။



'ကျွန်မ မရှင်းတာ တစ်ခု မေးချင်တယ်'

ဖုန်းမေ ခေါင်းညိတ်လိုက်သည်။

'မေးပါ'

'မုရွှမ်ကို ဖမ်းဆီးသွားတာ လူဆိုးတွေ ဖြစ်တာအမှန်ဆိုရင် သူဟာ လူဆိုးတွေကို မုန်းတီးရမှာပေါ့၊ အခုတော့ ဘာဖြစ် လို့ ယက္ခကြီးကို မုန်းတီးနေရတာလဲ'

'ဒါက ဒီလိုရှိပါတယ်'

သူမက ဆက်ရှင်းပြသည်၊

'သူ့ကို ဖမ်းဆီးသွားတဲ့ လူဆိုးဟာ လူအင်အားနဲ့ ဩဇာ အာဏာ ကြီးမားတဲ့လူတွေ ဖြစ်ရမယ်၊ ဒါကြောင့် သူက အာ မခံရဲဘဲ ယက္ခကြီးက သစ္စာဖောက်ဆိုပြီး သူ့ကိုသတ်လိုက်တာ ဖြစ်မယ်'

ဝေထင်း ခေါင်းညိတ်လိုက်၏။

'ခင်ဗျား ရှင်းပြမှပဲ ကျုပ်နားရှင်းသွားပြီ'

ဖုန်းမေ ခေါင်းညိတ်မိသည်

'အချက်အလက်အားလုံးကိုခြုံကြည့်မယ်ဆိုရင်ယက္ခကြီးကို သတ်တဲ့ လူသတ်တရားခံအစစ်ဟာ မုရွှမ်ဘဲဖြစ်ရမယ်လို့ သေ သေချာချာပြောရဲတယ်'

ဝေထင်း ထိုင်ရာမှထရပ်လိုက်၏။

'ဒါဖြင့် ကျုပ် အခုဘဲ သွားဖမ်းလိုက်မယ်'

ဖုန်းမေ လက်ကာပြလိုက်သည်။

'နေပါဦး၊ အခု သွားမဖမ်းနဲ့ဦး၊ ကြေးဒင်္ဂါးရဲ့ လျှို့ဝှက်ချက်ကို မဖော်ထုတ်နိုင်တဲ့ အချိန်ကာလမှာ သူ့ကို ခဏလောက် စောင့်ကြည့်ထားရင် ပိုပြီး အကျိုးရှိပါလိမ့်မယ်'

ဝေထင်း ပြန်လည်ထိုင်ချလိုက်သည်။

ဖုန်းမေ တစ်ချက်အကဲခတ်ကြည့်လိုက်ပြီး....

'ဒါနဲ့ တခြားလူပျောက်မှုကောရှိသေးလား'

ဝေထင်း ခေါင်းညိတ်လိုက်သည်။

'ရှိတယ်၊ ဒီကနေ့မနက်ဘဲ လူတစ်ယောက် ပျောက်ဆုံးသွားတဲ့အမှုကို လာတိုင်သွားတယ်'

ဖုန်းမေ၏မျက်လုံးများ ဝင်းလက်သွားသည်။

'ပြောပါဦး၊ ပျောက်ဆုံးသွားတာ ဘယ်သူလဲ'

ဝေထင်း သက်ပြင်းတစ်ချက်ချလိုက်ပြီး....

'ပျောက်ဆုံးသွားတဲ့လူဟာ အထည်ဆိုင်ပိုင်ရှင်ကိုမင်ပါပဲ၊ မနေ့တုန်းက အိမ်ကထွက်သွားပြီး တစ်ညလုံး ပြန်ရောက်မလာဘူးလို့ တိုင်သွားပါတယ်'

ရှဲအင်းက ကြားဖြတ်မေးလိုက်သည်။

'ကိုမင်ရဲ့ပုံသဏ္ဍာန်က ဘယ်လိုရှိသလဲ'

ဝေထင်းက တစ်ချက်စဉ်းစားလိုက်ပြီး....

'အသက်လေးဆယ်ကျော်၊ ကိုယ်ခန္ဓာပိန်ပိန်ပါးပါး၊ အစိမ်းရောင်လက်ရှည်ဝတ်ဆင်ထားတယ်'

ရှဲအင်း ဝမ်းသာသွားသည်။

'သူ့ကို ကျွန်မတွေ့တယ်'

ဝေထင်းအံ့ဩသွားသည်။



'ခင်ဗျားက ဘယ်မှာတွေ့လဲ'

'မနေ့ညတုန်းကပဲ ကိုမင်ဟာ ဘုံကျောင်းပျက်ရှေ့ကဖြတ်သွားလို့ ဘုံကျောင်းထဲကို ရောက်ရှိသွားပြီ'

ဝေထင်းက မယုံကြည်သောလေသံဖြင့်....

'ဟုတ်ရဲ့လားဗျာ'

ကျင်းကျင်း ခေါင်းညိတ်လိုက်၏။

'တကယ်ပါ၊ ကျွန်မကိုယ်တိုင် တွေ့ခဲ့ပါတယ်'

ဖုန်းမေက ဝင်ပြောလာသည်။

'တခြား လူပျောက်တဲ့အမှုတစ်ခုကို ကျွန်မလဲ သတင်းပေးနိုင်ပါတယ်'

ဝေထင်း မျက်မှောင်ကြုတ်လိုက်ပြီး....

'ပရဆေးဆိုင်ပိုင်ရှင် ကျင်းမကိုပြောတာလား'

ဖုန်းမေ ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်'

'သူ့ကို ဘယ်မှာတွေ့ခဲ့တာလဲ'

'သူလဲပဲ ဘုံကျောင်းထဲဆွဲခေါ်သွားတာကို ခံလိုက်ရတယ်'

'ဟင်'

'အို'

ကျင်းကျင်းနှင့် ရှဲအင်းတို့ အံ့ဩသွားကြသည်။

ရှဲအင်းက မယုံကြည်နိုင်သော မျက်လုံးအစုံဖြင့် ဖုန်းမေအား ကြည့်လိုက်သည်။

ဖုန်းမေ ပြုံးလိုက်သည်။

'ညည်းတို့ ပြောတဲ့အထဲမှာအဘိုးအိုတစ်ယောက်နဲ့သူ့သားချန်းဝက်တို့က လေပွေတိုက်ပြီး ဘုံကျောင်းထဲကို ခေါ်သွင်းသွားတယ် မဟုတ်လား'

ရှဲအင်း မျက်မှောင်ကြုတ်သွားသည်။

'ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် သူဟာ ပရဆေးဆိုင်ပိုင်ရှင် ဖြစ်တယ်လို့ မမ ဘယ်လိုလုပ်ပြောနိုင်သလဲ'

ဖုန်းမေက ကျင်းကျင်းဘက် လှည့်လိုက်သည်။

'ညည်းတို့က ဘုံကျောင်းထဲမှာ ဂျင်ဆင်း ဆေးမြစ်အထုပ်ကလေးတစ်ခု ကောက်ရထားတယ် မဟုတ်လား'

ကျင်းကျင်း ခေါင်းညိတ်လိုက်၏။

ဖုန်းမေက ပြောလိုက်သည်။

'အဲ့ဒီဂျင်ဆင်းဆေးမြစ်က ပရဆေးဆိုင်မှာပဲရှိတယ်မဟုတ်လား'

ရှဲအင်းနှင့် ကျင်းကျင်းတို့ သဘောပေါက်လိုက်ကြသည်၊

* * *

## ကြေးဒင်္ဂါး၏ သဲလွန်စ

---

ဝေထင်းသည် ဖုန်းမေ၏ထင်မြင်ယူဆချက်များကို သေချာစွာ နားထောင်ပြီးသောအခါ ဖုန်းမေ၏အတွေးအခေါ်သည် သူမတူအောင် ထက်မြက်နေကြောင်း နားလည်လိုက်၏။

ထို့ကြောင့်...

သူ့ရင်ထဲ၌ ကိန်းမအောင်းခနေသော သံသယတစ်ခုကို ထုတ်ဖော်၍ မေးလိုက်၏။

'ဒါနဲ့ ကိုမင်နဲ့ ချင်းယုတို့ပျောက်ဆုံးသွားတာဟာ ကြေးဒင်္ဂါးပြားနဲ့ ပတ်သက်နေသလား'

ဖုန်းမေ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

ဝေထင်း၏မျက်လုံးများ ဝင်းလက်လာ၏။

'ဒီလိုဆိုရင် အဲ့ဒီပစ္စည်းတွေဟာ ဘယ်လိုသင်္ချိုင်္ဂုက်ချက်များ ရှိတယ်ဆိုတာ ခင်ဗျား တွေ့ရှိနေပြီလား'

ဖုန်းမေ ခေါင်းခါယမ်းလိုက်၏။

'လုံးဝ မတွေ့သေးပါဘူး'

ဝေထင်းက ထပ်မေးလာပြန်သည်။

'ဒါဖြင့် တစ္ဆေဘုံကျောင်းဟာ လူဆိုးတွေနေတဲ့ စခန်း တစ်ခု ဖြစ်နေသလား'

ဖုန်းမေ ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'

ဝေထင်းက စိတ်မသက်သာသော လေသံဖြင့် ပြောလာသည်။

'ဒါပေမယ် ဘုံကျောင်းထဲမှာ ဘာမှမရှိဘူး၊ လူလဲ မရှိဘူး၊ ဖြစ်မှုကျူးလွန်တဲ့ သက်သေအထောက်အထားလဲ လုံးဝ မတွေ့ဘူး မဟုတ်လား'

ဖုန်းမေ ခေါင်းညိတ်လိုက်သည်။

'ကျွန်မလဲ အဲ့ဒီအချက်ကို တော်တော်လေး စဉ်းစားမရ ဖြစ်နေတယ်'

ဝေထင်း ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

'ကဲ....ကျုပ်သွားဦးမယ်၊ အကြောင်းထူးရင် လာခဲ့မယ်'

'ကောင်းပါပြီရှင်'

ဝေထင်းက ဖုန်းမေ့ကိုအား နှုတ်ဆက်ကာ ပြန်သွားလေသည်။

* * *



ညနေ....။

ဖုန်းမေသည် ဒုတိယအကြိမ် တစ္ဆေဘုံကျောင်းသို့ရောက်ရှိလာသည်။

သူမသည် ပိုင်ရှင်ထံမှ သော့တောင်း၍ ဘုံကျောင်းထဲသို့ ဝင်ရောက် စုံစမ်းခဲ့သည်။

ဤတစ်ကြိမ်၌....

သူမသည် ဘုံကျောင်းပျက်ထဲ၌ နှစ်နာရီကျော်ခန့် လေ့လာ စူးစမ်းပြီးမှ ပြန်လည်ထွက်ခွာလာလေသည်။

လေ့လာ စူးစမ်းပြီးနောက် သူမသည် ဘုံကျောင်း၏ လျှို့ဝှက်ချက်အား ပို၍နားလည်လာခဲ့သည်။

သူမသည် ကျေနပ်စွာ သူမနေထိုင်သော နေအိမ်သို့ ပြန်လာခဲ့လေသည်။

* * *

ဖုန်းမေအိမ်သို့ ပြန်ရောက်ရှိသောအခါ ညှော်သည် တစ်ယောက်က သူမအား စောင့်ဆိုင်း နေသည်ကို တွေ့ရသည်၊

ယင်းညှော်သည်မှာ ပန်းကလေးအား ကူညီခဲ့သော စာပေသမားလူငယ်ဖြစ်သည်။

ရဲအင်းနှင့်ကျင်းကျင်းတို့က နေရာထိုင်ခင်း ချပေးလိုက်လေသည်။

'ကျွန်တော်ဟာ စာပေသမား စုအောင့်ပါပဲ'

ကျင်းကျင်းပြုံးလိုက်သည်။

'အခုလို ကျွန်မတို့ဆီ ရောက်လာတာ အကြောင်းထူးများ ရှိလို့ပါလားရှင်'

စုအောင့် ပြုံးလိုက်၏။

'ဒီလိုပါ၊ ခင်ဗျားတို့က ကျုပ်ကို လိုက်ရှာနေတယ် ဆိုလို့ လာခဲ့တာပါ'

ရဲအင်း ခေါင်းညိတ်သည်။

'ဟုတ်တယ်'

'ကိစ္စရှိလို့လား'

စုအောင့်က မေးလာသည်။

ရဲအင်းက ပွင့်ပွင့်လင်းလင်းပင် ပြောလိုက်သည်။

'ကြေးဒင်္ဂါးနဲ့ ပတ်သက်နေလို့ပါ'

စုအောင့်က ခေါင်းညိတ်လိုက်သည်။

'အခုကျုပ်လာတဲ့ကိစ္စကလဲ ကြေးဒင်္ဂါးနဲ့ ပတ်သက်နေပါတယ်'

ရဲအင်းဝမ်းသာသွားသည်။



'ဒါဆိုရင် ရှင်ဟာ ကြေးဒင်္ဂါးရဲ့ လျှို့ဝှက်ချက်ကို ပြောပြမလို့ပေါ့ ဟုတ်လား'

စုအောင့် ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ပါဘူးဗျာ။ ကျုပ်က ကြေးဒင်္ဂါးပြား အကြောင်းဘာမှ မသိပါဘူး'

ရဲအင်းစိတ်ပျက်သွားသည်။

'အင်း....'

သူမက သက်ပြင်းတစ်ချက် လေးပင်စွာ ချလိုက်၏။

ဖုန်းမေက ကြားဝင်ပြောလိုက်သည်။

'ရှင်ဘာပြောချင်လို့လဲ ပြောပါ'

'အဟမ်း....'

စုအောင့်က ချောင်းတစ်ချက်ဟန့်လိုက်သည်။

ထို့နောက်....

သူက တည်ငြိမ်သောလေသံဖြင့် ပြောလာသည်။

'ကျွန်တော့် အဘိုးလက်ထက်က ကျန်ရစ်ခဲ့တဲ့ ကြေးဒင်္ဂါးပြားလေးကို ကျုပ်အဖေက မသေခင် ကျုပ်ကို ပေးခဲ့တယ်၊ ဒီကြေးဒင်္ဂါးပြားလေးဟာ စုစုဝေါင်း ခုနစ်ပြားတိတိ ရှိပါတယ်'

ဖုန်းမေတို့မှာ စိတ်ဝင်စားသွားကြသည်၊

ရဲအင်းကလည်း ခေါင်းထောင်လာသည်။

စုအောင့်ကဆက်ပြောလာ၏။

'ကြေးပြားတစ်ခုက ကျုပ်ဆီမှာပါ၊ ကျန်တဲ့ ခြောက်ခုကတော့ တခြားလူတစ်ယောက်ရဲ့ လက်ထဲမှာပါ'

ရဲအင်းက ကြားဖြတ်မေးလိုက်၏။

'ကြေးဒင်္ဂါးပြားက ဘယ်နေရာမှာ အသုံးဝင်သလဲဆိုတာ ပြောမသွားဘူးလား'

စုအောင့်သက်ပြင်းချလိုက်သည်။

'မပြောပါဘူး၊ ဒါပေမယ့် ကြေးဒင်္ဂါးပြား ခုနစ်ခုပေါင်းလိုက်ရင် မြေပုံတစ်ခု ဖြစ်လာမယ် ဆိုတာတော့ ပြောပြသွားတယ်၊ ကျုပ်က ဒီမြေပုံဟာ ဘာအဓိပ္ပာယ်နဲ့ပြုလုပ်ထားတယ်ဆိုတာမေးတော့ ကျုပ်အဖေက ဒီအကြောင်း မသိတာက ပိုပြီးကောင်းမယ်လို့ ပြောခဲ့ပါတယ်'

သူ၏စကား ဆုံးသောအခါ ရဲအင်းက မေးလိုက်သည်။

'ရှင် သိထားတာ ဒါပဲလား'

စုအောင့်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့....ဒီလောက်ပါပဲ'

ဖုန်းမေ မျက်မှောင်ကြုတ်လိုက်သည်။

'ဒါနဲ့ အဲ့ဒီ ကြေးဒင်္ဂါးပြား ရှင့်လက်ထဲမှာ ရှိနေတာပေါ့'

စုအောင့် ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

'ရှင့်ရရှိထားတဲ့ ကြေးဒင်္ဂါးပြားဟာ ဘယ်လိုမျိုး တန်ဖိုးရှိသလဲဆိုတာ မလေ့လာကြဘူးလား'

စုအောင့် ခေါင်းခါယမ်းလိုက်သည်။

'ဒီကြေးဒင်္ဂါးပြားဟာ တစ်ခုတည်းနဲ့ ဘယ်လိုမှ အသုံးမဝင်ဘူးလို့ ကျုပ်အဖေက မှာကြားခဲ့ပါတယ်'



သူ၏ စကားဆုံးသည်နှင့် ဖုန်းမေကမေးလာသည်။

'ရှင်က ဟမ်ထိုက်စားသောက်ဆိုင်ကို ရောက်ခဲ့သေးတယ်မဟုတ်လား'

စုအောင့် ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့....ရောက်ခဲ့ပါတယ်'

'အခြေအနေကို ပြောပြနိုင်ရင် ပြောပြစမ်းပါ'

'ဟုတ်ကဲ့'

စုအောင့်သည် သူ၏အတွေ့အကြုံများကို ရှင်းပြ လိုက်လေသည်။

'ကျွန်တော်ဟာ ကြော်ငြာကိုတွေ့တော့ ကြေးဒင်္ဂါးပြားနဲ့ ပတ်သက်နေမလားဆိုပြီး ကျွန်တော်သွားရောက် စုံစမ်းကြည့်တာပါ....။

'တကယ်တော့ ကြေးဒင်္ဂါးပြားက လူကို အန္တရာယ်ဖြစ်စေပါတယ်၊ ဒီမနက်ပဲ ပန်းကလေးရဲ့ သတင်းကို ကျုပ်ကြားလိုက်ရတယ်'

ဖုန်းမေမျက်မှောင်ကြုတ်လိုက်သည်။

'ဘာသတင်းများလဲ'

စုအောင့် သက်ပြင်းတစ်ချက်မှုလိုက်ပြီး....

'သူတာ အာဏာသား တစ်ယောက်နဲ့ တစ္ဆေဘုံကျောင်းကို အဖြတ်မှာ အာဏာသားကိုသတ်ပြီး တစ္ဆေတွေဟာပန်းကလေးကိုဘုံကျောင်းထဲ ဆွဲခေါ် သွားကြတယ်လို့ ကြားသိရပါတယ်'

ဖုန်းမေ အံ့သြသွားသည်။

'ပန်းကလေးဆီမှာ ကြေးဒင်္ဂါးပြားရှိတယ်ပေါ့'

စုံအောင် ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ ပန်းးကလေးဟာ အဘိုး လက်ထက်က ကြေးဒင်္ဂါးပြားတစ်ခု အမွေရခဲ့တယ်လို့ သိရပါတယ်'

ဖုန်းမေ မျက်မှောင်ကြုတ်လိုက်သည်။

'ဒါတွေကို ဘယ်သူပြောတာလဲ'

'ပန်းကလေး ကိုယ်တိုင်လဲပြောပါတယ်၊ သူ့အမေလဲပြောပါသေးတယ်'

ဖုန်းမေက ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

'အော်....ရှင်က ဒီအကြောင်းတွေ ပြောချင်လို့ လာခဲ့တာပေါ့ ဟုတ်လား'

စုံအောင် ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ ခင်ဗျားတို့က ဒီကိစ္စကို စုံစမ်းနေတယ်ကြားလို့ အထောက်အကူရနိုင်အောင် ကျုပ်ပိုင်တဲ့ ကြေးဒင်္ဂါးပြားလေးကို လာပို့တာပါ'

သူသည် ပြောပြီးသည်နှင့် အင်္ကျီအိတ်ထဲမှ ကြေးဒင်္ဂါးပြားလေး တစ်ခုကို နှိုက်ယူ၍ ဖုန်းမေအား ပေးလိုက်လေတော့သည်။

* * *



ဖုန်းမေသည် ကြေးဒင်္ဂါးပြားလေးကို သေချာ အကဲခတ်ကြည့်လိုက်၏။

ကြေးဒင်္ဂါးမှာ နှစ်ကာလ ကြာညောင်းနေပြီဖြစ်၍ အရောင်အဆင်း မှေးမှိန်နေပြီ ဖြစ်၏။

ကြေးဒင်္ဂါးပြား အလယ်တွင် ထူးဆန်းသော ခြစ်ရာများ ရှိနေ၏။

သွေးနှင့် ဖိနှိပ်ထားသော လက်ဗွေပုံစံတစ်ခု ပါရှိလေတော့သည်။

ဖုန်းမေမှာ ကြေးဒင်္ဂါးပြားကို ကြည့်ပြီး သဘောကျစွာ ရယ်မောလိုက်၏။

ရဲအင်း မျက်မှောင်ကုတ်သွားသည်။

'ဘာဖြစ်လို့ ရယ်တာလဲ မမ'

သူမက ပြုံးစစဖြင့် ပြောလာသည်။

'ကြေးဒင်္ဂါးပြားပေါ်က လက်ဗွေဟာ သွေးနဲ့နှိပ်ထားတာ ဖြစ်တယ်၊ ဒါကြောင့် ငါတို့ သွားပြတာ အတုမှန်းသူတို့ကချက်ချင်း သိသွားတာပေါ့'

သူသည် စုံအောင်အား ပြုံးပြလိုက်၏။

'အခုလို ကူညီတာ ကျေးဇူးတင်ပါတယ်၊ ကျွန်မတို့ကို ဒီကြေးဒင်္ဂါးပြားလေး ခေတ္တငှားပါဦး'

'ရပါတယ်ဗျာ၊ ကဲ....ကျုပ်ကို သွားခွင့်ပြုပါဦး'

'ကောင်းပါပြီရှင်'

သူသည်ဖုန်းမေတို့ကို နှုတ်ဆက်ထွက်သွားလေတော့သည်။

* * *

## အတုနဲ့အစစ်

---

ထမင်းတစ်အိုးကျက်ခန့် အချိန်ကုန်ဆုံးသွားသော အ
ဖုန်းမေသည် စုအောင်၏ ကြေးဒင်္ဂါးပြားနှင့် ထပ်တူ အ
ကြေးဒင်္ဂါးပြား တစ်ခု ပြုလုပ်နိုင်ခဲ့ပြီ ဖြစ်၏။

ရှဲအင်းသည် ဖုန်းမေ၏ လုပ်ရပ်ကို နားမလည်နိုင်ဘဲ ရှိ
သည်။

'မမ အစစ်ရထားလျက်နဲ့ ဘာကြောင့် အတု ,လုပ်
လဲ'

သူမ ပြုံးလိုက်သည်။

'ဒီလိုကြေးပြားဟာ စုစုပေါင်း ခုနစ်ခုရှိတယ်လို့ စု
ပြောသွားတာကို မှတ်မိတယ် မဟုတ်လား'

ရှဲအင်း ခေါင်းညိတ်လိုက်၏။



'မှတ်မိပါတယ်'

'အခု လူဆိုးလက်ထဲ ရောက်သွားတဲ့ ကြေးပြား ဘယ်နှစ်ခု
ရှိသွားပြီလဲ'

ရှဲအင်း ခေါင်းခါယမ်းမိသည်။

'ကျွန်မ မသိဘူး'

'တွက်ကြည့်ကြတာပေါ့'

ဖုန်းမေက လက်ညှိုးကို ချိုး၍ ရေတွက်လိုက်သည်။

'လူဆိုးလက်ထဲ ရောက်သွားတဲ့ ကြေးပြားဟာ ပရဆေး
ဆိုင်ပိုင်ရှင် ချင်ယုဆီက တစ်ခု၊ ရှေးဟောင်း ပစ္စည်းပိုင်ရှင် မု
ရှမ်ဆီက တစ်ခု၊ အထည်ဆိုင်ပိုင်ရှင်'ဝ'စန်းဆီက တစ်ခု၊ အရက်
ဆိုင်ပိုင်ရှင် ကိုမင်ဆီက တစ်ခု၊ ပန်းကလေးဆီက တစ်ခု၊ တကယ်
လို့များ လူဆိုးလက်ထဲမှာလည်း တစ်ခုရှိမယ်ဆိုရင် ကြေးပြားက
ခြောက်ခုတောင် ရှိနေပြီ'

ကျင်းကျင်း မျက်မှောင်ကုတ်လိုက်၏။

'ဒါဆိုရင် သီလရှင်ဆီက ကြေးပြားကရော'

ဖုန်းမေ ပြုံးလိုက်၏။

'ပန်းကလေးက ပုံမှားရိုက်ထားတာပါ၊ သူက အတုတစ်ခု
ကိုလုပ်ပြီး သူယူထားတယ်၊ အစစ်ကိုတော့ သီလရှင်ဆီမှာ အပ်
ထားတယ်....

'ဒါပေမယ် ....သူ့ရဲ့ အကြံအစည်ကို သိရှိသွားတဲ့ လူဆိုး
တွေဟာ ကြေးပြား အစစ်ကို သီလရှင်ဆီက ရယူနိုင်ခဲ့တယ်
မဟုတ်လား'

ကျင်းကျင်း ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

ဖုန်းမေက စကားဆက်လိုက်၏။

'တကယ်လို့ လူဆိုးတွေဆီမှာ ကြေးပြားခြောက်ခုရှိနေပြီ
ဆိုရင် ဒီတစ်ခုကို လိုက်ရှာတော့မှာပဲ'

ရဲအင်း သဘောပေါက်သွားသည်။

'ဒါဖြင့် ကျွန်မတို့ ဘာဆက်လုပ်မလဲ'

ဖုန်းမေ ပြုံးလိုက်၏။

'လှုပ်ရှားလိုက်ရုံပေါ့'

'ဘယ်လို လှုပ်ရှားမလဲ'

သူမက ရှင်းပြလိုက်သည်။

'တို့က ကျင်းကျင်းကို အဘွားကြီးတစ်ယောက်လို ရုပ်ဖျက်
ပေးပြီး အတုလုပ်ထားတဲ့ ကြေးပြားနဲ့ ဟပ်ထိုက် တည်းခိုခန်း
ကို သွားဖို့ပဲ၊ သူတို့ဟာ ကျင်းကျင်းဆီက ကြေးပြားကို အတု
မှန်း သိကြမှာပဲ....

'ဒါပေမယ့် အစစ်နဲ့ ပုံစံတူတဲ့အဘွက် အစစ် ရှိရမယ်လို့
ယူဆပြီး ကျင်းကျင်းကို တစ္ဆေ ဘုံကျောင်းဆီ ဖြားယောင်း
ခေါ်ဆောင်သွားမယ်....

'ဘုံကျောင်းရှေ့ ရောက်တဲ့အခါ သူတို့က ကျင်းကျင်းကို
ဘုံကျောင်းထဲ ဆွဲခေါ်သွားမှာ သေချာတယ်၊ ကျင်းကျင်း
ဘုံကျောင်းထဲ ရောက်သွားတာနဲ့ အာဏာသား ဝေထင်းက
တစ်ခါတည်း လိုက်ဝင်သွားမှာပဲ'

'ကျွန်မတို့ကရော ဘာလုပ်မလဲ'



'ငါတို့ နှစ်ယောက်ဟာ ဘုံကျောင်း အနောက်ဘက် လှျို
ဝှက်အခါးပေါက်က စောင့်နေမယ်၊ လူဆိုး ထွက်လာတာနဲ့
တို့က ဖမ်းဆီးလိုက်မယ်'

ရဲအင်း ခေါင်းခါယမ်းလိုက်၏။

'ဘုံကျောင်းမှာ နောက်ဘက်တံခါး မရှိပါဘူး'

ဖုန်းမေ ပြောလိုက်သည်။

'ငါသေသေချာချာ လေ့လာ အကဲခတ်ပြီးပြီ၊ ဘုံကျောင်း
ရဲ့ အနောက်ဘက်အခါးဟာ ရွှေနဂါး စားသောက်ဆိုင်ပဲဖြစ်
တယ်'

'ကျွန်မကို သေချာ ရှင်းပြပါဦး'

သူမ ပြုံးလိုက်သည်။

'တစ္ဆေဘုံကျောင်းမှာ လှျို့ဝှက်တံခါးဟာလဲ ရွှေနဂါးစား
သောက်ဆိုင်ထဲမှာ ရှိတယ်'

ဖုန်းမေက ရဲ့အင်းအား တစ်ချက် ကြည့်ရင်း ပြောလာပြန်
သည်၊

'ရွှေနဂါး စားသောက်ဆိုင်ပိုင်ရှင်ဟာ တရုတ်ဖြစ်တယ်၊
သူနဲ့ဘေးချင်းကပ်လျက်မှာ ဆန်ဆိုင်တစ်ဆိုင်ရှိတယ်၊ အဲဒီဆိုင်
ဟာလဲ တရုတ်ရဲ့ဆိုင်ပဲ၊ မမက ရွှေနဂါးစားသောက်ဆိုင်ကို
သွားပြီး သေသေချာချာလေ့လာခဲ့လို့ သိရတာပါ'

ရဲအင်း ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

'ကျွန်မ တော်တော်လေးကို သဘောပေါက်သွားပါပြီ၊
ဒါပေမယ့် ဘာဝင်မကျတာ တစ်ခုတော့ရှိသေးတယ်'

'ဘာများလဲ'

'ဘုန်းကျောင်းထဲမှာ ဖုန်တွေထူထပ်ပြီး လူဆိုးခြေရာကို မတွေ့မိပါလား'

'ဒါတော့လဲ မဆန်းပါဘူး၊ လူဆိုးတွေဟာ အထူးပြုလုပ်ထားတဲ့ ဖိနပ်ကိုစီးကြလို့ပေါ့'

ရဲအင်း အံ့ဩသွားသည်။

'အထူးပြုလုပ်ထားတဲ့ဖိနပ် ဟုတ်လား'

'ဟုတ်တယ်၊ ဥပမာပြောရရင် ဖိနပ်အောက်ခြေမှာ ကြောင်ခြေရာတို့ ကြက်ခြေရာတို့ ရေးထွင်းထားလိုက်ရင် တို့တွေဟာ လူခြေရာမတွေ့ရဘဲ ကြောင်ခြေရာနဲ့ ကြက်ခြေရာကိုသာ တွေ့ကြရမယ်မဟုတ်လား'

'ဪ....ဒါကြောင့် ဘုန်းကျောင်းထဲမှာ ကြက်ခြေရာ ကြောင်ခြေရာတွေသာ တွေ့နေရတာကိုး'

ကျင်းကျင်းက မေးလာပြန်သည်။

'ဒါနဲ့ တစ္ဆေဘုန်းကျောင်းရဲ့တံခါးမကြီးဟာ လျှို့ဝှက်ချက်များ ရှိနေသလား'

'တံခါးကြီးမှာတော့ မရှိပါဘူး၊ တံခါးဘေးကအုတ်နံရံမှာတော့ လျှို့ဝှက်ခလုတ်ရှိတယ်၊ အဲဒီလျှို့ဝှက်ခလုတ်နှိပ်ပြီး လူတွေကို ဘုန်းကျောင်းထဲဆွဲခေါ်သွားတာပဲ'

ရဲအင်း ခေါင်းတဆတ်ဆတ်ညိတ်ကာ....

'မမက သိပ်တော်တာဘဲ၊ ဒါတွေကို အတော်လေးလာ စဉ်းစားရမှာပဲနော်'

ဖုန်းမေ ပြုံးလိုက်လေသည်။

* * *

လွဲချော်မှု

---

ကျင်းကျင်းသည် အဘွားအိုဟန်ဆောင်ကာ လူတစ်ဦးနှင့် ခပ်သုတ်သုတ်လျှောက်သည်။

ဖုန်းမေပြောသည့်အတိုင်းပင် သူမထံ၌ ကြေးခေါင်းပြားအစစ်ရှိသည်ဟုယူဆကာ တစ္ဆေဘုန်းကျောင်းဆီသို့ လှည့်ပြား၍ ခေါ်ဆောင်လာသည်။

ကျင်းကျင်းကလည်း မသိချင်ဟန်ဆောင်၍ လိုက်ပါလာလေသည်။

ဘုန်းကျောင်းရှေ့သို့ ရောက်သောအခါ မီးခိုးငွေ့များ ထွက်လာပြီး သူမအား တစ်စုံတစ်ယောက်က ဘုန်းကျောင်းအတွင်းသို့ ဆွဲသွင်းလိုက်လေသည်။

* * *

ရွှေနဂါးစားသောက်ဆိုင်။

ရွှေနဂါးစားသောက်ဆိုင်ထဲတွင် ဖုန်းမေနှင့်ရဲအင်းတို့ ရှိနေသည်။

သူမတို့သည် လျှို့ဝှက်တံခါးပေါက်အား မမှိတ်မသုန် ကြည့်ရှုနေသည်။

လျှို့ဝှက်တံခါးပေါက်မှ လူဆိုးထွက်လာသည်နှင့် သူမတို့က တိုက်ခိုက်ဖမ်းဆီးမည်ဖြစ်လေသည်။

ဖုန်းမေတို့အား အဝါရောင်ဝတ်ဆင်ထားသော လူတစ်ဦးက မမှိတ်မသုန် အကဲခတ်ကြည့်နေသည်ကိုမူ ဖုန်းမေတို့ မတွေးမိချေ။

ဝတ်စုံဝါနှင့်လူက အတန်ကြာအောင် အကဲခတ်ပြီးနောက် ရွှေနဂါးစားသောက်ဆိုင်မှ ခပ်သွက်သွက် ထွက်ခွာသွားလေတော့သည်။

* * *



အခန်းထဲတွင် အဘိုးအိုတစ်ယောက် ထိုင်နေ၏။

ဘိုအဘိုးအိုသည် ကြေးဒင်္ဂါးများကိုဝယ်ယူမည့် ရှေးဟောင်းပစ္စည်း ကုန်သည်ပင်ဖြစ်နေသည်။

ဝတ်စုံဝါသည် ရွှေနဂါးစားသောက်ဆိုင်မှ ထွက်လာပြီး အဘိုးအိုရှိရာသို့ ရောက်ရှိလာသည်။

အဘိုးအိုက ထိုလူအားကြည့်လိုက်သည်။

'ဆိုစမ်း၊ အခြေအနေဘယ်လိုလဲ'

ထိုလူက အရိုအသေပြုလိုက်သည်။

'ကျုပ်တို့ ရွှေနဂါးစားသောက်ဆိုင်မှာ မိန်းကလေးနှစ်ဦးကို တွေ့ရပါတယ်၊ သူတို့ဟာ ထောက်လှမ်းရေးသမားတွေများ ဖြစ်နေမလားလို့ လာပြီးသတင်းပေးတာပါ'

'ဟင်'

သူ၏စကားကြောင့် အဘိုးအိုစိတ်ရှုပ်သွားသည်။

'အင်း....ဖြစ်နိုင်တယ်၊ ကျုပ်မိတ်ဆွေတစ်ဦးက သတင်းပို့လိုက်တယ်၊ အမျိုးသမီးအာဏာသားသုံးယောက်ငါတို့ဆိုင်ကို ရောက်နေတယ်လို့'

သူ အံ့ဩသွားသည်။

'ဟုတ်ရဲ့လားဆရာ'

အဘိုးအို ခေါင်းညိတ်လိုက်၏။

'သိပ်ဟုတ်တာပေါ့၊ မင်း သေချာနားထောင်၊ ငါတို့ အခုချက်ချင်း အဲ့ဒီထွက်ပေါက်ကို အသုံးပြုရလိမ့်မယ်၊ ဒါကြောင့် မင်းက အမြန်ဆုံးသွားပြီး အစီအစဉ်လုပ်ပါ၊ ဒီတစ်ခါ ကျုပ်တို့ ဒုတိယလျှို့ဝှက်တံခါးကို အသုံးပြုမှရတော့မယ်'

'စိတ်ချပါဆရာ'

ဆူကာပြောရင်း အခန်းထဲမှထွက်လာခဲ့လေသည်။

* * *

ဖုန်းမေနှင့် ရဲအင်းတို့သည် ရွှေနဂါး စားသောက်ဆိုင်၏ လျှို့ဝှက်တံခါးကို သတိပြု၍ ကြည့်နေမိသည်။

သို့သော်....

သူတို့သည် ရွှေနဂါးစားသောက်ဆိုင်နှင့် ကပ်လျက်ရှိသော ဆန်ဆိုင်ကို လုံးဝ သတိမထားမိပါချေ။

ထိုဆန်ဆိုင်ရှေ့တွင် ကုန်ပစ္စည်းများတင်ဆောင်ရန် မြင်းလှည်းတစ်စီး ဆိုက်ကပ်နေ၏။

အလုပ်သမားများသည် ဆန်အိတ်များကို ထိုမြင်းလှည်းပေါ်သို့ တင်ဆောင်ထားကြသည်။

* * *



ဘုံကျောင်းထဲ၌ လူသုံးလေးယောက်ခန့် ရှိသည်ကို ကျင်းကျင်းက မျက်လုံးအနည်းငယ်ဖွင့်၍ ကြည့်လိုက်သည်။

ကျောက်ပေါက်မရှိသောလူက ကျင်းကျင်းသတိမေ့သွားသည်ဟု ယူကြည်သဖြင့် သူမအားပွေ့ချီပြီး ခေါင်းထားရာ အခန်းသို့ သယ်ဆောင်သွားလေသည်။

ထို့နောက်....

အခန်းငါးလုံးအနက် နောက်ဆုံး၌ရှိသော အာခေါင်း၏ အဖုံးကို ဖွင့်လိုက်လေသည်။

ပြီးနောက်....

ကျင်းကျင်းအား အခေါင်းထဲ ထည့်လိုက်သည်။

'ချပ်....'

ကျောက်ပေါက်မာရှိသောလူက ခလုတ်တစ်ခုကို နှိပ်လိုက်လေသည်။

ထိုအခါ....

'ကျွိ....'

ပျဉ်ပြားသည် အောက်သို့နိမ့်ဆင်းသွားရာ ကျင်းကျင်း၏ ခန္ဓာကိုယ်သည် လျှောခနဲ အောက်သို့ကျသွားလေသည်။

ထို့နောက်....

ကျောက်ပေါက်မာ ရှိသောလူနှင့် သူ၏ အဖော်များက ရှေ့ဆင့်နောက်ဆင့် ဆင်းလာပြီး ကျင်းကျင်းအား ပွေ့ချီ၍ မြေအောက်လမ်းအတိုင်း လျှောက်သွားသည်။

ကျင်းကျင်းသည် မျက်လုံးကို အသာအယာဖွင့်ကြည့်လိုက်လေသည်။

သူမ ရောက်ရှိနေသော မြေအောက်ခန်းသည်ကျဉ်းမြောင်းသော စကြံနံလမ်းတစ်ခု ဖြစ်သည်။

အတန်ကြာ လျှောက်လာတော့မှ မြေအောက်ခန်းတစ်ခုဆီသို့ ရောက်ရှိလာလေသည်။

'ကဲ....အဘွားကြီးဆီမှာ ကြေးပြားလေးကို ရှာကြစမ်း'

လူတစ်ယောက်က ကျင်းကျင်း၏ အင်္ကျီအိတ်ထဲမှ ကြေးပြားလေးကို နှိုက်ယူလိုက်သည်။

'ဟေ့....ဒီအဘွားကြီးကို ဂုန်နီအိတ်ထဲထည့်ပြီး အမြန်ဆုံးသွားပို့စမ်း'

လူဆိုးများသည် ကျင်းကျင်းအား ဂုန်နီအိတ်ထဲသို့ထည့်၍ ကြိုးဖြင့် ချည်နှောင်လိုက်သည်။

ထို့နောက်....

ကျောက်ပေါက်မှာ ရှိသော လူက ဂုန်နီအိတ်ကိုထမ်း၍ ကျောက်လှေကားထစ်အပေါ် တက်သွားလေတော့သည်။

* * *



'ရှိ....'

အသင့်စောင့်နေသော ဝေထင်းသည် ကျင်းကျင်းကို ဘုံကျောင်းထဲ ဆွဲခေါ်သွားသည်ကိုတွေ့သည်နှင့် အချက်ပြလိုက်လေသည်။

ထို့နောက်....

ဘုံကျောင်းရှိရာသို့ ပြေးလွှားသွားသည်။

အသင့်ကိုင်ဆောင်ထားသော သေနတ်ခလောက်ကို ဖွင့်လိုက်သည်။

ထို့နောက်....

ဘုံကျောင်းထဲသို့ တစ်ဟုန်ထိုး ပြေးဝင်သွားလေသည်။

သူ၏တာဝန်မှာ လူဆိုးများအား ရှေ့နောက်ညှပ်တိုက်ခိုက်ရန် ဆိုင်ဘက်သို့ မောင်းထုတ်လိုက်ခြင်း ဖြစ်သည်။

* * *

'ရှိ....'

ဝေထင်း၏အချက်ပေးသံကို ရဲအင်းနှင့် ဖုန်းမေတို့ ကြား
လိုက်ကြရလေသည်။

သူမတို့သည် ရွှေနဂါးစားသောက်ဆိုင်၏ လှေကားထိပ်
ကို စူးစိုက်ကြည့်နေကြ၏။

သို့သော်....

မည်သည့်လှုပ်ရှားမှုမျှ မတွေ့ရချေ။

တို့စဉ်....

ရဲအင်းသည် သေးငယ်စူးရှသော အသံတစ်ချက်ကို ကြား
လိုက်ရသည်။

'ရဲအင်းနဲ့ ဖုန်းမေ၊ ကျွန်မ ဆန်ဆိုင်ရှေ့ကို ရောက်နေပြီ'

ရဲအင်းမှာ ချာခနဲ လှည့်ကြည့်လိုက်သည်။

ထိုအခါ....

လူတစ်ယောက်သည် ဂုန်နီအိတ်တစ်လုံးကို ထမ်း၍ မြင်း
လှည်းပေါ်သို့ တင်လိုက်သည်ကို တွေ့လိုက်ရ၏။

ထိုဂုန်နီအိတ်ထဲမှ ရုန်းကန်လှုပ်ရှားနေသည်ကိုလည်း တွေ့
မြင်လိုက်ရ၏။

ရဲအင်း ရင်ထိတ်သွား၏။

'မမ....ကျောင်းကျောင်းကို မြင်းလှည်းပေါ် တင်လိုက်ပြီ'

သူမက အော်ပြောရင်း ဆန်ဆိုင်ရှေ့မှ မြင်းလှည်းရှိရာ
ပြေးလိုက်သွားသည်။

ထိုစဉ်....

မြင်းလှည်းက စတင်ထွက်ခွာသွားပြီ ဖြစ်သည်။



'ဟင်'

ရဲအင်း စိုးရိမ်ထိတ်လန့်သွား၏။

'ဟူး....'

လေတိုးသံနှင့်အတူ ဖုန်းမေက သူမအား ကျော်ဖြတ်၍
မြင်းလှည်းနောက်သို့ ပြေးလိုက်သွားလေသည်။

မြင်းလှည်း မောင်းသောလူသည် နောက်မှလိုက်လာသော
လူရှိနေသည်ကို တွေ့မြင်လိုက်ရသဖြင့် တရကြမ်းမောင်းနှင်၍
သွားလေသည်။

* * *

မြင်းလှည်းမှာတရကြမ်း မောင်းနှင်နေ၏။

ဝန်းကျင်တစ်ခုလုံးမှာ ပို၍ မှောင်မည်းလာသည်။

ဖုန်းမေက ရှေ့ဆုံးမှလိုက်နေ၏။

ရဲအင်းကနောက်မှ ပြေးလိုက်နေသည်။

တဖြည်းဖြည်းနှင့်ဖုန်းမေသည် မြင်းလှည်းအနီးသို့ ချဉ်းကပ်မိသွားလေသည်။

သူမသည် မြင်းလှည်းအား လက်လှမ်းမိသည်နှင့် ကျွမ်းတစ်ပတ်ပစ်ကာ မြင်းလှည်းပေါ် ခုန်တက်လိုက်သည်။

ထိုအချိန်....

မြင်းလှည်းပေါ်မှ လူနှစ်ယောက်အနက် တစ်ယောက်က ဖုန်းမေအား တိုက်ခိုက်လိုက်လေသည်။

ဖုန်းမေသည်လည်း ပြန်လည်တိုက်ခိုက်လိုက်၏။

ဤသို့ဖြင့်....

သူတို့ နှစ်ယောက်သည် မြင်းလှည်းပေါ်၌ သူတစ်ပြန်ကိုယ်တစ်ပြန် သဲသဲမဲမဲတိုက်ခိုက်နေကြလေသည်။

မြင်းလှည်း မောင်းသူသည် နောက်သို့ မကြာခဏ လှည့်ကြည့်နေရသောကြောင့် မြင်းလှည်းအရှိန် နှေးကွေးသွားလေသည်။

မြင်းလှည်းအရှိန် နှေးကွေး သွားသည်နှင့် ရဲအင်းကမီလာသည်။

သူမက မြင်းလှည်းပေါ် ခုန်တက်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ်မှာပင်....



ဂုန်နီအိတ်များ အတွင်းမှ ကျောက်ပေါက်မာနှင့် လူတစ်ယောက် တိုးထွက်လာပြီး ရဲအင်းအား ဓားဖြင့် ထိုးစိုက်ချလိုက်သည်။

မမျှော်လင့်သော အဖြစ်အပျက်နှို့ ရဲအင်း ကြောင်အမ်းအမ်းဖြစ်သွားသည်။

ထိုအခါ....

ကျောက်ပေါက်မာနှင် လူ၏ဓားသည် သူမ၏ ရင်ဝအား ထိုးဖောက်သွားလေတော့သည်။

'အမယ်လေး'

ရဲအင်း စူးရှစွာ အော်ဟစ်လိုက်သည်၊

'ဟင်....'

သူမ၏ အော်သံကြောင့် ဖုန်းမေက စိုးရိမ်တကြီး လှည့်ကြည့်လာသည်။

ဤသည် လူဆိုးက အခွင့်ကောင်း ရသွားလေသည်။

ထိုလူသည် ဖုန်းမေအားလက်ဝါးဖြင့် ခပ်ဆတ်ဆတ် ရိုက်လိုက်လေသည်။

'အမယ်လေး'

ဖုန်းမေမှာလည်း မြင်းလှည်းပေါ်မှ တလိမ့် ခေါက်ကွေးကျသွားသည်။

မြင်းလှည်းသည် အမှောင်ထုထဲသို့ တိုးဝင် ကွယ်ပျောက်သွားသည်၊

'ရှဲအင်း....'

ဖုန်းမေက လူးလဲထလိုက်ရင်း ရှဲအင်းထံ ပြေးသွားလိုက်သည်။

ရှဲအင်း၏ ရင်ဝတွင်ဓားတစ်လက်စိုက်ဝင်နေသည်။

သူမသည် ဖုန်းမေအား မည်သည့်အခါမှ ပြန်ထူးနိုင်တော့မည်မဟုတ်ပါချေ။

* * *

## သူနိုင် ကိုယ်နိုင်

ဖုန်းမေသည် အသက်ကင်းမဲ့စွာဖြင့် လိုင်နေ၏။ ယနေ့ညအဖို့ သူမ၏ ရင်ထဲ ဟာလာဟင်းလင်း ဖြစ်နေသည်။

မျက်ရည်များက သူမ၏ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာလေသည်။

ရှဲအင်းမှာ မိမိရှေ့မှောက်မှာပင် အသက်ဆုံးရှုံး ခဲ့ရလေသည်။

ကျင်းကျင်းမှာလည်း ရန်သူ၏ လက်ထဲ ကျရောက်နေလေသည်။

သူမသည် ရန်သူအား အစွမ်းကုန် ဖမ်းဆီးမည်ဟုဆုံးဖြတ်ချက် ချလိုက်သည်။

ကြေးဒင်္ဂါးပြားများအား လုယူနေသော လူဆိုးမှာ ရွှေနဂါး စားသောက်ဆိုင် ပိုင်ရှင် တုရှောင်ကျင်း ဖြစ်နေသည် မဟုတ်ပါလား။

လူမက ညတုန်းက မြင်းလှည်းပေါ်တွင် သူမအား တိုက်ခိုက်သောသူမှာ တုရှောင်ကျင်း ဖြစ်သည်ဟု သိရှိထားသည် မဟုတ်ပါလား။

*　　*　　*



ဖုန်းမေခြံထဲတွင်တစ်ယောက်တည်း နေခိုက် လူတစ်ယောက် ကစာတစ်စောင်လာပေးသည်၊

ထို့နောက်....

ထိုလူက သူမအား နှုတ်ဆက်ကာ ပြန်သွားလေသည်။

ဖုန်းဖေက စာကို ဖတ်ကြည့်လိုက်ကြည်။

စာထဲ၌....

‘မင်းရဲ့ အဖေဘ်ကို ဖမ်းထားတယ်၊ ကြေးဒင်္ဂါး ပြားနဲ့ လာလဲယူပါ၊ မြို့ပြင်အဖေဘ်မဲ့ တောင်ကုန်း’

တုရှောင်ကျင်း

ဟူ၍ ရေးသားထားသည်ကို တွေ့ရလေသည်။

ဖုန်းမေ အံကတင်းတင်းကြိတ်သူက်လေသည်။

ထို့နောက်....

အိမ်ထဲမှထွက်လာခဲ့တော့သည်။

*　　*　　*

အဖော်မဲ့တောင်ကုန်း။

ဖုန်းမေသည် အဖော်မဲ့တောင်ကုန်းသို့ ရောက်ရှိလာလေသည်။

တောင်ကုန်းပေါ်တွင် တဲအိမ်တစ်လုံးရှိလေသည်။

ဖုန်းမေက အိမ်ကလေးဆီသို့ ပြေးသွားရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်....

'ရပ်လိုက်....'

ဟန့်တားသံနှင့်အတူ တုရှောင်ကျင်းက သစ်ပင် နောက်ကွယ်မှ ထွက်လာလေသည်။

ဘုကရယ်မောရင်း....

'ကဲ....ဖုန်းမေ၊ ကြေးဒင်္ဂါးပါလား'

'ပါပါတယ်'

တုရှောင်ကျင်းက ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်၊

သူက အိတ်ထဲမှ သော့တစ်ချောင်းကို ထုတ်ယူလိုက်ပြီး....

'ကျင်းကျင်းကို ဟိုအိမ်ထဲမှာ ဖမ်းချုပ်ထားတယ်၊ ကဲ....မင်းက ကြေးဒင်္ဂါးပြားပေးပါ၊ ဒါဆိုရင် ငါက သော့ပေးမယ်'

ဖုန်းမေ မဲ့ပြုံး ပြုံးလိုက်၏။

'ကျွန်မက မပေးဘဲ လုယူမယ်ဆိုရင်ရော'

တုရှောင် လက်ကာပြလိုက်သည်။

'အိမ်ထဲမှာ အဆိပ်ငွေ့တွေ လွှတ်ထားတယ်၊ မင်းအချိန်မီ သော့မဖွင့်နိုင်ဘူးဆိုရင် သူသေဆုံးသွားမှာပဲ'



ဖုန်းမေ ဒေါသ ချောင်းချောင်း ထွက်သွား၏။

'လူယုတ်မာ'

တုရှောင် သဘောကျစွာ ရယ်လိုက်သည်။

'ကဲ.... ကြေးဒင်္ဂါးပြား ပေးပါ၊ ကျုပ်က သော့ပေးပါ့မယ်'

သူမက မတတ်သာတော့ဘဲ ပေးလိုက်ရလေ၏။

တုရှောင်ကလည်း သော့ပေးသည်။

သူမသည် သော့ရသည်နှင့် မစဉ်းစားတော့ဘဲ အိမ်ကလေးဆီ ပြေးသွားလိုက်၏။

တုရှောင် ကောက်ကျစ်စွာ ပြုံးရင်း ကျန်ရစ်ခဲ့လေတော့သည်။

* * *

ဖုန်းမေသည် အိမ်ကလေးဆီသို့ ရောက်ရှိလာ၏။

သူမသည် သော့ဖြင့် သော့ခလောက်ထဲသို့ ထိုး၍လှည့်လိုက်သည်။

သို့သော်....

ဘယ်ညာ လှည့်ဖွင့်နေသော်လည်း သော့ လောက်က ပွင့်မသွားပါချေ။

ဖုန်းမေသည် တုရျောင်၏ ထောင်ချောက်အတွင်းသို့ တိုးဝင်နေမိပြီ ဖြစ်ကြောင်း နားလည်လိုက်လေ၏။

နောက်ဆုံး....

သူမက စိတ်မရှည်တော့ဘဲ အတွင်းအား စုစည်း၍ တံခါးကို ရိုက်ချလိုက်သည်။

'ဝုန်း'

ကျယ်လောင်သော အသံနှင့်အတူ တံခါးမှာ တစ်စစီ ကျိုးပျက်သွားလေ၏။

သူမ အခန်းထဲ ဝင်သွားသောအခါ ဆိုးရွားသည့် အနံ့အသက်များ ခံစားလိုက်ရ၏။

သူမက အဆိပ်ငွေ့များ ဖြစ်ကြောင်း နားလည်ထားလိုက်သည်။

သူမ အသက်အောင့်၍ အခန်းအတွင်း လှမ်းဝင်လိုက်လေသည်။

ကျင်းကျင်းမှာ ခြေလက်များ ကြိုးဖြင့် တုပ်နှောင်ခံထားရသည်ကို တွေ့ရ၏။

ဖုန်းမေက ကြိုးများ ဖြည်ပေးလိုက်သည်။



ကျင်းကျင်းမှာ အဆိပ်ငွေ့များ ရှူမိထားကြောင်း သိသာလေသည်။

သူမ၏ မျက်နှာမှာ ပြာနှမ်းနှမ်း ဖြစ်နေသည်။

ဖုန်းမေမှာ ကျင်းကျင်းကို ပွေ့မ၍ အိမ်ထဲမှ ထွက်ခွာရန် ဟန်ပြင်လိုက်၏။

ထိုစဉ်....

အိမ်ထဲသို့ လူတစ်ယောက် ကမူးရှူးထိုး ဝင်လာသော ကြောင့် မထွက်ဖြစ်တော့ပါချေ။

*   *   *

## ကြေးဒင်္ဂါး နိဂုံး

တုရှောင်သည် ကြေးဒင်္ဂါးပြားရသည့် တောင်ကုန်းပေါ်မှ ပြေးဆင်းခဲ့၏။

လမ်းတစ်ဝက်မှာပင် ဖုန်းမေ သတင်းပေးမှုကြောင့် ရောက်ရှိလာသော ခေတင်း ဦးဆောင်သည့် အာဏာသားများ၏ဝိုင်းဝန်း ဖမ်းဆီးခြင်း ခံရ၏။

တုရှောင်က အဖမ်းမခံဘဲ အာဏာသားတို့ကို တိုက်ခိုက်ရင်း တောင်ကုန်းပေါ် ပြန်တက်ခဲ့သည်။

နောက်ဆုံး....

သူက အိမ်အတွင်းသို့ အမှူမဲ့ အမှတ်မဲ့ ဝင်သွားမိလေတော့သည်။

ထိုအခါ....



အိမ်အတွင်းမှ ဖုန်းမေအား တွေ့လိုက်ရ၏။

တုရှောင် ဒေါသ ချောင်းချောင်း ထွက်သွားလေတော့သည်။

'မင်းတို့ ဝင်ရှုပ်လို့ ကျုပ်ရဲ့ အစီအစဉ် အားလုံး ပျက်သွားတာ'

ဖုန်းမေ မဲ့ပြုံး ပြုံးလိုက်သည်။

'ရှင်ကမှ ယုတ်မာကောက်ကျစ်တာ၊ ရှင့်ကြောင့် ရဲအင်းသေရတယ်၊ ကျင်းကျင်းလဲ အဆိပ်မိထားတယ်၊ ကြေးဒင်္ဂါးပြားပိုင်ရှင်တွေဟာလဲ သေသလား ရှင်သလား မသိရဘူး၊ရှင့်ကို အရှင်မဖမ်းဆီးနိုင်တောင်မှ အသေဖမ်းမယ်'

တုရှောင် မဲ့ပြုံး ပြုံးလိုက်၏။

'ကျုပ် ဘယ်တော့မှ အဖမ်းမခံဘူး၊ ကျုပ်သေရင်တောင် မင်းတို့ကို အဖော်ခေါ်သွားမယ်၊ ဒီအိမ်ထဲမှာ ကျုပ်ယမ်းတွေ မြှုပ်နှံထားတယ်'

'ဟင်'

သူ၏ စကားကြောင့် ဖုန်းမေ ထိတ်လန့် သွားလေတော့သည်။

သူမ ဒေါသထွက်သွားသည်။

'သေပေတော့'

စကားဆုံးလျှင် သူမက တုရှောင်အား တရကြမ်းတိုက်ခိုက်လိုက်သည်။

'ယား'

တုံရှောင်ကလည်း ညာသံပေး၍ ဖုန်းမေအားပြန်လည်တိုက်ခိုက်လိုက်၏။

တဲအိမ်အတွင်း ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာလေသည်။

ထိုအချိန်....

အာဏာသား ဝေထင်းလည်း ရောက်ရှိလာ၏။

တဲအိမ်ထဲမှ ပြင်းထန်သော တိုက်ပွဲကြောင့် အနီးသို့ မကပ်နိုင်ဘဲ ရှိ၏။

ထို့ကြောင့်....

သူတို့က ခပ်လှမ်းလှမ်းမှ အခြေအနေကို ဒေါကဲခတ်ကြည့်နေသည်။

သိုင်းကွက် ငါးဆယ်ကျော်ခန့် ရောက်ရှိလာသော အခါ ရုတ်တရက်....

'ဝုန်း....'

'ဝုန်း....'

ကျယ်လောင်သော အသံနှင့်အတူ ဖုန်းမေမှာ တုံရှောင်၏ လက်ဝါးရိုက်ချက် ထိမှန်သွားသည်။

ထို့အတူ....

ဖုန်းမေ၏ လက်ချက်ကြောင့်လည်း တုံရှောင်မှာ ဒဏ်ရာ ပြင်းပြင်းထန်ထန် ရရှိသွားသည်။

သူက အံတင်းတင်း ကြိတ်၍ ပြန်လည် တိုက်ခိုက်လိုက်လေသည်။

ယခုတစ်ကြိမ်....



ကျားနှာ တစ်ကောင်ကဲ့သို့ တရကြမ်း တိုက်ခိုက်လာခြင်း ဖြစ်သည်။

ဖုန်းမေက နောက်ဆုတ် ရှောင်တိမ်းလိုက်ပြီး လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

ဖုန်းမေ၏ လက်ဝါးရိုက်ချက်မှာ တုံရှောင်ထံသို့ တိုးဝင်၍ သွား၏။

'ဝုန်း'

'အွန့်'

တုံရှောင် မသဲမကွဲညည်းရင်း ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားလေသည်။

သူ၏ ပါးစပ်၊ နှာခေါင်းများမှ သွေးများယိုစီးလာသည်။

သူက ဖုန်းမေအား မုန်းတီးသောမျက်လုံးအစုံဖြင့် ကြည့်လိုက်ပြီး....

'မင်းကြောင့် ကျုပ်အစီအစဉ်တွေ အားလုံးပျက်စီးကုန်ပြီ၊ ကျုပ် အသက်ရှင်လဲ အကြောင်းမထူးတော့ဘူး၊ ကျုပ်သေရင် မင်းတို့ကိုပါ အဖော်ခေါ်သွားမယ်'

စကားဆုံးလျှင် သူက ဖုန်းမေအား လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

စင်စစ်....

သူသည် ဖုန်းမေအား နောက်ဆုတ်စေရန် ဟန်ပြတိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

ဖုန်းမေက နောက်ဆုတ်လိုက်သည်နှင့် သူက ခုန်ထွက်ကာ တံခါးဝ၌ တွဲလောင်းချထားသော ကြိုးစကို ဆောင့်ဆွဲလိုက်လေသည်။

အဖြစ်အပျက်က လျင်မြန်လွန်းလှ၏။

ဖုန်းမေက အခြေအနေကို သဘောပေါက်လိုက်သည်၊

သူမက ကျင်းကျင်းအား ခေါ်ဆောင်၍ အိမ်ထဲမှထွက်ပြေးရန် ဟန်ပြင်လိုက်၏။

သို့သော်....

သူမ နောက်ကျသွားပြီ ဖြစ်သည်။

'ဖုန်း....'

ကျယ်လောင်သော ယမ်းဖောက်ခွဲသံနှင့်အတူ တဲအိမ်တစ်ခုလုံး ပေါက်ကွဲသွားလေသည်။

တုရှောင်၊ ကျင်းကျင်း၊ ဖုန်းမေနှင့် ကြေးဌက်ါးပြားများမှာ တစ်စစီ ဖြစ်သွားလေတော့သည်။

* * *

မပြီးဆုံးသေးသော တာဝန်

---

လုယန်မြို့သို့သွားသော အရှေ့ပိုင်းလမ်းသည် စိမ်းလန်းသော တောအုပ်များဖုံးလွှမ်းကာ သာယာလှပ ရှိနေပါသည်။

အရှေ့ပိုင်းလမ်းအတိုင်း တောအုပ်များကို ဖြတ်သန်းကာ အသက်ငါးဆယ်ခန့်ရှိ အဘိုးအိုတစ်ယောက် ခရီးနှင်နေပါသည်။

ထိုအဘိုးအိုမှာ ခန္ဓာကိုယ် ပိန်ပိန်ပါးပါးနှင့် တည်ကြည်ခန့်ညားသော ဥပဓိရုပ်ရှိသူဖြစ်သည်။

သူ၏မျက်နှာပေါ်၌ ထင်ဟပ်နေသော အရေးအကြောင်းများက လောကဓံကို ရင်ဆိုင်ခဲ့ရကြောင်း ဖော်ပြနေသည်။

လောကအတွေ့အကြုံ ရင့်ကျက်ပြီး ဘဝလှိုင်းတံပိုးများ၏ တိုက်ခတ်မှုများကြောင့် လောကကြီးအား နာကျည်းနေသည့် အသွင်က သူ၏မျက်ဝန်းအိမ်၌ ပေါ်လွင်နေပါသည်။

အဘိုးအိုသည် တောလမ်းအတိုင်း လျှောက်လှမ်းလာရင်း အရိပ်ကောင်းသော သစ်ပင်တစ်ပင်အောက်၌ ခြေလှမ်းရပ်ပြီး အနားယူလိုက်လေ၏။

နဖူးပေါ်စို့လာသော ချွေးများကို သုတ်လိုက်သည်။

တောလမ်းအတိုင်း အရှေ့ဘက်သို့မျှော်ကြည့်ရင်း တီးတိုး ရေရွတ်လိုက်သည်။

'လုယန်မြို့ကို ငါပြန်လာခဲ့တာ မှန်ကန်မှုကော ရှိနိုင်ပါ့မလား'

လုယန်မြို့....

လုယန်မြို့သည် သူမွေးဖွားကြီးပြင်းခဲ့သည့် မြို့တော်ကြီးဖြစ်ပါသည်။

လုယန်မြို့၌ပင် ပြေးလွှားဆော့ကစားခဲ့သည်။

ပညာသင်ကြားခဲ့သည်။

ဝါသနာပါသော သိုင်းပညာကိုသင်ကြားပြီး မြို့တော်ဝန်ထံ၌ အမှုထမ်းခဲ့ရာမှ အာဏာသားတစ်ယောက် ဖြစ်လာခဲ့၏။

သူ၏ဘဝ တစ်သက်တာ၌ အာဏာသားအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရသည့် အချိန်မှာ အပျော်ရွှင်ဆုံး အချိန်ကာလ ဖြစ်ခဲ့ပါတော့သည်။

သို့သော်....



သူပျော်ရွှင်ခဲ့သော အာဏာသားဘဝကို ဝမ်းနည်းစွာဖြင့် စွန့်ခွာခဲ့ရပါသည်။

အဘိုးအို တွေးတောရင်း စိတ်ပင်ပန်း မောဟိုက်လာသည့်အလား သစ်ပင်အောက်၌ ထိုင်ချလိုက်သည်။

ထိုအချိန်မှာပင်....

'ခွပ်....ခွပ်....ခွပ်....ခွပ်'

'ခွပ်....ခွပ်....ခွပ်....ခွပ်'

မြင်းခွာသံများ၊ မြင်းလှည်းဘီးလိမ့်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ၏။

မြင်းလှည်းတစ်စီး တောလမ်းအတိုင်းမောင်းနှင်လာသည်ကို တွေ့လိုက်ရလေ၏။

'ဟေး....ဟေး'

မြင်းလှည်းသမားသည် မြင်းများကို အော်ငေါက်ရင်း အဘိုးအိုနှင့် မလှမ်းမကမ်းမှ ဖြတ်သန်းမောင်းနှင် သွားလေသည်။

မြင်းလှည်းတံခါး ဖွင့်ထားသည်ဖြစ်၍ မြင်းလှည်းအိမ်ထဲတွင် လိုက်ပါလာသူကို တွေ့မြင်လိုက်ရလေသည်။

ထိုသူသည် ပြတင်းပေါက်အနီး၌ ကပ်၍ထိုင်နေသည်မို့ အဘိုးအိုအား တွေ့လိုက်ရခြင်းလည်း ဖြစ်လေ၏။

အဘိုးအို မျက်မှောင်ကြုတ်သွားလေ၏။

'သူကို ငါမြင်ဖူးသလိုပဲ'

တီးတိုးရေရွတ်မိလိုက်ပြန်၏။

မြင်းလှည်းအိမ်ထဲ၌ လိုက်ပါသွားသူကား အသက် ငါး ဆယ်ခန့်ရှိသူတစ်ယောက် ဖြစ်ပုံရသည်။

အဘိုးအို စဉ်းစားတွေးတောနေစဉ်မှာပင် မြင်းလှည်းမှာ တဖြည်းဖြည်း ဝေး၍ဝေး၍သွားကာ မြင်ကွင်းထဲမှ ကွယ် ပျောက်သွားတော့သည်။

အဘိုးအို သက်ပြင်းချလိုက်သည်။

'ငါဘယ်နေရာမှာ တွေ့ဖူးပါလိမ့်'

အတန်ကြာအောင် တွေးတောစဉ်းစားလိုက်ပါသော်လည်း အဖြေမရသဖြင့် ဆက်မတွေးဘဲ နေလိုက်သည်။

အားယူကာ ထရပ်ပြီး ခရီးဆက်ရန် ဟန်ပြင်လိုက်၏။

ထိုစဉ်....

'ကယ်တော်မူကြပါ'

မလှမ်းမကမ်း တစ်နေရာမှ စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့သည်။

* * *



'အား....'

'အမယ်လေး'

'သေပါပြီဗျ'

စူးရှသောအာ အော်ဟစ်သံများ ဆင့်ကဲဆင့်ကဲ ထွက်ပေါ် လာသည်။

အဘိုးအို လှုပ်လှုပ်ရှားရှား ဖြစ်လာလေသည်။

'တစ်ယောက်ယောက်တော့ ဒုက္ခရောက်နေပြီ'

ချက်ချင်းပင် အော်ဟစ်သံများ ထွက်ပေါ် လာရာဆီသို့ လှမ်းသွားလိုက်လေသည်။

သစ်ပင် ချုံနွယ်များကို ဖြတ်သန်းသွားလိုက်ပြီးလျှင် မြေ ကွက်လပ်တစ်ခုသို့ ရောက်သွားလေသည်။

မြေကွက်လပ်၌ အရုပ်ဆိုး အကြည်းတန်သော မြင်ကွင်း တစ်ခုကို တွေ့ရလေသည်။

မျက်နှာဖုံးစွပ်ထားသူ တစ်စုက ခရီးသည်ဖြစ်ဟန် ရှိ သောလူတစ်စုအား ဝန်းရံတိုက်ခိုက်နေခြင်းဖြစ်သည်၊

မျက်နှာဖုံးစွပ် ဒ်ားပြများ၏ လက်ချက်ကြောင့် ခရီးသည် များ တစ်ယောက်ပြီး တစ်ယောက် လဲကျသွားကြသည်။

စူးရှသော အော်ဟစ်သံများ ဝန်းကျင်တစ်ခုလုံး ဖုံးလွှမ်း နေပါတော့သည်။

အဘိုးအို ဒေါသွသွားလေသည်။

'ရိုင်းစိုင်းလိုက်တာ'

ဟု၍ ရေရွတ်ပြီးလျှင် ကျယ်လောင်သော အသံဖြင့် အော်ဘစ် ဟန့်တားလိုက်လေသည်။

'ရပ်လိုက်စမ်း'

မိုးချုန်းသံပမာ ထွက်ပေါ်လာသော အသံကြောင့် ခေါးပြ များလှုပ်လှုပ်ရှားရှားဖြစ်သွားကြလေသည်။

ချက်ချင်း နောက်ဆုတ်လိုက်ကြသွင် ခရီးသည်များ ဝင်း သာသွားကြသည်။

သို့သော်ရောက်လာသူမှာ အဘိုးအိုတစ်ယောက်ဖြစ်နေခြင်း ကြောင့် ပိုအားလျော့သွားကြပြန်သည်။

ခေါးပြများသည် အဘိုးအိုကိုတွေ့လျှင် ဟားလိုက်ရယ်မော လိုက်လေသည်။

'ဟား....ဟား....ဟား'

'အဘိုးကြီးသေချင်ပြီ ထင်တယ်'

'ဘာလဲ ခင်ဗျားက သူရဲကောင်း ဝင်လုပ်ချင်လို့လား'

'အဘိုးကြီးကို ဆုံးမလိုက်စမ်းဟေ့'

တစ်ယောက်တစ်ပေါက် အော်ပြော လိုက်ကြလေသည်၊ ထို့နောက် ခေါးပြနှစ်ယောက်သည် ဓားများကို တရှမ်းရှမ်း မြည်အောင် ဝေ့ယမ်းကာ အဘိုးအိုအနီးသို့ ချည်းကပ် သွား လိုက်ကြသည်

အဘိုးအို ခေါ်ပွသွားပါသည်။

'လာစမ်း မင်းတို့ကို ကြောက်နေရမှာလား၊ ဝေ့ထင်းဟာ မင်းကိုလို လမ်းခေါးပြထွေကို ဘယ်လို ဆုံးမသလဲ ဆိုတာ သိရမယ်'

အဘိုးအိုနှင့် ခေါးပြများ ကိုပ်တိုက်ရင်ဆိုင် မိလိုက်ကြသော အခါ ပြင်းထန်သည့် တိုက်ပွဲ ဖြစ်ပေါ်လာလေသည်။



'ဟား....'

'ချွမ်း....ချွမ်း'

'ဂုန်း....'

'အား....'

ရှေ့ဆုံးမှ ပြေးဝင်သွားသော ခေါးပြနှစ်ယောက်မှာအဘိုး အို၏လက်ချက်မိကာ လွင့်စင် သွားကြလေသည်။

'ဟင်....'

'ဟာ....'

ကျန် ခေါးပြများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေ သည်။

'အဘိုးကြီးက မခေဘူးကွ'

'အေး....သိုင်းပညာ တတ်ထားဖို့ပဲ ဒီအတိုင်း လွှတ်ထား လို့မဖြစ်ဘူး၊ တို့ဝိုင်းပြီး တိုက်ခိုက်ကြရအောင်'

'ကောင်းပြီ'

ကျန်ခေါးပြများသည် လက်နက်များ ဝေ့ယမ်းကာတဟုန် ထိုး ပြေးဝင်လာကြလေသည်။

အဘိုးအိုက အသက်ပြင်းပြင်း ရှူရှိုက်ကာ လက်ဝါးနှစ် ဖက်ဖြင့် သိုင်းဟန်ဆင်ရင်း ပြန်လည် တိုက်ခိုက်လိုက်လေ သည်။

မြေကွက်လပ်လေးတွင် ပြင်းထန်သော တိုက်ပွဲဖြစ်ပေါ်လာ လေသည်။

ခရီးသည်များသည်လည်း အော်ဟစ်ရင်း ကြောက်လန့် တကြားထွက်ပြေးကြလေသည်။

အခြေအနေရှုတ်ရှုတ်သဲသဲဖြစ်သွားပြီးလျှင်....

'ဝုန်း....'

'အား....'

'အမယ်လေး'

ဓားပြများ တစ်ယောက်ပြီးတစ်ယောက် လွင့်စင် သွားကြသကဲ့သို့ အဘိုးအိုလည်း ဒယီးဒယိုင်ဖြင့် နောက်ဆုတ်ရလေသည်။

ဓားပြသစ်ယောက်၏ လက်ချက်ဖြင့် သူ၏ ဝဲဘက်ပခုံး၌ ဒဏ်ရာတစ်ချက်ရသွားကာ သွေးချင်းချင်းနီရဲသွား၏။

အဘိုးအို၏ သိုင်းကွက်နှင့် သိုင်းပညာ မဆိုးလှပါသော်လည်း အသက်အရွယ် ကြီးရင့်နေသည်က တစ်ကြောင်း အများနှင့်တစ်ယောက်ရင်ဆိုင်လိုက်ရခြင်းကတစ်ကြောင်းမို့ ယခုအံ့သို့ ထွခိုက်ဒဏ်ရာရသွားခြင်း ဖြစ်ပါတော့သည်'

'မလှုပ်နဲ့'

ဓားပြတစ်ယောက်သည် ရှေ့သို့လှပ်တစ်ပြက် ခုန်ထွက်လာကာ အဘိုးအို၏ရင်ဝကို ဓားဖြင့် ချိန်ရွယ်ထားလိုက်လေတော့သည်။

'ဟင်....'

အဘိုးအိုရင်ထိတ်သွားသည်။

အငိုက်မိသွားသဖြင့် မည်သို့မျှမရှောင်နိုင်တော့ချေ။

'ဟား....ဟား....ဟား'

'ဟား....ဟား....ဟား'

ဓားပြများ ဟားတိုက် ရယ်မောလိုက်ကြသည်။



'အဘိုးကြီး ခုတော့ ခင်ဗျားဘာတတ်နိုင်သေးသလဲ'

'သေဖို့သာပြင်ထား'

အမျိုးမျိုးအော်ငေါက်လိုက်ကြသည်။

အဘိုးအိုရင်ကော့လိုက်သည်။

'ဟေ့....ဝေထင်းဟာ ဘယ်တုန်းကမှ ကြောက်လန့်ခဲ့တဲ့ စိတ်ရှိတာမဟုတ်ဘူး၊ လုယန်မြို့မှာ အာဏာသား ဘဝနဲ့ လူဆိုးဓားပြတွေကို ဘယ်လို နှိမ်နင်းလာခဲ့တယ်ဆိုတာ မေးကြည့်လို့ရတယ်....

'ငါလက်နှေးသွားလို့ ခံရတော့ရော မင်းတို့ကို ကြောက်နေရမှာလား၊ ငါ့ကို သတ်ပစ်လိုက်စမ်း'

ထိုအဘိုးအိုကား...

တစ်ချိန်က လုယန်မြို့၌ တာဝန်ထမ်းဆောင်ခဲ့သည့် အာဏာသား ဝေထင်း ဖြစ်ပါ၏။

ဝေထင်းသည် လုယန်မြို့ကို ကျောခိုင်း စွန့်ခွာသွားခဲ့သည်မှာ ကြာပြီ ဖြစ်၏။

'အာဏာသားကောင်းကြီးကို ဆုံးမလိုက်ရအောင်'

ဓားပြတစ်ယောက်က လှောင်ပြောင် ပြောဆိုရင်း ဓားဖြင့် ထိုးစိုက်ချရန် ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင်....

'ရပ်လိုက်စမ်း'

အော်ငေါက်သံ ထွက်ပေါ်လာ၍ လူရိပ်တစ်ခု ရိပ်ခနဲ ရောက်ရှိလာပြီး ဓားပြများကို တိုက်ခိုက်လိုက်တော့သည်။

'ဝုန်း'

'အား'

'အမယ်လေး'

ဓားပြများကား ဖရိုဖရဲ ဖြစ်သွားကြတော့သည်။

ဝင်ရောက် တိုက်ခိုက်လာသူကို ကြည့်လိုက်သျှင် အဖြူရောင် ဝတ်ဆင်ထားသော လူငယ်လေး တစ်ယောက် ဖြစ်နေသည်ကို တွေ့လိုက်ရလေ၏။

ဝေထင်းကိုပင် မနည်းရင်ဆိုင်ခဲ့သည်ဖြစ်ရာ သိုင်းစွမ်းထက်သော လူငယ်လေး တစ်ယောက် ထပ်မံ ရောက်ရှိလာသည်ကို မြင်လျှင် ဓားပြများ မနေဝံ့ဘဲ ထွက်ပြေး သွားကြလေတော့သည်။

လူငယ်လေးကြောင့် အဘိုးအို(ဝါ)ဝေထင်းလည်းအသက်ဘေး လွတ်မြောက်သွားလေတော့သည်။

* * *



ဓားပြများ ထွက်ပြေးသွားကြပြီ ဖြစ်သည်။

ဝေထင်းက လူငယ်လေးကို ကျေးဇူးတင်စကားပြောလိုက်သည်။

'ငါ့တူရဲ့ ကျေးဇူးကို မမေ့ပါဘူးကွယ်၊ ငါ့တူသာအချိန်မီ ရောက်မလာရင် ကျုပ် အခုလို အသက်ရှင်နေနိုင်တော့မှာမဟုတ်ပါဘူး'

လူငယ် ပြုံးလိုက်သည်၊

'ကိစ္စမရှိပါဘူး ခင်ဗျာ၊ ဦးကို ကူညီနိုင်တာပဲ ဝမ်းသာလှပါပြီ၊ လုယန်မြို့ အနီးတစ်ဝိုက်မှာ လူဆိုးဓားပြတွေ သောင်းကျန်းနေတယ်ဆိုတာကြောင့် သတိဝီရိယနဲ့ ခရီးနှင်လာတုန်း တိုက်ခိုက်သံတွေ ကြားတာနဲ့ လာခဲ့တာပါ၊ ဓားပြတွေရဲ့လက်ချက်ဖြစ်ရမယ်ဆိုတာ သိလို့ ဒုက္ခရောက်သူရှိရင် ကူညီဖို့ လာခဲ့တာပါ'

ဝေထင်း ပင့်သက်ရှိုက်လိုက်၏။

'ကျေးဇူးရှင်လေးရဲ့ နာမည်ကို မသိရဘူးလား'

'သိရပါတယ်ခင်ဗျာ၊ ကျွန်တော့်နာမည် ကျူးရိလို့ ခေါ်ပါတယ်'

'မောင်ရင်လေးက လုယန်မြို့ကို လာခဲ့တဲ့ ခရီးသည် တစ်ယောက်ပဲလား'

'ဟုတ်ပါတယ် ခင်ဗျာ၊ အကြောင်းကိစ္စတစ်ခုရှိလို့ လာခဲ့တာပါ၊ ဦးကရော လုယန်မြို့ကို သွားမလို့လား'

'ဟုတ်ပါတယ်ကွာ'

လူငယ် ခေါင်းညိတ်ပြလိုက်၏။

'ဒါဖြင့် ကျွန်တော်တို့ နှစ်ယောက် အတူတူ သွားကြရင် မကောင်းဘူးလား'

ဝေထင်း ဝမ်းသာသွားလေ၏။

တက်တက်ကြွကြွ ရှိသော သိုင်းပညာတတ်သည့် စိတ်နှလုံးကောင်းသည့် လူငယ်တစ်ယောက်နှင့်အတူ ခရီးသွားရမည်ကို သဘောမကျနိုင်စရာ မရှိပါချေ။

'ကောင်းတာပေါ့ကွယ်၊ ကျုပ်တို့ အတူတူ သွားကြတာပေါ့'

ထို့နောက်

နှစ်ယောက်သား တောအုပ်ထဲမှ ထွက်လာခဲ့ကြလေတော့သည်။

* * *

အပြောင်းအလဲများ

---

စည်ကား သိုက်မြိုက်လှသော လုယန်မြို့အဟွင်းသို့ ရောက်ရှိလာကြပြီ ဖြစ်သည်။

နံနက်စာ စားချိန်ကို ကျော်လွန်လာခဲ့ပြီး ဖြစ်ရကား လူငယ်(၀၂)ကျူးရိက ပြောလေ၏။

'ဦး....ကျွန်တော်တို့လဲ ခရီးပန်းလာကြပြီဆိုတော့ တစ်ခုခု စားသောက်ရင်း အမောဖြေလိုက်ကြရင် မကောင်းဘူးလား'

'ကောင်းသားပဲ'

ဝေထင်းသည် လုယန်မြို့မှ နာမည်ကျော် စားသောက်ဆိုင်များ အကြောင်း ကောင်းစွာ သိထားလေ၏။

သို့သော်....

လုယန်မြို့သည် ယခင်ကနှင့် မတူဘဲ တိုးတက် ပြောင်းလဲနေပြီဖြစ်သလို အခြေအနေများကလည်း ပြောင်းနေပြီ ဖြစ်ရကား ဘာမှမပြောဘဲ နေလိုက်သည်။

ကျူးရိက မလှမ်းမကမ်းရှိ စားသောက်ဆိုင် တစ်ဆိုင်ကို ညွှန်ပြလိုက်၏။

'ဟိုဆိုင်လေးကိုသွားရင် မကောင်းဘူးလား'

'သွားတာပေါ့'

နှစ်ယောက်သား စားသောက်ဆိုင်လေးဆီသို့ လှမ်းသွားလိုက်ကြ၏။

နံနက်စာ စားပြီးချိန်ကို ကျော်လွန်လာခဲ့ပြီဖြစ်ရကား ဆိုင်ထဲ လူရှင်းနေသည်။

ဆိုင်လုလင်များက ပျာပျာသလဲ ကြိုဆို၍နေရာ ထိုင်ခင်းပေးကြလေ၏။

ထိပ်တန်း စားသောက်ဆိုင်ကြီးများကဲ့သို့ ကြီးကျယ် ခမ်းနားခြင်း မရှိသော အလယ်အလတ် တန်းစား ဆိုင်တစ်ဆိုင်ဖြစ်သည်။

ဝေထင်းက ဆိုင်ထဲသို့ တစ်ချက် ဝေ့ကြည့်လိုက်မိလေသည်။

ဤဆိုင်လေးသို့ တစ်ကြိမ်တစ်ခါမှ မရောက်ဖူးသကဲ့သို့ ဆိုင်ရှင်နှင့် ဆိုင်လုလင်များကိုလည်း မသိပါချေ။

'ဆယ်နှစ်ဆိုတဲ့ အချိန်ကာလအတွင်း အတော်ကိုပြောင်းလဲသွားတာပဲ'



သူ၏ ဟီးတိုး ရေရွတ်သံကို ကျူးရိ ကြားသွားလေတော့သည်။

'ဦးဟာ ဒီမြို့နဲ့ ရင်းနှီးကျွမ်းဝင်ခဲ့တယ်ထင်ပါရဲ့'

'ဟုတ်ပါတယ်ကွယ်၊ ကျုပ်ဟာ ဒီမြို့မှာပဲ မွေးဖွားကြီးပြင်းခဲ့တာပါ၊ လွန်ခဲ့တဲ့ဆယ်နှစ်လောက်ကမှ ဒီမြို့က ထွက်သွားခဲ့တာပေါ့'

ကျူးရိ ဝမ်းသာသွားသည်။

'ဒါဆို ဦးနဲ့ဆုံတွေ့မိတာ ကျွန်တော် ကံကောင်းတာပဲ'

ဝေထင်း ပြုံးလိုက်သည်။

'ဘယ်လိုက ကံကောင်းတာလဲ ပြောစမ်းပါဦး'

'ကျွန်တော်ဟာ ခုမှ ဒီမြို့ကိုရောက်ဖူးတာပါ၊ လွန်ခဲ့တဲ့ဆယ်နှစ်ကျော်လောက်က ဖြစ်ပျက်ခဲ့တဲ့ ကိစ္စတစ်ခုနဲ့ပတ်သက်ပြီး စုံစမ်းဖို့လာခဲ့တာပါခင်ဗျာ'

'မင်းက ဘယ်လိုကိစ္စစုံစမ်းမလို့လဲ ပြောစမ်းပါဦး'

'ကြေးပြားခုနစ်ပြား ကိစ္စပါ'

'ဟင်'

ကျူးရိ၏စကားကြားသျှင် ဝေထင်း ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

ကြေးပြားခုနစ်ပြား....

ကြေးပြားခုနစ်ပြားကိစ္စကား လုရန်မြို့ကို ဝရုန်းသုန်းကား ဖြစ်စေခဲ့သည်။

ကြေးပြားမုန်တိုင်းသည် သူခင်တွယ်လှသည့် အာဏာသားဘဝကို စွန့်ခွာစေခဲ့သည် မဟုတ်ပါလား။

ထိုကိစ္စအား သူ ဘယ်သောအခါမှ မေ့သွားနိုင်မည်မဟုတ်တော့ပါ။

မနေ့တစ်နေ့ကမှ ဖြစ်ပျက်ခဲ့သည်ဟု ထင်ယောင်နေဆဲ....

'တုရှောင်'

ဝေထင်း ဘီးတိုးရေရွတ်လိုက်သည်။

လုရန်မြို့၌ တုရှောင်သောင်းကျန်းသွားသည်တွင် လူသတ်မှုများ ဖြစ်ပေါ်လာခဲ့သည်။

နေပြည်တော်မှ တာဝန်ပေးအပ်ခြင်းခံရသော မိန်းကလေးသုံးယောက် လာရောက်စုံစမ်းသည်အထိ ဖြစ်ခဲ့လေသည်။

တုရှောင်၏အကြံကို ဖော်ထုတ်နိုင်ခဲ့ပါသော်လည်း နောက်ဆုံးတွင် ဝမ်းနည်းကြေကွဲစရာအဖြစ်ဆိုးနှင့် ဇာတ်သိမ်းခဲ့ရလေသည်။

ဝေထင်း မျက်နှာညှိုးနွမ်းသွားသည်ကို တွေ့ရသောအခါ ကျူးရိက မေးလေသည်။

'ဦး ဘာများဖြစ်လို့လဲ၊ မျက်နှာလဲမကောင်းပါလား ခင်ဗျာ'

ဝေထင်း ပင့်သက်ရှိုက်လိုက်၏။

'ကျုပ် ဘာမှမဖြစ်ပါဘူး၊ မောင်ရင်လေးကော ကြေးပြားကိစ္စနဲ့ ဘယ်လိုပတ်သက်နေသလဲဆိုတာ ပြောပြနိုင်မလား'

ကျူးရိ ခေါင်းညိတ်လိုက်၏။

'ပြောပြနိုင်ပါတယ်ခင်ဗျာ၊ ကျွန်တော်ဟာ စီးဟိုင်ပင်လယ်ဒေသကလာခဲ့တာပါ၊ ကျွန်တော့်ဖခင်ရဲ့ မိတ်ဆွေတစ်ယောက်ဟာ စီးဟိုမှာ လာပြီးနေထိုင်ရင်း ကွယ်လွန်သွားခဲ့ပါတယ်၊



သူမကွယ်လွန်မီ လွန်ခဲ့တဲ့ဆယ်နှစ်ကျော်က လုရန်မြို့က ကြေးပြားကိစ္စကို ပြောပြသွားခဲ့တာပါ'

ဝေထင်း အလောတကြီးမေးလိုက်သည်။

'မောင်ရင်းလေးအဖေရဲ့ မိတ်ဆွေ ဘယ်သူလဲဆိုတာ ပြောပြနိုင်မလား'

'သူဟာ တစ်ချိန်က လုရန်မြို့ဝန်လုပ်ခဲ့ဖူးတဲ့ သန်းဖုန်ဆိုပါတော့ ခင်ဗျာ'

'ဟာ'

ဝေထင်း အလန့်တကြားဖြစ်သွားလေတော့သည်။

ကျူးရိ မျက်မှောင်ကြုတ်သွားသည်။

'ဘာများဖြစ်လို့လဲခင်ဗျာ'

'ကျုပ်က မြို့တော်ဝန်သန်းဖုန်ကို ကောင်းကောင်းကြီးသိတာပေါ့၊ သူ့ရဲ့လက်အောက်မှာ အာဏာသားအဖြစ် တာဝန်ထမ်းဆောင်ခဲ့တာပဲ၊ မြို့တော်ဝန်တောင် ကွယ်လွန်သွားရှာမှကိုး'

ကျူးရိ အံ့သြသွား၏။

'လက်စသပ်တော့ ဦးဟာ အာဏာသားဝေထင်း ဖြစ်နေတာကိုး'

'ဟုတ်ပါတယ်ကွယ်၊ ကြေးပြားကိစ္စမှာ တရားခံကို ဖမ်းဆီးခြင်း မပြုနိုင်တဲ့အပြင် နေပြည်တော်ကစေလွှတ်လိုက်တဲ့ အထောက်တော်မိန်းကလေးသုံးယောက် က ဆိုးခဲ့ရလို့ ကျုပ်ဟာ အာဏာသားအဖြစ်က တာဝန်ရပ်စဲခံခဲ့ရတယ်၊ မြို့တော်

ဝန်ကိုလဲ အနားပေးလိုက်တယ်လေ၊ ကျုပ်တို့လဲ အရှက်တကွဲ ဖြစ်ခဲ့ရ ။ ရပ်ဝေးကိုသွက်သွားခဲ့ကြတယ်'

ကျူးရီ စိတ်မကောင်းဖြစ်သွား၏။

'မြို့တော်ဝန်ဟာ ဦးရဲ့အကြောင်းကိုလဲ ပြောပြသွားခဲ့ပါတယ်၊ ဦး အစွမ်းကုန် ကြိုးစားဆောင်ရွက်ခဲ့ပေမယ့် လူသတ်သမားကို ဖမ်းမမိခဲ့လို့ တာဝန်ကအနားယူခဲ့ရပေမယ့် ဦးဟာ တကယ့် အရည်အချင်းရှိတဲ့လူတစ်ယောက်လို့ ချီးကျူး ပြောဆိုခဲ့ပါတယ်'

မြို့တော်ဝန်ကား ကွယ်လွန်သွားချေပြီ

သို့သော်

ကြေးပြားကိစ္စကား ပြီးဆုံးသွားခြင်းမရှိသေးပါ။

ဝေထင်းက ကျူးရီကို အကဲခတ်လိုက်သည်။

'မောင်ရင်လေး လုရန်မြို့ကိုလာခဲ့တာ ကြေးပြားကိစ္စကို ဖော်ထုတ်ဖို့ဟုတ်လား'

ကျူးရီ ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ခင်ဗျာ၊ ကြေးပြားကိစ္စဟာ မပြီးပြတ်သေးဘူးလို့ မြို့တော်ဝန်ကပြောသွားပါတယ်၊ ပြီးပြတ်အောင် ဆောင်ရွက်ပေးဖို့ ဖေဖေ့ကို အကူအညီတောင်းလို့ ဖေဖေက ကျွန်တော့်ကိုစေလွှတ်လိုက်တာပါ'

ဝေထင်းက မေးလိုက်သည်။

'မောင်ရင်လေးရဲ့ဖခင်ဟာ ဘယ်သူများလဲဆိုတာ မသိရဘူးလား'



'သိရပါတယ်ခင်ဗျာ၊ ကျွန်တော့် အဖေနာမည် ကျူးဖုန်လို့ ခေါ်ပါတယ်၊ သိုင်းလောကသားတွေကတော့ အနောက်ပင်လယ် သိုင်းရာဇာလို့ ခေါ်ပါတယ်'

'ဟာ'

ဝေထင်း လွှတ်ခနဲအော်လိုက်မြန်သည်။

အနောက်ပင်လယ်သိုင်းရာဇာ ကျူးဖုန်သည် ထိပ်သီး သိုင်းသမားကြီးတစ်ယောက်အဖြစ် သိုင်းလောက၌ ထင်ရှားသျက်ရှိသည် မဟုတ်လား။

ကျူးဖုန်သည် အနောက်ပင်လယ်၌သာ နေထိုင်လျက်ရှိပြီး သိုင်းလောက၌ ကျင်လည်ကျက်စားခြင်းမရှိဘဲ သီးသန့်နေထိုင်ခဲ့သူ ဖြစ်ပါသည်။

သိုင်းလောကသားများသည်လည်း အနောက်ပင်လယ်သို့ သွားရောက်နှောင့်ယှက်ရဲခြင်း မရှိချေ။

'လက်စသပ်တော့ မောင်ရင်လေးဟာ လျှမ်းလျှမ်းတောက်ကျော်ကြားနေတဲ့ သိုင်းဆရာကြီးတစ်ယောက်ရဲ့ သားဖြစ်နေတာကိုး'

ကျူးရီ ပြုံးလိုက်သည်။

'ဦးက ဖေဖေ့ကို သိနေတာပေါ့'

'မောင်ရင်လေးရဲ့ အဖေအကြောင်း မကြားဖူးဘူးဆိုရင် ရှိုင်းရာကျသွားမှာပေါ့ကွယ်'

ဝေထင်း ခေါင်းညိတ်လိုက်၏။

'ကျုပ်တာဝန်မကျေခဲ့လို့ အာဏာသားဘဝကနှုတ်ထွက်လိုက်ရတော့ ရှက်တာနဲ့ ဘယ်သူ့ကိုမှ မျက်နှာမပြရဲတော့ဘဲ

အရပ်တစ်ပါးကို ထွက်သွားခဲ့တာပါ၊ တစ်နယ်တစ်ကျေးမှာ ဆယ်နှစ်လောက် နေခဲ့ပြီးပါပြီ၊ ခုဆိုရင် စိတ်တည်ငြိမ်မှု ရခဲ့ပါပြီ၊ ကျုပ်ဟာ အသက်ငါးဆယ်ပဲ ရှိပါသေးတယ်၊ ဒါပေမယ့် လောကရဲ့ ဖိစီးနှိပ်စက်မှုကြောင့် အဘိုးကြီးတစ်ဦးလို ဖြစ်ခဲ့ရတာ မင်းအမြင်ပါပဲကွယ်'

ကျူးရီ ဦးညွှတ်လိုက်သည်။

'ဦး ဘယ်လိုခံစားရမယ်ဆိုတာ ကျွန်တော် နားလည်ပါတယ် ခင်ဗျာ'

ဝေထင်း ဆက်ပြောသည်။

'ဆယ်နှစ်လောက် ကြာပြီဆိုတော့ လူတွေက ကြေးပြားကိစ္စကို မေ့သွားကြပါပြီ၊ ဒါပေမယ့် ကျုပ်ကတော့ မမေ့နိုင်သေးဘူး၊ ဒီကိစ္စဟာ ဘာကြောင့် ဖြစ်ပေါ်ခဲ့ရတယ်ဆိုတာကို စုံစမ်း ဖော်ထုတ်ချင်သေးတယ်၊ ဒါ့အပြင် ကျုပ်ရဲ့ရင်ထဲမှာ သံသယတစ်ခု ရှိနေတာကြောင့် အခုလို ပြန်လာဖြစ်ခဲ့တာပဲ'

'ဦးက ဘယ်လိုသံသယ ရှိနေလို့လဲဟင်'

ကျူးရီမေးလိုက်သောအခါ ဝေထင်းက တည်ကြည်သော မျက်နှာထားဖြင့် ပြောလေ၏။

'ကြေးပြားကိစ္စ တစ်စခန်း ထလာလိမ့်မယ်လို့ ကျုပ်က ယုံကြည်နေတယ်'

'ဘာကြောင့် ဒီလိုသံသယဖြစ်နေရတယ် ဆိုတာကိုကော ပြောပြနိုင်မလားဟင်'



'တုရှောင်က ကြေးပြားတွေကို သဲကြီးမဲကြီးလိုက်ရှာခဲ့တာဟာ အကြောင်းကိုရှိရမယ်၊ ဒီကိစ္စဟာ သိုင်းလောကနဲ့လဲ သက်ဆိုင်နေရလိမ့်မယ်လို့ ကျုပ်ယူဆမိလို့ပဲ'

ကျူးရီ ခေါင်းညိတ်လိုက်သည်။

'မြို့တော်ဝန်က ဖေဖေ့ကိုပြောဖျပြီး အကူအညီတောင်းတဲ့အခါ ဖေဖကလဲ ဦးကိုပဲဝေဖန် သုံးသပ်ခဲ့ပါတယ်၊ သိုင်းလောကနဲ့ ပတ်သက်နေတဲ့ကိစ္စဟာ ဆယ်နှစ်ကြာလို့ဆွေးမြေ့သွားမှာ မဟုတ်ပါဘူး'

ဝေထင်း၏မျက်နှာ တည်သွားလေ၏။

သိုင်းလောကသားနှင့် ပတ်သက်နေသောကိစ္စဖြစ်ပြီး ဆွေးမြေ့သွားမည် မဟုတ်လျှင် သွေးထွက်သံယိုမှုခင်းများ ပေါ်ပေါက်လာဦးမည်မှာ သေချာပေသည်။

'ဒီကိစ္စကို ပြီးပြတ်အောင်ဆောင်ရွက်ဖို့ ကျုပ်မှာ တာဝန်ရှိတယ်ဆိုပြီး လုယန်မြို့ကို ပြန်လာခဲ့တာပဲကွယ့်'

ကျူးရီက စိုက်ကြည့်လိုက်၏။

'ဦးမှာ အကြံအစည်တစ်ခုခုကော ရှိမှာပေါ့နော်'

ဝေထင်း ခေါင်းညိတ်လိုက်လေ၏။

'ဟုတ်တယ်'

'ကျွန်တော် သိခွင့်ရနိုင်မလားဗျာ'

'သိရပါတယ်ကွယ်'

ဝေထင်းက သူ၏အကြံအစည်ကို ပြောပြလိုက်လေသည်။

* * *

## သတင်း

---

ဆယ်နှစ်....။

ဆယ်နှစ်ဆိုသော အချိန်ကာလသည် အစစ အရာရာကို ပြောင်းလဲသွားစေနိုင်ခဲ့သည်ဟု ဆိုနိုင်ပါသည်။

လုယက်မှုအား တုန်လှုပ်ချောက်ချားသွားစေခဲ့သော ကြေးပြားကိစ္စကို ယခုတော့ လူတိုင်းလူတိုင်းက မေ့လျော့သွားကြပြီ ဖြစ်လေ၏။

တောင်ကုန်းလေး၏တစ်ဖက်၌ သစ်ပင်ပန်းမာလာများဖြင့် စိုပြည်စိမ်းလန်း သာယာလှပနေပါသည်။

ဤနေရာ ဤဝန်းကျင်၌ တစ်ချိန်က အကျည်းတန် အရုပ်ဆိုးလှသော ကိစ္စများ ဖြစ်ပေါ်ခဲ့သည်ဟု ယင်မှတ်စရာပင် မရှိပါချေ။



ဝေထင်းက တစ်နေရာသို့ ညွှန်ပြလိုက်သည်။

'တုရှောင်နဲ့ နေပြည်တော်ကမိန်းကလေးသုံးယောက် သေဆုံးသွားကြတာ အဲ့ဒီနေရာပေါ့'

ထိုနေရာ၌ ယခင်က အဆောက်အအုံပျက်တစ်ခု ရှိခဲ့၏။

ထိုအဆောက်အဦး ပျက်စီးသွားပြီး တုရှောင်တို့သေဆုံးသွားကြပြီး ပေါ်ပေါက်ခဲ့သော ကြေးပြားခြောက်ပြားလည်း လက်စသတ်သွားတော့သည်။

ကျူးရိသည် အဆောက်အဦး တည်ရှိခဲ့ဘူးသည့်နေရာသို့ လှမ်းသွားလိုက်လေသည်။

ဝေထင်းလည်း လိုက်သွားသည်။

မီးလောင်မြေတွင် ဆွေးမြေ့ပျက်စီးနေသော သစ်သားတိုင်အချို့၊ မီးကျွမ်းထားသော အုတ်ခဲအချို့ ရှိနေပါသည်။

ကျူးရိသည် မီးလောင်မြေတွင် မလှုပ်မယှက် ရပ်ကာ ငြိမ်နေပြီးမှ ဝေထင်းဘက်သို့ လှည့်လိုက်လေသည်။

'လူဆိုးတုံရှောင်ဟာ ကြေးပြားခြောက်ပြားတိတိရရှိသွားခဲ့တယ် ဟုတ်လား'

ဝေထင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ နောက်ဆုံးကြေးပြားကို ရယူဖို့ကြိုးစားရင်း သူသေဆုံးသွားခဲ့တာပဲ၊ နောက်ဆုံးကြေးပြားကလဲ အတူပါ၊ နေပြည်တော်က မိန်းကလေးသုံးယောက်က ဖန်တီးထားတာ၊ သူက အစစ်ထင်နေတော့ ထောင်ချောက်ထဲ ဝင်မိသလိုဖြစ်ပြီး ဇာတ်သိမ်းသွားခဲ့ရတာပဲ'

''တုရှောင် ဇာတ်သိမ်းသွားတာတော့ ဟုတ်ပါပြီ ကြေးပြားတွေကကော'

ဝေထင်းခေါင်းညိတ်လိုက်သည်။

'ဒီကိစ္စအတွက် ကျုပ်ပြန်လာခဲ့တာပဲ၊ ဒီနောက်မှာ မီးတောင်ပေါက်ကွဲသွားပြီး တုရှောင် သေဆုံးသွားသလို ကြေးပြားတွေပါ ပျောက်ဆုံးသွားတယ်....။

'ကြေးပြားတွေကိုရှာလို့ ဘယ်သူကမှ စိတ်ကူး မရခဲ့ကြတာကိုတွေးမိပြီး လုယန်မြို့ကိုပြန်လာဖို့ ကျုပ်ဆုံးဖြတ် လိုက်တာပဲ'

တုရှောင် သေဆုံးသွားပြီ ဖြစ်၍ ကြေးပြားကိစ္စ ပြီးပြတ်သွားရာ အားလုံးဝမ်းသာသွားကြပြီး မေ့လျော့သွားကြခြင်း ဖြစ်ပါတော့သည်။

ဝေ့ထင်းကဆက်ပြောသည်။

'ကြေးပြားခြောက်ပြားဟာ တုရှောင်နဲ့အတူ မီးတောင်ပေါက်ကွဲရာမှာ ပါသွားတော့ ပျက်စီးသွားကြပြီလို့ အားလုံး ယူဆလိုက်ကြတာလဲ ပါတယ်ပေါ့လေ၊ ဒါပေမယ့် ကျုပ်စိတ်ထဲမှာတော့ ပျက်စီးသွားမှာ မဟုတ်ဘူးလို့ ယူဆမိတယ်'

ကျူးရိက မေးသည်။

'ဘာကြောင့် ဒီသို့ယူဆမိတာလဲဟင်'

'ကြေးပြားလေးတွေဟာ ရှေးက ပစ္စည်းတွေပဲ ဖြစ်တယ်၊ ထူထဲ ခိုင်ခန့်တယ်၊ တုရှောင်က အပျက်စီးခံမှာ မဟုတ်ဘူး....။



'နောက်ဆုံး မီးတောင်ပေါက်ကွဲတော့မယ် ဆိုတာ သိရင် တစ်နေရာရာမှ သိမ်းဆည်းခဲ့မယ်၊ ဒါမှမဟုတ် ဘေးလွတ်ရာကို လွှင့်ပစ်လိုက်မှာပဲ'

သူတစ်ယော [illegible] စိတ်ကို ခန့်မှန်းရ ခက်ပေသည်။

တုရှောင်ထည့် ကြေးပြားလေးများ အပေါ် သံကြီးမဲကြီး ဖြစ်နေရကား သူ၏ အသက်ထက်ပင် တန်ဖိုးထားမည် ဖြစ်သလို အပျက်စီးခံမည် မဟုတ်ပါချေ။

ဝေ့ထင်း၏ အယူအဆကို ကျူးရိက လက်ခံ လိုက်တေသည်၊

'ကြေးပြားလေးတွေကို ဒီနေရာမှာ ပြန်ပြီးတွေ့ရနိုင်တယ် ဆိုရင် ကျွန်တော်တို့ လိုက်ရှာ ကြည့်ကြရင် မကောင်းဘူးလား'

ဝေ့ထင်း ခေါင်းညိတ်လိုက်သည်။

'ရှာကြည့်တာပေါ့'

နှစ်ယောက်သား မီးလောင်မြေ၌ လိုက်လံ ရှာဖွေကြည့် လိုက်ကြလေသည်။

ဆယ်နှစ်ဟူသော အချိန်အတွင်း မီးလောင်မြေပေါ်၌မြက်ပင်များ၊ ချုံနွယ်များ၊ တောပန်းပင်များ ပေါက်ရောက်လျက် ရှိနေပြုဖြစ်ပါသည်။

ထို့ကြောင့် ကြေးပြားလေးများအား ရှာဖွေဖို့ ဆိုသည် ကားကောက်ရိုးပုံ၌ အပ်ကျပျောက်သည့်အရာကို ရှာရသည်က ပင်လွယ်ကူဦးမည်ဖြစ်လေသည်။

သို့သော်....

ကျားရိန္ဒင့်ဝေ့ထင်းတို့က စိတ်မပျက်ဘဲ ရှာဖွေ လိုက်ကြလေသည်။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားသည်။

နောက်ဆုံး နေဝင်ဆည်းဆာ အချိန် ရောက်တော့မှ နှစ်ယောက်သားရှာဖွေခြင်းအမှုကိစ္စကို ရပ်တန့်လိုက်ကြလေတော့သည်။

*　　*　　*



နေဝန်းနီမှာ အနောက်ဘက်တွင် ငုတ်လျှိုးပျောက်ကွယ်သွားပြီးဖြစ်ပါသည်။

နေခြည်ပျောက်ပျောက် အမှောင်ဘက်ရောက်သွားင်လူ့ရန်မြို့မီးရောင်များ ထိန်ထိန်လင်းလာသည်။

ဝေ့ထင်းနှင့် ကျူးရိတို့သည် လူရှင်းသော စားသောက်ဆိုင်လေးတစ်ဆိုင်၌ ရောက်ရှိနေကြပြီ ဖြစ်သည်။

သမ်းပေါ်သို့ ဆီး၍တွေ့မြင်နိုင်သောပြတင်းပေါက်နှင့်ကပ်လျက်ရှိသော စားပွဲတစ်လုံး၌ နေရာယူကာ ညစာစားသောက်လိုက်ကြလေသည်။

လူ့ရန်မြို့၌ မွေးဖွားကြီးပြင်းခဲ့သော ဝေ့ထင်း အတွက် ကိုယ့်အိမ် ကိုယ့်ယာသို့ ပြန်လည် ရောက်ရှိလာသည်ဟု ဆိုနိုင်သည်။

သို့သော်....

အပြောင်းလဲကြီး ပြောင်းလဲနေပြီ ဖြစ်သော လူရန်မြို့ကလည်းကောင်း၊ ဝေ့ထင်းကိုယ်တိုင်ကလည်းကောင်း အစိမ်းသက်သက်ပမာဖြစ်နေတော့လည်း။

ဝေ့ထင်းသည်သူနှင့် ရင်းနှီးကျွမ်းဝင်ခဲ့သူများနှင့် သွားရောက်တွေ့ဆုံခြင်း မပြုပါ။

သူ၏ အသွင်ကိုလည်း မည်သူမျှ မှတ်မိ ကြတော့မည် မဟုတ်ပါ။

ထိုသို့ဖြစ်နေခြင်းကပင် အကောင်းဆုံးဖြစ်သည်ဟု ဝေထင်းခံယူထားပေတော့သည်။

ညစားသောက်လိုက်ကြပြီး တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြသည်။

ကျူးရိကပြုံးလိုက်သည်။

'အေးအေးဆေးဆေး နားလို့ရမယ်၊ တစ်နေရာ ရှာပြီး ကျွန်တော်တို့ အနားယူကြတာပေါ့၊ မနက်ဖြန်မှပဲ ကြေးပြား လေးတွေကိုဆက်ရှာကြတာပေါ့'

ဝေ့ထင်းလည်း ပြုံးလိုက်သည်။

'မောင်ရင်လေး စိတ်မပျက်သေးဘူးလား'

'ဟင့်အင်း.... ကြေးပြားလေးတွေကို တွေ့အောင် ရှာပြီး နောက်ကြောင်းရာဇဝင်ကို ဖော်ထုတ်နိုင်မှသာ လူမသိသေးတဲ့ သိုင်းလောကပြဿနာတစ်ရပ်ကို ဖြေရှင်းနိုင်မယ်လို့ ကျွန်တော် ဘ ကြည့်ထားပါတယ်'

ဝေထင်း ပင့်သက်ရှိုက်လိုက်သည်။

'ကြေးပြားလေးတွေကို ရှာမတွေ့ရင်ရော'

'မပူပါနဲ့ ဦးရယ်၊ တွေ့ကို တွေ့ရမှာပါ'

'ကြေးပြားလေးတွေဟာ သိုင်းလောက ပြဿနာ တစ်ခုနဲ့ ပတ်သက်နေတယ်ဆိုတာ မင်းဘာကြောင့် ယူ ကြည့်နေရတာ လဲ'

'တုရှောင်ဆိုတဲ့ လူဟာ သိုင်းပညာ တတ်မြောက်ထားပြီး သွေးထွက်သံယိုမှုတွေ ဖန်တီးခဲ့တယ် မဟုတ်လား ဦးရယ်၊ ဒါ ကြောင့် သိုင်းလောကနဲ့ ပတ်သက်တဲ့ နောက်ကြောင်းရာဇဝင် ရှိရမယ်လို့ ကျွန်တော် အခိုင်အမာကို ယူ ကြည့်ထားမိတာ ပါပဲ'



သူ၏ အမေးကို ကျူးရိက ချက်ချင်း အဖြေ ပေးလိုက်လေ သည်။

ဝေထင်း သက်ပြင်းချလိုက်၏။

'ဟုတ်တယ်၊ ကြေးပြားလေးတွေကို မတွေ့မဖြစ် တွေ့ဖို့ လို အပ်နေပြီ'

သူသည် တုရှောင် ရရှိခဲ့သော ကြေးပြား ခြောက်ပြားအား တွေ့အောင် ရှာနိုင်ကြပါမည်လော။

ထိုစဉ်....

'ခွပ်ခွပ်....ခွပ်ခွပ်'

'ခွပ်ခွပ်....ခွပ်ခွပ်'

မြင်းခွာသံများ ထွက်ပေါ်လာ၍ မြင်းလှည်း တစ်စီးသည် စားသောက်ဆိုင်မှ မြို့မှ ဖြတ်သန်း မောင်းနှင်သွားသည်ကိုတွေ့ လိုက်ရလေ၏။

ထိုမြင်းလှည်းကို မြင်လျှင် ဝေထင်း မျက်မှောင်ကုတ်သွား သည်။

'လမ်းမှာတွေ့ခဲ့ရတဲ့ မြင်းလှည်းပဲ၊ မြင်းလှည်း အိမ်ထဲမှာ လိုက်ပါသွားတဲ့ လူကို ငါမြင်ဖူးသလိုပဲ'

ဝေထင်း ငြိမ်သွားသဖြင့် ကျူးရိက မေးလေ၏။

'ဦးဘာဖြစ်လို့လဲဟင်'

ဝေထင်း ခေါင်းယမ်းလိုက်သည်။

'အြော်....ကျုပ်က လူတစ်ယောက်ကို သတိရသလို ရှိမိလို့ ပါ၊ဘာမှ အရေးမကြီးပါဘူး'

'ဒါဆိုလဲ ကျွန်တော်တို့ သွားရအောင်'

'ကောင်းပြီ'

စားသောက်ခ ကျသင့်ငွေပေးချေ၍ ဆိုင်ထဲမှ ထွက်လာခဲ့ကြလေတော့သည်။

* * *

ည....

ကောင်းကင်ပေါ်တွင် လဝန်းထိန်ထိန် သာနေသလို လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး သာယာလှပနေလေ၏။

ဝေထင်းနှင့်ကျူးရိတို့သည် မြို့စွန်ရှိ ဇရပ်ပျက်တစ်ခု၌ရောက်ရှိနေကြလေ၏။

သူသံည် လုယန်မြို့သို့ ပြန်လည် ရောက်ရှိလာပြီး ရင်းနှီးကျွမ်းဝင် သူများနှင့် မတွေ့လိုသံဖြင့် လူသူကင်းဝေးသော မြို့စွန်မှ စွန့်ပစ်ထားသည့် ဇရပ်ပျက်တစ်ခုသို့ ကျူးရိ လိုက်လာခဲ့ရခြင်း ဖြစ်ပါလေ၏။

နှစ်ယောက်သား ဇရပ်ပျက်ပေါ် တစ်ညတာ အနားယူရန် ပြင်ဆင်လိုက်ကြ၏။

ကျူးရိက ဖတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်ပြီး သက်ပြင်းချမိသည်။



'အင်း....ဒီနေရာဟာ အရင်က အတော်ကိုဆိုးသွမ်းသောင်းကျန်းခဲ့တဲ့ နေရာပေါ့၊ လူဆိုးခားပြတွေ မကောင်းမှု ကျူးလွန်မယ့် လူတွေ စတည်းချတဲ့ နေရာပေါ့၊ ကျုပ်အတော်ကို နှိမ်နင်းပစ်ခဲ့ရတာ'

ရှေးဟောင်း နှောင်းဖြစ်များကို မြင်ယောင်လာဟန်ဖြင့် ပြောလေသည်။

ကျူးရိ ပြုံးလိုက်၏။

'လုယန်မြို့ကြီးမှာ ဒုစရိုက်မှုတွေ ကင်းစင်အောင် အတော်ကို ကြိုးစား ဆောင်ရွက်ခဲ့ရတာပေါ့နော်'

'ဒါပေါ့ကွယ်.... ဒုစရိုက်သမားတွေ ခေါင်းမထောင်ဝံ့ကြဘူးဆိုရင် အများ ပြည်သူ အေးအေး ချမ်းချမ်း နေရတာပေါ့'

ဝေထင်းမှာ အများအကျိုး ဆောင်ရွက်ဖို့ ဘဝကို ပေးအပ်ခဲ့သူဖြစ်ကြောင်း ထင်ရှားနေပါ၏။

ကျူးရိမှာ ဝေထင်းအား စိတ်ထဲမှနေပြီး ချီးကျူးမိလိုက်လေသည်။

ထိုအချိန်မှာပင်...

ပြေးလွှားလာသော ခြေသံများ ထွက်ပေါ် လာသည်ကို ကြားလိုက်ရလေ၏။

'လူလာနေပြီ'

ကျူးရိက သတိပေးလိုက်ပြီး ဝေထင်းနှင့်အတူ အမှောင်ရိပ်ထဲသို့ တိုးဝင် ပုန်းကွယ်နေလိုက်သည်၊

ခြေသံများ ပို၍ ကျယ်လောင်လာပြီး အသက် ဆယ့်သုံး နှစ်ခန့် ရှိသော ကောင်လေး နှစ်ယောက်မှာ ပြေးလာနေကြ သည်ကို တွေ့လိုက်ရ၏။

ထိုကောင်လေး နှစ်ယောက်မှာ ညစ်ပတ် ပေကျံနေသော အဝတ်အစားများ ဝတ်ထားကြသလို မျက်နှာလည်း ပြောင် ချော်ရုပ် ဖြစ်နေရကား လမ်းပေါ်၌ လေလွင့် နေကြသည့် ဗေဒါကလေးတို့ ဖြစ်ကြောင်း ကျူးရိတို့ သတိပြုမိလိုက်ကြ သည်။

ကောင်လေး နှစ်ယောက်သည် ဇရပ်ပျက်ပေါ်သို့ ပြေးတက် လာကြ၏။

အမှောင်ရိပ်ထဲ၌ ရှိနေကြသည့် ကျူးရိတို့အား သတိမပြုမိ ကြဘဲ ကြမ်းပြင်ပေါ်သို့ ထိုင်ချလိုက်ကြသည်။

သူတို့နှင့်အတူ ပါလာသော အထုပ်လေးများကို ဖွင့်လိုက် လျှင် မွှေးကြိုင်သင်းပျံ့သည့် အနံ့အသက်များက ကျူးရိတို့ထံ သို့တိုင် လွင့်ပျံ့လာ၏။

စားသောက်ဖွယ်ရာများကား စုံလင်လှသည်။

ကြက်သား၊ ဝက်သား၊ အမဲသား၊ ဘဲဥ စသည်စသည်ဖြင့် ရှိနေရာ ကောင်လေး နှစ်ဦး ပလုပ်ပလောင်း စားသောက်လိုက် ကြသည်။

ကျူးရိနှင့် ဝေထင်းတို့ တစ်ယောက်ကို တစ်ယောက် ကြည့် လိုက်ကြလေ၏။



ဗေဒါလေး နှစ်ယောက်သည် ငွေအများအပြားပေးမှရနိုင် မည့် စားသောက်ဖွယ်ရာများကို စားသောက်နိုင်သဖြင့် အံ့ဩ နေကြသည်။

ကောင်လေး နှစ်ယောက်သည် စားစရာများ တက်တက်စင် ပြောင်သွားအောင် အရိုးပါမကျန် စားလိုက်ကြပြီး အင်္ကျီဖြင့် လက်သုတ်လိုက်ကြ၏။

ထိုနောက်....

တစ်ယောက်ကိုတစ်ယောက်ကြည့်၍ ရယ်မောလိုက်ကြ၏။

'ဟား....ဟား....ဟား'

'ဟား....ဟား....ဟား'

တိတ်ဆိတ်နေသောညဉ့်ယံတွင် သူတို့၏ရယ်သံများကကျယ် လောင်စွာ ထွက်ပေါ်လာလေ၏။

'သူတို့ ဘာတွေများ သဘောကျနေကြသလဲမသိဘူး'

ကျူးရိက စိတ်ထဲမှကြိတ်၍ တွေးလိုက်လေ၏။

ဝေထင်း မျက်တောင်မခတ်စိုက်ကြည့်နေ၏။

ဗေဒါလေးနှစ်ယောက်သည် ရယ်မောလိုက်ကြပြီးလျှင် ကိုယ်စီကိုယ်ငှ အဝတ်ထဲလက်နှိုက်လိုက်ကြ၏။

သူတို့လက်ကိုပြန်ထုတ်လိုက်လျှင် ငွေစက္ကူများအထပ်လိုက် ပါလာသည်ကို တွေ့ရလေ၏။

ကျူးရိနှင့်ဝေထင်းတို့ အံ့ဩသွားကြလေ၏။

'ဗေဒါလေးတွေ ဒီလောက်များတဲ့ငွေတွေကို ဘယ်ကများ ရလာကြတာပါလိမ့်'

နှစ်ယောက်စလုံး တွေးနေမိကြလေ၏။

ဗေဒါလေးနှစ်ယောက်ကား ငွေစက္ကူများကိုကြည့်ကာ သဘောကျ ရယ်မောလိုက်ကြပြန်လေ၏။

တစ်ယောက်က စတင်ပြောလိုက်၏။

'ငါပြောတယ် မဟုတ်လား၊ မြို့ပြင်ကိုသွားရင် ကံကောင်းမှာပါလို့'

'မြို့ပြင်ကိုသွားလို့ မဟုတ်ပါဘူး၊ ဟိုလူကြီးနဲ့တွေ့လို့ ကံကောင်းသွားတာပါ'

ပထမဗေဒါ၏စကားကိုဒုတိယဗေဒါကစောဒကတက်လိုက်သဖြင့် ပထမဗေဒါက အတွန့်တိုက်၍ပြောလေ၏။

'ဒီလိုဆိုရင် တို့တစ်တွေ ထွေပစ်တမ်းကစားမိခဲ့လို့ ကံကောင်းတာပဲလို့ ပြောရမှာပေါ့'

'ဟုတ်တယ်....ဟုတ်တယ်၊ တို့လုပ်သမျှ အားလုံးကံကောင်းတာပဲ'

ဒုတိယဗေဒါက ရယ်မော၍ ပြောလေ၏။

ပထမဗေဒါလည်း မနေနိုင်ပဲရယ်မောလိုက်လေ၏။

ဗေဒါလေးနှစ်ယောက် အူမြူးနေသည်ကိုလည်းကောင်း၊ အဘယ်ကြောင့် ငွေအထပ်လိုက် ရထားကြသည်ကိုလည်း သိလိုစိတ်များ ဖြစ်ပေါ်နေပါတော့သည်။



မကြာပါချေ။

ဗေဒါလေးနှစ်ယောက်၏ ထူးခြားမှု ထွက်ပေါ်လာလေသည်။

'ဒေါက်'

ဗေဒါလေးတစ်ယောက်က ငွေစက္ကူများကို အိတ်ထဲပြန်ထည့်ရန် ဟန်ပြင်လိုက်စဉ် ငွေစက္ကူများကြားမှ ဒင်္ဂါးလေးတစ်ခု ထွက်ကျလာသည်ကို တွေ့လိုက်ရလေ၏။

ထိုဒင်္ဂါးလေးအား တွေ့မြင်လိုက်သောအခါ ဝေထင်းမနေနိုင်တဲ့ ထခုန်လိုက်လေတော့သည်။

'မရဏကြေးပြား'

* * *

ဖြိုဟ်မွေ့ခဲ့သော ကြေးပြားလေး များကြောင့် အများအပြားဒုက္ခရောက်ခဲ့ကြပေသည်။

ထို့ကြောင့် ကြေးဒင်္ဂါးပြားလေးများအား ဝေ့ထင်းက မရဏအသင်္ဂမ်းအမှတ်အဖြစ် သတ်မှတ်ထားခဲ့သည်။

ဖြိုဟ်မွေ့ခဲ့သော ကြေးဒင်္ဂါးလေး များအား သူတွေ့မြင်ဖူးခဲ့သည်တော့ မဟုတ်ပါ။

တုရှောင်၏ ကြော်ငြာများ၌ပါရှိသည်ကို အကြိမ်ကြိမ်ဖတ်ရှုခဲ့ရဘူးခြင်းကြောင့် လည်းကောင်း၊ လုရန်တစ်မြို့လုံး အထိတ်တလန့်ဖြစ်စေခဲ့ခြင်းကြောင့်လည်းကြောင်း သူ၏စိတ်ထဲစွဲမှတ်နေခြင်း ဖြစ်ပါသည်။

ဗေဒါလေး၏ကြေးပြားလေးအား တွေ့လိုက်ရလျှင် အလန့်တကြားရေရွတ်ကာ ထခုန်မိလိုက်ကြလေသည်။

ဝေ့ထင်း၏ လျှပ်ရှားမှုကြောင့် ဗေဒါလေး နှစ်ယောက်ထိတ်လန့်သွားကြလေသည်။

ကပျာကယာထွက်ပြေးရန် ဟန်ပြင်လိုက်လေသည်။

'ရပ်လိုက်စမ်း'

ကျူးရိက ဟန့်တားလိုက်လေသည်။

ဗေဒါလေးနှစ်ယောက် ထွက်ပြေး၍ မရနိုင်တော့ သဖြင့် ကပျာကယာ ကြမ်းပြင်ပေါ်ဒူးထောက်ချကာတောင်းပန်လိုက်ကြသည်။



'ကျွန်….ကျွန်တော်တို့ကို ချမ်းသာပေးပါ'

'ကျွန်တော်တို့ဟာ ခိုကိုးရာမဲ့တောင်းရမ်း စားသောက်နေရသူတွေပါ၊ ကျွန်တော်တို့ကို ချမ်းသာပေးပါ'

သူတို့၌ ငွေစက္ကူအများအပြား ရှိနေသည်ကို သိသွားလျှင် လုယူမည်ဟု ထင်မှတ်နေကြပုံရှိလေသည်။

ကျူးရိခေါင်းခါယမ်းလိုက်၏။

'ညီလေးတို့ ဘာမှမပူပါနဲ့ မင်းတို့ကို ဒုက္ခမပေးပါဘူးကွာ'

'ဦး….သူတို့ဆီက ကြေးပြားဟာ ဦးလိုက်ရှာနေတဲ့ ကြေးပြားမဟုတ်လား'

ဝေ့ထင်းငိုင်နေသည်။

ကျူးရိက သူ၏အမေးစကားကို မကြားဟု ထင်မှတ်ကာ ထပ်မေးလိုက်လေသည်။

'ဦး သူတို့ဆီက ကြေးပြားဟာ ဦးလိုက်ရှာနေတဲ့ ကြေးပြားမဟုတ်လား'

ဝေ့ထင်းခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ပါဘူးကွယ်'

'ဟင်….'

ကျူးရိကြောင်အမ်းအမ်းဖြစ်သွားသည်။

'ဦးပဲ မရဏ ကြေးပြားလေးတွေလို့ ပြောခဲ့သေးတယ်မဟုတ်လား'

ဝေ့ထင်းသက်ပြင်းချလိုက်သည်။

'ကျုပ်က ကြေးပြား လေးတွေကို စိတ်ထဲ စွဲနေ တာနဲ့ လွှတ်ခနဲပြောလိုက်မိတာပါ'

'ဗျာ....'

ကျူးရီ ပါးစပ်အဟောင်းသား ဖြစ်သွားတော့သည်။

ဝေ့ထင်းတောင်းပန်လိုက်သည်။

'ကျုပ်က စိတ်ထဲ စွဲလမ်းနေတာကြောင့် ရုတ်တရက်ဆို လွှတ်ခနဲပြောလိုက်မိတာပါကွယ်'

ကျူးရီစိတ်ဆိုးကာ မျက်နှာနီမြန်းသွားသော်လည်း ချက်ချင်းပင်အမူအရာ ပြောင်းလည်းသွားကာ ပြုံးပြုံးရွှင်ရွှင်ဖြစ်လာလေသည်။

'ဦးက ဒီလောက်တောင် စွဲလမ်းနေတော့ကိုး၊ ဥပါဒါန်ဖြစ်တော့မှာပဲ'

သူက ဗေဒါလေး နှစ်ယောက်အား ပြောလိုက်လေတော့သည်။

'ကဲ....ညီလေးတို့ကို ဘာမှ မလုပ်ဘူး၊ ဘာမှမကြောက်နဲ့ မင်းတို့ ဒီမှာ အိပ်ရင်လဲအိပ်ကြ၊ ဒါမှမဟုတ် သွားချင်တယ်ဆိုရလဲ သွားနိုင်ပါတယ်'

ဗေဒါလေးနှစ်ယောက် ဝမ်းသာသွားကြလေသည်။

'ကျေးဇူးတင်ပါတယ် အစ်ကိုကြီး'



ချက်ချင်းဇရပ်ပျက်ပေါ်မှ ဆင်းသွားရန် ဟန်ပြင်လိုက်ကြလေသည်။

ကျူးရီတို့အား ရုတ်တရက်တွေ့လိုက်ရခြင်းကြောင့် သူတို့၏ ငွေများကို အိတ်ထဲသို့ ကမန်းကတန်း ထိုးထည့်ခဲ့ကြသည်ဖြစ်ရာ လွှံ့ပ်ရှားလိုက်ကြသည်နှင့် ငွေစက္ကူအချို့နှင့်အတူ....

'ဒေါက်....'

နောက်ထပ် ကြေးပြားလေးတစ်ခု ထွက်ကျ လာပြန်လေသည်။

ကြမ်းပြင့်ပေါ်၌ ကြေးပြားနှစ်ပြား ရှိနေပြီ ဖြစ်လေတော့ ဗေဒါလေးနှစ်ယောက်သည် ကြေးပြားလေးနှစ်ပြားအား ငုံ့ကြည့်လိုက်ကြပြီး ကျူးရီအား ကြည့်လိုက်ကြသည်။

ကျူးရီကပြုံးလိုက်သည်။

'မင်းတို့ပစ္စည်း မင်းတို့ယူပြီးသွားနိုင်ပါပြီ'

'ကျေး....ကျေးဇူးပါပဲ အစ်ကိုကြီး'

ဗေဒါလေးနှစ်ယောက်သည် ကြေးပြားလေးနှစ်ပြားအား ကောက်ယူလိုက်ကြသည်။

ထို့နောက် ဇရပ်ပျက်ပေါ်မှ ဆင်းသွားရန် ဟန်ပြင်လိုက်ကြလေသည်။

ထိုစဉ်....

'မရဏကြေးပြား'

ဝေ့ထင်း၏ အထိတ်တလန့် အော်ပြောသံ ထွက်ပေါ်လာလေသည်

* * *

ကျူးရီ မကျေမနပ်ဖြစ်သွားလေသည်။

'ဦး ဘာဖြစ်တာလဲ'

ဝေထင်းကို လှမ်းမေးလိုက်သည်။

ဝေထင်းကား မျက်လုံးကျယ်ကာ ပါးစပ်အဟောင်းသား ဖြစ်နေသည်။

'ဦး ဘယ်လိုဖြစ်သွားပြန်တာလဲ'

ကျူးရီက ဝေထင်းထံသို့ လှမ်းသွားလိုက်လေ၏။

ဝေထင်းက ကြမ်းပြင်ပေါ်မှ ကြေးပြားလေးများအား ညွှန်ပြလိုက်လေ၏။

'ဒါ....ဒါ....မရဏကြေးပြားပဲ'

'ဟား....ဟား....ဟား'

ကျူးရီက ရယ်မောလိုက်လေ၏။

ဝေထင်း ကြောင်အမ်းအမ်းဖြစ်သွားသည်။

'မင်း....မင်းဘာရယ်တာလဲ'

'ဦးကို သဘောကျလို့ပေါ့'

'ဟင်'

'ဦးက ကြေးပြားလေးတွေကို ဒီလောက်တောင် စွဲလန်း နေတယ်လို့ ကျွန်တော်မထင်မိဘူး'

ဝေထင်း ခေါင်းခါယမ်းလိုက်၏။



'ကျုပ်က စွဲလန်းနေတာမဟုတ်ဘူး၊ တကယ်ပြောနေတာ ပါ မောင်ရင်လေးရယ်'

ကျူးရီက ကြေးပြားလေးများအား ညွှန်ပြလိုက်သည်။

'ကျုပ်တကယ်ပြောနေတာ'

'ဦး....'

'ဒါဟာ မရဏကြေးပြားလေးတွေပဲ'

ဝေထင်းသည် ကြေးပြားလေးများဆီသို့ လှမ်းသွားကာ ကောက်ယူလိုက်လေသည်။

ဗေဒါလေးတို့ နောက်ဆုတ်လိုက်ကြသည်။

ဝေထင်းသည် ဘာဆိုဘာမျှ ဂရုမစိုက်တော့ဘဲ ကြေးပြား လေးများအား ကောက်ယူလိုက်လေသည်။

ကြေးပြားလေးများကား မည်းနက်နေသဖြင့် သံချေးပွတ် တိုက်ထားပုံရလေသည်။

တစ်ဝက်မည်းကာ တစ်ဝက်ပြောင်နေသည်။

ကြေးပြားလေးများအား ကိုင်ထားသော ဝေထင်း၏ လက်များ တဆတ်ဆတ်တုန်ယင်လာလေသည်။

ကျူးရီဘက်သို့လှည့်ကာ ပြောလိုက်၏။

'ဒါ....မရဏကြေးပြားလေးတွေပဲ'

ကျူးရီမယုံနိုင်ပါချေ။

'ဒါအမှန်ပဲလား'

'ကျွန်တော် တကယ်ပြောနေတာ၊ ဒါဟာ လုယန့်မြို့မှာ အုတ်အော်သောင်းနင်း ဖြစ်သွားစေခဲ့တဲ့ ကြေးပြားလေးတွေပဲလေ'

'ဦး....'

'ကျုပ်တကယ်ပြောနေတာ'

ကျူးရိ ယုံရခက် မယုံရခက် ဖြစ်နေသည်။

'သေသေချာချာ ကြည့်ပါ၊ ကြေးပြားလေးတွေပေါ်မှာ ထူးခြားချက်တွေ ရှိနေတယ်'

ဝေထင်းက လှမ်းမေးလိုက်သောအခါ ကျူးရိက ယူပြီး စစ်ဆေးကြည့်လိုက်လေသည်။

ကြေးပြားလေးများ မည်းနက်နေခြင်းမှာ မီးလောင်ကျွမ်းထားခြင်းကြောင့်ဖြစ်ကြောင်း တွေ့ရလေသည်။

သဲများ ပွတ်တိုက်ထားခြင်းကြောင့် ပြောင်လက်နေသောနေရာတွင် ထူးခြားသောအမှတ်အသားများ ရှိနေသည်ကိုတွေ့ရ၏။

ကျူးရိက ဝေထင်းကိုကြည့်လိုက်သည်။

'ဒါဟာ မရဏကြေးပြားဆိုတာ အမှန်ပဲလား'

'ဟုတ်တယ်၊ ကျုပ်လိုက်ရှာနေတာ ဒီကြေးပြားလေးတွေပဲ၊ အားလုံး ခြောက်ခုတိတိရှိတယ်'

ဝေထင်းက တိုက်တွန်းလိုက်သည်။



'မောင်ရင်လေး သေသေချာချာ စစ်ဆေးကြည့်ပါ၊ ကြေးပြားလေးတွေပေါ်မှာ ထူးခြားတဲ့ အမှတ်အသားလေးတွေ တွေ့ရလိမ့်မယ်'

ကျူးရိက ခေါင်းညိတ်လိုက်၏။

'ကျွန်တော် စစ်ဆေးကြည့်ပြီးပါပြီ၊ ကြေးပြားလေးတွေပေါ်မှာ တမင်ပြုလုပ်ထားတဲ့ အမှတ်အသားတွေ ရှိနေတာကို တွေ့ပါတယ်'

သူက ကြေးပြားလေးနှစ်ပြားကို ဆက်စပ်ကြည့်လိုက်၏။

သို့သော်....

မည်သို့သောထူးခြားမှု ရှိနေသည်ကို မတွေးတတ်ပါချေ။

'ထူးခြားမှုတွေ့သလား'

ဝေထင်းက မေးလိုက်သောအခါ သူက ခေါင်းခါယမ်းလိုက်၏။

'ဟင့်အင်း'

'ဒါဟာ....'

'ကြေးပြားလေးတွေ ဘယ်လိုထူးခြားနေတယ်ဆိုတာ ဦး သိသလား'

ကျူးရိက မေးသောအခါ ဝေထင်း ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်လဲ မပြောတတ်ဘူး'

'ဒါဖြင့် ကြေးပြားလေးတွေပေါ်မှာ ထူးခြားမှုတွေရှိနေတယ်ဆိုတာ ဦးဘယ်လိုလုပ် သိနေတာလဲ'

ဝေထင်းက မှင်းပြလေသည်။

'တုရှောင်ဟာ ကြေးပြားလေးတွေကို လိုက်ရှာတုန်းက သူ့ရဲ့ကြေးပြားက ထူးခြားတယ်၊ ပုံသဏ္ဍာန်တူ ကြေးပြားခုနစ်ပြားရှိတဲ့အကြောင်း ကြေးပြားတွေပေါ်မှာ တစ်စုံတစ်ဦးက ပြုလုပ်ထားတဲ့ အမှတ်အသားလေးတွေရှိတဲ့အကြောင်း ကျုပ်သိခဲ့ရတယ်၊

'ဘယ်လိုထူးခြားမှု ဆိုတာကိုတော့ ဦး မသိခဲ့ရဘူးဆိုပါတော့'

'ဟုတ်တယ်၊ ထူးခြားတယ်ဆိုတာပဲ ကျုပ်သိခဲ့ရတာပါ၊ ဒါထက်ပိုပြီး ဘာမှမသိခဲ့ရဘူး၊ ထူးခြားချက်ကို သတိပြုမိခဲ့ကြတဲ့ နေပြည်တော်က မိန်းကလေးသုံးယောက်လဲ သေဆုံးသွားခဲ့ကြတယ်'

ကျူးရီ သက်ပြင်းချလိုက်လေသည်။

'ဒီကိစ္စဟာ တဝဲလည်လည်ဖြစ်နေပါလား'

ဝေဆင်း ပခုံးတွန့်လိုက်လေသည်။

ကျူးရီက ဗေဒါလေးနှစ်ယောက်ဘက်သို့လှည့်ကာ မေးလိုက်သည်၊

'မင်းတို့နှစ်ယောက် ဒီကြေးပြားလေးတွေကို ဘယ်ကရလာခဲ့တာလဲ'



ဗေဒါ နှစ်ဦးသည် တစ်ဦးကို တစ်ဦး ကြည့်၍ ဘာမှမပြောကြချေ။

'ညီလေးတို့ ဘာမှ ကြောက်စရာ မလိုဘူး၊ ဒီကြေးပြားတွေကို ဘယ်က ရလာသလဲဆိုတာ ပြောပြပါလား'

ဗေဒါ တစ်ဦးက မကျေမနပ်ဖြင့် ပြောလာ လေတော့သည်။

'ကျုပ်တို့ ပစ္စည်းကို ပြန်ပေးပါ'

ကျူးရီ ခေါင်းညိတ်သည်။

'ပေးမှာပေါ့၊ မင်းတို့ ဘယ်က ရလာကြတယ်ဆိုတာကိုပြောဦးမှပေါ့'

'ဘယ်ကမှ ရလာတာ မဟုတ်ဘူး၊ ဒါ ကျုပ်တို့ပိုင်တဲ့ပစ္စည်းပဲဗျ'

ကျူးရီသည် အကင်းပါးသူဖြစ်ရကား သူတို့နှစ်ဦးကမပြောလို၍ ဖြစ်ကြောင်း ရိပ်မိလိုက်၏။

အင်္ကျီအိတ်ထဲမှ ငွေတုံးကလေး တစ်တုံး ထုတ်ယူလိုက်လေသည်။

'ဟောဒီ ငွေတုံးလေးကို မင်းတို့ မယူချင်ကြဘူးလား'

သူတို့နှစ်ဦး စိတ်ဝင်စားသည့် အသွင်မျိုး လုံးဝ မရှိကြပါချေ။

'ကြေးပြားလေးတွေ ဘယ်ကရသလဲဆိုတာ ပြောရင် တစ်ယောက်ကို ငွေတုံး တစ်တုံးစီ ပေးမယ်'

နှုတ်သွက်လျှာသွက်ရှိသော ဗေဒါလေးက နှာခေါင်း ရှုံ့လိုက်၏။

'ခင်ဗျားရဲ့ ငွေတုံးကို ဘာလုပ်ရမှာလဲ'

'ဟင်'

ကျူးရီ အံ့သြမိသည်။

ငွေတုံးကလေးကို ငြင်းလိုက်သည့် ဗေဒါလေး၌ ငွေစက္ကူ အများအပြား ရှိနေသည်ကို မြင်ယောင်မိ၏။

ထို့ကြောင့်လည်း....

သူပေးသည့် ငွေတုံးလေးကို ဂရုမစိုက်ကြခြင်းဖြစ်ကြောင်း ရိပ်မိလိုက်၏။

'ငါပေးတာ နည်းတယ် ထင်လို့လား၊ ဒါဖြင့် နောက်ထပ် ငွေတုံး တစ်တုံး ထပ်ပေးမယ်ဆိုရင်ရော'

'မလိုချင်ပါဘူးဗျာ'

'ဒါဖြင့် မင်းက ဘာလိုချင်သလဲ'

'ကျွန်တော်တို့ရဲ့ ကြေးပြားလေးတွေကိုပဲ ပြန်လိုချင်ပါတယ်'

သူတို့ နှစ်ဦးမှာ ငွေတုံးကလေးများထက် ကြေးပြားများကိုသာ လိုချင်မက်မောနေသည်မှာ အကြောင်းရှိရမည်ဟု တွေးမိလာပြန်၏။

'နေပါဦး၊ မင်းတို့ရဲ့ ကြေးပြားလေးတွေက ငါ့ရဲ့ ငွေတုံးလေးတွေထက် ပိုပြီးတန်ဖိုးရှိလို့လား'



'ရှိတာပေါ့၊ ခင်ဗျားရဲ့ ငွေတုံးလေးကို ကျုပ်က ဘာလုပ်ရမှာလဲ'

ကျူးရီ ပြုံးလိုက်သည်။

'ကဲပါ၊ ပိုပြီး တန်ဖိုးရှိတယ်ဆိုရင် ဘယ်လောက်တန်သလဲ ပြောစမ်းပါဦး'

'ကျွန်တော်တို့ကို ငွေတစ်သောင်း ပေးမယ်လို့ ပြောထားတယ်ဗျ'

လျှံငွေ တစ်သောင်း ဆိုသည်ကား ဆင်းရဲ နွမ်းပါးသော မိသားစု တစ်စုံ တစ်နှစ်စာမျှ ပြည့်စုံသည့် ငွေကြေးပမာဏ ဖြစ်ပါသည်။

ကျူးရီ အံ့သြမိသည်။

'ကြေးပြားလေးတွေက ဒီလောက်တောင်ပဲ အဖိုးတန်နေသလား၊ မင်းတို့ပစ္စည်းက ရွှေမှမဟုတ်တာ'

'ရွှေမဟုတ်လဲ့ လိုချင်တဲ့လူ ရှိရင် တန်ဖိုးရှိနေတာပဲ၊ ကျွန်တော်တို့ကို ပြန်ပေးပါ'

ဗေဒါလေးသည် လက်ဝါးဖြန့်၍ ကြေးပြားကိုသာ တွင်တွင် တောင်းနေ၏။

ကျူးရီက ပြန်မပေးပါ။

'နေစမ်းပါဦး၊ ဒီကြေးပြားလေးတွေကို လိုချင်သူတွေ ရှိနေကြတယ် ဟုတ်လား'

'ဟုတ်တယ်'

'ဘယ်သူတွေက လိုချင်နေကြတာလဲ ပြောစမ်းပါဦး'

'သူက....'

'မပြောနဲ့'

ဗေဒါလေးက ပြောရန် ဟန်ပြင်လိုက်သောအခါ အခြားဗေဒါလေးက ဟန့်တားလိုက်၏။

'မင်းတို့ မပြောလို့ မဖြစ်ဘူး'

ဝေထင်းက ကြားဝင် ငေါက်လိုက်၏။

မမျှော်လင့်ဘဲ တုရှောင် ရခဲ့သည့် ကြေးပြားလေးများကို တွေ့လိုက်ရပြီး လိုချင်သူရှိနေကြောင်း သိလိုက်ရပြီဖြစ်လေတော့သည်။

လွန်ခဲ့သော ဆယ်နှစ်က ထိတ်လန့် ချောက်ချားခဲ့ရသည့် ကိစ္စ၏ အဖြေကို ဖော်ထုတ်နိုင်တော့မည်ဟူ၍ တက်တက်ကြွကြွ ဖြစ်လာသည်။

ရရှိလာသော အခွင့်အရေးကိုလည်း လက်လွှတ်မခံနိုင်တော့ချေ။

ဗေဒါလေး နှစ်ဦးစလုံး ပါးစပ် ပိတ်ထားလိုက်ကြလေသည်။

ဝေထင်း ဒေါပွသွားသည်။



'ပြောစမ်း'

အော်ရင်း ရှေ့တိုးလိုက်၏။

သူတို့ နှစ်ဦး ကြောက်လန့်၍ နောက်ဆုတ်လိုက်ကြ လေသည်။

ဝေထင်း နှာခေါင်းရှုံ့လိုက်သည်။

'မင်းတို့ မပြောရင် ဒီည သက်သာမှာ မဟုတ်ဘူး၊ ငါ့ခင်းတို့ကို ညှာနိုင်မှာ မဟုတ်ဘူး'

သူတို့နှစ်ဦး ချက်ချင်း ထွက်ပြေးရန် ဟန်ပြင်လိုက်ကြဒိလေသည်။

သို့သော်....

ကျူးရိက လမ်းပိတ်ထားသည်။

ထိုအခါမှ....

သူတို့နှစ်ဦး ထိတ်လန့်မိကြသည်။

'ကျုပ်တို့ သွားပါရစေ'

'ကျုပ်တို့ကို ချမ်းသာပေးပါ'

ချက်ချင်းပင် တောင်းပန်လိုက်ကြသည်။

ကျူးရိ မဲ့ပြုံး ပြုံးလိုက်သည်။

'မင်းတို့ကို ချမ်းသာစေချင်တယ် ဆိုရင် ကြေးပြားတွေကို ဘယ်ကရလာခဲ့သလဲဆိုတာ ပြောပြရမယ်'

ဗေဒါလေး ခေါင်းညိတ်လိုက်၏။

'ပြော…ပြောပါမယ်၊ မြို့ပြင် မီးလောင်မြေက ရလာခဲ့တာပါ ခင်ဗျာ'

ထိုစကားကြားလျှင် ကျူးရီ စိတ်လှုပ်ရှားသွားတော့သည်။

'မြို့ပြင် မီးလောင်ပြင်က ရခဲ့ကြတယ်ဆိုတာ သေချာတယ်နော်'

'ကျွန်တော်တို့ မလိမ်ဝံ့ပါဘူးခင်ဗျာ'

'ကောင်းပြီ၊ ဘယ်လိုရခဲ့တာလဲ ပြောစမ်းပါဦး'

ကျူးရီမေးလိုက်သောအခါ နှုတ်သွက်သည့် ဗေဒါလေးက ရှင်းပြလိုက်၏။

'ကျွန်တော်တို့ဟာ မြို့ထဲမှာ လှည့်လည်တောင်းရမ်း စားသောက်ခဲ့ကြတာ အဆင်မပြေတာနဲ့ မြို့ပြင်ကိုထွက်ပြီး မီးလောင်ပြင်မှာ တန်ဖိုးရှိတဲ့ပစ္စည်းလေးများ တွေ့ရမလားလို့ သွားရှာကြရင်း ကြေးပြားလေးတွေကို ရလာခဲ့တာပါ'

ဝေထင်း ဝင်မေးလိုက်၏။

'မီးလောင်ပြင်မှာ တန်ဖိုးရှိတဲ့ပစ္စည်းရှိနိုင်တယ်လို့ မင်းတို့ကို ဘယ်သူက ပြောလဲ'

ဗေဒါလေး ခေါင်းယမ်းလိုက်၏။



'ဘယ်သူမှမပြောပါဘူး၊ ကျွန်တော်ငယ်ငယ်က ကြားဖူးခဲ့တာတစ်ခုရှိလို့ သွားရှာကြည့်ကြတာပါ'

'နေပါဦး၊ မင်းတို့ ဘာတွေများ ကြားဖူးထားခဲ့ကြလို့လဲ၊ ပြောစမ်းပါဦး'

ဗေဒါလေး ရှင်းပြလေ၏။

'ကျွန်တော်တို့ငယ်ငယ်က လုယန်မြို့မှာ လူဆိုးကြီးတစ်ဦး သောင်းကျန်းခဲ့တယ်၊ သူဟာ ကြေးပြားလေးတွေကိုရှာပြီး လူပေါ့ကို ဒုက္ခပေးခဲ့တယ်....

'ကြေးပြားခြောက်ပြားရမှ သေဆုံးသွားခဲ့တယ်လို့ ကြားဘူးခဲ့ပါတယ်၊ ဒါကြောင့် ကြေးပြားလေးတွေဟာ တန်ဖိုးရှိလိမ့်မယ်လို့ တွေးပြီးသွားရှာခဲ့တာပါ'

ကျူးရီက ဝေထင်းကို လှမ်းကြည့်လိုက်လေ၏။

ကြေးပြားလေးများ တန်ဖိုးရှိကြောင်းကို ဗေဒါလေးများပင် တွေးတတ်ကြသည်ဆိုလျှင် အခြားသူများလည်း တွေးတတ်ကြလိမ့်မည် ဖြစ်လေ၏။

'ကျွန်တော်တို့ ဘာမှ လုပ်စရာကိုင်စရာမရှိတာနဲ့ မြို့ပြင်ကို ထွက်ပြီး မီးလောင်ပြင်ကိုသွားရှာတာ အကြိမ်ပေါင်းမနည်းပါဘူး....

'ဒါပေမယ့် တစ်ခါမှ ထူးခြားတာမတွေ့ခဲ့ရဘူး၊ လွန်ခဲ့တဲ့ သုံးရက်လောက်ကမှ မီးလောင်ပြင်ရဲ့တစ်ဘက်က ပန်းပင်တွေ

ကြားမှာ လူအရိုးတွေရှိနေတာကိုတွေ့ခဲ့ရတယ်၊ အဲ့ဒီအရိုးတွေနံဘေးမှာ ကြေးပြားလေးတွေကို တွေ့ခဲ့ရတာပဲ'

ဗေဒါလေးများ ရရှိခဲ့သည့် ကြေးပြားလေးများသည် တစ်ချိန်က လူဆိုးကြီးကုရှောင် အငမ်းမရ လိုက်လံရှာဖွေယူနေသော ကြေးပြားလေးများပင်ဖြစ်ကြောင်း ထင်ရှားနေပါတော့၏။

မမျှော်လင့်ဘဲ ကြေးပြားခြောက်ပြားကို ရရှိခဲ့သော ဗေဒါလေးများကို တွေ့ရပြီဖြစ်လေ၏။

သူတို့ထံမှလည်း ကြေးပြားနှစ်ပြားကို ရရှိလိုက်ပြီ ဖြစ်သည်။

'မင်းတို့ ကြေးပြားခြောက်ခုကို ရခဲ့ကြတယ် မဟုတ်လား'

ဝေထား မေးလိုက်သည့်အခါ ဗေဒါလေး ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်ဗျာ'

'ကောင်းပြီ၊ ကျန်တဲ့ကြေးပြားလေးခု ဘယ်မှာလဲ'

'မရှိတော့ဘူး၊ ရောင်းစားလိုက်ပြီ'

'ဘာကွ'

ဝေထင်း ဒေါပွသွားသဖြင့် ဗေဒါလေးရင်ထိတ်၍ နောက်ဆုတ်လိုက်လေ၏။



ကျူးရှိ ဝင်မေးလိုက်၏။

'မင်းတို့ ရောင်းစားလိုက်ပြီ....ဟုတ်လား၊ ဘယ်သူ့ကို ရောင်းစားလိုက်တာလဲ'

'မသိဘူး'

'ညီလေး....မှန်မှန်ပြောရင် ကောင်းမယ်၊ ဒါမှမဟုတ်ရင် မင်းတို့ ဒုက္ခရောက်သွားမှာ သေချာတယ်'

ကျူးရှိ မျက်နှာထားတည်တည်ဖြင့် ငေါက်လိုက်သည်။ ဗေဒါလေး မျက်နှာပျက်သွားလေ၏။

အမှန်အတိုင်းမပြော၍မဖြစ်တော့ကြောင်း သဘောပေါက်သွား၏။

'ဘယ်သူဘယ်ဝါဆိုတာ မသိတာအမှန်ပါ ခင်ဗျာ၊ ကျွန်တော်တို့ဟာ ကြေးပြားလေးတွေကိုရလာခဲ့ပေမယ့် ဘယ်လိုအသုံးဝင်တယ်၊ ဘယ်လို တန်ဖိုးရှိတယ်ဆိုတာ မသိကြပါဘူး'

'ဒါနဲ့လမ်းပေါ်မှာ ထွေခင်းကစားရင်း လူတစ်ယောက်က စိတ်ဝင်စားပြီး ကြေးပြားတစ်ပြားကို တစ်သောင်းပေး ဝယ်သွားတာပါ'

ကျန်ဗေဒါလေး ထောက်ခံလိုက်သည်။

'ဟုတ်ပါတယ်....ဟုတ်ပါတယ်'

'ကျူးရိခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ....အဲ့ဒီလူအကြောင်းရယ်၊ မင်းတို့ရဲ့ လက်ထဲမှာ ကြေးပြားလေးနှစ်ပြား ဘာကြောင့် ကျန်နေရသလဲ ဆိုတာ ပြောပါ'

ဗေဒါလေး စိတ်လိုလက်ရ ရှင်းပြသည်။

'ကြေးပြားတစ်ပြားကို ငွေတစ်သောင်းတောင် ပေးတော့ ကျွန်တော်တို့လဲ ဝမ်းသာအားရနဲ့ ရောင်းလိုက်ကြတာပေါ့၊ ဒါပေမယ့် ရောင်းပြီးမှ လောဘ တက်လာကြတာ ငွေတစ်သောင်းမကရနိုင်တယ်လို့ တွေးမိတာနဲ့ကြေးပြားလေးပြားဘဲ ရောင်းပြီးနှစ်ပြားကို ချန်ထားလိုက်တာ'

'အဲ့ဒီလူဟာ ဘယ်လိုပုံပန်းသဏ္ဍာန်ရှိသလဲဆိုတာ ပြောစမ်းပါဦး'

မည်သူ ကြေးပြားလေးပြား ဝယ်ယူ သွားသည်ကိုသိရဖို့ အရေးကြီးသည်ဟု ကျူးရိကော ဝေထင်းပါ နားလည်ထားကြလေသည်။

ဗေဒါလေးက ဝယ်ယူသွားသူ၏ ပုံပန်းသဏ္ဍာန်ကိုပြောပြလေသည်။

ကျူးရိနှင့်ဝေထင်းကို သေသေချာချာနားထောင်နေပြီးမှ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

ထိုလူ မည်သူမည်ဝါဆိုသည်ကို ကျူးရိမသိနိုင်ပါ။



ဝေထင်းကား လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

'အဲဒီ လူဟာ မြင်းလှည်းနဲ့လာတဲ့လူပဲ'

ဟူ၍ ပြောလိုက်သည်။

ကျူးရိဝမ်းသာသွားသည်။

'သူ့ကို ဦး သိတယ် မဟုတ်လား'

'ဘယ်သူဘယ်ဝါဆိုတာ ကျုပ်သေသေချာချာ မသိဘူး၊ ဒါပေမယ့် သူ့ကို မြင်ဘူးတယ်'

ဗေဒါလေးကဝင်ပြောသည်။

'အဲ့ဒီလူဟာ ကျွန်တော်တို့ဆီက ကြေးပြားလေးပြား ဝယ်သွားပြီး မြင်းလှည်းတစ်စီးနဲ့ထွက်သွားတာ၊ နောက်ထပ်ကြေးပြား နှစ်ပြားကို တွေ့အောင်ရှာထားလို့ ပြောသွားသေးတယ်'

ဝေထင်းက မေးသည်။

'သူ ဘယ်ကို ထွက်သွားသလဲဆိုတာ မင်းသိသလား'

ဗေဒါလေးအနည်းငယ် စဉ်းစားလိုက်သည်။

'မြို့အရှေ့ပိုင်းကို ထွက်သွားတာပဲ၊ ဒီမြို့ကလူတစ်ယောက်တော့မဟုတ်ဘူး၊ တနယ်တကျေးက လာတဲ့ မျက်နှာစိမ်း တစ်ယောက်ဆိုတာ သေချာပါတယ်'

ဝေ့ထင်းက ကျူးရှိဘက်သို့ လှည့်ကာ ပြောလိုက်လေသည်။

'ကျုပ်တို့ အမြန်ဆုံးလိုက်သွားကြမှ ထင်တယ်'

ကျူးရှိမျက်မှောင်ကြုတ်ကာ စဉ်းစားနေပြီး ဝေ့ထင်း၏ စကားကိုကြားဟန်မတူပါချေ။

'တို့ အမြန်ဆုံး လိုက်သွားကြရင် မကောင်းဘူးလား'

ကျူးရှိသက်ပြင်းချလိုက်သည်။

'ကျွန်တော်တို့ လိုက်သွားစရာ မလိုတော့ပါဘူး'

'ဟင်....'

ဝေ့ထင်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

'ဘာဖြစ်လို့လဲ ပြောစမ်းပါဦး'

ကျူးရှိက အဖြေပေးပါချေ။

ရယူထားသော ကြေးပြားလေး နှစ်ပြားအား ဗေဒါလေးကို ပြန်ပေးလိုက်သည်။

'ရော....ဒီကြေးပြား နှစ်ပြားကို ယူပြီး ဈေးကောင်းကောင်းနဲ့ ရောင်းစားကြပေတော့'

'ဟင်း....'

ဗေဒါလေးနှစ်ယောက် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။



ကျူးရှိ လက်ဝေ့ယမ်းပြလိုက်သည်။

'ကဲ....မင်းတို့သွားကြပေတော့'

'ကျွန်တော်တို့'

'မင်းတို့ကို ဘာမှ မလုပ်ပါဘူး၊ မင်းတို့သွားနိုင်ပါပြီ'

ဗေဒါလေးနှစ်ယောက်က မယုံနိုင်အောင် ဖြစ်နေကြပါတော့သည်။

'မင်းတို့ မသွားချင်ကြဘူးလား'

ကျူးရှိ၏စကားအဆုံးတွင် ဗေဒါလေး နှစ်ယောက် ဘာမှ စဉ်းစားမနေကြတော့ဘဲ ဇရပ်ပျက်ပေါ်မှ ခုန်ဆင်း သွားကြလေသည်။

* * *

## အကြံ

---

ဗေဒါလေးနှစ်ယောက်ဇရပ်ပျက်ပေါ်မှ ခုန်ဆင်းကာ ပြေးလွှားသွားကြရာ အမှောင်ရိပ်ထဲ၌ ပျောက်ကွယ် သွားပြီ ဖြစ်သည်။

ဝေ့ထင်းအံ့ဩသွားသည်။

'မင်းဘာကြောင့် သူတို့ကို လွှတ်ပေးလိုက်တာလဲ'

ကျူးရိပြုံးလိုက်သည်။

အကြောင်းရှိလို့ပါ ဦးရယ်'

'ကျုပ်ကို ခွင့်ပြုရင် ကောင်းမယ်၊ ဒါမှ မဟုတ်ရင်တော့ ရခဲလှတဲ့အခွင့်အရေးတစ်ခုကို လက်လွှတ်ဆုံးရှုံးလိုက်ရတာကို ကျုပ်ယူဆမိမှာပဲ'



ဝေ့ထင်းက တောင်းဆိုလိုက်သောအခါ ကျူးရိလက်ကာပြလိုက်သည်။

'ကျွန်တော် ရှင်းပြပါ့မယ်၊ ကြေးပြားလေးတွေကို ဝယ်ယူသွားတဲ့လူဟာ ကြေးပြားလေးတွေရဲ့အကြောင်းကို ကောင်းကောင်းသိနေရမယ်မဟုတ်လား'

'ဒါပေါ့....သိနေလို့ လဲဝယ်သွားတာပေါ့'

'ဒါဆို သူဟာ ကြေးပြားခြောက်ပြားရှိရမယ် ဆိုတာကိုလဲ သိနေရလိမ့်မယ်၊ ဦးလက်ခံသလား'

ဝေ့ထင်းခေါင်းညိတ်လိုက်သည်။

'သိပ်သေချာတာပေါ့'

ကျူးရိက ပြုံး၍ ပြောလေသည်။

'ဗေဒါလေးတွေဆီက ကြေးပြား လေးပြားရလိုက်မှတော့ နောက်ထပ်နှစ်ပြားရဖို့ ကြိုးစားရတော့မှာပဲ၊ နောက်ထပ် နှစ်ပြားဟာ ဗေဒါလေးတွေဆီမှာပဲ ရှိနေရမယ်ဆိုတာကို သူက ကျိန်းသေတွက်ဆမိမှာပဲ'

'ဒါလဲ အမှန်ပဲ'

ဝေထင်း ထောက်ခံလိုက်သည်။

'ဒါဆိုရင် ဝယ်တဲ့လူဟာ ဗေဒါလေးနှစ်ယောက်ကို မျက်ခြည်ပြတ် ခံပါ့မလား'

'ဒါ....'

ဝေထင်း မျက်နှာပျက်သွားလေသည်။

ဝယ်ယူသူသည် ဗေဒါလေးနှစ်ယောက်အားမျက်ခြည်ပြတ်မခံဘဲ စောင့်ကြည့်နေမည်ဖြစ်သလို ကြေးပြားနှစ်ပြားအားရယူဖို့ကြိုးစားမည်ဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။

'ကျွန်တော်တို့က ဗေဒါလေးတွေရဲ့နောက်ကို တိတ်တဆိတ်နောက်ယောင်ခံလိုက်ကြည့်မယ်ဆိုရင် ဝယ်သွားတဲ့လူကိုမတွေ့နိုင်ဘူးလားဗျာ'

ဝေထင်း ဆုံးဖြတ်ချက်ချလိုက်လေသည်။

'ကျုပ်တို့ အချိန်ဖြုန်းနေလို့ မဖြစ်တော့ဘူး'

စကားဆုံးလျှင် ဇရပ်ပျက်ပေါ်မှ ခုန်ဆင်းလိုက်လေတော့သည်။

* * *



ညဉ့်နက်ပြီဖြစ်သော်လည်း လမ်းများပေါ်၌ လူများသွားလာနေကြဆဲ ဖြစ်လေသည်။

ဈေးဆိုင်များ၊ စားသောက်ဆိုင်များ၌ မီးအိမ်များထွန်းထားကြသကဲ့သို့ ကောင်းကင်ပေါ်၌လည်း လဝန်းထိန်ထိန်သာနေခြင်းကြောင့် လင်းလင်းချင်းချင်း ရှိနေပါသည်။

ဝေထင်းနှင့် ကျူးရိတို့သည် လမ်းကြားလေးတစ်ခုကိုဖြတ်ကာ မင်းလမ်းမကြီးပေါ်သို့ ရောက်ရှိလာကြပြီဖြစ်လေသည်။

နှစ်ယောက်သား ဗေဒါလေးနောက်သို့ နောက်ယောင်ခံလိုက်လာခဲ့ကြခြင်း ဖြစ်ပါသည်။

ဗေဒါလေး နှစ်ယောက်သည်လည်း လွတ်မြောက်သွားကြပြီဖြစ်၍ ခပ်သုတ်သုတ် သွားနေကြ၏။

မင်းလမ်းမကြီး အပေါ်သို့ ရောက်ရှိလာကြသောအခါ....

'ခွပ်ခွပ်....ခွပ်ခွပ်'

လှပသော မြင်းလှည်းတစ်စီးမောင်းနှင်သွားသည်ကို တွေ့လိုက်ရ၏။

ထိုမြင်းလှည်းကိုမြင်လျှင် ဗေဒါလေးနှစ်ယောက် ဝမ်းသာသွားကြလေသည်။

'ဟေး....ဟေး'

'ခဏရပ်ပါဦး'

အော်ဟစ်ဟန့်တားရင်း မြင်းလှည်းနောက်သို့ ပြေးလိုက်သွားကြသည်၊

ထိုအခြင်းအရာကို ဝေထင်းနှင့် ကျူးရီတို့ မကောင်းစွာတွေ့မြင်ရလေ၏။

ဝေထင်း လှုပ်လှုပ်ရှားရှား ဖြစ်နေသည်။

မြင်းလှည်းပိုင်ရှင်ကို ကျုပ်သိတယ်၊ ဒါပေမယ့် ဘယ်သူဘယ်ဝါဆိုတာ စဉ်းစားလို့ မရဘူး'

ကျူးရီမြုံးလိုက်သည်။

'သူဟာ ကြေးပြားလေးတွေနဲ့ ပတ်သက်နေတဲ့ လူပဲလေ၊ မကြာခင်မှာ သူ့အကြောင်းသိရမှာပေါ့၊ ကျွန်တော်တို့ လိုက်သွားရအောင်'

'ကောင်းပြီ'

နှစ်ယောက်သား နောက်ယောင်ခံ လိုက်သွားကြလေ၏။

ဗေဒါလေးနှစ်ယောက်၏ ဟန့်တားမှုကြောင့် မြင်းလှည်းရပ်တန့်သွားပါသည်။

ဗေဒါလေးနှစ်ယောက် မြင်းလှည်းအနီးသို့ ချဉ်းကပ်သွားကာ မည်သို့ပြောဆိုနေသည်ကိုတော့ မကြားရပါ။

မြင်းလှည်းတံခါး ပွင့်သွားပြီး ဗေဒါလေး နှစ်ယောက်မြင်းလှည်းပေါ် တက်သွားကြသည်ကို တွေ့လိုက်ရလေသည်။

'ခွပ်ခွပ်....ခွပ်ခွပ်'



မြင်းလှည်းမှာ တစ်ရှိန်ထိုးမောင်းနှင် ထွက်သွားလေ၏။

ဝေထင်းနှင့် ကျူးရီတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။

ထို့နောက်...

တိုင်ပင်စရာမလိုဘဲ မြင်းလှည်းနောက်သို့ ပြေးလိုက်သွားကြလေတော့သည်။

* * *

## ဟိုညီနောင်

---

'ခွပ်ခွပ်....ခွပ်ခွပ်'

'ခွပ်ခွပ်....ခွပ်ခွပ်'

မြင်းခွာသံ ကျယ်လောင်စွာထွက်ပေါ်လာကာ မြင်းလှည်း ဒုန်းစိုင်းနှင်သွားလေသည်။

ဝေထင်းနှင့် ကျူးရိတို့လည်း ကိုယ်ဖော့ပညာအသုံးပြုကာ ပြေးလိုက်သွားကြလေသည်။

ဝေထင်းသည် အသက်အရွယ် ကြီးရင့်လာသည်က တစ်ကြောင်း၊ သိုင်းစွမ်းရည် မြင့်မားခြင်းမရှိသည်ကတစ်ကြောင်းမို့ အတန်ကြာ ပြေးသွားမိလျှင် မောဟိုက်လာကာ တဖြည်းဖြည်း နောက်ကျန်ရစ်ခဲ့တော့သည်။

မြင်းလှည်းသည်မြို့ပြင်သို့မောင်းထွက်သွားခြင်း ဖြစ်သည်။



မြို့ပြင်၌ လူနေအိမ်ခြေ ကျဲပါးသွားကာ သစ်ပင်ချုံနွယ်များက နေရာယူလာလေသည်။

တရှောင်သေဆုံးသွားခဲ့သည့် မီးလောင်ပြင်ရှိရာ အရပ်နှင့် တဖြည်းဖြည်း နီးကပ်သွားတော့သည်။

ကျူးရိမှာ ကိုယ်ဖော့ပညာများ အသုံးပြုကာ ပြေးလိုက်သွားရင်း တစ်နေရာသို့အရောက်တွင်....

'ဝှန်း....'

မြင်းလှည်းတံခါးပွင့်သွားကာ လူတစ်ယောက်ပြုတ်ကျလာသည်ကို တွေ့မြင်လိုက်ရသည်။

ကျူးရိ ခြေလှမ်းရပ်သွား၏။

မြေပေါ်သို့ အရှိန်ဖြင့်ကျကာ သုံးလေးပတ်လိမ့်သွားပြီးမှ မလှုပ်မယှက်ဖြစ်သွားသူအား လှမ်းကြည့်ပြီး ချဉ်းကပ်သွားလိုက်လေသည်။

ထိုလူကား ဗေဒါလေး နှစ်ယောက်အနက်မှ နုတ်သွက်လျှာသွက်ရှိသော ဗေဒါလေး ဖြစ်နေပါသည်။

ထိုဗေဒါလေး၏ ရင်ဝ၌ သွေးချင်းချင်းနီရဲကာ အသက်ပျောက်နေရှာပြီ ဖြစ်နေပါပြီ။

ကျူးရိ မဲ့ပြုံးပြုံးလိုက်သည်။

'ကြေးပြားခြောက်ခုရဖို့ ပြည့်စုံလိမ့်မယ်မထင်ပါနဲ့လေ'

ချက်ချင်းပင် မြင်းလှည်းနောက်သို့ ပြေးလိုက်သွားလေသည်။

မြင်းလှည်းသည် တစ်ရှိန်ထိုးမောင်းနှင်သွားကာလမ်းဘေးသို့ ဖဲ့ဆင်းပြီး တောအုပ်အတွင်းသို့ မောင်းဝင်သွားလေ၏။

ကျူးရှိ ပြေးလိုက်သွား၏။

'ဝုန်း'

ကျန်ဇေဒါလေး မြင်းလှည်းပေါ်မှ ပြုတ်ကျလာပြန်သည်ကို တွေ့လိုက်ရလေသည်။

ဇေဒါလေးနှစ်ယောက်စလုံး ကြေးပြားလေးများကြောင့် လုပ်ကြံခံလိုက်ရပြန်ပြီဖြစ်သည်။

ကျူးရှိသည် ဇေဒါလေးကို အမှုမထားတော့ဘဲ တောအုပ်ထဲ ပြေးဝင်သွားတော့သည်။

* * *



မြင်းလှည်းသည်လည်းကောင်း၊ ကျူးရှိသည်လည်းကောင်း မြင်ကွင်းမှ ပျောက်ကွယ်သွားကြပြီဖြစ်သည်၊

ဝေထင်းမှာ မောဟိုက်နေသည့်ကြားမှ အားတင်းကာပြေးလိုက်သွား၏။

အတန်ကြာသွားမိသည့်အခါ ဇေဒါလေးတစ်ယောက်၏ အလောင်းကို တွေ့လိုက်ရသည်။

သူ စိတ်မကောင်းဖြစ်သွား၏။

'မရဏကြေးပြားဘေးကလူသတ်နေပြန်ပြီ၊ ဒီကိစ္စကိုဖြစ်တဲ့နည်းနဲ့ ဟန့်တားရတော့မှာပဲ'

အာဏာသားရာထူးကို စွန့်လွှတ်လိုက်ရပြီဖြစ်သော်လည်း မတရားမှုများကို နှိမ်နင်းလိုစိတ်က သူ၏သွေးသားထဲ၌အမြစ်တွယ်နေပါသေး၏။

သူသည် အားတင်း၍ ရှေ့ဆက်ပြေးသွားလိုက်သည်၊ မီးလောင်ပြင်အနီးရှိ တောအုပ်တွင်းသို့ လှမ်းဝင်လိုက်သည်နှင့် ကျန်ဇေဒါလေး၏အလောင်းကို တွေ့လိုက်ရလေ၏။

'တောက်....ရက်စက်လိုက်တာ'

ဝေထင်း ခံပြင်းသွားလေ၏။

လူသတ်သမားကို ပြတ်ပြတ်သားသား ဆုံးမရမည်ဟုလည်း ဆုံးဖြတ်ချက်ချလိုက်လေ၏။

တောအုပ်ထဲသို့ ဆက်၍ဝင်လိုက်လျှင်....

'ရပ်လိုက်စမ်း'

အော်ငေါက်သံထွက်ပေါ်လာပြီး လူရိပ်တစ်ခု ရုတ်တရက် ခုန်ဝင်တိုက်ခိုက်လာသည်ကို တွေ့လိုက်ရလေသည်။

ဝေထင်းရင်ထိတ်သွားပြီး လက်နှစ်ဖက်ဆန့်ထုတ်၍ ကပျာကယာ ခုခံလိုက်လေ၏။

နှစ်ယောက်သား ရင်ဆိုင်မိလိုက်ကြသည်နှင့်....

'ဝုန်း'

ကျယ်လောင်သည့်အသံထွက်ပေါ်လာကာဝေထင်းနောက်ဆုတ်ပေးလိုက်ရလေ၏။

ရန်သူက ထပ်မံတိုက်ခိုက်လာပါလျှင် ဒုက္ခရောက်နိုင်သည့် အရေးတွေးကာ ဇောချွေးများ ပျံ့သွားသည်။

သို့သော်....

နောက်ထပ်တိုက်ခိုက်လာခြင်းမရှိတော့ချေ။

ဝေထင်း တအံ့တဩဖြင့်ကြည့်လိုက်ရာ မလှမ်းမကမ်း၌ ရပ်နေသည့် ကျူးရိကို တွေ့လိုက်ရလေ၏။

'ဟင်....မင်း....မင်း....'

ကျူးရိ လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်သည်။

'လူမှားပြီး ဦးကို တိုက်ခိုက်မိတာတောင်းပန်ပါတယ်ခင်ဗျာ'

'လူမှားလို့ ဟုတ်လား'



ဝေထင်း ကြောင်အမ်းအမ်းဖြစ်နေ၏။

ကျူးရိက ရှင်းပြလေ၏။

'ဟုတ်ပါတယ်ခင်ဗျာ၊ မြင်းလှည်းနဲ့ လိုက်သွားတဲ့လူထင်လို့ တိုက်ခိုက်မိတာပါ'

'နေပါဦး၊ သူက....'

ဝေထင်း စကားတစ်ပိုင်းတစဖြင့် ရပ်သွားလေသည်။

အကြောင်းကား....

မလှမ်းမကမ်း၌ရှိနေသောမြင်းလှည်းကိုတွေ့မြင်လိုက်ရခြင်းဖြစ်လေ၏၊

ကြေးပြားလေးများ ဝယ်ယူသွားသူ စီးနင်း လိုက်ပါသည့် မြင်းလှည်းဖြစ်၏။

မြင်းလှည်းက ရှိသည်။

ထိုလူ မည်သည့်နေရာသို့ ရောက်ရှိသွားသနည်း၊

ဝေထင်းက ကျူးရိကို လှည့်ကြည့်လိုက်၏။

ကျူးရိ ပခုံးတွန့်လိုက်သည်။

'ကျွန်တော် ရောက်လာတော့ ဘယ်သူ့ကိုမှ မတွေ့ရတော့ဘူး၊ ဒါကြောင့် လိုက်ရှာရင်း ဦးကို လူမှားပြီး တိုက်ခိုက်မိတာပါ'

အကျိုးအကြောင်း ရှင်းပြသည်၊

ဝေထင်း သက်ပြင်းချလိုက်၏။

'ဗေဒါလေးတွေဆီက ကြေးပြား ရသွားလို့ ထွက်ပြေးသွားပြီ ထင်တယ်'

ကျူးရှိ မဲ့ပြုံး ပြုံးမိသည်၊

'သူပြေးလို့ မလွတ်ပါဘူး၊ ပြေးတာနဲ့ ကျွန်တော် တွေ့မြင်မိမှာပဲ၊ အလွတ်မပေးဘဲ လိုက်သွားမှာပေါ့'

'ဒါဖြင့်.... သူထွက်မပြေးဘဲ ပုန်းနေတယ်လို့ မင်းဆိုချင်တာလား'

ကျူးရှိ ခေါင်းညိတ်သည်။

'ဟုတ်တယ်၊ ပြေးမလွတ်မှန်းသိလို့ တစ်နေရာရာမှာ ပုန်းနေတာပဲ၊ အခွင့်အရေးရရင် ကျွန်တော်တို့ကို ချောင်းမြောင်းတိုက်ခိုက်နိုင်မယ် မဟုတ်လား'

ဝေထင်း ဒေါပွသွားသည်။

'ကျုပ်တို့ကို အကောက်ကြံလို့ ဘယ်တော့မှ မရဘူးမှတ်ပါ'

ထိုစဉ်....

'ဟား ဟား ဟား'

ကျယ်လောင်သော ရယ်မောသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ၏။

ဝေထင်းနှင့် ကျူးရှိတို့ ကပျာကယာ လှမ်းကြည့်လိုက်ကြသည်။



ထိုအခါ....

သစ်ပင်တစ်ပင်နောက်မှ လှမ်းထွက်လာသည့် အနက်ရောင်ဝတ်ဆင်ထားသူ တစ်ယောက်အား တွေ့မြင်လိုက်ရလေတော့သည်။

* * *

အနက်ရောင် ဝတ်ဆင်ထားသူ တစ်ယောက်သည် ရယ်မော ရင်း သစ်ပင်နောက်ကွယ်မှ လှမ်းထွက်လာလေ၏။

ထိုလူ၏ ပုံပန်းသဏ္ဌာန်ကို ကြည့်ရုံဖြင့် သိုင်းသမားတစ်ဦး ဖြစ်ကြောင်း ထင်ရှားနေသည်။

ဝေထင်းက ရင်ဆိုင်ရန် အသင့် ပြင်ထားလိုက်လေတော့ သည်။

ကျူးရိ မဲ့ပြုံး ပြုံးလိုက်သည်။

'နောက်ဆုံးတော့ ခင်ဗျား ပုန်းမနေနိုင်တော့ဘဲ ထွက် လာရတာပဲ မဟုတ်လား'

အနက်ဝတ်ဆင်ထားသူ၏ မျက်နှာပေါ်မှ အပြုံးရိပ်များ ပျောက်ကွယ်သွား၍ ခက်ထန်လာသည်။

'ကျုပ်နောက်ကို လိုက်ခဲ့တာ သေချင်လို့ပဲ'

ကျူးရိ ခေါင်းခါယမ်းလိုက်၏။

'ခင်ဗျား မှားနေပြီ၊ ကျုပ်လိုက်လာတာ ကြေးပြားကို လို ချင်လို့ဗျ'

'မင်းလိုချင်တိုင်း ရမယ်ထင်သလား'

'ခင်ဗျား မပေးဘဲ နေနိုင်ပါ့မလား'

အနက်ဝတ်ဆင်သူ ဒေါပွမိသည်။

'စိတ်ချ၊ ကြေးပြားကိုတော့ ရမှာမဟုတ်ဘူး၊ ဓားပဲရလိမ့် မယ်'



ချက်ချင်းပင် နှစ်ပေခန့် အရှည် ရှိသော ဓားတစ်လက်ကို ထုတ်ယူ၍ တိုက်ခိုက်လိုက်၏။

ကျူးရိကလည်း အမှုမထားဘဲ ပြန်လည် တိုက်ခိုက်လိုက် သည်။

* * *

အေးချမ်းငြိမ်သက်နေသည့် တောအုပ်အတွင်း၌ ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာ၏။

ဓားသည် တစ်လက်မ တိုလျှင် တစ်လက်မ ပို၍ အန္တရာယ်ရှိသည်ဟူသော စကား သိုင်းလောက၌ ရှိ၏။

အနက်ဝတ်ဆင်သူ၏ ဓားပညာမှာ ကြောက်မက်ဖွယ်ရာ ထက်မြက်နေသည်ကို တွေ့ရ၏။

'ဝှစ် ဝှံစ် ဝှစ်'

စူးရှသော လေတိုးသံနှင့် အတူ ဝင်းလက် တောက်ပသည့် ဓားရိပ်တို့က ကျူးရီ၏ တစ်ကိုယ်လုံး ဖုံးလွှမ်းသွားလေတော့သည်။

ဝေထင်း ရင်ထိတ်သွားပြီး ကျူးရီ ထိခိုက်ဒဏ်ရာ ရသွားမည်ကို စိုးရိမ်ပူပန်လာ၏။

ထို့အပြင်....

'ဒီလူဟာ မြင်းလှည်းပိုင်ရှင် မဟုတ်ဘူး'

ဟူသော အတွေးလည်း ဝင်ရောက်လာသည်။

မြင်းလှည်းပိုင်ရှင်အား သူတွေ့ဖူးပါသည်။

ဝေထင်းမှာ အတွေးစများဖြင့် ချာချာလည်သွားလေတော့သည်။

ကျူးရီနှင့် အနက် ဝတ်ဆင်ထားသူတို့က ယှဉ်ပြိုင်တိုက်ခိုက်နေကြဆဲ ဖြစ်၏။



ကျူးရီက လက်နက်ကို အသုံးမပြုဘဲ လက်ဝါးနှစ်ဖက်ဖြင့်သာ ရင်ဆိုင်နေ၏။

ဓားရိပ်များ လွှမ်းခြုံထားသည့် ကြားမှ သူ၏ လက်ဝါး, နှစ်ဖက် တိုးထွက်လာ၍ အနက်ဝတ်ဆင်သူကို ရိုက်ချလိုက်လေသည်။

လျှပ်ပြက်သကဲ့သို့ လျင်မြန်လှသော လက်ဝါး ရိုက်ချက်တို့ကြောင့် ထိုလူမှာ စိတ်တိုင်းကျ တိုက်ခိုက်နိုင်ခြင်း မရှိတော့ပါချေ။

တိုက်ခိုက်လိုက်၊ ရှောင်တိမ်းလိုက်ဖြင့် အလုပ်ရှုပ်သွားလေသည်။

မည်သို့ဆိုစေ....

တစ်ဦးကို တစ်ဦး ရုတ်တရက် အနိုင်ယူဖို့ မလွယ်ကူဘဲရှိနေသည်။

ထိုအချိန်၌....

သတိဝင်လာသောဝေထင်းက ညာသံပေး၍ ဝင်ရောက်တိုက်ခိုက်လိုက်၏။

'ယား....'

ဝေထင်း ဝင်ရောက်လာသည်နှင့် တိုက်ပွဲ အခြေအနေ တစ်မျိုးပြောင်းလဲသွားလေ၏။

အနက်ဝတ်ဆင်ထားသူ ထိတ်လန့်၍ နောက်ဆုတ်ဖို့ ကြိုးစားလိုက်၏။

ကျူးရီ မဲ့ပြုံး ပြုံးလိုက်သည်။

'ခင်ဗျားပြေးလို့ မလွတ်ပါဘူး'

လျှပ်တစ်ပြက် ရှေ့ဘိုး၍ လက်ဝါးဖြင့် ရိုက်ချလိုက်လျှင် အနက်ဝတ်ဆင်ထားသူ မရှောင်နိုင်တော့ပါ။

ကျူးရှိ၏ လက်ဝါးသည် သူ့ရင်ဝသို့ တိုးဝင်သွားသဖြင့်....

'ဝုန်း....'

'အား....'

စူးရှအော်ဟစ်၍ ဓားတစ်ခြား လူတစ်ခြား ဖြစ်သွားလေသည်။

* * *



ပြင်းထန်သော တိုက်ပွဲမှာ ရုတ်တရက် ပြီးဆုံးသွားလေသည်။

အနက်ဝတ်ဆင်ထားသူ လွင့်စင်၍ မြေပေါ် လဲကျသွားသည်။

ကျူးရှိက ဆက်၍ တိုက်ခိုက်ခြင်း မပြုတော့ပါ။

'ခင်ဗျား မကြိုးစားပါနဲ့တော့ဗျာ၊ ဘာမှ မတတ်နိုင်ပါဘူး၊ ကဲ.... ခင်ဗျားရထားတဲ့ ကြေးပြားထွေ ထုတ်လိုက်စမ်းပါ'

ထိုလူက ဒယီးဒယိုင်ဖြင့် ထလာသည်။

ပြင်းထန်သော ရိုက်ချက် ခံလိုက်ရသည် ဖြစ်၍ နှုတ်ခမ်းထောင့်မှ သွေးများ-ယိုစီးကျနေ၏။

ထိုလူသည် ကြေးပြား ထုတ်ပေးခြင်း မရှိသည့် အပြင် ကြောက်ရွံ့စိတ်လည်း မရှိဘဲ မြေပေါ်၌ ကျနေသော ဓားကို ကောက်ယူ၍ ကျူးရှိကို ပစ်ပေါက်လိုက်သည်။

'ဝှီး....'

ကျူးရှိခေါင်ငုံ့သွားလေသည်။

'ခင်ဗျား သေချင်ပြီကိုး'

ပစ်လွှင့်လာသော ဓားကို လက်ပြန်ရိုက်ထုတ်ပစ်လိုက်လေသည်၊

'ရှမ်း....'

ဓားသည် လာလမ်းအတိုင်း ပြန်လည် ပတ်လွှင့် သွားပြီး နောက် အနက်ရောင်ဝတ်ထားသူ၏ ရင်ဝ၌ စိုက်ဝင် သွားလေတော့သည်။

'အား....'

အနက်ရောင် ဝတ်ထားသူသည် အသံနက်ကြီးဖြင့် အော်ဟစ်တာ မြေပေါ်လဲကျသွားပြီး အသက်ပျောက် သွားလေတော့သည်။

*  *  *



'ဟား....ဟား....ငး'

ကျူးရိဟားတိုက်ရယ်မောလိုက်လေသည်။

'နောက်ဆုံးတော့လဲ ဘာမှ မတတ်နိုင်ဘဲ ကြေးပြားလေးတွေကို လက်လွှတ်လိုက်ရပြီ မဟုတ်လား'

သူက အနက်ရောင် ဝတ်ထားသူ အနီးသို့ ချဉ်းကပ်သွားလိုက်လေသည်။

'မောင်ရင်လေး ဘာလုပ်မလို့လဲ'

ကျူးရိပြုံးလိုက်သည်။

သူ့ဆီက ကြေးပြားတွေကို ပြန်ယူရမယ်လေ'

ဝေ့ထင်း ခေါင်းခါယမ်းလိုက်သည်။

'သူ့ဆီမှာ ရှိမှာ မဟုတ်ဘူး'

ကျူးရိမျက်မှောင်ကြုတ်သွားသည်။

'သူဟာ မြင်းလှည်းမောင်းသမားပါ၊ မြင်းလှည်း ပိုင်ရှင်မဟုတ်ပါဘူး'

'ဦး ဆိုလိုတာက'

'ကြေးပြားလေးတွေ ရထားတဲ့ မြင်းလှည်းပိုင်ရှင် ထွက်ပြေးသွားနိုင်အောင် သူက အချိန်ဆွဲပြီး ဟန့်တား ထားတာပဲ ဖြစ်လိမ့်မယ်'

ဤတွင် ကျူးရိ ဒေါပွသွားလေသည်။

'ဒီလို ထွက်ပြေးလို့ရမလား'

မြေပေါ် ခြေဆောင့်ကာ ကြုံးဝါးလိုက်သည်။

တစ်ဖန် ကျယ်လောင်စွာ အော်ပြောလိုက်လေသည်။

'ခင်ဗျားမှာ ကြေးပြား ခြောက်ခုရှိပေမယ့် အရာမဝင်သေးပါဘူး ကြေးပြားခုနှစ်ပြားစုံမှ ရတနာမြေပုံကို ရလိမ့်မယ်၊ ခင်ဗျား ထွက်ပြေးမယ့် အစား နောက်ဆုံးကျန်နေတဲ့ ကြေးပြားကိုရအောင်ကြိုးစားပါတော့လား'

ဝေ့ထင်းက ကြောင်အမ်းအမ်းဖြင့် ကြည့်လိုက်လေတော့သည်။

ဝန်းကျင်တစ်ခုလုံး တိတ်ထိတ် ငြိမ်သက်နေပြီး တုံ့ပြန်သံထွက်ပေါ်လာခြင်းမရှိချေ။

ကျူးရိ ပို၍ ဒေါပွလာသည်။

'ခင်ဗျား ဘာကြောင့် ထွက်ပြေး မလာသေးတာလဲ၊ နောက်ဆုံး ကြေးပြားကို မလိုချင်ဘူးလား.... ဟောဒီမှာ ကြည့်ပါ'

သူ၏ အိတ်ထဲမှ ကြေးပြားလေး တစ်ပြားကို ထုတ်ကာ အမပေါ်သို့မြှောက်တင်လိုက်သည်။

ကျူးရိထံ၌ကြေးပြားလေးတစ်ပြား ရှိနေသည်ကို မြင်လျှင် ဝေ့ထင်း ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

* * *



'ဖြင်း....'

ကြေးပြားလေးသည် အပေါ်သို့ မြှောက်တက် သွားပြီး အောက်ဘက်သို့ ပြန်ကျလာသောအခါ ကျူးရိကဖမ်းယူလိုက်လေသည်။

တဖန်အပေါ်သို့ မြှောက်တင်လိုက်ပြန်သည်

ဝေ့ထင်းက ပါးစပ်အဟောင်းသားဖြင့် ကြည့်နေမိလေသည်။

ကျူးရိက အော်ပြောလိုက်သည်။

'နောက်ဆုံးကျန်နေတဲ့ ကြေးပြားလေးကို ခင်ဗျား မလိုချင်ဘူးလား'

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

အတော်ဝေးဝေးသို့ ရောက်နေသူ တစ်ယောက် ပင်လျှင်ကြားရနိုင်လိမ့်မည် ဖြစ်လေသည်။

သို့သော်တုံ့ပြန်သံ ထွက်ပေါ်လာခြင်း မရှိချေ။

ကျူးရိ သက်ပြင်းချလိုက်သည်။

'ခင်ဗျား မလိုချင်ဘူး ဆိုရင်လဲ မတတ်နိုင်ဘူး၊ ကျုပ်ဖျက်ဆီးပစ်လိုက်တော့မယ်'

ကြေးပြားလေးကို ကျောက်တုံးတစ်တုံးပေါ်၌ တင်ထားလိုက်ပြီး အနက်ရောင် ဝတ်ဆင်ထားသူ၏ ဓားကို ကောက်ယူလိုက်၏။

ဓားဖြင့်ခုတ်ချလိုက်လျှင် ကြေးပြားလေး ပျက်စီးသွားတော့မည်ဖြစ်ပါသည်။

ကျူးရိခဲ့ပြုံးပြုံးလိုက်သည်။

'ခင်ဗျားထွက်မလာသေးဘူးလား'

ခေါးကိုင်ထားသော လက်ကို အပေါ် မြှောက်လိုက်လေသည်။

ထိုစဉ်....

'မလုပ်နဲ့'

ဟန့်တားသံ တစ်ချက် ထွက်ပေါ်လာကာ လူရိပ် တစ်ခု ပြေးလွှားရောက်ရှိလာသည်ကို တွေ့မြင် လိုက်ရလေသည်။

* * *

## ကြေပြားပဟေဠိ

---

'ဟူး....'

အဝတ်အစားလေတိုးသံနှင့်အတူ လူရိပ်တစ်ခုရောက်ရှိလာသည်။

ထိုလူသည် ဝေထင်းသတိထားမိသည့် မြင်းလှည်းပိုင်ရှင်ဖြစ်နေပါ၏။

ထိုလူရောက်လာသည်နှင့် ဝန်းကျင်တစ်ခုလုံး အေးစိမ့်သည့်အငွေ့အသက်များ လွှမ်းမိုးသွားသည်ဟု ခံစားရကာ ဝေထင်းကပျာကယာ နောက်ဆုတ်လိုက်ရ၏။

'ဟား....ဟား....ဟား....'

ကျူးရိက ဟားတိုက်ရယ်လိုက်၏။

'နောက်ဆုံးတော့ ခင်ဗျားထွက်လာရတာပဲ မဟုတ်လား'

ထိုလူက ကျူးရိကို ခြေဆုံးခေါင်းဆုံး စိုက်ကြည့်လိုက်သည်၊

'နောက်ဆုံးကြေးပြားဟာ မင်းဆီမှာရှိနေတယ်ဟုတ်လား'

'သိပ်မှန်တာပေါ့ဗျာ'

'ဒါဖြင့် ကျုပ်ကိုပေးလိုက်ရင် ကောင်းမယ်'

'ဟား....ဟား....ဟား....ခင်ဗျား ယူနိုင်တယ်ဆိုရင် ကျုပ်က ပေးလိုက်ဖို့ အသင့်ပါပဲဗျာ'

'ကျုပ် ဘာကြောင့် မယူနိုင်ရမှာလဲ'

ချက်ချင်းပင် ကျူးရိအား ခုန်ဝင်တိုက်ခိုက်လိုက်လေ၏။

ကျူးရိကလည်း ပြန်လည်တိုက်ခိုက်လိုက်သည်။

ဝေထင်းက ကျူးရိဘက်မှ ပါဝင်ကူညီတိုက်ခိုက်ရန် ဟန်ပြင်မိသည်။

သို့သော်....

ကျူးရိထုတ်လွှတ်လိုက်သည့် သိုင်းကွက်များကိုတွေ့ရသည့်အခါ ပါးစင်အဟောင်းသားဖြစ်သွားသည်။

ကျူးရိသည် မြင်းလှည်းသမားနှင့်ရင်ဆိုင်စဉ်ကအခြေအနေမျိုးမဟုတ်တော့ဘဲ ထိပ်သီးသိုင်းသမားတစ်ယောက်အသွင် ရှိနေပြီး သူ၏ သိုင်းကွက်များမှာလည်း အစွမ်းထက်နေသည်ကို တွေ့မြင်ရသည်။

ဝေထင်း ပင့်သက်ရှိုက်မိ၏။

'လက်စသပ်တော့ မြင်းလှည်းသမား နဲ့တိုက်ခိုက်တုန်းက တမင် ပညာလျှိုထားခဲ့တာကို သူ့ရဲ့သွင်းပညာမှာ အတော်ကို



အဆင့်မြင့်နေတယ်၊ ဒါပေမယ့် ရက်စက်ကြမ်းကြုတ်မှုကို အခြေခံတဲ့ သိုင်းကွက်တွေဖြစ်နေတာက ဆိုးဝါးတာပဲ'

မှန်ပေသည်။

ကျူးရိ၏သိုင်းကွက်များသည် တစ်ဖက်လူကို ညှာတာခြင်းမရှိဘဲ အနိုင်ရဖို့အရေးသာ အဓိကထား၍ ရက်ရက်စက်စက်တိုက်ခိုက်သည့် သိုင်းကွက်များဖြစ်နေတော့၏။

မြင်းလှည်းပိုင်ရှင်သည်လည်း ခေသူတစ်ယောက်မဟုတ်ပါချေ။

သူတို့နှစ်ယောက် လက်ရည်ညီမျှသည်ဟုဆိုနိုင်ပြီး သူတို့၏သိုင်းကွက်များကိုကြည့်၍ ဝေထင်း သက်ပြင်း အခါခါချမိသည်။

'ငါသာ သူတို့နှစ်ယောက်ကိုယှဉ်ရရင် ဘယ်နည်းနဲ့မှ အနိုင်ရမှာမဟုတ်ဘူး'

သူ၏သိုင်းပညာဖြင့် ယှဉ်နိုင်မည် မဟုတ်သည်ကိုတွေးကာ ရင်လေးနေမိတော့သည်။

ထိုစဉ်....

'ဝုန်း'

ကျူးရိနှင့်မြင်းလှည်းပိုင်ရှင်တို့ ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြပြီး ကျယ်လောင်သည့်အသံ ထွက်ပေါ်လာ၏။

နှစ်ယောက်စလုံး နောက်ဆုတ်လိုက်ကြရသည်ကို တွေ့မြင်လိုက်ရ၏။

ကျူးရိသည် ထပ်၍ တိုက်ခိုက်ခြင်းမပြုသကဲ့သို့ မြင်းလှည်းပိုင်ရှင်သည်လည်းအံ့ဩနေသည့်အသွင်ရှိနေသည်ကို တွေ့ရသည်။

'ခင်ဗျားဟာ မိုးဘီလူးနဲ့ဘယ်လိုပတ်သက်နေသလဲ'

ကျူးရိကမေးလိုက်သောအခါ မြင်းလှည်းပိုင်ရှင်က အဖြေမပေးဘဲ ပြန်၍ မေးခွန်းထုတ်လိုက်သည်။

'မင်းကကော မြေဘီလူးနဲ့ဘယ်လိုပတ်သက်နေသလဲ'

ကျူးရိက ရယ်ချလိုက်သည်။

'ဟား....ဟား....ဟား....ခင်ဗျားက ကျုပ်ကိုသိနေတာကိုး၊ ခင်ဗျားရဲ့သိုင်းကွက်ကိုကြည့်တာနဲ့မိုးဘီလူးနဲ့ပတ်သက်နေတယ်ဆိုတာ ကျုပ်သိပါတယ်ဗျာ'

မြင်းလှည်းပိုင်ရှင်က ဝန်ခံလိုက်၏။

'ဟုတ်တယ်၊ မိုးဘီလူးဟာ ကျုပ်တို့ညီအစ်ကိုနှစ်ယောက်ရဲ့ဆရာပဲ၊ မင်းကကော'

'မြေဘီလူးဟာ ကျုပ်ရဲ့အဘိုးပေါ့ဗျာ'

မြင်းလှည်းပိုင်ရှင်ကလည်း ရယ်မောလိုက်လေသည်။

'ဟား....ဟား....ဟား....ကျုပ်တို့ဟာ ကိုယ့်အချင်းချင်းတွေ ဖြစ်နေကြတာကိုး'

ဝေထင်းက အဖြစ်အပျက်ကို နားမလည်နိုင်စွာ ကြည့်နေသည်။

ကျူးရိနှင့် မြင်းလှည်းသမားတို့ မည်ကဲ့သို့ ပတ်သက်နေကြပါသနည်း။

မိုးဘီလူး မြေဘီလူးတို့မှာ မည်သူများ ဖြစ်ကြပါသနည်း။

မြင်းလှည်းပိုင်ရှင်၏စကားသံ ထွက်ပေါ်လာလေ၏။

'ကျုပ်နာမည် တုလိလို့ခေါ်တယ်၊ လုရန်မြို့မှာ အသက်မွေးလိုက်ရတာ တုရှောင်ပေါ့၊ သူဟာ အကွဲကွဲအပြားပြားဖြစ်



နေတဲ့ ကြေးပြားတွေကို စုစည်းဖို့ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ဘူး၊ ကျုပ်ကလဲ သိုင်းလေ့ကျင့်လို့ မပြီးသေးတော့ ရုတ်တရက် လိုက်မလာနိုင်ခဲ့ဘူး'

ကျူးရိက ဦးညွှတ်လိုက်သည်။

'ကျွန်တော်က ကျူးရိပါဗျာ။ ကျွန်တော့်ရဲ့အဘိုးဟာ မိတ်ဆွေရဲ့ဆရာ မိုးဘီလူးနဲ့သွေးသောက်မိတ်ဆွေဖြစ်ပါတယ်၊ ဘိုးဘိုးမကွယ်လွန်မီက ကြေးပြားလေးတစ်ပြားပေးပြီး လုရန်မြို့ကိုသွားဖို့မှာခဲ့လို့ လာခဲ့တာပါ၊ ကျွန်တော်တို့ ခုလိုမမျှော်လင့်ဘဲ ဆုံတွေ့မိကြတာ အတော်ကို ဝမ်းသာစရာကောင်းနေပါပြီ'

သူတို့နှစ်ယောက် ပြောဆိုနေသော စကားများကြားလျှင် ဝေထင်း လွှတ်ခနဲ ပြောလိုက်မိလေသည်။

ကျူးရိ ရယ်မောလိုက်သည်။

'မပတ်သက်ပါဘူးဗျာ၊ ခင်ဗျားတာ တစ်ချိန်က လုရန်မြို့မှာ အာဏာသားလုပ်ခဲ့တယ်ဆိုတော့ အဆင်ပြေအောင် မြို့တော်ဝန်ရဲ့နာမည်ကို အသုံးချလိုက်တာပါ'

ကျူးရိသကို လူကောင်းတစ်ယောက် မဖြစ်နိုင်ကြောင်း ဝေထင်း နားလည်သွားလေ၏.

တုလိဆိုသော မြင်းလှည်းပိုင်ရှင်ကား တုရှောင်နှင့် ညီအစ်ကိုတော်စပ်နေသည်ဆိုခြင်းကြောင့် မည်သည့်နည်းနှင့်မျှ လူကောင်းမဖြစ်နိုင်တော့ပါချေ။

တုလိနှင့်ကျူးရိတို့က လူကောင်းများမဟုတ်ဘဲ ကြေးပြားကလေးများ ရရှိရေးအတွက် တုရှောင် အခုလို လှုပ်ရှားပေါ်

ပေါက်လာခြင်းဖြစ်ကြောင်း သိလိုက်ရလျှင် ဝေထင်း မြေမသည် နိုင်အောင် ဖြစ်သွားလေတော့သည်။

ကျူးရှိ ရယ်မောနေ၏။

'ဦး....အံ့ဩနေသလား၊ ကြေးပြားလေးတွေအကြောင်း ဦး မသိချင်ဘူးလား'

ကြေးပြားလေးများ ပေါ်ပေါက်လာပုံနှင့် သွေးထွက်သံယို ဖြစ်သည်အထိ ဝဲကြီးမဲကြီး လိုက်ရှာကြရသည့်အကြောင်းရင်းကို ဝေထင်း သိလိုခြင်းကတော့ အမှန်ပင်ဖြစ်သည်။

'ကြေးပြားလေးတွေအကြောင်းကို မောင်ရင်လေးက သိနေတယ်ပေါ့ ဟုတ်လား'

'ဟား....ဟား၊ သိတာပေါ့ဗျာ'

'ဒါဖြင့် ပြောစမ်းပါဦး'

'သိုင်းလောကမှာ ဘီလူးခုနစ်ဖော်သိုင်းသမားတွေ ရှိခဲ့တာကိုတော့ ဦးကြားဘူးသလား'

သူ ထိတ်လန့်သွားသည်။

သိုင်းလောက၌ ဘီလူးခုနစ်ယောက်ဟုအမည်ခံကာ ဆိုးသွမ်းသောင်းကျန်းခဲ့သော သိုင်းသမားခုနစ်ယောက် ရှိခဲ့ဘူးသည်။

ထိုသိုင်းသမားဆိုးများသည် သိုင်းလောကကို မွှေနှောက်ဒုက္ခပေးခဲ့ကြပြီး နောက်ဆုံးတွင် နေပြည်တော်သို့ ပို့ဆောင်ရမည့် ရတနာများအား လုယက်တိုက်ခိုက်ကာ သိုင်းလောကမှ ပျောက်ဆုံးသွားခဲ့ကြသည်။



တိုသတင်းကို အာဏာသားမဖြစ်မီကပင် ဝေထင်း ကြားခဲ့ဘူး၏။

အာဏာသားအဖြစ် တာဝန် ထမ်းဆောင်ရသောအခါ ဘီလူးခုနစ်ဖော်အကြောင်း စုံစမ်းဖော်ထုတ်ရန် တာဝန်ပေးခြင်းခံရသည်။

ယခု

ကျူးရှိထံမှ ဘီလူးခုနစ်ဖော်အကြောင်း ကြားသိလိုက်ရသဖြင့် ဝေထင်း ပိုပြီးစိတ်ဝင်စားသွားတော့သည်။

'မင်း....မင်းဟာ ဘီလူးခုနစ်ဖော်နဲ့ ပတ်သက်နေတယ် ဟုတ်လား'

ကျူးရှိ ရယ်လိုက်၏။

'ဘီလူးခုနစ်ဖော်ထဲမှာပါဝင်တဲ့ မြေဘီလူးဟာ ကျွန်တော်ရဲ့ အဘိုးပါခင်ဗျာ'

ဝေထင်းက တုလိကိုကြည့်လိုက်သည်။

တုလိက ရယ်မောလိုက်သည်။

'ဘီလူးခုနစ်ဖော်ထဲက မိုးဘီလူးဆိုတာ ကျုပ်တို့ရဲ့ ဆရာပေါ့၊ လုရန်မှုကို သွက်သွက်ခါအောင်လှုပ်ယမ်းခဲ့တဲ့ တုရှောင် ဟာ ကျုပ်ရဲ့ညီပေါ့ဗျာ'

'လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကတည်းက ကျုပ်တို့ညီအစ်ကို နှစ်ယောက်စလုံး လာခဲ့မယ်ဆိုရင် ကြေးပြားတွေကို ရသွားတာ ကြာပြီပေါ့ဗျာ'

'ကျုပ်တာ ဆရာသင်ပေးခဲ့တဲ့ သိုင်းပညာကို ဆုံးခန်းတိုင်အောင် လေ့ကျင့်ချင်သေးလို့ နေရစ်ခဲ့တာနဲ့ တစ်ခါတည်း လိုက်မလာခဲ့နိုင်တာပဲ'

တဲ့လိုကောကျူးရိပါ၏ လူဆိုးကြီးများဖြစ်သည့် ဘီလူးသိုင်းသမားများနှင့် ပတ်သက်နေကြသည်။

'ကြေးပြားလေးတွေဟာ ဘီလူးသိုင်းသမား ခုနစ်ဖော်ရဲ့ အမှတ်အသားပဲဖြစ်တယ်'

'ဘာကြောင့် ဒီလို အမှတ်အသားလုပ်ခဲ့ရတယ်ဆိုတာကော ဦးမသိချင်ဘူးလား'

ကျူးရိက မေးသည့်အခါ ဝေထင်း ဘာမှမပြောဘဲ နေလိုက်သည်။

ကျူးရိက ရယ်ရင်းပြောလာသည်။

'ဘီလူးခုနစ်ဖော်ဟာ နေပြည်တော်ကို ပို့ဆောင်မယ့် ရတနာတွေကို လုယက်ရယူနိုင်ခဲ့တယ်'

'ဒါပေမယ့် သိုင်းလောကသားတွေကော မင်းမှုထမ်းတွေပါ သဲကြီးမဲကြီးလိုက်ရှာနေကြတော့ သိုင်းလောကမှာ ဆက်မနေဝံ့တော့ဘဲ ဇာတ်မြှုပ်နေဖို့ဆုံးဖြတ်လိုက်ကြတယ်'

'ဒီလိုနဲ့ပဲ အချိန်တွေကုန်ဆုံးသွားပြီး ဘီလူးခုနစ်ဖော်လဲ သေသူသေသွားကြတယ်'

'ရတနာတွေကို ဝှက်ထားတဲ့နေရာကို ဖော်ထုတ်နိုင်မယ့် ကြေးပြားလေးတွေလဲ ဟိုဟိုသည်သည် ရောက်ပြီး တစ်ကွဲတစ်ပြားစီ ဖြစ်သွားတော့တာဘဲ'



'ကြေးပြားတွေဟာ ရတနာသိုက်ကို ဖော်ထုတ်နိုင်တဲ့လမ်းညွှန် ဟုတ်လား'

ဝေထင်း စိတ်ဝင်စားသွားကာ မေးလိုက်သည်။

ကျူးရိ ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ဗျာ၊ ရတနာသိုက်လမ်းညွှန်မြေပုံကို ကြေးပြားခုနစ်ပြားပေါ်မှာ ရေးမှတ်ထားခဲ့ပြီး ကြေးပြားတစ်ပြားစီ ခွဲဝေယူခဲ့ကြတာပေါ့'

သူ ပင့်သက်ရှိုက်လိုက်သည်။

ဘီလူးခုနစ်ဖော် ကြေးပြားခုနစ်ပြားနှင့် ရတနာသိုက်အကြောင်းကို သိလိုက်ရပြီဖြစ်သည်။

ကျူးရိတို့က ကြေးပြားကလေးများကို အဘယ်ကြောင့် သဲကြီးမဲကြီး ရှာဖွေနေကြောင်း သိလိုက်ရပြီဖြစ်သည်။

ကြေးပြားကလေးများအား ရရှိလျှင် တစ်သက်လုံး စားလို့မကုန်နိုင်သည့် ရတနာများရရှိမည်ဖြစ်ရာ လောဘဇောတက်ကာ တိုက်ခိုက်လုပ်ကြံနေခြင်းဖြစ်သည်။

ကျူးရိက ရှင်းပြလိုက်သလို တုလိတက်လှည့်လိုက်၏။

'သူဟာ ကြေးပြားကိစ္စကြောင့် ဒုက္ခရောက်သွားခဲ့တဲ့ အာဏာသားတစ်ဦးဘဲ၊ ခုတော့ ကြေးပြားခုနစ်ပြားကိုလဲ့ တွေ့နေရပြီး သူ့ကိုဘယ်လိုလုပ်ကြမလဲ'

တုလိက ရှည်ရှည်ဝေးဝေး စဉ်းစားမနေပါချေ။

'ကျုပ်တို့သွားမယ့်လမ်းမှာ ရှုပ်နေရင် ရှင်းပစ်လိုက်တာပေါ့'

'ကောင်းပြီ'

ကျူးရှိ ခေါင်းညိတ်လိုက်သည်

ဝေထင်း ထိတ်လန့်ကာနောက်ဆုတ်လိုက်သည်။

ကျူးရှိ သက်ပြင်းချလိုက်ပြန်သည်။

'ဆူနဲ့ကျုပ် ရင်းနှီးခဲ့တယ်ဆိုတော့ သူ့ကို ခင်ဗျားတဲ့တာဝန်ယူလိုက်တာကောင်းပါတယ်'

တုလိဘက်သို့လှည့်ကာ ပြောလိုက်ရာ တုလိက ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ'

ချက်ချင်းပင် ဝေထင်းထံသို့လှမ်းသွားရန် ဟန်ပြင်လိုက်သည်။

ဝေထင်း ထွက်ပြေးဖို့စိတ်မကူးပါချေ။

လက်ဝါးနှစ်ဘက်၌ အတွင်းအားစုစည်းကာ ရင်ဆိုင်တိုက်ခိုက်ရန် အသင့်ပြင်ထားလိုက်သည်။

သူကယှဉ်နိုင်မည်မဟုတ်သော်လည်း ထွက်မပြေးဘဲအသေခံကာ ရင်ဆိုင်သွားရန် ဆုံးဖြတ်ထားလိုက်သည်။

အာဏာသားတစ်ယောက် ဖြစ်ခဲ့ရကား ဒုစရိုက်သမားများအား တွေ့မြင်ရသည်နှင့် ခုခံတိုက်ခိုက်ရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

တုလိ ပြုံးလိုက်သည်။

'အာဏာသားဟောင်းကြီး ခင်ဗျားဘယ်ပြေးမလဲ'

ဝေထင်း ခေါင်းယမ်းလိုက်သည်။

'ကျုပ် ဘယ်တော့မှမပြေးဘူး'

'ဒါဖြင့် သေဖို့သာပြင်ထားပေတော့'



တုလိ တိုက်ခိုက်ရန်ဟန်ပြင်လိုက်စဉ်မှာပင် ကျူးရှိက အလစ်တိုက်ခိုက်လိုက်လေသည်။

ကျူးရှိက တုလိအပေါ် အကောက်ကြံလိုသဖြင့် မိမိအား သုတ်သင်ဖို့ လှည့်စားသွေးထိုးပေးလိုက်ခြင်း ဖြစ်ကြောင်း ပေါ်လွင်လာသည်။

ကျူးရှိသည် တုလိနောက်ကျောသို့ တိတ်တဆိတ်ချဉ်းကပ်ကာ လက်ဝါးဖြင့်ရိုက်ချလိုက်သည်။

ဝေထင်း ထိတ်လန့်သွား၏။

'ယား'

လွှတ်ခနဲအော်ကာ နောက်ဆုတ်လိုက်၏။

တုလိ သတိဝင်လာသည်။

ကပျာကယာ နောက်လှည့်ကြည့်လိုက်သောအခါ ကျူးရှိက တိုက်ခိုက်လာသည်ကိုမြင်လျှင် ချက်ချင်း ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ကျူးရှိ၏အကြံအစည် မအောင်မြင်နိုင်တော့ပါ။

သူ၏လက်ဝါးမှာ တုလိအား ရိုက်ချမိလိုက်သကဲ့သို့ လက်ဝါးသည်လည်း သူ၏ရင်ဝသို့ ရိုက်ချမိလိုက်လေသည်။

ဝေထင်းအပေါ် ကာရံရောက်နေခိုက် တုလိအားလုပ်ကြံရန် ရည်ရွယ်ထားသော ကျူးရှိမှာ နောက်ဆုတ်၍လည်းမရသဖြင့် တိုက်ခိုက်လိုက်ရာမှ ထိပ်တိုက်ရင်ဆိုင်လိုက်ရသကဲ့သို့ ဖြစ်သွားသည်။

'ဝုန်း'

'အား'

စူးရှအော်ဟစ်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

တုလိကောကျူးရိပ် လွင့်စင်သွားကြလေတော့သည်။

* * *



ကြေးပြားခုနစ်ပြား၊

ကြေးပြားခုနစ်ပြားဆုံမိပြီဖြစ်ရာ ရတနာသိုက်ကို ရှာဖွေဖော်ထုတ်နိုင်လိမ့်မည်ဖြစ်သည်။

လောဘသားကောင်များကား မရနိုင်ကြတော့ပြီ။

တုလိနှင့်ကျူးရိပ်တို့ မြေပေါ်လဲကျကာ မလှုပ်မယှက် ဖြစ်နေတော့သည်။

လောဘ၊ ဒေါသ၊ မောဟတရားတို့၏ ဇာတ်သိမ်းကား ဘယ်သောအခါမှ ကောင်းကျိုးသုခရရှိလိမ့်မည်မဟုတ်ချေ။

ဝေထင်း ငူငူကြီးရပ်နေမိသည်။

ကျူးရိသာ ရတနာများကို တစ်ယောက်တည်း အပိုင်စီးချင်စိတ်မရှိခဲ့လျှင်၊ တုလိအားအကောက်ကြံဖို့ မကြိုးစားခဲ့လျှင် သူ အသက်ရှင်နိုင်တောမည် မဟုတ်ချေ။

ကြေးပြားခုနစ်ပြားကိစ္စကို ပြီးပြတ်အောင် ရှင်းသွားမည်ဟု ဆုံးဖြတ်ချက်ဖြင့် ဇာတ်မြုပ်နေရာမှ လုယန်မြို့သို့ ပြန်လာခဲ့သည့် ရည်ရွယ်ချက် အောင်မြင်သွားခဲ့ပြီဖြစ်သည်။

ဝေထင်းသည် ကြေးပြားခုနစ်ပြားကို ကောက်ယူလိုက်သည်။

ထိုနောက်....

နေပြည်တော်သို့အရောက်သွားရန် ခြေလှမ်းပြင်လိုက်လေတော့သည်။

* * *

ဒုတိယဇာတ်သိမ်းပိုင်း ပြီး၏။

တက္ကသိုလ်သီဟအောင်